
www.burmeseclassic.com

တက္ကသိုလ်
ဝင်းကြွယ်

# မြေနှတ်မယ် သိုင်းကညာ



ပ+ဒ ဇာတ်သိမ်း

GRAPHIC DESIGN THEE ZAR

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၂၁၅/၂၀၀၄ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၉၉/၂၀၀၄ (၁၂)
ထုတ်ဝေသူ - ဦးတင့်လှိုင်
(သော်ကစာပေ)
အမှတ် (ဖ၀၅)၊
သုခမ္မာလမ်း၊
မြောက်ဥက္ကလာပမြို့။
ပုံနှိပ်/အဖုံးရိုက် - ဦးတင်မောင်ဝင်း
(၀၅၉၄၆)
သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် (၁)၊
ဗိုလ်ရာညွန့်လမ်း၊
ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

စီစဉ်သူ - စ-ထ-ညီ မောင်စိုးကျော်ထွေး
မျက်နှာဖုံးပန်းချီ - သဲဇာ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ ကျပ်
ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

ညှိုးကာမဲဆိုက်ကမှ ဘေးကင်းကာ
ရှိသမျှကြိုးစား သစ်အားဖြင့် နိုင်ငံတည်
ယုံရာအောင်ချမ်းထေပို ဥပဒေရိပ်ကိုခို

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ လေးနက်သော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာများနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တက္ကသိုလ် ဝင်းကြွယ်

# မြွေနတ်မယ် သိုင်းကညာ

(နှစ်အုပ်တွဲဆိုင်းစာစဉ်)

ပထမပိုင်း

(ရွှေထည်စာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တရုတ်ပြည်မြောက်ပိုင်း နယ်စပ်ဒေသ၊ ရှမ်းယန်းမြို့၏ နာမည်ကြီး တည်းခိုနေရာ တစ်ခုဖြစ်သော 'နှင်းဆီမြိုင် တည်းခိုရိပ်သာ'၏ အထူးတည်းခိုဆောင် ဧည့်ခန်းထဲတွင် သက်လတ်ပိုင်းအရွယ် သိုင်းသမားနှစ်ယောက် လက်ဖက်ရည်ကြမ်း သောက်၊ အချိုမုန့်များတို့စားရင်း စစ်တုရင် ထိုးနေကြသည်။

''ကျုပ်တို့ကိုစွဲ အောင်မြင်အဆင်ပြေနိုင်တယ် မဟုတ်လား လူကြီးချမ်း''

တစ်ယောက်က စစ်တုရင်ဇာစိကွက် ရွှေ့လိုက်ပြီး ပြောသည်။

''စိတ်ချစမ်းပါ လင်ပတ်ဝင်ရဲ့၊ မျောက်ဖြူကြီးနဲ့ အဆက်အသွယ်ရပြီပဲ၊ သူရောက်လာတယ်ဆိုတာနဲ့ ကိုယ့်ကား တစ်ဝက်လောက် ပိုင်စိတ်ချနေရပြီ''

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်က ပြန်ပြောသည်။

ထို့နောက် အသင့်ငှဲ့ထားသော လက်ဖက်ရည်ကြမ်းပန်းကန်ကိုယူကာ တစ်ကျိုက်သောက်သည်။ စစ်တုရင်ခုံပေါ်ရှိ အရုပ်များကို စူးစိုက်ကြည့်ကာ ရွှေ့ရမည့်အကွက်ကို စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်သည်။

လူကြည်ချမ်းနှင့် လင်းပတ်ဝင်တို့ နှစ်ယောက်လုံး မြောက်ပိုင်းနယ်စပ် ဒေသသားများ မဟုတ်ကြပေ။

လင်းပတ်ဝင်သည် တရုတ်ပြည် တောင်ပိုင်းဒေသ တိမ်တံခွန်ဂိုဏ်းမှ ဂိုဏ်းခွဲမှူးတစ်ယောက် ဖြစ်သည်။

လူကြည်ချမ်းကတော့ တစ်ကိုယ်တော် သိုင်းသမား၊ အလယ်ပိုင်းဒေသတွင် အဓိက ကျင်လည်ကျက်စားသည်။

မြောက်ဖျားကြီး၏ အမည်ရင်းမှာ ကျန်းယမ်ကောထန်၊ နယ်စွန်းမြို့စား မှူးမျိုးမတ်နွယ်တစ်ယောက်။ သိုင်းလောကတွင် သွားလာလှုပ်ရှား ပျော်မွေ့နေသောကြောင့် ကျန်းယမ်ကောထန်၏ မျိုးရိုးကို သိသူနည်းသည်။ အမည်ရင်းကိုပင် ခင်မင်ရင်းနှီးသော သိုင်းသမားအချို့ကသာ သိကြသည်။ သိုင်းလောကတွင်တော့ သူ့ကို မြောက်ဖျားကြီးဟူသာ ခေါ်ကြသည်။

ကျန်းယမ်ကောထန်သည် သိုင်းပညာ အတော်ပင် အဆင့်မြင့်သည်။ မည်မျှလောက် အစောင့်အကြပ်ထူပြောပြီး လုံခြုံစွာ သိမ်းဆည်းထားသည့် ပစ္စည်းဖြစ်စေ မည်သူမျှ မရိပ်မိအောင် ပိရိသေသပ်စွာ အရယူနိုင်စွမ်း ရှိသည်။



စောရ သူခိုးတစ်ယောက် မဟုတ်သော်လည်း ခိုးရာတိရ၊ လျှို့ဝှက်လှုပ်ရှားရသည့်အလုပ်များတွင် ကျွမ်းကျင်ပိုင်နိုင်သလို ဝါသနာလည်းပါသည်။ မိမိကိုယ်ကျိုးအတွက် ခိုးဝှက်ခြင်းတော့ မလုပ်။ သို့သော် ခိုးယူသင့်သည်ဟု အကျိုးအကြောင်း ခိုင်လုံလျှင်တော့ မည်သည့် အကျိုးအမြတ်ကိုမျှ မမျှော်မှန်းဘဲ အရခိုးယူတတ်သည်။

ထို့ပြင် ခင်မင်သူများကို စသည့်နောက်သည့်သဘောမျိုးဖြင့်လည်း ခိုးဝှက်တတ်သည်။

သိုင်းသမားဆိုးများ၊ အထူးသဖြင့် သိုင်းသမားကောင်းကြီးများ အမည်ခံကာ မသမာမှုများ ကျူးလွန်သော သူများ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်တတ်သည်။ အရေခြုံထားမှုများကို ခွာချပြတတ်သည်။

ထို့ကြောင့် မြောက်ဖျားကြီးကို သိုင်းလောကတွင် လူချစ်လူခင်များသလို မလိုမုန်းထား ရန်ငြိုးဖွဲ့သူတွေလည်း မနည်းပေ။

လင်းပတ်ဝင်နှင့် လူကြည်ချမ်းတို့သည် အဆင့်မြင့် သိုင်းကျမ်းတစ်ဆု၏ သတင်းအနံ့ကို ရသောကြောင့် ရှမ်းယန်းမြို့သို့ ရောက်နေကြခြင်း ဖြစ်သည်။

ကျန်းယမ်ကောထန် အကြောင်းကို ကောင်းကောင်း သိထားသော လူကြည်ချမ်းက ကျန်းယမ်ကောထန် စိတ်ဝင်စားစေမည့် အကြောင်းများနှင့် တန်ဆာဆင်ပြောဆိုခဲ့ရာ ကျန်းယမ်ကောထန်က သူ၏ဖိတ်ခေါ်ချက်ကို လက်ခံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယမ်ကော့ထန်ရောက်လာပါက ထိုသိုင်းကျမ်းမှာ မီမိတို့၏ မျိုးဆက်အမွေဖြစ်ကာ မတရားလှည့်စားသလို လှည့်ယူခြင်းခံခဲ့ရကြောင်း ယုတ္တိရှိအောင် လုပ်ကြံပြောဆိုဖို့လည်း ကျကျနန စဉ်းစားစီစဉ်ထားသည်။

လုပ်ဇာတ်ဖြင့် မျောက်ဖြူကြီးကို အယုံသွင်းနိုင်က မိမိတို့၏ အကြံအစည် အောင်မြင်ပြီးမြောက်မည်ဟု လုကြည်ချမ်းက အပိုင်တွက်ထားသည်။

သို့ရာတွင်….

လုကြည်ချမ်း မျှော်လင့်မထားသော အဖြစ်တွေ ပေါ်ပေါက်လာခဲ့သည်။

* * *

လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့ စစ်တုရင် ထိုးနေကြသော ဧည့်ခန်းထဲသို့ တိမ်တံခွန် သိုင်းသမားတစ်ယောက် ဝင်ရောက်လာသည်။

အမောတကော ဝင်လာမှုကြောင့် အရေးကြီးသည့် အကြောင်းကိစ္စတစ်ခုခု ပေါ်ပေါက်ကြောင်း သိသာနိုင်သည်။

“မြော့စမ်း၊ ‘ဟေ့…အိုက်ပို ဘာဖြစ်လာတာလဲ”

လင်ပတ်ဝင်က ဆီး၍မေးသည်။



“မကောင်းတော့ဘူး… ဂိုဏ်းခွဲမှူး၊ မကောင်းတော့ဘူး”

“ဘာမကောင်းတာလဲ၊ ရှင်းအောင်ပြော”

“မျောက်ဖြူကြီးကို ရုပ်သေးဂိုဏ်းက ဖမ်းခေါ်သွားကြပြီ”

တိမ်တံခွန်ဂိုဏ်းသား အိုက်ပို၏စကားကို ကြားရသောအခါ လုကြည်ချမ်းနှင့်လင်ပတ်ဝင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ရုပ်သေးဂိုဏ်းသည် မျောက်ဖြူကြီးကို မလိုမုန်းထားရန်ငြိုးဖွဲ့မနေသော ရန်သူ ဖြစ်ကြောင်းကို သူတို့ နှစ်ယောက် သိကြသည်။

သို့သော် ရုပ်သေးဂိုဏ်း၏ သိုင်းပညာစွမ်းက မျောက်ဖြူကြီးကို မယှဉ်နိုင်။ ယခု ရုပ်သေးဂိုဏ်းက မျောက်ဖြူကြီးအား အမိဖမ်းသွားသည်ဆိုသော သတင်းကို ကြားရသည်တွင် ယုံရခက်ခက် ဖြစ်နေကြသည်။

“ဘယ်လိုဖမ်းသွားတာလဲ”

လုကြည်ချမ်းက မေးသည်။

“ဒီအတိုင်း ခေါ်သွားကြတာတဲ့”

“ရုပ်သေးဂိုဏ်းက မျောက်ဖြူကြီးကို နိုင်အောင်တိုက်နိုင်သွားတာလား”

လင်ပတ်ဝင်ကလည်း ဝင်မေးသည်။

“ကျွန်တော် ကြားရသလောက်တော့ ဘာမှတိုက်လားခိုက်လားလဲ မဖြစ်ခဲ့ဘူးတဲ့”

www.burmeseclassic.com

www.burmeseclassic.com



“ဒါဆိုရင် ဘယ်လိုလုပ်ပြီး မျောက်ဖြူကြီးက ရုပ်သေးကိုက်းလက်ထဲ ရောက်သွားရတာလဲ”

လူကြည်ချမ်းကလည်း ဤအကြောင်းကိုသိချင်နေသည်။ ထိုမေးခွန်းမျိုး မေးတော့မည့်ဆဲဆဲဖြစ်သည်။ လင်ပတ်ဝင်က ဦးဆောင်မေးလိုက်ရာ လူကြည်ချမ်းလည်း အိုက်ပိပြန်ဖြေမည့်ရှိသော နားစွင့်နေတော့သည်။

“ရှမ်းယန်းကိုအလာ ဝါးရုံရွာမှာဝင်ပြီး ဝါးစိမ်းအရက်အိုးတွေဝယ်တယ်၊ ပြီးတော့ ဝါးရုံရွာ သချိုင်းကုန်း ဇရပ်ကြီးပေါ်မှာ ဝါးစိမ်းအရက် တစ်အိုးပြီးတစ်အိုး ထိုင်သောက်တာ နောက်ဆုံးတော့ အရက်မူးပြီး အိပ်ပျော်သွားတယ်၊ အဲဒီအချိန်မှာပဲ ရုပ်သေးကိုက်းသားတွေ ရောက်လာပြီး အသေကောင်လို့ အိပ်ပျော်နေတဲ့ မျောက်ဖြူကြီးကို အသာထမ်းခေါ်သွားကြတာပဲ”

လူကြည်ချမ်း ခေါင်းတစ်ချက်ယမ်းမိသည်။

မျောက်ဖြူကြီး အရက်ကြိုက်သည်ကတော့မဆန်းပါ။ ဝါးရုံရွာ၏ ဝါးစိမ်းအရက်ကလည်း အရက်ကောင်းအဖြစ် အလွန်နာမည်ကြီးသည်။

အရက်ကြိုက်သောမျောက်ဖြူကြီး ဝါးရုံရွာသို့ရောက်လျှင် ဝါးစိမ်းအရက်ကို တစ်မူးသောက်မည်ဆိုခြင်းကို မည်သူမဆို ခန့်မှန်းသိနိုင်သည်။

ရုပ်သေးကိုက်းလက်သို့ ကျရောက်သွားသော မျောက်ဖြူကြီးမှာ အသက်ရှင်ဖို့ထက် သေဖို့က ဆယ်ပုံမှာ ကိုးပုံသေချာနေသည်။



မျောက်ဖြူကြီး ကျန်းထမ်ကျော့ထန်တစ်ယောက် ရုပ်သေးကိုက်းတွင် သေသွားသည်က အကြောင်းမဟုတ်။ မျောက်ဖြူကြီးမရှိတော့လျှင် သူတို့ အကြံကြီးကြံထားသမျှ သဲထဲရေသွန်ဖြစ်သွားပေတော့မည်။

“နေပါဦး၊ မျောက်လောင်းသုံးကောင်ကရော ဘယ်ရောက်နေကြတာလဲ၊ မျောက်ဖြူကြီးနဲ့အတူ ရှိမနေကြဘူးလား”

လူကြည်ချမ်းက ရဏ်တရက်ဝင်မေးသည်။

မျောက်လောင်းသုံးကောင်ဆိုသည်မှာ မျောက်ဖြူကြီး၏ ဆက်စပ်တပည့် လူငယ်သုံးယောက်ဖြစ်သည်။ အသက်ငယ်ရွယ်သော်လည်း သိုင်းပညာမဆိုး။

မျောက်လောင်းသုံးကောင် မူးပေါင်းတိုက်ခိုက်လျှင် တော်ရုံတန်ရုံသိုင်းသမား မယှဉ်နိုင်ပါ။

“မျောက်လောင်းသုံးကောင်လဲ အတူရှိနေတယ်၊ အတူရှိနေရုံမကဘူး၊ သူတို့ဆရာနဲ့အတူသောက်ပြီး မူးလဲနေကြတယ်တဲ့”

“ကောင်းကြရောပေါ့”

လူကြည်ချမ်းက အနေါတူးတူးနှင့်မှတ်ချက်ချသည်။

“ကျုပ်တို့ အာဆက်လုပ်ကြမလဲ”

လင်ပတ်ဝင်က လူကြည်ချမ်းကို မေးသည်။

“အခုလိုအခြေအနေမျိုးဖြစ်လာမှတော့ ဘာလုပ်စရာရှိတော့လို့လဲ”

လူကြည်ချမ်းက စိတ်ပျက်လက်ပျက်ပြောသည်။

www.burmeseclassic.com

"ရုပ်သေးဂိုဏ်းလက်ထဲက မျောက်ဖြူကြီးကို သွားကယ်ထုတ်ရင်ကော"

"ရုပ်သေးဂိုဏ်းက သိုင်းသမားတွေ ဘယ်မှာရှိတယ်ဆိုတာ အရင်စုံစမ်းရဦးမယ်၊ သူတို့ရှိတဲ့နေရာကိုသိထားဦး၊ သွားကယ်ဖို့ အချိန်မမီတော့ဘူး၊ ရုပ်သေးဂိုဏ်းနဲ့ မျောက်ဖြူကြီးတို့အကြား ရှိနေတဲ့ပြဿနာက ပေါ့သေးသေးမှဟုတ်ဘူး၊ သူတို့က မျောက်ဖြူကြီးကို ဖမ်းမိသွားမှတော့ အချိန်ကြာကြာ ချုပ်နှောင်ထားမယ်မျှား ထင်နေသလား၊ အမြန်စီရင်ဝစ်ကြမှာ၊ အခုလောက်ဆိုရင် မျောက်ဖြူကြီး သေသွားလောက်ပြီ"

* * *

လူကြည်ချမ်းပြောသလိုပင် ရုပ်သေးဂိုဏ်းမှသိုင်းသမားများသည် မျောက်ဖြူကြီး ကျွန်းယမ်ကောထန်ကို အမိဖမ်းနိုင်ပြီးသည်နှင့် အမြန်ဆုံးသုတ်သင်ရန် အစီအစဉ်ရှိသည်။

သို့ရာတွင် အသေကောင်လို အိပ်ပျော်နေသော မျောက်ဖြူကြီးအား လက်စတုံးစီရင်ရသည်မှာ ပေါ့ပြက်ပြက်ရှိသောကြောင့် မျောက်ဖြူကြီးအမူးပြေတာ နိုးလာသောအခါတွင်မှ ပိုင်ပိုင်နိုင်နိုင်သုတ်သင်ဖို့ လုပ်ဆောင်ကြသည်။

အဆုံးစီရင်ရန်နေရာကို ဝါးရုံရွာအရှေ့ သချိုင်းအရှေ့ဘက် အစွန်အဖျားရှိအုတ်ဂူဟောင်းကြီးတို့ ရွေးချယ်ကြ၏။



မည်သူမည်ဝါ၏ အုတ်ဂူမှန်း မသိရသော်လည်း ဂုဏ်ဒြိ အာဏာထက်ပြီး ရက်စက်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့ပုံရသည်။

ထုထည်ကောင်းသော သချိုင်းအုတ်ဂူအဝင်ဝနားတွင် ကျောက်ဖြူသား ယဇ်ပလ္လင်တစ်ခု ရှိနေ၏။ ယဇ်ကောင် တို့ကို သတ်ဖြတ်ခဲ့သော ကြေးပုဆိန်ဟောင်းကြီးတစ်လက် နှင့် ကြေးမားမောက်ကြီးတစ်ခုလည်းရှိနေသည်။

ရုပ်သေး ဂိုဏ်းသားများက မျောက်ဖြူကြီးကို ငါ ကျောက်ဖြူ ယဇ်ပလ္လင်ပေါ်တင်ကာ ကြေးဝါပုဆိန်ကြီး နှင့် ခုတ်ပိုင်းသတ်ဖြတ်ရန်စီမံနေကြသည်။ မျောက်ဖြူကြီး အမူးပြေကာ နိုးလာမည့်အချိန်ကိုစောင့်ရင်း ကြေးပုဆိန် ဟောင်းကြီးကို သွေးနေကြသည်။ သ,နေကြသည်။

မျောက်ဖြူကြီး၏သိုင်းပညာကိုသိထားကြသည်မို့ ပေါ့ဆခြင်းမရှိရဲကြ။ လူမှန်းမသိအောင်မူးကာ အသေကောင် လို့ အိပ်ပျော်နေသော မျောက်ဖြူကြီးကို ကြိုးဖြင့်မြဲမြံစွာ တုပ်နှောင်ထားကြသည်။

ပုဆိန်ကြီးတွင် ကြေးညှိ အညစ်အကြေးတွေ အထပ်ထပ်တက်နေသော်လည်း သွေးလိုက် သ,လိုက်သောအခါ ပုဆိန်အသွားသည် ကြေးရောင်လင်းလက်လာသည်။ ထက်မြလာသည်။ လက်ကိုင်ရိုးမှာလည်း ကြေးလက်ကိုင်ရိုးဖြစ်သည်။

ပုဆိန်သွားနှင့်လက်ကိုင်ရိုးတို့ကို တစ်ဆက်တည်း တစ်လုံးတည်း တစ်စည်းတည်း သွန်းလောင်းပြုလုပ်ထားရာ

www.burmeseclassic.com

www.burmeseclassic.com



ပုဆိန်သွားနည်းတူ ပုဆိန်လက်ကိုင်မှာလည်း ထုထည် ကောင်းစွာ ခိုင်ခိုင်ခံ့ခံ့ ရှိနေသေးသည်။

အသွားရော အရိုးပါ ကြေးဖြင့် ထုထည့်အပြည့် ပြုလုပ်ထားသည့်အတွက် ပုဆိန်ကြီးသည် အတော်ပင် လေးလှသည်။

"မျောက်ဖြူကြီးလို နာမည်ကျော် တစ်ယောက်ကို အဆုံးစီရင်ဖို့ အသင့်တော်ဆုံးလက်နက်ပဲ၊ ဒီလူကြီး အမူးပြေပြီး နိုးလာတာနဲ့ တစ်ခါတည်း စီရင်မယ်၊ သူ့ကို သုတ်သင်ပစ်တာ ဘယ်သူတွေလဲဆိုတာ ကောင်းကောင်း သိသွားရစေမယ်"

ရုပ်သေးဂိုဏ်းချုပ် ယောက်ဟိန်စို့က ကြုံးဝါးပြောလိုက်သည်။

မျောက်ဖြူကြီးကျွန်းယမ်ကောင့်ထန်ကို ဖမ်းဆီးစီရင်မှုတွင် ရုပ်သေးဂိုဏ်းသားများကို ဂိုဏ်းချုပ်ကိုယ်တိုင် ဦးဆောင်သည်။

ကြေးပုဆိန်အသွားကို သွေးပြီး သုံ့ပြီး၍ အချိန်အနည်းငယ်အကြာတွင် မျောက်ဖြူကြီးအမူးပြေလာ အိပ်ရာမှ နိုးလာသည်။

"အလို... ယောက်ဟိန်စို့တို့ လူစုပါလား၊ ဘာလဲ... ခင်ဗျားတို့က ကျုပ်ကို ဖမ်းထားကြတယ်ပေါ့"

မူးမူးနှင့်အိပ်ပျော်နေရာမှ နိုးလာ၍ မျက်စိအစုံဖွင့်ကာ တစ်ချက် ပင့်ကြည့်လိုက်သည်နှင့် အခြေအနေကို အကဲခတ်မိသွားသော ကျွန်းယမ်ကောင့်ထန်က ပြောသည်။



"ဟုတ်တယ်၊ ခင်ဗျားကို ဟောဟို ကြေးပုဆိန်ကြီးနဲ့ အပြတ်ရှင်းပစ်မလို့"

ရုပ်သေးဂိုဏ်းချုပ်က ခပ်ကြွားကြွားပြောသည်။ ရုပ်သေးဂိုဏ်းသား လူထွားကြီးတစ်ယောက်၏ လက်ထဲရှိ ကြေးပုဆိန်ကြီးတို့လည်း မေးငေါ့ပြသည်။

ကိုလူထွားကြီးမှာ ရုပ်သေးဂိုဏ်းတွင် အသန်မာဆုံး အထွားကျိုင်းဆုံးဖြစ်လျက် ကြေးပုဆိန်ကြီးနှင့် မျောက်ဖြူကြီးအား ခေါင်းဖြတ်စီရင်ရန် တာဝန်ယူထားရသည်။

"ဩော်... အင်း... အင်း.... ဒီလိုကိုး၊ ဒါပေမယ့် အရက်မူးနေတဲ့ မျောက်ဖြူကြီးကို ကြက်ကလေး ငှက်ကလေးလို ဖမ်းခေါ်လာနိုင်ပေမယ့် အရက်မမူးတော့တဲ့ မျောက်ဖြူကြီးကိုတော့ လက်ဖျားနဲ့တောင် တို့လို့ မရဘူးဆိုတာ ခင်ဗျားတို့ မသိကြဘူး မှတ်တယ်"

ပြောပြောဆိုဆို မျောက်ဖြူကြီးသည် ငေါက်ခနဲ ခုန်ထလာသည်။

တုပ်နှောင်ထားသည့်ကြိုးများလည်း ဘယ်လိုဖြေဖြုတ်လိုက်သည်မသိ။ အကုန်ပြေလျော့ကျကုန်သည်။

မိမိတို့ဘက်က အစစပိုင်နိုင်နေပြီဟူ စိတ်ချလက်ချရှိနေသော ယောက်ဟိန်စို့အပါအဝင် ရုပ်သေး ဂိုဏ်းသားတို့ အံ့အားတသင့် ဖြစ်ကုန်သည်။ ကြက်သေ သေကုန်ကြလေသည်။

ထိတ်ထိတ်ကြဲသူခိုးကြီးများထက်ပင်စောရသူခိုးဓတတ်တို့တွင် ထူးချွန်ကျွမ်းကျင်ပြီး ဆိုင်းဗညာလည်း ထားမတန်း

www.burmeseclassic.com

www.burmeseclassic.com



အဆင့်တွင် ရှိသော မျောက်ဖြူကြီးလို လူဘစ်ယောက်အတွက် ရုပ်သေးဂိုဏ်း၏ ကြိုးတုပ်ထားမှု လောက်ကတော့ ဘာမျှအရေးလုပ်စရာမရှိ။

အလွယ်တကူပင် လွတ်အောင်လုပ်နိုင်ခဲ့သည်။

* * *

"အိပ်ရေးဝဝအိပ်ရအောင် ဘေးကနေ ဝိုင်းစောင့်ရှောက်ပေးခဲ့တာ ကျေးဇူးတင်ပါတယ်၊ ကဲ့ဗိုင်း... အိပ်ရေးလဲဝပြီမို့ သွားလိုက်ဦးမယ်"

ကျွန်းယမ်ကောဒထန်က ခပ်နောက်နောက် နှုတ်ဆက်စကားဆိုသည်။

စကားဆုံးသည်နှင့် လှစ်ခနဲ ပြေးထွက်သည်။

ကြက်သေ သေသလိုဖြစ်ကာ ငေးငိုင်နေကြသော ရုပ်သေးဂိုဏ်းသားတို့သည် ယခုမှ သတိပြန်ဝင်လာကြလျက် မျောက်ဖြူကြီးကို ပိတ်ဆို့ထားဆီးရန် ကြိုးစားကြလေသည်။

ရုပ်သေးဂိုဏ်းသားများဘက်မှ လူအင်အား(၂၀)ခန့်ရှိသည်။ ဂိုဏ်းချုပ်ယောက်ဟိန်စို့အပါအဝင် သိုင်းပညာကောင်းသူ ငါးယောက်ခဲ့ကော် ရှိသည်။



သတိ ပြန်ဝင်လာကြသည်နှင့် ရုပ်သေးဂိုဏ်းသားများသည် စုပေါင်း သိုင်းကွက်ပုံစံ အလျင်အမြန်ခင်းကျင်းကြသည်။

မဆိုစလောက်လေး နှောင့်နှေး သွားခဲ့ရာ စုပေါင်းသိုင်းကွက်ပုံစံ အပြည့်အဝ မခင်းကျင်းနိုင်မီမှာပင် ကွိုယ်ဖော့ပညာကောင်းသော မျောက်ဖြူကြီးက မွှေခနဲ့နောက်ထိုးဖောက် ထွက်သွားသည်။

ထိုးဖောက်ထွက်ရာတွင် ရှောင်တိမ်းမှုများ၊ တွေ့ပုတ်မှုများနှင့်အတူ လှုပ်ရှားတိုက်ကွက်များလည်း ပါရှိသည်။ မျောက်ဖြူကြီးနှင့် ထိပ်တိုက် ရင်ဆိုင်တိုးသော ရုပ်သေးဂိုဏ်းသား သုံးယောက် အတုံးအရုံးလဲကျသည်။

ကျွန်းယမ်ကောဒထန်ကို ရုပ်သေးဂိုဏ်းက ဝိုင်းဝန်းပိတ်ဆို့တားဆီးခြင်း မလုပ်နိုင်ကြပါ။

သချိုင်းကုန်းအပြင်ဘက်သို့ မျောက်ဖြူကြီး ရောက်ရှိသွားသည်။

ရုပ်သေးဂိုဏ်းသားများကလည်း ငြသံများပေးကာနောက်မှအတင်းပြေးလိုက်လာကြသည်။ မျောက်ဖြူကြီးက သစ်ပင်ကြီး တစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်သွားလေသည်။

အခက်အလက်များ စေစည်သည့် သစ်ပင်ကြီး တစ်ပင်ပေါ်သို့ တက်သွားသော မျောက်ဖြူကြီးကို အမိလိုက်ဖမ်းရန်မှာ အခြားသော သူများအတွက် အတော်တို့ခက်ခဲ အကျပ်တွေ့ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရှပ်ခေါသားဂိုဏ်းသားများအတွက်ကတော့ အကြိုက် ဖြစ်သွားသည်။

ရှပ်သေးဂိုဏ်းသည်သစ်ပင်တက်အထူးကျွမ်းကျင်သည်။ သစ်ပင်များပေါ်တွင် တိုက်ခိုက် လှုပ်ရှားမှုတွင်လည်း ပိုင်နိုင်သည်။ သစ်ကိုင်း သစ်ခက်များတွင် ကြိုးများ ရစ်ပတ်ကာ ဆိုင်းဆွဲလျက် လျင်မြန်စေါ်ပါးစွာ တိုက်ခိုက်ဆင်နိုင်သည်။

ထိုသို့ သစ်ကိုင်းသစ်ခက်များတွင် ကြိုးများနှင့် ဆိုင်းဆွဲလှုပ်ရှား တိုက်ခိုက်မှုတွင် ကျွမ်းကျင် ပိုင်နိုင်လှသောကြောင့် ရှပ်သေးဂိုဏ်းဟူ၍ အမည်ကျော်ကြား လူသိများလာခြင်းဖြစ်သည်။

မျောက်ဖြူကြီး မှာလည်း သစ်ပင်တက် ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။ သို့သော် မိမိတို့၏ အစွမ်း ကိုတော့ယှဉ်နိုင်မည်မဟုတ်ဟု ရှပ်သေး ဂိုဏ်းသားများက အပိုင်တွက်ထားကြသည်။

ဂိုဏ်းချုပ်ယောက်ဟိန်စိုက ပင် အထွေအထူးအမိန့်ပေးညွှန်ကြားစရာမလို။

မျောက်ဖြူကြီးရှိနေသည့် သစ်ပင်ကြီး၏ ဘေးပတ်လည်သစ်ပင်များပေါ်သို့ ရှပ်သေးဂိုဏ်းသားတို့လူစုခွဲတာတက်ကြသည်။

သစ်ကိုင်းများဆီသို့ ကြိုးများ လှမ်းပစ် ရစ်ပတ်ကာ ခို၍ တက်သွားကြသည်မှာ လျင်မြန် သွက်လက် လွန်းလှသည်။



တစ်ခဏအတွင်းမှာပင်ဂိုဏ်းချုပ်မှအပ ရှပ်သေးဂိုဏ်းသားအားလုံး သစ်ပင်များပေါ်သို့ ရောက်ကုန်ကြလေသည်။

မျောက်ဖြူကြီး ကျန်းယမ်ကောထန်ကို စန်းရဲထားနိုင်ကြပြီ၊ မလွတ်တမ်းအမိဖမ်းဖို့သာလိုတော့သည်။

ရှပ်သေးဂိုဏ်းချုပ်ယောက်ဟိန်စိုကမူ အောက်ခြေမြေပြင်တွင် ရပ်ကျန်နေခဲ့သည်။ အခြေအနေကို စောင့်ကြည့်နေသည်။

"ဝှစ်....ဝှစ်....ဝှစ်"

မျောက်ဖြူကြီးတက်သွားသည့် သစ်ပင်ကြီး၏သစ်ကိုင်းသစ်ရွက်များအကြားမှ လက်နက်ပုန်းများ လွင့်ပျံထွက်လာသည်။

ထိုသစ်ပင်ကြီး၏ မြောက်ဘက်ရှိ သစ်ပင်ပေါ်ရောက်နေကြသော ရှပ်သေးဂိုဏ်းသားများကို မျောက်ဖြူကြီးက လက်နက်ပုန်းနှင့် လှမ်းပစ်ခြင်းဖြစ်သည်။

ထိုသစ်ပင်ပေါ်ရောက်နေကြသော ရှပ်သေးဂိုဏ်းသားများက တဟားဟားရယ်မောကြသည်။

မြေပြင်မှာတက် သစ်ပင်များပေါ်တွင် တိုက်ခိုက်မှုတွင် အထူးကျွမ်းကျင်လှသော ရှပ်သေးဂိုဏ်းသားများအတွက် သည့်လိုလက်နက်ပုန်းနှင့် လှမ်းပစ်မှုသာဆိုလျှင်တော့ ဘာမျှအရေးစိုက်စရာမလို။ ဘာကယ်ကျိုးကလေးအစားစရာဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သေးဂိုဏ်းသားများ၏ လှောင်ပြောင် ရယ်မောသံ မဆုံးမီမှာပင် မျောက်ဖြူကြီးသည် တောင်ဘက်ရှိသစ်ပင်ဆီသို့ ရုတ်တရက် ခုန်ကူးသွားသည်။

ထိုသစ်ပင်ပေါ်တွင် ရုပ်သေးဂိုဏ်းသား သုံးယောက်ကြီးများဖြင့်ဆိုင်းတွဲလျက်ရှိနေကြသည်။ သို့သော် မျောက်ဖြူကြီးက မြောက်ဘက်ရှိ သစ်ပင်ပေါ်မှ ရုပ်သေးဂိုဏ်းသားများကို လက်နက်ပုန်းဖြင့် လှမ်းပစ်တိုက်ခိုက်မှုကြောင့် မိမိတို့ဘက်သို့ ကူးမလာနိုင်ဟု ထင်မှတ်နေကြသောကြောင့် အသင့်ရှိပါလျက် အငိုက်မိခံလိုက်ရသလို ဖြစ်ကုန်သည်။

ရုတ်ခြည်း လှုပ်ရှားတိုက်ခိုက်မှု မလုပ်နိုင်ကြ။

သူတို့လှုပ်ရှားသည့် အချိန်တွင်တော့ မျောက်ဖြူကြီးသည် သစ်ပင်ကြီး၏ပင်စည်ကို ဘွယ်ကပ်လျှော ဆင်း၍ မြေပြင်သို့ ရောက်သွားခဲ့လေပြီ။

မြေပြင်ပေါ် ခြေချရပ်မိသည်နှင့် လျင်မြန်စွာပြေးလွှားထွက်သွားသည်။ မီးခိုးလုံးတစ်လုံးကိုလည်း ပစ်ဖေါက်ကာ မြင်ကွင်းဝေဝါး မထင်ရှားအောင် လုပ်သွားခဲ့သည်။

သစ်ပင်တက်ကျွမ်းပြီး သစ်ပင်များပေါ်တွင် လှုပ်ရှားတိုက်ခိုက်မှုပိုင်နိုင်သော ရုပ်သေး ဂိုဏ်းသားများကို သစ်ပင်များပေါ် ရောက်အောင် မျှားခေါ်ကာ မျောက်ဖြူကြီးက အဆင့်မြင့်ကိုယ်ဖော့ပညာ စွမ်းရည်တို့ပြကာ မြေပေါ် အမြန်ပြန်ဆင်း၍ လျင်မြန်စွာပြေးလွှား ထွက်လာနိုင်ခဲ့သည်။

* * *



တစ်စုံတစ်ယောက် ရှိနေသည်ကို ခံစားသိရှိသည်။

သို့သော် လှုပ်ရိပ်လှုပ်ယောင်မှု ရှာလို့မရ။ မည်သည့်နေရာတွင် ပုန်းအောင်းနေသည်ကိုလည်း စူးစမ်းဖော်ထုတ်ခြင်း မပြုနိုင်။

မျောက်ဖြူကြီး ကျွန်းယမ်ကော့ထန် အတော်ပင်မကျေမနပ် ဖြစ်နေရသည်။

ကျွန်းယမ်ကော့ထန်သည် စောရ သူခိုးတို့၏ အတတ်အသိများကို ပီပြင်စွမ်းရည်အနေဖြင့် ပိုင်နိုင်နေသူ ဖြစ်သည်။ နားအလွန်ပါးသည်။ မျက်စိ အလွန်ရှင်သည်။ မျောက်ဖြူကြီး မသိမမြင်ရအောင် ပုန်းအောင်းနေနိုင်သူဟူ၍ ယခုအချိန်အထိ မရှိသေး။

သည်နေ့တွင်တော့ မိမိကို တစ်ယောက် ယောက်က စောင့်ကြည့်နေကြောင်း သေသေချာချာ ခံစားသိရှိနေပါလျက် ဘာမျှ အကောင်အထည်ရှာမရ ဖြစ်နေသည်။

''ရုပ်သေးဂိုဏ်းသား တစ်ယောက်ယောက်များလား။ ရုပ်သေးဂိုဏ်းသားတွေ ဒီလောက်အစွမ်းမထောင်းနိုင်ဘူး၊ အင်း.... ဂိုဏ်းချုပ် ယောက်ဟိန်စိုးကတော့ ထူးထူးဆန်းဆန်း ပညာတွေတတ်တယ်လို့ကြားဖူးတယ်၊ သူများလား၊ သူ့မှာ အစွမ်းထက်တဲ့ လျှို့ဝှက်ပညာအဆန်းတွေ ရှိနေရင် ဟိုသချိုင်းကုန်းနားမှာကတည်းက ငါ့ကို အလွတ်ပေးမှာ မဟုတ်ဘူး''

မျောက်ဖြူကြီး၏ စိတ်ထဲတွင် သို့လော သို့လောနှင့် အမျိုးမျိုး တွေးတောနေမိသည်။ နောက်ဆုံးတွင် တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



လူကို အရိပ်အယောင် ရှာမရနိုင်တော့သည့်အတွက် မိမိနောက်သို့ ထိုလူဆက်မလိုက်နိုင်ရန် မျက်ခြည်ဖြတ်ထွက်ခွာသွားဖို့ ဆုံးဖြတ်သည်။

ထိုသို့ဆုံးဖြတ်ပြီးနောက် ကိုယ်ဖော့ပညာကို အစွမ်းကုန်သုံးကာ အလျင်မြန်ဆုံးသော အချိန်အဟုန်ဖြင့် ပြေးလွှားရန် အထွင်းအားစုစည်းကာ ခြေလှမ်းပြင်လိုက်သည့်အချိန်မှာပင် ရှီးခနဲရိပ်ခနဲ လှုပ်ရှားမှုတစ်ခုကို မြင်ရသည်။

သူ့အနားသို့ လူတစ်ယောက် ရုတ်တရက် ရောက်လာသလိုလို ထင်လိုက်မိသည့် အချိန်မှာပင် သူ့ကိုယ်ပေါ်သို့ ကြိုးကွင်းတစ်ခု စွပ်ကျလာသည်။ တစ်ဆက်တည်းပင် စွပ်မိသော ကြိုးကွင်း တင်းကျပ်သွားလျက် ကြိုးဖြင့်ရစ်ပတ်တုပ်နှောင်ခံလိုက်ရသည်။

ကြိုးတုပ်ခံရပြီးမှ မိမိကို ဖမ်းဆီးခဲ့သူအား ထင်ထင်ရှားရှား မြင်တွေ့ရတော့သည်။

အသက်(၁၆)နှစ် သာသာခန့်သာရှိသေးသည့်ကောင်လေးတစ်ယောက်၊ အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည်။ ဝတ်စုံပေါ်တွင် သစ်ရွက်များကို ချိတ်ထားသည်။

"မင်းက ဘယ်သူလဲ"

မျောက်ဖြူကြီးက ခပ်ဆတ်ဆတ်မေးလိုက်သည်။

"ကျွန်တော့်နာမည် ကျန်းယမ်ရှောင်ရိပါ"

မိမိနှင့် မျိုးနွယ်တူဖြစ်နေသောကြောင့် မျောက်ဖြူကြီး မျက်လုံးပြူးသွားသည်။

"အလို...မင်းက ကျန်းယမ်မျိုးနွယ်လား"



"မဟုတ်ပါဘူး"

"မင်းနာမည် ကျန်းယမ်ရှောင်ရိဆို"

"ဟုတ်ပါတယ်"

"ဒါဆို မင်းအမျိုးအနွယ်က ကျန်း ယမ် မဟုတ် လို့ဘာလဲ"

"ကျွန်တော့်အဖေက ကျန်း မျိုး နွယ်၊ ကျွန်တော့်အမေက ယမ်မျိုးနွယ်၊ အဖေ့မျိုးနွယ်နဲ့ အမေ့မျိုးနွယ်ကိုသုံးပြီး ကျွန်တော့်နာမည် ကျန်းယမ်ရှောင်ရိလို့ မှည့်ထားတာ"

တရုတ်လူမျိုးများ၏ ထုံးတမ်းစဉ်လာမှာ ဖခင်၏ မျိုးနွယ်အမည်ကို သားသမီးများက ယူလေ့ရှိသည်။ မိခင်၏ မျိုးနွယ်အမည်ကို ယူသူများလည်း အနည်းအကျဉ်းရှိသည်။ သို့သော် ဖခင်၏မျိုးနွယ်နှင့် မိခင်၏မျိုးနွယ်တို့ ပူးပေါင်းကာ ယူသူတော့ မရှိသလောက်ရှားသည်။

"အေး...အေး ထားပါတော့၊ မင်းဘယ်ဂိုဏ်းသားလဲ"

မျောက်ဖြူကြီးသည် ကျန်းယမ်ရှောင်ရိ၏ မျိုးနွယ်အမည်နှင့်ပတ်သက်၍ ဘာမျှမပြောတော့ဘဲ သူသိလိုသည်တို့သာ ဆက်မေးသည်။

"ခင်ဗျာ"

ကျန်းယမ်ရှောင်ရိမှာ မျက်လုံးလေး ကလယ်ကလယ်နှင့် နားမလည်သည့်ဟန်မျိုးရှိသည်။

"မင်း ဘယ်သိုင်းအဖွဲ့ကလဲလို့မေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အဖွဲ့ကမှ မဟုတ်ဘူး"

"ဩော်...မင်းက တစ်ကိုယ်တော် သိုင်းသမားလေးကိုး"

"ဦးလေးကြီးကလဲ ပြောတော့မယ်၊ ကျွန်တော်က သိုင်းပညာမှမတတ်တာ၊ ဘယ်လိုလုပ်ပြီး တစ်ကိုယ်တော် သိုင်းသမား ဖြစ်နိုင်မှာလဲ"

"ဘာ...မင်းက သိုင်းပညာမတတ်ဘူး၊ ဟုတ်လား"

မျောက်ဖြူကြီး တအံ့တဩမေးမိသည်။

"ဟုတ်ပါတယ်"

"ငါ့ကို လိမ်မယ်မကြံနဲ့နော် ကောင်လေး"

"ကျွန်တော် မလိမ်ပါဘူး၊ သိုင်းပညာမတတ်လို့ မတတ်ကြောင်း ပြောတာပါ"

"မင်း သိုင်းပညာမတတ်ရင် ငါ့ကို ဘယ်လိုပညာနဲ့ လုပ်ရှားအမိဖမ်းခဲ့တာလဲ"

"ဩော်...အင်း၊ အဲဒါက ဟို...မျောက်ဖမ်းပညာလို့ ပြောရမှာပဲ"

မိမိလို သိုင်းသမားရင့်မာကြီးတစ်ယောက်ကို မျောက်ဖမ်းပညာဖြင့် ဖမ်းဆီးတုပ်နှောင်ခဲ့သည်ဟူ ဆိုလာသောကြောင့် ကျန်းယမ်ကော့ထန် အောင့်သက်သက် ဖြစ်သွားသည်။

သို့သော် မိမိကို သိုင်းလောကတွင် မျောက်ဖြူကြီးဟု ခေါ်ကြလျက် မိမိကိုယ်တိုင်တလည်း ထိုအခေါ်အဝေါ်ကို နှစ်သက်နေလေရာ မိမိအား ပိရိပြောင်မြောက်စွာ အမိ



ဖမ်းခဲ့သည်မှာ မျောက်ဖမ်းပညာဟုဆိုလျှင် သင့်လျော်နေကြောင်း စဉ်းစားမိတော့ အောင့်သက်သက်ဖြစ်မှုပပျောက်သွားသည်။

ပြုံးစပပင် ဖြစ်လာသည်။

"မျောက်ဖမ်း ပညာတဲ့လား၊ အင်း...ထားလိုက်ပါတော့၊ အဲဒီ မျောက်ဖမ်းပညာဆိုတာကို ဘယ်သူက သင်သင်ပေးတာလဲ"

"သင်ပေးတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ အဖေ့နောက် အတူလိုက်ရင်းက တတ်လာတာပါပဲ"

"မင်းအဖေက တောလိုက်မုဆိုးလား"

"မဟုတ်ဘူး"

"သူက ဘာလဲ"

"ဘယ်လိုပြောရမလဲ၊ အဖေက မျောက်တွေဖမ်းပြီး ရောင်းတယ်၊ ရှားပါးတဲ့မျောက်မျိုးတွေကို ရအောင်ဖမ်းနိုင်တယ်"

"ဒီလိုဆိုရင် မင်းအဖေက ထိပ်တန်းမျောက်ဖမ်းသမားကြီးတစ်ယောက်ပေါ့"

"ဒီလိုပြောရင်တော့လဲ ရပါတယ်၊ ဖေဖေသာရှိရင် ဦးနာမည်ကို သဘောကျမှာပဲ"

"မင်းအဖေမရှိတော့ဘူးလား"

"မရှိတော့ဘူး၊ မနှစ်ကပဲ ကွယ်လွန်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယမ်ရှောင်ရိုး၏ လက်စွမ်းလက်စကို ကြည့်ကာ မျောက်ဖြူကြီးသည် သည်ကောင်လေးဖခင်နှင့် တွေ့ဆုံချင်နေသည်။

ကွယ်လွန်သွားပြီဟုသိရသောအခါ စိတ်ပျက်ချင်သလိုသို့ ဖြစ်သွားသည်။

"ဘယ်လိုဖြစ်ပြီး ကွယ်လွန်သွားတာလဲ"

မျောက်ဖြူကြီးက မေးလိုက်သည်။

"သစ်ပင်ပေါ်ကပြုတ်ကျပြီး သေဆုံးသွားတာပဲ"

"တော်ရဲ့လားကွာ၊ မဟာမတန်း မျောက်ဖမ်းသမား တစ်ယောက်က သစ်ပင်ပေါ်ကပြုတ်ကျပြီး သေသွားရတယ်လို့ ကြားရတာ ယုံနိုင်စရာပဲ"

"ဒါ ဘာမှ မဆန်းပါဘူး၊ ကျွန်တော့်အမေလဲ မြွေပေါက်ခံရပြီး ကွယ်လွန်သွားခဲ့တာပဲ"

"မင်းအမေက မြွေဖမ်းသမားလား"

"ဟုတ်တယ်၊ အဆိပ်မြွေဆိုးတွေကို ကျွမ်းကျွမ်းကျင်ကျင်ဖမ်းတတ်တာ၊ ဒါပေမယ့် ကံကြမ္မာဖန်လာတဲ့အခါကျတော့ ဘာမှအဆိပ်သိပ်မပြင်းတဲ့ မြွေစိမ်းလေးအပေါက်ခံရပြီး သေသွားရတာပဲ"

"မင်းအမေကွယ်လွန်သွားတာ ဘယ်လောက် ကြာပြီလဲ"

"ကျွန်တော့်အဖေနဲ့ မတိမ်းမယိမ်း ရှေ့ဆင့် နောက်ဆင့်ဆိုသလို ကွယ်လွန်သွားတာပဲ၊ တစ်နှစ်လောက် ကြာပါပြီ"



"မင်းက အဖေ့ဆီက မျောက်ဖမ်းတဲ့ပညာပဲ ရခဲ့တာလား၊ အမေ့ရဲ့ မြွေဖမ်းတဲ့အတတ်ကိုကော အမွေဆက်မခံခဲ့ဘူးလား"

"ဘယ်လိုမေးလိုက်တာလဲဗျာ၊ အဖေမှာအမွေလဲ ဆက်ခံတာပေါ့"

"ဒါဆို မင်း မြွေဖမ်းကျွမ်းတဲ့သဘောလား"

"ဟုတ်ကဲ့"

"မင်း အခု ဘာလုပ်ကိုင်စားသောက်နေသလဲ"

"မျောက်ဖမ်း၊ မြွေဖမ်းပေါ့—ဦးလေးရာ"

"အဲဒီအကောင်တွေကို ဘယ်မှာ သွားရောင်းသလဲ"

"ရောင်းစရာမလိုပါဘူး၊ ဖမ်းလို့ရလာတဲ့ မျောက်တွေ မြွေတွေကို စိမ်းလဲ့မြိုင်စံအိမ်က စားဖိုမှူးကြီးကို ပေးလိုက်ရတာပဲ"

"မင်းက စိမ်းလဲ့စံအိမ်ရဲ့ အလုပ်သမားလေးကိုး"

"စိမ်းလဲ့စံအိမ်က ကျွန်တော့်ကို စားစရာပေးတယ်၊ အဝတ်အထည် ပေးတယ်၊ နေစရာနေရာလဲ ပေးတယ်၊ ဒီတော့ ကျွန်တော်ဟာ စိမ်းလဲ့စံအိမ်ရဲ့ အလုပ်သမားလို့ ပြောနိုင်တာပေါ့"

"စိမ်းလဲ့စံအိမ်မှာ မင်းနေတာပေါ့"

"နေတယ်လို့ပဲ ပြောရမှာပေါ့၊ ကျွန်တော်က တောထဲ တောင်ထဲ လှည့်လည်နေပြီး ကျုရှာနေရာမှာ အဆင်ပြေသလိုအိပ်တာဦးလေးကြီးရဲ့၊ အေးအေးချမ်းချမ်း အနားယူချင်တဲ့အခါကျမှ စိမ်းလဲ့ဂေဟာက အခန်းလေးမှာပြန်

www.burmeseclassic.com

www.burmeseclassic.com



အိပ်တာ၊ ဒါနဲ့ကျွန်မတော့ အကြောင်းကိုသာ မေးနေတာ ဦးလေးကြီးရဲ့နာမည်ကိုတောင် မသိရသေးဘူး”

* * *

“ငါ့နာမည်က ကျန်းယမ်ကော့ထန်၊ သိုင်းလောကမှာတော့ မျောက်ဖြူကြီးလို့ခေါ်ကြတယ်”

“ဪ်...မျောက်ဖြူကြီးဆိုတာ ဦးလေးကြီးကို”

“မင်းက အဲဒီနာမည် ကြားဖူးထားလို့လား”

“စိမ်းလဲ့စံအိမ်က သိုင်းသမားတွေ ပြောတာကို နားစွန်နားဖျား ကြားဖူးတာပါ၊ သိပ် လျင်မြန်သွက်လက်ပြီး ပျော့ပျော့လဲနေတတ်တဲ့ သိုင်းသမားကြီး ဆိုသားပဲ၊ သိုင်းပညာလဲ အရမ်းကောင်းတယ်တဲ့”

ထိုစကားများကို ပြောရင်း ကျန်းယမ်ရှောင်ရိမျက်နှာ ပြုံးဖြဲဖြဲ ဖြစ်လာသည်။

“မင်းက ဘာရယ်တာလဲ”

“ဪ်...တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားတာကို စဉ်းစားမိလို့ပါ”

“ဘာများ တိုက်ဆိုင်နေတာလဲ”

“ကျွန်မတော် ရှာတွေ့ထားတဲ့ မျောက်ဖြူသစ်ခွပန်းကို လာလုမယ်ထင်လို့ ဦးလေးကြီးကို အလစ် ချောင်းမြောင်း ပြီး ဖမ်းလိုက်တာပါ၊ အခု ဦးလေးကြီး နာမည်ကလဲ မျောက်ဖြူကြီးဖြစ်နေတယ်လေ၊ ခစ်...ခစ်...ခစ်”



ကောင်လေးကအသံထွက်ပင်ရယ်မောလိုက်သေးသည်။ ထို့နောက် မျောက်ဖြူကြီးကိုယ်ပေါ်တွင် တုပ်နှောင်လျက်ရှိနေသော ကြိုးများကို ဖြေပေးသည်။

ကျန်းယမ်ကော့ထန်သည် ပန်းမာလာများကို သိပ်စိတ်ဝင်စားမှုမရှိလှပေ။ သို့သော်မျောက်ဖြူ သစ်ခွပန်းဆိုသည်ကိုတော့ ကောင်းကောင်း သိထားသည်။

သူ့အမည်နှင့် တူသည့် ထိုသစ်ခွပန်းနှင့် ယှဉ်ကာ ခင်မင်ရင်းနှီးသူများက နောက်ပြောင်ပြောဆိုလေ့ ရှိကြသည်။

ရှင်ရှင်မြူးမြူး နေတတ်သော အကျင့်စရိုက် ရှိသည့်အတွက် သူ့ကိုမျောက်ဖြူသစ်ခွပန်းလုယူမည်ဟု တွေးထင်ကာ အကောင်ငယ်လေး တစ်ယောက်က အလစ်ချောင်း အမိဖမ်းခဲ့မှုကို ရယ်စရာတစ်ခု အဖြစ် သဘောထားလိုက်လေသည်။

“မင်းက မျောက်ဖမ်းမြွေရှာ လုပ်နေဘဲ့ ကောင်လေး မဟုတ်လား၊ သစ်ခွပန်းကို ဘာကြောင့် ခူးရပြန်တာလဲ၊ စိမ်းလဲ့မြိုင်စံအိမ်အတွက်ပဲလား”

“မဟုတ်ဘူးခင်ဗျ...ဟို”

ကျန်းယမ်ရှောင်ရိ၏အမူအရာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်ကို မျောက်ဖြူကြီးအကဲခတ်မိလိုက်သည်။

“ဘာလဲ၊ မင်းရည်းစားကို ပေးမလို့လား”

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျော်လာနေသော မျောက်ဖြူကြီးက ခပ်မြူးမြူး ပင်မေးလိုက်သည်။

"ဟာ့...ရည်းစားမဖြစ်သေးပါဘူး"

"အခု မဖြစ်သေးလဲ နောက်တော့ ဖြစ်လာမှာပေါ့၊ ကောင်မလေးနာမည်က ဘယ်သူတဲ့လဲ"

"ချင်ယုအင်း"

"အရပ်သူလေးပဲလား"

"မဟုတ်ဘူး၊ မြွေနှတ်မယ်ဂိုဏ်းသူလေးပါ"

မြွေနှတ်မယ်ဂိုဏ်းကိုတော့ မျောက်ဖြူကြီး သိသည်။ အမျိုးသမီးများချည်းသာ ပါဝင်သည့် သိုင်းအဖွဲ့တစ်ခု ဖြစ်သည်။

"မင်းက သိုင်းပညာလဲမတတ်ဘဲနဲ့ သိုင်းဂိုဏ်းသူ တစ်ယောက်ကို ကြိုက်နေရသလား"

"ကျွန်တော်အခွင့်ကြုံရင်သိုင်းပညာသင်မှာပါဦးလေးကြီးရဲ့"

"အေး...အေး၊ မင်းက အလှုပ်အရှားမြန်ပြီး အပုန်းအလျှိုလဲထူးချွန်တဲ့ ပင်ကို အရည်အချင်းတွေ ရှိနေတာပဲ၊ နည်းလမ်းမှန်မှန်လေ့ကျင့်လိုက်ရင် သိုင်းပညာ ကောင်းကောင်း တတ်မှာပါ၊ ငါနဲ့ကြုံတုန်း မင်းကို နည်းနည်းပါးပါးသင်ပြပေးမယ်"

"ကျေးဇူးပါပဲ ဦးလေးကြီးရယ်"

မျောက်ဖြူကြီးက ကျန်းယမ်ရှောင်ရီ၏ ရိုးသားပွင့်လင်းသော စိတ်နေစိတ်ထားကို သဘောကျသည်။



ပျော်တတ်သော စိတ်ကြောင့် ကျန်းယမ်ရှောင်ရီနှင့် ချင်ယုအင်း ဆိုသော မိန်းကလေးတို့ ပြေလည် သွားကြအောင် ကြားမှ ဝင်ကူညီပေးလိုသည့် ဆန္ဒသည်း ရှိလေသည်။

ကျန်းယမ်ကောထန်က ကျန်းယမ်ရှောင်ရီ၏ အတွင်းအား အနေအထားကို အရင်ဆုံးစူးစမ်းကြည့်ရှုသည်။ ရှိနေသည့်အတွင်းအားအနေအထားပေါ် မူတည်ကာ သင့်တင့်လျောက်ပတ်သော သိုင်းကွက်အနည်းငယ် သင်ပြ ပေးရမည်မို့ ထုံးတမ်းစဉ်လာအတိုင်း စစ်ဆေးမှု ပြုလုပ်ခြင်း ဖြစ်သည်။

တကယ်တော့ သည်လို အတွင်းအား စူးစမ်း ကြည့်မှုမျိုးကို အတွင်းအားလေ့ကျင့်မှု ပြုထားပြီးသူ သိုင်းသမားများကိုသာ ပြုလုပ်လေ့ရှိသည်။

သိုင်းပညာ သင်ကြားဖူးခြင်း မရှိသေးသည့် သာမန် အရပ်သားများကိုမူ စစ်ဆေး ကြည့်ရှုခြင်း မပြုကြသည် သာ များသည်။

ထိုသူ၏အရိုးအဆစ်နှင့်ကိုယ်ခန္ဓာ တည်ဆောက်ပုံအနေအထားတို့ကို ကြည့်ကာ ကောင်းနိုးရာရာသိုင်းကွက်တို့ကို သင်ပေးလိုက်သည်က များသည်။

စည်းစနစ်ကျသော ရှေးရိုး သိုင်းသမားကြီး များက သာ မည်သူ့ကိုမဆိုလက်ဆောင်ချီးမြှင့်သည့်အနေဖြင့် ဖြစ်စေ၊ တပည့်အဖြစ် လက်ခံ၍ ဖြစ်စေ သိုင်းပညာ တစ်ခုခု သင်ပြ ပေးတော့မည် ဆိုလျှင် အများ အယွင်း အတိမ်း

www.burmeseclassic.com

www.burmeseclassic.com



အစောင်းမရှိရအောင် အပြည့်အဝစစ်ဆေး တတ်ကြလေသည်။

ကျန်းယမ်ကော့ထန်သည် ရှေးရိုးဆန်သူ မဟုတ်သော်လည်း စည်းကမ်းတင်းကျပ်သော မှူးမျိုးမတ်နွယ်မိသားစုမှ ပေါက်ဖွားလာသူ တစ်ယောက် ဖြစ်ရာ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေထိုင်တတ်သော်လည်း စည်းကမ်းတကျ လုပ်ဆောင်ရမည့်အခါများတွင် အစဉ်အလာလုပ်နည်းကိုင်နည်းများကို ပြည့်စုံတိကျစွာ လိုက်နာ လုပ်ဆောင်လေ့ရှိသည်။

နှစ်ယောက်လုံးသစ်ပင်တက်ကျွမ်းကျင်သူတွေ ဖြစ်သောကြောင့် မြေပြင်သို့ပင် ဆင်းမနေကြတော့။ သစ်ပင်ခွဆုံတစ်နေရာတွင် တင်ပျဉ်ခွေထိုင်ကြကာ ကျန်းယမ်ရှောင်ရှိ၏ အတွင်းအားအခြေအနေကို စူးစမ်းစစ်ဆေးမှုလုပ်ကြသည်။

ကျန်းယမ်ကော့ထန်အတွက် ထူးဆန်းအံ့ဩဖွယ်ရာတစ်ခုကိုတွေ့သိရသည်။

ကျန်းယမ်ရှောင်ရှိတွင် ကျင့်စဉ် တစ်ခုခုဖြင့် လေ့ကျင့်ထားသော အတွင်းအားမရှိပါ။ သို့သော် သူ၏ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှုပိုင်းမှာမူ အလွန်ပင် သန့်စင်ကောင်းမွန်သည်။

အတွင်းအားကျင့်စဉ်တို့ဖြင့် လေ့ကျင့်ထားသူများလို သွေးကြောကွက်နေရာများ လမ်းကြောင်း ပွင့်နေခြင်းမရှိသော်လည်း သွေးလည်ပတ်မှုမှာ ချောမွေ့နေသည်။



သဘာဝအတွင်းအား စွမ်းအင် တစ်မျိုးမျိုး ရှိနေသလို အနေအထားပင်ဖြစ်နေသည်။

သိုင်းသမားများက အတွင်းအားစုစည်း အသုံးချသလို ကျန်းယမ်ရှောင်ရှိ အနေဖြင့်လည်း သူ့ကိုယ် အတွင်းရှိ သဘာဝ စွမ်းအင်ကို စိတ်တိုင်းကျ စုစည်း အသုံးပြုနိုင်နေသည်။

လေ့ကျင့် ပျိုးထောင်ရမှုများ မဟုတ်ဘဲ သဘာဝအလျောက်ရှိနေသော အင်အားစွမ်းရည်မို့ အတွင်းအားချုပ်ထွေးကာ အတွင်းဒဏ်ရရှိနိုင်မည့် အန္တရာယ်ကလည်း မရှိသလောက်ပင်ဖြစ်နေသည်။

အစွမ်းထက် အဆင့်မြင့်သိုင်းပညာများ သင်ကြားလေ့ကျင့်ပေးလျှင် ထူးထူးချွန်ချွန်တတ်မြောက်နိုင်သည့် အခြေအနေရှိနေသောကြောင့် ကျန်းယမ်ကော့ထန်သည် သည်ကောင်လေးကို အလွန်ပင် သဘောကျသွားမိသည်။

မိမိ၏ သိုင်းမွေခံတပည့်အဖြစ်ပင် သတ်မှတ်၍ မိမိတတ်မြောက်ထားသမျှ သိုင်းပညာအားလုံး အကုန်အစင် သင်ကြားပေးလိုသည့်စိတ်ပင် ဖြစ်ပေါ်လာသည်။

သို့ရာတွင်....

အခုအခြေအနေသည် လက်ဆောင်သိုင်းပညာဆင်ပေးမှုသဘောမျိုးသာ ဖြစ်နေပေရာ မျောက်ဖြူကြီးအနေဖြင့် စိတ်ထင်တိုင်းလုပ်၍ မဖြစ်နိုင်။

ထို့ကြောင့် ကျန်းယမ်ရှောင်ရှိကို ‘တောထည်သိုင်းကွက်’၊ ‘သစ်ရွက်ခြွေဓားသိုင်းကွက်’ နှင့် ‘နှစ်ပင်လိမ်သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်’တို့ကို သင်ကြားပေးရန် ဆုံးဖြတ် ရွေးချယ်လိုက်သည်။

ဤသိုင်းကွက်သုံးကွက်သည် ကျန်းယမ်ကောဲ့ထန် လေ့ကျင့်တတ်မြောက်ထားသော သိုင်းပညာ၏ အစွမ်းအထက်ဆုံး သိုင်းကွက်များဖြစ်သည်။

ထိုသိုင်းကွက်သုံးကွက်တို့၏ အခြေခံသဘောတရားတို့ကို အရင် ရှင်းလင်းပြောပြသည်။

ကျန်းယမ်ရှောင်ရိသည် တစ်ခေါက်ရှင်းပြသည်နှင့်ပင် ‘အောလည်သိုင်းကွက်’ နှင့် ‘ချင်ပင်လိမ်သိုင်းကွက်’ တို့၏ အခြေခံသဘောတရားတို့ကို နားလည်သိရှိသည်။

ဤသိုင်းကွက် နှစ်ကွက်နှင့် စာလျှင် ပို၍ဆင့်မြင့်ကာ သိုင်းဟန်မှာ ပြောင်းလဲလည်း ပို၍ရှုပ်ထွေးသော ‘သစ်ရွက်ခြွေသိုင်းကွက်’ ကိုမူ နှစ်ကြိမ်တိုင်အောင် ရှင်းလင်းပြောပြမှ သဘောပေါက်နားလည်သည်။

ကျန်းယမ်ရှောင်ရိ၏ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပုံကို လက်တွေ့သိရှိရသည့်အတွက် အထူးပင်ချီးမွမ်းမိသည်။ ကောင်လေးကိုလည်း ပို၍သဘောကျ နှစ်သက်သည်။

အကယ်၍ အခြေအနေ အချိန်အခါပေးလျှင် မိမိ၏ သိုင်းမွေခံစာပည့်မဟုတ်သည့်တိုင် အခါအခွင့်သင့်လျှင် သင့်သည့်အလျောက် မိမိ၏သိုင်းပညာများကို သင်ကြားလေ့ကျင့်ပေးသွားရန်လည်း စိတ်ဆုံးဖြတ်လိုက်သည်။



အခြေခံသဘောတရားတို့ကို ရှင်းလင်းပြသပေးပြီးသည့်နောက် ကျန်းယမ်ကောဲ့ထန်က သိုင်းကွက်များကို လက်တွေ့ လှုပ်ရှားသင်ပြပေးသည်။

ဤအခါတွင်မူ မထင်မှတ်သော အခက်အခဲကို တွေ့ရှိရ၏။ ကျန်းယမ်ရှောင်ရိသည် လက်တွေ့လေ့ကျင့်မှုတွင်တော့ အတော်ပင် တုံ့နှေးသည်။

သိုင်းကွက်တို့၏ အခြေခံသဘောတရားများကို တတ်သိနားလည် နေသော်လည်း သိုင်းဟန် လှုပ်ရှားမှုတို့သည် သိုင်းကွက်ပုံစံအတိုင်း စနစ်တကျ ပေါ်ထွက်မလာ။ မှားယွင်းမှုလေးများ၊ ချွတ်ချော်မှုလေးများ ရှိနေသည်။

မပြောပလောက်စရာ ဆိုနိုင်သော်လည်း တကယ်ရင်ဆိုင်တိုက်ခိုက်မှုများတွင်တော့ အရှုံးအနိုင်ကိုပင် အဆုံးအဖြတ်ပေးနိုင်သည့် ချွတ်ယွင်းချက်ကလေးများ ဖြစ်ကြသည်။

ဤအတွက်ကြောင့် မျောက်ဖြူကြီးမှာ မချင့်မရဲ ဖြစ်နေရသည်။

ရက်အနည်းငယ် ကြိုးကြိုးပမ်းပမ်း ကြည့်ရှုပြုပြင် လေ့ကျင့်ပေးလျှင် မှားယွင်း ချွတ်ချော်မှုလေးများ ပပျောက်နိုင်သည်။

တပည့်အဖြစ်ခံကာ သိုင်းပညာ သင်ကြားပေးနေခြင်း မဟုတ်ဘဲ လက်ဆောင်ချီးမြှင့်သည့်အနေဖြင့် သိုင်းကွက်အနည်းငယ် သင်ပေးနေခြင်းဖြစ်သည့်အပြင် ချိန်းဆိုထားသည့် နေရာသို့ သွားရန်ကလည်း ရှိနေသေးကြောင့် မျောက်ဖြူကြီးအနေဖြင့် အချိန်လည်း ယိပ်မပေးနိုင်။

www.burmeseclassic.com



“မင်းက သိုင်းလက်တွေ လေ့ကျင့်တဲ့ နေရာမှာတော့ လိုအပ်ချက်လေးတွေ ရှိနေသေးတယ်၊ ငါ အခုနေ့ကလဲ သွားစရာကိစ္စလေးတွေ ရှိနေတာကြောင့် မင်းကို အချိန်ယူပြီး အနီးကပ်ကြပ်မ မပေးနိုင်ဘူး၊ ဒါကြောင့် ရနိုင်သမျှ အချိန်လေးအတွင်းမှာ တောလည်သိုင်းကွက် လေ့ကျင့်မှုကိုပဲ အဖြစ်နိုင်ဆုံး ကြည့်ရှု ပြုပြင်ပေးမယ်၊ ကဲ... တောလည် သိုင်းကွက်ကို သိုင်းကွက်ပုံစံ မှန်ကန်အောင် ဖြည်းဖြည်းမှန်မှန် လေ့ကျင့်ပြစမ်း”

မိမိက စေတနာပို လောဘကြီးကာ သိုင်းကွက်သုံးကွက် သင်ပေးသည့်အတွက် များနေကာ လိုက်မမီဖြစ်နေရလေသည်လားဟု တွေးမိသောကြောင့် မျောက်ဖြူကြီးက သိုင်းကွက် တစ်ကွက်တည်းကိုသာ သေသေချာချာ ကြပ်မ လေ့ကျင့်ပေးရန် စီမံပြောကြားသည်။

အခြားသိုင်းကွက် နှစ်ကွက်နှင့် စာလျှင် ‘တောလည်သိုင်းကွက်’ လေ့ကျင့်ရာတွင် အမှားအယွင်း အနည်းဆုံးမို့ ထိုသိုင်းကွက်ကို ရွေးထုတ်လိုက်ခြင်းဖြစ်သည်။

ကျန်းယမ်ရှောင်ရိက ‘တောလည်သိုင်းကွက်’ ကို လေ့ကျင့်ပြသည်။ မိမိတတ်သိထားသော အခြေခံသဘောတရားကို အာရုံသွင်းကာ စိတ်လောလည်းမကြီးဘဲ ဖြည်းဖြည်းနှင့်မှန်မှန် သိုင်းဟန်လှုပ်ရှားသည်။

မျောက်ဖြူကြီးက အနီးကပ်ကြည့်ရှုကာ လိုအပ်သည်များကို ပြောဆိုပြုပြင်ပေးသည်။



အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ပြစေသည်။ တစ်ကြိမ်ထက်တစ်ကြိမ် သိုင်းဟန်လှုပ်ရှားမှုမှာ ပိုမိုအရှိန်အဟုန်မြင့်စေသည်။ မြန်ဆန်စေသည်။

ကိုးကြိမ်ကိုးခါတိုင်အောင် ထပ်ပြန်တလဲလဲလေ့ကျင့်ပြီးသောအခါ တောလည်သိုင်းကွက်တို့ အမှားအယွင်းကင်းစွာ လှုပ်ရှားနိုင်လာသည်။ လျင်မြန်သွက်လက်မှုလည်းရှိလာသည်။

“တောလည်သိုင်းကွက်ကိုတော့ မင်းအတော်လေး ပိုင်နိုင်ကျွမ်းကျင်သွားပြီ၊ ကျန် သိုင်းကွက်နှစ်ကွက်ကိုတော့ မင်းဘာသာပဲ ဖြည်းဖြည်းချင်း တတ်မြောက်အောင် လေ့ကျင့်သွားပေတော့၊ အလောတကြီးမဖြစ်စေနဲ့၊ စိတ်ရှည်ရှည်ထား၊ ကိုယ်ဘာမှာပြီး ဘာလုပ်နေသလဲဆိုတာကို သိုင်းကွက်အခြေခံသဘောတရားနဲ့ချိန်ထိုးပြီး သိအောင်လုပ်....

“ပြီးတော့ တစ်ခု သေသေချာချာမှာခဲ့မယ်၊ အရေးအကြောင်းပေါ်လို့ တိုက်ရခိုက်ရတဲ့အခါ တောလည်သိုင်းကွက်ကိုပဲသုံး၊ သစ်ရွက်ခြွေမေးသိုင်းနဲ့နှစ်ပင်လိမ်သိုင်းကွက်တွေကို ထုတ်မသုံးနဲ့၊ တစ်ဖက်လူကို မနိုင်မှန်းသိရင် ရှောင်သာပြေး၊ ဟုတ်လား”

“ကောင်းပါပြီ ဦးလေးကြီး၊ ကျွန်တော်မှတ်ထားပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညသည် တိတ်ဆိတ်အေးမြနေသည်။

ကြိုးကြာဂိုဏ်း၏ စခန်းပရဝဏ်မှာလည်း အိပ်မောကျ
နေသလိုရှိသည်။ ညစောင့် ကင်းလှည့် တာဝန်ကျသော
သိုင်းသမားတို့မှလွဲ၍ ကြိုးကြာဂိုဏ်းသားတို့ အနားယူ
အိပ်စက်နေကြလေပြီ။

စခန်းပရဝဏ်ပတ်လည်ကို တာရံထားသော အုတ်
တံတိုင်းတစ်နေရာပေါ်သို့ ဝတ်စုံနက်ဝတ်လူနှစ်ယောက်
ရှေ့ဆင့်နောက်ဆင့်ဆိုသလို တက်လာကြသည်။

အုတ်တံတိုင်းပေါ်မှတစ်ဆင့် အနီးရှိ အဆောင်တစ်
၏ခေါင်မိုးပေါ်သို့ ဆက်၍တက်သွားကြသည်။

ကြိုးကြာဂိုဏ်းသည် မြောက်ဘက်နယ်စပ် ဒေသတ
လွှားတွင် လူအင်အား အတောင့်တင်းဆုံးသော သိုင်
ဂိုဏ်းကြီးတစ်ခုဖြစ်သည်။



ပထမတန်းအဆင့်ရှိ သိုင်းသမား ၂၀-ကျော်ရှိသည်။
ကျန်ဂိုဏ်းသားများ၏ သိုင်းပညာကလည်း အဆင့်မနိမ့်။

မိတ်ဆွေ အပေါင်းအသင်းလည်း များပြားသည်။
မြောက်ပိုင်းနယ်စပ်ဒေသရှိ သိုင်းအဖွဲ့အစည်းအားလုံးပင်
ကြိုးကြာဂိုဏ်း၏ မိတ်ဆွေရင်းချာများဖြစ်ကြသည်။ ပြည်မ
သိုင်းလောကတွင်လည်း မိတ်ဆွေသင်္ဂဟတွေရှိသည်။

ကြိုးကြာဂိုဏ်းကို ရန်ရှာမည့်လူမရှိ။ အန္တရာယ်လည်း
မပေါ်ပေါက်နိုင်သောကြောင့် ညဘက်ကင်းစောင့်တာဝန်
ကျသည့် သိုင်းသမားများသည် ပေါ့ပေါ့ဆဆရှိကြသည့်
တိုင် အေးအေးဆေးဆေးရှိနေကြသည်။

'ပုံမှန်ကင်းလှည့်ကြည့်ရှုမှုတို့တော့ ဂိုဏ်းစည်းကမ်းချက်
များအတိုင်း လုပ်ဆောင်ကြသည်။

တပ်လှန့်ထားသည့် အခြေအနေနှင့် နိုးနိုးကြားကြား
တော့မရှိကြ။ သူတို့၏ စခန်း ပရဝဏ်အတွင်းသို့ ဝိုစိုဝား
စား ဝင်ရောက်လာမည့်သူ မရှိနိုင်ဟု စိတ်ချနေကြသည်။

ဝတ်စုံနက်နှစ်ယောက်တို့မှာ ကိုယ်ဖော့ပညာမဆိုး၊ လှုပ်
ရှားပုံလည်း ပိရိသေသပ်သည်။

သူတို့နှစ်ယောက် တိတ်တဆိတ် ဝင်ရောက်လာကြသည်
ကို ကြိုးကြာဂိုဏ်းစခန်း၏ ညစောင့်ကင်းသမားများ မသိ
လိုက်ကြပေ။

ထိုဝတ်စုံနက်နှစ်ယောက်မှာ လင်ပတ်ဝင်နှင့် လူကြည်
ချမ်းတို့ဖြစ်ကြသည်။

www.burmeseclassic.com



တစ်ကိုယ်တော် သိုင်းသမားအဖြစ် သိုင်းလောကတွင် 'ဟိုစဉ်စဉ်၊ သည်စပ်စပ်' သွားလာလှုပ်ရှားနေသော လုကြည်ချမ်းသည် အဆင့်မြင့် အဖွင့်မဲ့ထက် သိုင်းကျမ်းတစ်ဆူဖြစ်သော 'ကိုယ်ယောင်ဖျောက်မှော်သိုင်း' ကြိုးကြာဂိုဏ်းတွင် ရှိနေကြောင်း သတင်းအတိအကျရရှိခဲ့သည်။

ကြိုးကြာဂိုဏ်းသို့ အင်အားတောင့်တင်းပြီး မိတ်ဆွေသင်္ဂဟကလည်း များပြားသော သိုင်းအဖွဲ့ကြီးတစ်ခု၏ လက်တွင်းရှိအဆင့်မြင့်သိုင်းကျမ်းတစ်ဆူတို့မိမိတစ်ယောက်တည်းအစွမ်းအစဖြင့် အရယူရန် ခဲယဉ်းကြောင်း သဘောပေါက်သည့်အတွက် တိမ်တံခွန်ဂိုဏ်းကို ချဉ်းကပ် အဆက်အသွယ်လုပ်ခဲ့သည်။

မူလအကြံကတော့ တိမ်တံခွန်ဂိုဏ်း၏ အကူအညီနှင့် ကြိုးကြာဂိုဏ်းထဲ ထိုးဖောက်ဝင်ရောက်ပြီး ကိုယ်ယောင်ဖျောက်မှော်သိုင်းကျမ်းတို့ အရယူဖို့ ဖြစ်သည်။ ဂိုဏ်းခွဲမှူးလင်ပတ်ဝင်ဦးဆောင်သော တိမ်တံခွန်ဂိုဏ်းလက်ရွေးစင်သိုင်းသမား ၁၄-ယောက်နှင့်အတူ မြောက်ဘက် နယ်စပ်ဒေသသို့ လာခဲ့ကြသည်။

သို့ရာတွင် ကြိုးကြာဂိုဏ်း၏ အင်အားအနေအထားသည် ထင်ထားသည်ထက်ပိုမိုခိုင်မာတောင့်တင်းသည်ကို တွေ့သိရလေရာ တစ်မျိုး တစ်ဖုံ အကြံအစည်ပြောင်းကာ လုကြည်ချမ်းက မြောက်ဖြူကြီး ကျွန်းယမ်ကော့သန့်ကို ဖိတ်ခေါ်ခဲ့သည်။



မြောက်ဖြူကြီးကို ရုပ်သေးဂိုဏ်းက ဖမ်းဆီးသွားသည်တွင် လုကြည်ချမ်းနှင့်လင်ပတ်ဝင်တို့မှာ ဘယ်သို့ ဆက်လုပ်ရမည်ကို မသိတော့အောင်ဖြစ်ကုန်ကြသည်။

လုကြည်ချမ်း၏သဘောကတော့ လက်လျှော့ကာ ပြန်သွားချင်သည်။

လင်ပတ်ဝင်ကတော့ ရှမ်းယမ်းမြို့သို့ပင် ခရီးရှည်လာရောက်ခဲ့ပြီမို့ အောင်မြင်မှု ရလိုရငြား စွန့်စားကြည့်ချင်သည်။

လင်ပတ်ဝင်၏စိတ်ဆန္ဒပြင်းပြမှုကို မဟန့်တားသာတော့ဘဲ သဘောတူလက်ခံရလေသည်။

ကြိုတင်စီစဉ်မှုများ ကျကျနန လုပ်ဆောင်ပြီးနောက် လင်ပတ်ဝင်နှင့် လုကြည်ချမ်းတို့နှစ်ယောက်သည် သည်နေ့ည ကြိုးကြာဂိုဏ်းစခန်း ပရဝဏ်အတွင်းသို့ တိတ်တဆိတ်ဝင်ရောက်လာခဲ့ကြသည်။

* * *

လုကြည်ချမ်း၏အဆက်အသွယ်များထံမှ ရရှိထားသော သတင်းများက 'ကိုယ်ယောင်ဖျောက် မှော်သိုင်းကျမ်း' တို့ ကြိုးကြာဂိုဏ်းချုပ်မှူးစောနယောင်ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းထားသည့် နေရာအတိအကျကိုတော့မသိရ။

သိုင်းကျမ်း သိမ်းဆည်းထားသည့်နေရာ ဖော်ထုတ် သိရှိနိုင်မည့် နည်းလမ်းတစ်ခုကိုလည်း လင်ပတ်ဝင်က စဉ်းစားမိထားသည်။

ထိုနည်းလမ်းသည် အတော်ကို စွန့်စားရမည် ဖြစ်ပြီး အန္တရာယ်လည်းများသည်။

ကိုယ်ယောင်ဖျောက်မှော်သိုင်းသိမ်းဝှက်ထားသည့် နေရာကိုဖော်ထုတ်နိုင်ဖို့က ဆယ်ပုံနှင့်ရှစ်ပုံခန့် အခွင့်အလမ်းရှိနေသည်မို့ အန္တရာယ်များသော်လည်း စွန့်စားကြည့်ကြရပေတော့မည်။

လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့သည် ကြိုးကြာဂိုဏ်းချုပ်ပိုးစောယောင်၏ အိပ်ခန်းဆောင်ရှိရာသို့ တဖြည်းဖြည်းချဉ်းကပ်လာကြသည်။

ကြိုးကြာဂိုဏ်းချုပ်ပိုးစောယောင်သည် အသက်(၂၅)နှစ်အရွယ်သာ ရှိသေးသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ရုပ်ရည်ချောမောသည်။ ယောကျ်ားမရှိသေး။

အပျိုစင် အမျိုးသမီး တစ်ယောက်၏ အိပ်ခန်းဆောင်သို့ ချင်းနင်း သွားနေရသောကြောင့် လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့နှစ်ယောက် အလိုလိုပင် ရင်ခုန် ချင်သလိုလိုဖြစ်နေကြသည်။

စိတ်ထဲ့ရှိအတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားလျက်သွားလမ်း လာလမ်း၊ ဝင်လမ်း ထွက်လမ်းတို့ကို သေသေချာချာ ကြည့်ရှုမှတ်သားနေကြသည်။



လင်ပတ်ဝင်၏အကြံအတိုင်းလက်တွေ့အကောင်အထည်ဖော်ရာတွင် ကြိုးကြာဂိုဏ်းစခန်း ပရဝဏ် အပြင်ဘက်သို့ အမြန်ဆုံးပြန်ထွက်နိုင်ရေးသည် အဓိက ကျသည်။

အမြန်ဆုံး ပြန်မထွက်နိုင်လျှင် ကြိုးကြာဂိုဏ်းသားများလက်ထဲသို့ ကျရောက်ကြရမည်ဖြစ်ရာ ကိုယ်ယောင်ဖျောက်မှော်သိုင်းကျမ်းရှိသည့် နေရာကို သိရသည့်တိုင် ဘာမျှအကျိုးရှိတော့မည် မဟုတ်ပေ။

နောက်ဆုံးတော့ ကြိုးကြာဂိုဏ်း အပျိုစင်ဂိုဏ်းချုပ်ပိုးစောယောင်၏ အိပ်ခန်းဆောင့် ခေါင်မိုးပေါ်သို့ သူတို့နှစ်ယောက်ရောက်ရှိသွားကြသည်။

အိပ်ခန်းဆောင် ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ ကင်းစောင့်အမျိုးသမီး သုံးယောက်ပင် ငြိမ်ငြိမ်တိတ်တိတ်ရှိနေကြသည်။ ကင်းလှည့်သော အခါတွင်ပင် ခြေသံလုံလုံနှင့် ညင်ညင်သာသာ လျှောက်လှမ်းကြသည်။

ထိုအမျိုးသမီး သုံးယောက်သည် ပိုးစောယောင်၏ လက်စွဲကိုယ်ရံတော် ရွှေကြိုးကြာမယ် (၁၂)ဖော်ထဲမှဖြစ်ရမည်ဟု လုကြည်ချမ်းတို့ သိလိုက်ကြသည်။

ကင်းစောင့် ရွှေကြိုးကြာမယ်သုံးယောက်သည် နိုးနိုးကြားကြားရှိနေကြသည်။

သူတို့လည်း စခန်းပရဝဏ်အတွင်းသို့ ရန်သူများ ထိုးဖောက်ဝင်မလာဟု စိတ်ချနေကြသောကြောင့် အိပ်ခန်းဆောင် ခေါင်မိုးပေါ်သို့ ဝတ်စုံနက်ဝတ် သူ နှစ်ယောက်တိတ်တဆိတ်ရောက်နေသည်ကို မသိကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ကင်းလှည့်ရမည့်နေရာလမ်းကြောင်း အတိုင်းသာ တစ်ယောက်တစ်လှည့် တာဝန် ကျေပွန်စွာ ကင်းလှည့်နေကြသည်။

သူတို့အတွက် အခွင့်အလမ်းသာအောင် ဖန်တီးသည့်အလား အိပ်ခန်းဆောင်၏ လေသာပြတင်းပေါက် ငါးခုတွင် သုံးခု၏ တံခါးများက ပွင့်နေကြသည်။

အစောင့်အကြပ်များ ရှိသည့်အတွက် အိပ်ခန်းဆောင်ထဲ လေကောင်းလေသန့်များ ဝင်စေရန် လေသာပြတင်းသုံးခုကို ဖွင့်ထားဟန်တူသည်။

လူကြည်ချမ်းကလက်မြှောက်ကာ အသံတိတ် အချက်ပြပြီး လေသာပြတင်းတစ်ခုမှနေ၍ အိပ်ခန်းဆောင်ထဲအသာတိုးဝင်သွားသည်။

လူကြည်ချမ်းဝင်သွားသည်နှင့် လင်ပတ်ဝင်သည်စိတ်ထဲမှ တစ်၊ နှစ်၊ သုံး၊ လေးစသည်ဖြင့် မှန်မှန် ရေတွက်သည်။

သုံးရာအထိ ရေတွက် ရောက်ရှိသည်နှင့် ညာလက်တွင် ဆင့်ကိုင်ထားသော ကျောက်စလစ် ခဲလုံးသုံးခုကို နေရာသုံးနေရာသို့ ခွဲဖြန့် ပစ်လွှတ်လိုက်သည်။ အားသိပ်မထည့်သောကြောင့် ကျောက်စလစ် ခဲလုံးလေးများ လွင့်ထွက်သွားသည့် လေခွင်းသံက ခပ်သဲ့သဲ့သာ ပေါ်ထွက်လာသည်။

"ဒေါက်...ဒေါက်"

ပစ်လွှတ်လိုက်သော ကျောက်စလစ်ခဲလုံးလေး သုံးလုံးက အဆောင်နံရံ၊ ခေါင်မိုးနှင့် သစ်ပင်တို့ကို ထိမိသည့်



အသံများကတော့ အနည်းငယ် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်သည်။

ကျောက်စလစ်ခဲလုံးလေးများပစ်လွှတ်ပြီးသည်နှင့် လင်ပတ်ဝင်သည် ကြိုတင်ကြည့်ရှု ရွေးချယ် ထားသော ပြန်ထွက်လမ်းအတိုင်း လျင်မြန်စွာ ပြေးလွှားသွားသည်။ ထိုသို့ ပြေးလွှားရင်း မီးခိုးဗုံးတစ်လုံးပစ်ပေါက်သည်။ အချက်ပေးမီးကျည်လည်း ပစ်လွှတ်သည်။

လင်ပတ်ဝင်၏ လုပ်ဆောင်ချက် များသည် ကြိုးကြာ ဂိုဏ်းစစ်များကို တိုက်ခိုက်ရခြင်း မဟုတ်ပါ။ ကြိုးကြာ ပရဝုဏ်အတွင်း သောသော ရုတ်ရုတ်နှင့် အာရုံအနေမငြိမ် ရှုပ်ထွေးကုန်စေရန်သာ ရည်ရွယ်သည်။

* * *

အိပ်ခန်းဆောင်ထဲသို့ လူကြည်ချမ်း ညင်သာစွာ ဝင်ရောက်လာခဲ့သည်။

စိတ်ထဲမှ တစ်နှစ်သုံးလေး ဂဏန်း များကို စည်းချက် မှန်မှန် ရေတွက်ရင်း ကြိုးကြာဂိုဏ်း အပျိုစင်ဂိုဏ်းချုပ် ပိုးစာယောင် အိပ်စက်နေသော ခုတင်အနီးသို့ချဉ်းကပ်သွားသည်။

နှစ်ရာခြောက်ဆယ့်သုံးအထိ ရေတွက် ပြီးချိန်တွင် ပိုးစာယောင်အိပ်စက်နေသောခုတင်နှင့် ဆယ့်ငါးလံခန့်အကွာသို့ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်နှင့် မလှမ်းမကမ်းတွင် ဖန်မီးအိမ်လေး တစ်ခုကို မီးစာအနိမ့်ဆုံးသို့ ချကာ ခပ်မှိန်မှိန် ထွန်းထားသည်။ ခပ်မှိန်မှိန် ဖန်မီးအိမ် အလင်းရောင်သည် သိပ် အား မကောင်းလှသော်လည်း ခုတင် အနီး ဝန်းကျင် ကိုတော့ မြင်သာသည်။

ခုတင်ထက်ရှိ ဖဲမွေ့ရာကြီးပေါ်တွင် ပိုးစောယောင်သည် အသက်မှန်မှန်ရှူလျက် အိပ်မောကျနေသည်။

ကြိုးကြာဂိုဏ်း အပျိုစင်ဂိုဏ်းချုပ် ပိုးစောယောင်ကို လုကြည်ချမ်း ယခုမှ ပထမအကြိမ် တွေ့ရမြင်ရခြင်း ဖြစ်သည်။ အရွယ် သိပ်မကြီးသေးတဲ့ ရုပ်ရည်ချောမောလျက် စိတ်ထက်သည်ဟုတော့ ကြားဖူးထားသည်။

ခြင်ထောင်ကြီး ချထားသော်လည်း ပိုးသား ဇာခြင်ထောင်မို့ ခြင်ထောင်ထဲတွင်အိပ်နေသော ပိုးစောယောင်ကို တွေ့မြင်နိုင်သည်။

သေသေချာချာ အာရုံစူးစိုက်၍ကြည့်ရှုပါက ကောင်းကောင်းတွေ့နိုင်သည်။

လုကြည်ချမ်းက အာရုံစူးစိုက်ကာ ကြည့်လိုက်မိသည်။

အပျိုစင်အမျိုးသမီးတစ်ယောက်၏ အိပ်စက်ရာနေရာ ဖြစ်သောကြောင့်လားတော့မသိ အမွှေးနံ့သာနံ့များက သင်းပျံ့နေပြန်သေးသည်။

ထိုရနံ့မွှေးမွှေးတို့တွင် ကိုယ်သင်းနံ့ကလည်း ရောယှက်ပါနေလျက် လုကြည်ချမ်း၏စိတ်ကို တိမ်းမူးအောင် လွှမ်းမိုးနေသည်။



လုကြည်ချမ်းသည် ဂဏန်းများ ဆက်လက်ရေတွက်နိုင်ပင် မေ့သွားသည်။ သူ သည်နေရာသို့ ရောက်ရှိလာသည့် ရည်ရွယ်ချက်ကိုလည်း အာရုံမရောက်တော့။

ရုတ်တရက် ထိမှန်သံ သုံးချက်ကို ကြားရတော့မှ လုကြည်ချမ်းမှာ အိပ်မောကျနေရာမှ လှုပ်နှိုးခံလိုက်ရသလိုဖြစ်သွားသည်။

ထင်ပတ်ဝင်တာ ကျောက်စလစ်ခဲနှင့် ပစ်ပေါက်ကာ ကြိုးကြာဂိုဏ်းသားများကို လှန့်လိုက်ကြောင်းကိုလည်းသိလိုက်သည်။

မိမိ လုပ်ဆောင်ရမည့် တာဝန်ကိုလည်း သတိရသော အသက်ရှူသံဖြင်းပြင်း မဖြစ်ရအောင် ထိန်းသည်။ တုတ်တုတ်မျှမလှုပ်။ မှောင်ရိပ်ကျရာတွင် ကျောက်ရုပ်တုတစ်ခုလို ဖြစ်အောင် လုပ်ထားလိုက်သည်။

သိုင်းပညာစွမ်းသည့်အတိုင်း ပိုးစောယောင်သည် နားပါးကာ အအိပ်ဆတ်သည်။

ကျောက်စလစ်ခဲလေးများထိမှန်သည့် ပုံမှန်မဟုတ်သော အသံတို့ကိုကြားသည်နှင့် အိပ်မောကျနေရာမှ ဆတ်ခနဲ ထထိုင်သည်။

ကပိုကရိုဖြစ်နေသော ညအိပ်ဝတ်စုံပြေလျော့ကျသည့် ပိုးစောယောင်က ကမန်းကတန်းပြန်ဆွဲယူဝတ်သည်။

"ဝုန်း...ရှူး...ဖွိုင်း..."

မီးခိုးပုံးပစ်ဖောက်သံနှင့် အချက်ပေးမီးကျည်ပစ်လွှတ်သံတို့ ဆက်၍ပေါ်ထွက်လာသည်။ ကြိုးကြာဂိုဏ်းဝင်များ

www.burmeseclassic.com

www.burmeseclassic.com



၏ အော်ဟစ်သံ၊ ပြေးလွှားသံများကိုသည်း ကြားရသည်။

ပိုးစောယောင်သည် ခုတင်ပေါ်မှ အမြန် ခုန်ဆင်းသည်။

လုကြည်ချမ်းက ပိုးစောယောင် ဘယ်ကိုသွား၍ ဘာကိုလုပ်မည်နည်းဟု သေသေချာချာ ကြည့်နေသည်။

* * *

'နှင်းဆီမြိုင် တည်းခိုရိပ်သာ'၏ အထူးတည်းခိုဆောင်သို့ မျောက်ဖြူကြီး ကျွန်းယမ်ကော့ထန် ရောက်ရှိလာချိန်တွင် မိုးလင်းစ ဖြစ်သည်။

အထူးတည်းခိုဆောင်၏ တံခါး အား လုံး ပိတ် သော့ခတ်ထား ငြိမ်သက်နေသည်။

သည်လို မိုးလင်းစ အချိန်အခါတွင် လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့နှစ်ယောက် အိပ်ရာမှ နိုးနေကြလိမ့်မည်ဟု မျောက်ဖြူကြီးက မျှော်လင့်မထားပါ။ မိမိ ရောက်ရှိသွားပြီး နိုးယူရလိမ့်မည်ဟု တွက်ဆထားပြီးဖြစ်သည်။

မျောက်ဖြူကြီးသည် သူ့အစီပေါ်ကို အိပ်ရာမှ စောစောစီးစီး သွားမနိုးချင်ပါ။

သို့သော် ချိန်းဆိုထားသည့်အချိန်ထက် များစွာနောက်ကျမှ ရောက်လာနိုင်သည့်အတွက် ရောက်သည်နှင့် အချိန်ပင်



မဆိုင်းဘဲ လုကြည်ချမ်းတို့အား တွေ့ဆုံရန် ဆောလျင်စွာ လာခဲ့ခြင်းဖြစ်သည်။

မျောက်ဖြူကြီးသည် တည်းခိုရိပ်သာတာဝန်ခံကို သွားတွေ့ကာ အထူးတည်းခိုဆောင်၏ တံခါးသော့ မဖွင့်ပေးဖို့ ... ဘာတွေမလုပ်။ သူ့လို စောရသူခိုး အတတ်ပညာများ ကျွမ်းကျင်နှံ့စပ်နေသော သိုင်းသမားကြီးတစ်ယောက်အတွက် တံခါးအားလုံး ပိတ်ထားသည့် အထူးတည်းခိုဆောင်ထဲသို့ ဝင်ရောက်ရန်မှာ ငှက်ပျောသီးအခွံနွှာစားသည်ထက်ပင် လွယ်ကူနေပေသည်။

အထူးတည်းခိုဆောင်ထဲသို့လှမ်းဝင်မိသည်နှင့် ထူးခြားချက်ကို မျောက်ဖြူကြီး သတိပြုမိသည်။

အထူးတည်းခိုဆောင်သည် တိတ်ဆိတ်လွန်းနေသည်မှာ လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့ အထူးတည်းခိုဆောင်ထဲတွင် ရှိမနေကြကြောင်းလည်း မျောက်ဖြူကြီး ချက်ချင်းပင် သိသည်။

တည်းခိုဆောင်ရိပ်သာမှ ထွက်ခွာသွားကြသည့် အရိပ်လက္ခဏာများကိုတော့ မတွေ့ရ။

တိစ္ဆာစ်ခုခုကြောင့် လုကြည်ချမ်းတို့နှစ်ယောက် အပြင်သို့ ထွက်သွားကြရာမှ တည်းခိုရာနေရာသို့ ပြန်မရောက်မလာကြသေးဘဲ ရှိနေသည်ကို ထူးစမ်းနားလည်လိုက်သည်။

"ယခုပစ်ရာကိစ္စလုပ်ပြီးရင် သူတို့ ဒီကိုပြန်လာကြမှာပဲ၊ သူတို့ကို လိုက်ရှာမနေတော့ဘူး၊ ဒီမှာပဲ စောင့်နေတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့စဉ်းစားကာ မျောက်ဖြူကြီးသည် အထူးတည်းခိုဆောင် ဧည့်ခန်းထဲတွင် အေးအေးသက်သာ ထိုင်နေလိုက်သည်။

ထိုင်၍မှ ဖင်မငြိမ်းသေးမီ ခြေသံသဲ့သဲ့များ ကြားရသည်။

ထို့နောက် သူ့ရှေ့မှောက်သို့ လူငယ်လေး(၃)ယောက် ရောက်ရှိလာကြသည်။

မျောက်လောင်း သုံးကောင်တို့ပင် ဖြစ်ကြသည်။

အကင်းပါးတာ ကွက်ကျော်မြင်တတ်သော မျောက်လောင်းသုံးကောင်သည် မိမိနှင့်လူကွဲသွားပြီးသည့်နောက်တွင် လူကြည်ချမ်းတို့နှင့် တွေ့ဆုံရန် ချိန်းဆိုထားသည့် အနီးတစ်ဝိုက်တွင် မိမိရောက်အလာကို စောင့်နေကြမည်ဟု သိထားသည့်အတွက် မျောက်ဖြူကြီး ဘာမျှမအံ့သြပေ။

မျောက်လောင်း သုံးကောင်တို့သည် မျောက်ဖြူကြီးအတွက် နံနက်စာကို ယူလာကြသည်။ မျောက်ဖြူကြီး စားသောက်နိုင်ရန် တည်ခင်းပေးကြသည်။

"လူကြည်ချမ်းနဲ့ လင်ပတ်ဝင်တို့နှစ်ယောက် ဝတ်စုံနက်တွေ ဝတ်ပြီး ကြိုးကြာဂိုဏ်းစခန်းထဲကို သွားကြပါတယ်၊ ကြိုးကြာဂိုဏ်းစခန်းပရဝဏ်ထဲမှာ ရှက်ရက်သဲသဲဖြစ်သွားအောင် လုပ်ပြီး သိုင်းကျမ်းရှိတဲ့နေရာကို အတိအကျ သိရအောင်စုံစမ်းဖော်ထုတ်ကြဖို့ ပြောဆိုတိုင်ပင်နေတာကိုလဲ ကြားရပါတယ် ဆရာကြီး"



ဒုတိယနှင့် တတိယ မျောက်လောင်းတို့က အစားအသောက်များ တည်ခင်းပေးလိုက်ကြသည်။ ပထမမျောက်လောင်းက ပြောသည်။

မျောက်ဖြူကြီးက ဘာမျှပြန်မပြော။

ခေါင်းတဆတ်ဆတ် ညိတ်ကာ အသာပြုံးရယ်သည်။ နံနက်စောစောစာကို အားရပါးရ စားသောက်သည်။

နံနက်စောစာ တည်ခင်းပေးပြီးနောက် ဒုတိယနှင့် တတိယမျောက်လောင်းတို့ အထူးတည်းခိုဆောင် အပြင်ဘက်သို့ ထွက်သွားကြသည်။ အထူးတည်းခိုဆောင် ဧည့်ခန်းထဲတွင် ပထမ မျောက်လောင်းသာ ကျန်နေခဲ့တော့သည်။

မျောက်ဖြူကြီး စားသောက်မှု လက်စသတ် လုလုတွင် ဧည့်ခန်းထဲသို့ ဒုတိယမျောက်လောင်း ဝင်ရောက်လာခဲ့သည်။

"လူကြည်ချမ်း ပြန်လာနေပါတယ်၊ သူ့ကြည့်ရတာ အတော်ကြီးကို မောဟိုက် ပင်ပန်းနေပုံ ရပါတယ်၊ သူ့နောက်က နောက်ယောင်ခံ လိုက်လာတဲ့ လူတော့ မရှိပါဘူး"

ဒုတိယမျောက်လောင်းက သတင်းပေးသည်။

မျောက်ဖြူကြီးလည်း စားသောက်နေမှုကို လက်စသတ်ပြီး ညာလက်ကို တစ်ချက်မြှောက် ယမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမမျောက်လောင်းနှင့် ဒုတိယ မျောက်လောင်းတို့ နှစ်ယောက်လုံး ဧည့်ခန်းထဲမှ လှစ်ခနဲ ထွက်သွားကြလေသည်။

သူတို့ထွက်သွားပြီး မရှေးမနှောင်းမှာပင် တည်းခိုဆောင်ထဲသို့ လုကြည်ချမ်း ဝင်ရောက်လာသည်။

သူဝတ်ထားသော ဝတ်စုံနက် ဖရိုဖရဲ ဖြစ်နေသည်။ ချွေးများစို့နစ်ကာ ဖုန်များ၊ အမှိုက်များ ပေကျံနေလေသည်။

ဧည့်ခန်းသည် တည်းခိုဆောင် အဝင်ဝနားတွင် ရှိရာ အဝင်ဝမှ ဝင်လာသည်နှင့် ဧည့်ခန်းထဲသို့ တန်း၍ ရောက်လာသည်။

လုကြည်ချမ်းသည် အတော်ကြီးကို မောဟိုက် ပင်ပန်းလာပုံရသည်။

ဧည့်ခန်းထဲသို့ ရောက်သည်နှင့် နီးရာ ထိုင်ခုံတစ်ခုတွင် ဖွဲ့အိတ်ကြီးပစ်ချလိုက်သလို ဝုန်းခနဲ ခြေပစ်လက်ပစ် ထိုင်ချသည်။

ဧည့်ခန်းထဲတွင် ရှိနေသော မျောက်ဖြူကြီး ကိုပင် မြင်ပုံမရ။

* * *



"ဪ...တော် ပင်ပန်းလာခဲ့တယ် ထင်ပါရဲ့"

မျောက်ဖြူကြီးက အသံပြုနှုတ်ဆက်လိုက်သည်။

ထိုအခါတွင်မှ လုကြည်ချမ်းမှာ အနီးကပ် မိုးကြိုးအပစ်ခံရသလို ထိတ်လန့်ကာ ခြေပစ်လက်ပစ်ထိုင်နေရာမှ ဝုန်းခနဲခုန်ထသည်။

"သိပ်လဲ လန့်မသွားပါနဲ့၊ ကျုပ်ပါ.... ချိန်းထားတဲ့ အချိန်အတိုင်း ရောက်မလာဘာကို တောင်းပန်ပါတယ်"

မျောက်ဖြူကြီးက ခပ်အေးအေးပြောသည်။

"ဟင်....ခင်ဗျား....မျောက်ဖြူကြီး"

လုကြည်ချမ်းမှာတော့ အံ့သြတုန်လှုပ်မှုမပြေ၊ တုန်တုန်ခင်ယင်ပြောသည်။

"ဟုတ်တယ်...ကျုပ် မျောက်ဖြူကြီးပဲ၊ ကဲ...ထိုင်စမ်းပါဦးလေ"

လုကြည်ချမ်းပြန်ထိုင်ချသည်။

"ခင်ဗျားကို ရုပ်သေးဂိုဏ်းက ဖမ်းသွားတယ်ဆို"

"ဟုတ်တယ်"

"ခင်ဗျား...ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ"

"ဒါလားမထူးဆန်းပါဘူး၊ ကျုပ် လူမှန်းသူမှန်းမသိအောင် အရက်မူးပြီး အိပ်ပျော်နေတုန်း သူတို့က လာဖမ်းခေါ်သွားကြတယ်၊ ကျုပ် အမူးပြေပြီး အိပ်ရာက နိုးလာတော့ ပြန်လာတယ်၊ ဒါပါပဲ...အဲ...နည်းနည်း ပါးပါး လှုပ်ရှား တိုက်ခိုက် ရတာလေးတွေတော့ ရှိခဲ့တာပေါ့"

"ဪ....အင်း...အဲဒီလိုတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လုကြည်ချမ်းသည် သဲယောင် လိုက်ကာ ပြောသော်လည်း အဲ့ဩတုန်လှုပ်မှုကတော့ ပျောက်ချင်ပုံ မရသေး။ မျက်နှာမှာသွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်နေဆဲ။

"ခင်ဗျားကနေကော မိုးလင်းမှမောကြီးပန်းကြီးနဲ့ဘယ်တနေပြန်လာတာလဲ"

"ဒါလား...ဟို...အဲ...အင်း... အရေးပေါ် ကိစ္စလေးတစ်ခုလုပ်စရာရှိလို့ သွားလုပ်တာ ဆိုပါတော့ဗျာ"

ဤအဖြေ စကားအရပင် လုကြည်ချမ်းတွင် လျှို့ဝှက်ဖုံးကွယ် ထားချက်တွေ ရှိနေကြောင်း မျောက်ဖြူကြီးသိလိုက်သည်။

"လင်မစ်ဝင်ကော...ပြန်မလာသေးဘူးလား"

"ဪ... အဲ...အင်း...သူ လာပါလိမ့်မယ်၊ ဘော်ကြာနေ ရောက်လာမှာပါ"

"ခင်ဗျားက ကျုပ်တို့ ဘာအကြောင်း ကိစ္စ အတွက်ကြောင့် ဖိတ်ခေါ်တာလဲဆိုတာ သေသေချာချာ ပြောပြနိုင်မလား"

"ဟာ...ပြောပြရမှာပေါ့၊ ဒီကိစ္စ ခင်ဗျားကို လုံးဝအားကိုးရမှာ"

"လင်ပတ်ဝင်လာတဲ့အထိ စောင့်ရမှာလား"

လုကြည်ချမ်း စကားစုံ့ဆိုင်းနေရာ မျောက်ဖြူကြီးကအသာ ထောက်ပေးလိုက်၏။

"စောင့်နေစရာ မလိုပါဘူး၊ လင်မစ်ဝင် ပြန်မရောက်သေးလဲ ပြောလို့ရပါတယ်"



"ဒါဆိုရင်လဲ ပြောပေတော့"

"ဟုတ်ကဲ့...ပြောမယ်...ဒီလိုပါ၊ အဲ...သိုင်းကျမ်းတစ်ခုကို အရ ပြန်ယူပေးဖို့ဆိုပါတော့...အဲဒီ သိုင်းကျမ်းက ဟိုသင်း..."

မျောက်ဖြူကြီး၏ စိတ်ကို ဆွပေးနိုင်မည့် လုပ်ဇာတ်တစ်ခု ဖန်တီးပြောဆိုရန် လုကြည်ချမ်းက သေသေချာချာ ကြံဆစီစဉ်ထားပြီးဖြစ်သည်။

ယခုအချိန်တွင်မူ သူ့ အတွက် စိတ်လှုပ်ရှားဖွယ်ရာများကြုံတွေ့ခဲ့ရပြီး အမောဘာကာလည်း ပြေးလွှားလှုပ်ရှားလာခဲ့ရလျက် စိတ်မတည်မငြိမ်ဖြစ်နေသည်။

ပြောရမည့်ကလည်း လုပ်ဇာတ်ဖြစ်နေရာ ခလိုလို့ကမင်လိပ်ပြာမလုံနိုင်သော အကြောင်းခံရှိနေသည်။

ထို့ကြောင့် မှုရင်း ကြံဆထားသည့် စကား များကိုအစီအစဉ်ကျကျ ပြောမထွက်ဘဲ တုံ့နှေးနှေးနှင့် ဟိုးဟျှော်သည်ပတ်ဖြစ်နေသည်။

အသည်အတိုင်းဆိုလျှင် အတွေ့အကြုံ ရင့်ပြီး အကဲခတ်တော်သော မျောက်ဖြူကြီးက မိမိလုပ်ဇာတ် ခင်းနေကြောင်းကို ရိပ်မိသွားနိုင်သည်မို့ လုကြည်ချမ်းသည်စိတ်ကိုတည်ငြိမ်သမျှ တည်ငြိမ်အောင် ထားကာ မှင်သေသေနှင့်ပြောပြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဝါးရုံရွာမှာ မျောက်အဖမ်းကောင်းတဲ့ ကျန်းတာ့ယိုနဲ့ မြွေအရှာတော်တဲ့ ယမ်ဟူလန်းဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်၊ သူတို့လင်မယားမျောက်ဖမ်းမြွေရှာထွက်ကြရင်း တောထဲမှာ အဆင့်မြင့် အစွမ်းထက်တဲ့သိုင်းကျမ်းတစ်ဆူရှာတွေ့ခဲ့ကြတယ်"

လုကြည်ချမ်းက စပြောသည်။

မျောက်ဖြူကြီး၏စိတ်ထဲတွင် တစ်ခုခုမှားယွင်းမှု ရှိနေသလိုလို ခံစားမှု ပေါ်လာသည်။ ဘာမျှတော့ မပြော။ လုကြည်ချမ်းပြောသည်များကိုသာ စိတ်ဝင်စားဟန်ပြုကာ နားထောင်နေသည်။

"အဲဒီ လင်မယားက သိုင်းပညာ မတတ်တာကြောင့် သူတို့တွေ့လာတဲ့ သိုင်းကျမ်းအကြောင်း ကြိုးကြာဂိုဏ်းကို သွားပြောတယ်၊ သိုင်းကျမ်းကိုလဲ ပြတယ်၊ ကြိုးကြာဂိုဏ်းက အဆင့်မြင့်အစွမ်းထက်တဲ့ ရှေးဟောင်းသိုင်းကျမ်း ဖြစ်မှန်းသိတာနဲ့ တစ်ခါတည်း အပိုင်စီး အရယူလိုက်တယ်၊ ကျန်းတာ့ယိုနဲ့ ယမ်ဟူလန်းတို့ လင်မယားကိုလဲ သတ်ပစ်လိုက်ကြတယ်၊ ကြိုးကြာဂိုဏ်းက မတရား အရယူထားတဲ့ သိုင်းကျမ်းကိုပြန်ယူဖို့ ကိစ္စပါပဲ"

အရက်ကောင်းကြိုက်သော မျောက်ဖြူကြီးသည် ရှမ်းယန်းမြို့သို့အလာ လမ်းတွင်ရှိသော နာမည်ကျော်ဝါးစိမ်းအရက်များ ထွက်ရှိသည့် ဝါးရုံရွာသို့ ဝင်ရောက်မည်မလွဲဟု လုကြည်ချမ်းက တွက်ထားသည်။



မျောက်ဖမ်းသမား ကျန်းတာ့ယိုနှင့် မြွေရှာသူ ယမ်ဟူလန်းတို့မှာ ဝါးရုံရွာဇာတိများဖြစ်ကြကာ ရွာမှာထက် တောထဲတွင် အနေများပြီး လွန်ခဲ့သောနှစ်က လင်မယားနှစ်ယောက်လုံး ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြလျက် မည်သည့် အကြောင်းကြောင့် ကွယ်လွန်ရကြောင်း ဝါးရုံရွာသူရွာသားများ သေသေချာချာမသိကြဘဲ ထင်ကြေးဖြင့်သာ ဟိုလိုလိုသည်လိုလို ပြောဆိုနေကြသည့်အကြောင်းများကို လုကြည်ချမ်း ကြားသိထားသည်။

ဝါးရုံရွာတွင်ဝင်၍ ဝါးစိမ်းအရက် သောက်သော မျောက်ဖြူကြီးသည် ထိုအကြောင်းများကို တစ်စွန်းတစ်စ ကြားကောင်းကြားသိနိုင်သည့်အတွက် သူ၏လုပ်ဇာတ်တွင် ကျန်းတာ့ယိုနှင့် ယမ်ဟူလန်းတို့ ဇနီးမောင်နှံကို လုကြည်ချမ်းက အဓိကဇာတ်ကောင်များအဖြစ် ထည့်သွင်းဖန်တီးထားခဲ့သည်။

မျောက်ဖြူကြီး အနေဖြင့် ထိုအကြောင်းကို တစ်စွန်းတစ်စ မကြားခဲ့သည်ထားဦး၊ စုံစမ်းကြည့်လျှင် ကျန်းတာ့ယိုတို့ လင်မယားနှင့်ပတ်သက်၍ ပြောဆိုနေကြသော သံသယဖြစ်ဖွယ်ရာ ကောလာဟလများကြောင့် မျောက်ဖြူကြီးက သူဖန်တီးထားသော လုပ်ဇာတ်ကို ယုံသွားမည်ဟု လုကြည်ချမ်းက တွက်ထားသည်။

သူ့တွက်ကိန်းနှင့် သူတော့ ဟုတ်နေသည်။

အကယ်၍ အကြောင်းတိုက်ဆိုင်စွာ ကျန်းယမ်ရှောင်ရိနှင့် လမ်းတွင် ခဆုံစည်းခဲ့လျှင် မျောက်ဖြူကြီး အနေဖြင့်

www.burmeseclassic.com



လူကြည်ချမ်း၏လုပ်ဇာတ်ကို အဟုတ်ထင်ကောင်း ထင်သွားနိုင်သည်။

ယခုတော့ ကျွန်းယမ်ရှောင်ရိုနှင့် ဆုံတွေ့ခဲ့ကာ သူ၏မိဘများအကြောင်းကိုလည်း အတော်လေး ကြားသိလာခဲ့ရာ လူကြည်ချမ်း လုပ်ဇာတ် ဆင် ပြောနေကြောင်း မျောက်ဖြူကြီး ကောင်းကောင်း သဘောပေါက်သည်။

ထို့သော် လူကြည်ချမ်း၏ လုပ်ဇာတ်ကို ယုံကြည်သည့်အသွင်ဆောင်ကာ စကားယောက်လျက် မေးခွန်းလည်း ထုတ်လိုက်သည်။

"စိတ်ဝင်စားစရာပဲ၊ ဒီအကြောင်းတွေ ခင်ဗျားဘယ်လိုလုပ်ပြီး ပြည့်ပြည့်စုံစုံသိနေတာလဲ"

"ကျွန်းတာ့ယိုရဲ့သားနဲ့ ကျွန်တော် တွေ့ခဲ့တယ်လေ၊ ကောင်လေးကပြောပြလို့ သိခဲ့ရတာပေါ့"

ကျွန်းတာ့ယိုနှင့် ယမ်ဟူသန်းတို့တွင် သားတစ်ယောက်ရှိတာ သိလူငယ်လေးမှာလည်း ရွာမှထွက်သွားပြီး ဘာသတင်းမှ မကြားရတော့ကြောင်းကို လူကြည်ချမ်းသိသားခဲ့သည်။ ထိုအဖြစ်မှန်ကို အခြေခံကာ ခပ်တည်တည်နှင့် ပြန်ဖြေလိုက်သည်။

ကျွန်းယမ်ရှောင်ရို တစ်ယောက် စိမ်းလဲ့မြိုင်စံအိမ်သို့ ရောက်ရှိနေသည်ကို ဝါးရုံရွာမှ လူများ မသိကြသလို လူကြည်ချမ်းလည်း မသိပါ။

"ဪ… ဒီလိုကိုး၊ အဲဒီကောင်လေး အခု ဘယ်မှာရှိနေလဲ"



လူကြည်ချမ်း မည်သို့လုပ်ကြံလိမ်ဆယ် ပြောဆိုဦးမလဲမည်နည်းဟု သိလိုသောကြောင့် မျောက်ဖြူကြီးက မေးလိုက်သည်။

"ကြိုးကြာဂိုဏ်းက ဖမ်းထားတယ်၊ ကြည့်ရတာ ကျူးငင်ခုတ် ကျူငုတ်မကျန်ရအောင် လုပ်မယ့်ပုံပဲ"

သည်လိုမေးခွန်းမျိုး မေးလာမည် မထင်သောကြောင့် အဖြေပေးရန် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသော လူကြည်ချမ်းမှာ ဇာတ်နာအောင်လုပ်သည့်သဘောဖြင့် ကြိုးကြာဂိုဏ်းအပေါ်တွင်သာ ပုံချလိုက်သည်။

"ကြိုးကြာဂိုဏ်းက တယ်ရမ်းကားပါလား ရက်စက်ကြတာပါကလား"

မျောက်ဖြူကြီး၏ စကားက လူကြည်ချမ်းကို အားအတော်တက်သွားစေသည်။ မိမိလုပ်ဇာတ်မှန်တီးဆွဲဆောင်မှုထဲသို့ မျောက်ဖြူကြီး ဘိုးဝင်လာလေပြီဟူ၍လည်း တွက်သည်။

"ဒါကြောင့် မိတ်ဆွေကြီးကို အားကိုးတကြီးဖိတ်ခေါ်ရတာပေါ့၊ ဒီလိုမတရားမှုတွေကို မိတ်ဆွေကြီးလဲ အရမ်းမုန်းတီးမုန်း ကျွန်တော်သိထားတယ်လေ"

"ခင်ဗျားက ဘယ်လိုလုပ်မယ်လို့ ကြံစည်ထားသလဲ"

"အဖြစ်က ရှင်းနေတာပဲ၊ ကြိုးကြာဂိုဏ်းက မတရားရယူထားတဲ့ သိုင်းကျမ်းကို ပြန်ယူရမယ်၊ ပြီးတော့ ကျွန်းတာ့ယိုရဲ့သားလေးကို ကယ်ထုတ်ရမယ်"

လူကြည်ချမ်းက အားတက်သရော ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းကျမ်းကိုကော"

"အင်း.... ကျွန်တော့်စိတ်ကူးက သိုင်းကျမ်းကို ကျန်းမာဒ့ယိုရဲ့သားလေးလက် အပ်လိုက်ရုံပဲ၊ ဒါပေမယ့် ကောင်လေးက အသက်ငယ်သေးပြီး သိုင်းပညာလဲ မတတ်တော့ သူ့လက်ထဲ အဆင့်မြင့်အစွမ်းထက် သိုင်းကျမ်းအပ်လိုက်ရင် အန္တရာယ်တွေ ဖိတ်ခေါ်သလို ဖြစ်သွားနိုင်တယ်....

"ဒါကြောင့် အခု လောလောဆယ်မှာတော့ သိုင်းကျမ်းကို အရယူနိုင်ပြီးရင် မိတ်ဆွေကြီးရယ်၊ ကျွန်တော်ရယ်၊ လင်ပတ်ဝင်ရယ်သုံးယောက် တစ်ယောက်တစ်လှည့်စီ ထိန်းသိမ်းစောင့်ရှောက်ပေးထားတာ သင့်တော်မယ် ထင်မိတာပဲ"

မျောက်ဖြူကြီးမှာ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ရသည်ကို သဘောကျသည်။

တစ်စုံတစ်ရာကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးရသည့်အလုပ်မျိုးလုပ်လေ့မရှိ။ ဝါသနာလည်း မပါ။

ထို့ကြောင့် လုကြည်ချမ်း၏စကားများက 'အသားလို၍ အရိုးတောင်းခြင်း'သာ ဖြစ်သည်။ မျောက်ဖြူကြီး၊ လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့ သုံးယောက် အလှည့်ကျ သိုင်းကျမ်းကို ထိန်းသိမ်းပေးထားမည် ဆိုရာတွင် တကယ်လက်တွေ့တွင် လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့လက်သို့သာ သိုင်းကျမ်းရောက်ရှိမည့်သဘောပင်။

"ခင်ဗျားအစီအစဉ်တွေက ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်အကြောင်းလဲခင်ဗျားသိပါတယ်၊ အတည်တကျ မနေဘဲ ဟိုသွားသည်လာ လှုပ်ရှားနေရတာကိုပဲ ကျုပ်ကကြိုက်တာ၊ ကိစ္စတစ်ခုခုကို တာဝန်ယူလုပ်ရတာမျိုးတော့ မလုပ်ချင်ဘူး၊ အခုကိစ္စမှာလဲ ခင်ဗျားနဲ့ လင်ပတ်ဝင်တို့သာ တာဝန်ယူကြပါ၊ ကျုပ်က ကျုပ်တတ်နိုင်တာကို ခဏဝင်ကူညီပေးတဲ့သဘောပဲလုပ်ချင်တယ်၊ ဒီတော့ ကျုပ်ဘာလုပ်ပေးရမလဲဆိုတာကိုသာ ပြော"



"မိတ်ဆွေကြီးက ဒီလိုဆန္ဒရှိနေတယ်ဆိုတော့ မိတ်ဆွေကြီးဆန္ဒအတိုင်း ဖြစ်ရစေမှာပေါ့"

"ဟုတ်ပါပြီလေ၊ ပြောစရာရှိတာကိုသာ ရှင်းရှင်းပြတ်ပြတ်ပြောပါ"

"ကြိုးကြာဂိုဏ်းလက်ထဲ ရောက်နေတဲ့ သိုင်းကျမ်းကို အရယူပေးဖို့ပါပဲ"

"ရပါတယ်၊ ကျုပ်ကဒီကိစ္စမှာတာဝန်ယူဘာမဟုတ်ဘဲ ကိုယ်လုပ်နိုင်တာကို ဝင်လုပ်ပေးတာဆိုတော့ အဲဒီအတွက် ထိုက်သင့်တဲ့အဖိုးအခတော့ ပေးရလိမ့်မယ်"

"ခင်ဗျာ"

လုကြည်ချမ်း အာမေဍိတ်သံပြုမိသည်။

မျောက်ဖြူကြီးသည် သူစိတ်ဝင်စားသောကိစ္စများ၊ သူလုပ်ပေးသင့်သည်ထင်သောအလုပ်များတွင် အဖိုးအခမယူဘဲ အလကားပဲတင်းသဘောမျိုး လုပ်ပေးလေ့ရှိကြောင်း သူသိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျောက်ဖြူကြီး၏စိတ်ကို ဆွဲဆောင်နိုင်မည့် လုပ်ဇာတ်တစ်ခုကို စဉ်းစားကြံဆကာဖန်တီးပြောဆိုသိမ်းသွင်းခဲ့သည်။

ယခု မျောက်ဖြူကြီးက ထူးထူးဆန်းဆန်း အဖိုးအခ ဈေးဆိုလာသည့်အတွက် အံ့အားသင့်မိသည်။

"ခင်ဗျားကလဲ ဘာစာအုံ့တာသြလုပ်နေတာလဲ၊ အလုပ်တစ်ခုအပ်ရင် ထိုက်သင့်တဲ့ အဖိုးအခပေးရတာ သိုင်းလောကထုံးစံပဲ၊ ဒါလေးကိုမှ ခင်ဗျားတ နားမလည်ဘူးလား"

မျောက်ဖြူကြီးက ခပ်ဆတ်ဆတ်ပြောသည်။

"ဟို...ဟို...နားလည်ပါတယ်"

လူကြည်ချမ်း ကမန်းကတန်းအဖြေပေးလိုက်သည်။

ထိုအချိန်မှာပင် လင်ပတ်ဝင် အမောတကောပြန်ရောက်လာသည်။

* * *

လင်ပတ်ဝင် ပြန်ရောက်လာသည့်အတွက် လူကြည်ချမ်း အတော်လေး အားတက်သည်။

"ဟော...ခင်ဗျား ပြန်ရောက်လာတာ အတော်ပဲ၊ ဒီမိတ်ဆွေကြီးက ကျွန်တော်တို့ကိုကူညီပြီး သိုင်းကျမ်းရယူ



ပေးဖို့သဘောတူတယ်၊ ဒါပေမယ့် အဲဒီအတွက် အဖိုးအခတော့ ပေးရမယ်တဲ့"

လူကြည်ချမ်းက လင်ပတ်ဝင်ကိုဆီး၍ပြောသည်။

"အင်း...ဒါကတော့ ပေးရမှာပေါ့"

လင်ပတ်ဝင်က မောသံနှင့်ပြောပြီး နီးရာခုံတစ်ခုတွင် ဝင်ထိုင်သည်။

သူသည် ကြိုးကြာဂိုဏ်းစခန်းပရဝဏ်ထဲမှ အပြင်သို့ ရောက်အောင် ထွက်လာနိုင်ခဲ့သော်လည်း အတော်ကြီးကို ကြိုးစားလှုပ်ရှားခဲ့ရလျက် ကံကောင်းထောက်မမှုလည်း ရှိသည့်အတွက်သာ အောင်မြင်ခဲ့ရသည်။

ကြိုးကြာဂိုဏ်းသည် ပေါ့သေးသေးမဟုတ်။

သူတို့၏ စခန်းပရဝဏ်ထဲဝင်ကာ 'ကိုယ်ယောင်ဖျောက်မှော်သိုင်းကျမ်း' ရယူဖို့ကိစ္စမှာ အထူးပင်ခက်ခဲကာ စွန့်စားရမည့်အလုပ်ဟုလည်း သူ ကောင်းကောင်းနားလည်သည်။

ထိုကိစ္စ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်သူကို အဖိုးအခအဖြစ် ထိုက်သင့်သလိုပေးဖို့ ဝန်မလေးပေ။ အချောင်ရလိုစိတ်ရှိသူ လူကြည်ချမ်းသို့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်မနေ။

"ဒါ...ဒါဆို ဘယ်လောက်ပေးရမှာလဲ"

မေးလိုက်သည်နှင့် လင်ပတ်ဝင်က သဘောတူသည့်သဘောတို့ပြန်သည်မို့ လူကြည်ချမ်းကလည်း စောဒကတက်မနေတော့ဘဲ မေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်သိန်းပေးရမယ်"

လင်ပတ်ဝင်ပြုန်မဖြေခင် မျောက်ဖြူကြီးက ကြားဖြတ်ကာ ပြောလိုက်သည်။

လုကြည်ချမ်း မျက်လုံးပြူးသွားသည်။ လင်ပတ်ဝင်ပင်လျှင် မျက်မှောင်ကြုတ်မိသည်။

(ထိုခေတ်ကာလက ငွေတစ်သိန်းသည် အလွန်ပင်များပြားသော ငွေကြေးပမာဏဖြစ်သည်။) စကားချပ်။

"ဘယ်လိုလဲ၊ ပေးနိုင်မလား"

မျောက်ဖြူကြီးက ဆက်ပြောသည်။

ပြောပုံဆိုဟန်သည် ကြေးစားသိုင်းသမားတစ်ယောက်နှင့်ပင်တူနေသည်။

မျောက်ဖြူကြီးသည် ကြေးစားသိုင်းသမားများကို မျက်စိစပါးမွေးစူးကာ သိပ်ကြည့်မရကြောင်းကို လုကြည်ချမ်းတို့ သိထားကြသည်။

ယခု မျောက်ဖြူကြီးကိုယ်တိုင်ကကြေးစားသိုင်းသမားတွေလို ငွေကြေးစကားဆိုလာလေရာ ထူးခြားနေသည်။ လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

"မပေးနိုင်ဘူးဆိုရင်လဲ ကျုပ်သွားတော့မယ်၊ ခင်ဗျားတို့နဲ့ အချိန်ဖြုန်းမနေနိုင်ဘူး"

မျောက်ဖြူကြီးက ထပ်ပြောပြန်သည်။ ထသွားတော့မည့်အသွင်လည်း ပြုသည်။



"နေပါဦး၊ နေပါဦး"

လုကြည်ချမ်းက ကမန်းကတန်းတားသည်။

ကြိုးကြာဂိုဏ်းစခန်းပရဝဏ်ထဲ ဝင်ရောက်လှုပ်ရှားခဲ့သည့် သူတို့၏ အစီအစဉ် အောင်မြင်သည်ဟု ဆိုရမည်။ ကိုယ်ယောင်ဖျောက်မှော်သိုင်းကျမ်း ဝှက်ထားသည့်နေရာကို လုကြည်ချမ်း သိရှိခဲ့ရသည်။

သိုင်းကျမ်းရရှိနိုင်ရန် လက်တစ်ကမ်းလောက်သာ လိုတော့သည့်အခြေအနေမို့ လုကြည်ချမ်းတွင် လိုချင်မက်မောတပ်မက်လောဘစိတ်လည်း အတော် ပြင်းပြထက်သန်နေသည်။

လုကြည်ချမ်းမှာလည်း လင်ပတ်ဝင်နည်းတူ ကြိုးကြာဂိုဏ်းစခန်းပရဝဏ်ထဲသို့ တစ်ခါဝင်မိပြီးသည်နှင့် အတော်ကြီးကို ဖြုံသွားရသည်။

သည်တစ်ကြိမ်တွင် အလွန် ကံကောင်းလှသောကြောင့် ပြန်ထွက်နိုင်ခဲ့သော်လည်း နောက်တစ်ကြိမ်တွင် သည်လိုမျိုး ကံကောင်းနိုင်တော့မည် မဟုတ်သည်ကို လုကြည်ချမ်း သိသည်။

ကိုယ်ယောင်ဖျောက်မှော်သိုင်းကျမ်း ရှိနေသည့်နေရာကို အတိအကျသိခဲ့ရသော်လည်း ကြိုးကြာဂိုဏ်းစခန်းထဲသို့ သူကိုယ်တိုင် ဝင်ရောက်ဖို့ကိုမူ လုကြည်ချမ်းစိတ်မကူးတော့ပါ။ မျောက်ဖြူကြီးမှလွဲ၍ အခြားမည်သူမျှ ကိုယ်ယောင်ဖျောက်မှော်သိုင်းကျမ်းကိုဝင်ရောက်ယူဆောင်နိုင်ခြင်းမရှိသည်ကိုလည်း သေသေချာချာနားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေးရမည့် ငွေကြေးပမာဏ များလှသော်လည်း လူကြည်ချမ်းအနေဖြင့် နှမြောတွန့်တိုနေ၍မဖြစ်တော့။

ကိုယ်ယောင်ဖျောက် မှော်သိုင်းကျမ်း ရရှိနိုင်ရေး အတွက် သည်မျှတော့ အကုန်အကျခံရပေတော့မည်။

* * *

သွားရန်ဟန်ပြင်နေရာမှ မျောက်ဖြူကြီးက လူကြည် ချမ်းကို တစ်ချက်ငဲ့စောင်းကြည့်သည်။

''ကောင်းပါပြီ၊ ပေးပါ့မယ်''

လူကြည်ချမ်းက ပြောလိုက်သည်။

''တကယ် သဘောတူပြီလား''

''ဟုတ်ကဲ့''

''ဒါဆိုရင် အခုပေးပေတော့''

လူကြည်ချမ်းနှင့် လင်ပတ်ဝင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိပြန်သည်။

''ငွေတစ်သိန်းစလုံး ပေးရမှာလား''

လင်ပတ်ဝင်က မရဲတရဲမေးသည်။

''ဒါပေါ့''

''ဟို...ဟို...အခု ကျွန်တော်တို့လက်ထဲမှာ ဒီလောက် ငွေ များများစားစားဘယ်မှာရှိမှာလဲ''



''ခင်ဗျားတို့နှစ်ယောက်လက်ထဲမှာ အခုလောလော ဆယ် ငွေသားဘယ်လောက်ရှိနေလဲ''

''ကျွန်တော့်ဆီမှာတော့ တစ်သောင်းခွဲကျော်ကျော် လောက်ပဲရှိပါတယ်''

''ခင်ဗျားဆီမှာကော''

မျောက်ဖြူကြီးက လူကြည်ချမ်းဘက်လှည့်ကာ မေး လိုက်ပြန်သည်။

''တစ်သောင်းလောက်ပါ၊ အခုနှစ်သောင်းခွဲကိုပဲ စရန် အဖြစ်ယူထားပါလား။ ကျန်တာကို အလုပ်ပြီးတာနဲ့ ပေး ပါ့မယ်''

လူကြည်ချမ်းက ပြန်ဖြေရင်း အပေးအယူ စကားညှိ သည်။

''စရန်ဆိုလဲငါးသောင်းခြောက်သောင်းလောက်တော့ ပေးမှပေါ့''

မျောက်ဖြူကြီး၏အသွင်က တွေးတောင်းသူလိုမျိုးပင် ရှိလာသည်။

''ကျွန်တော်တို့ကလဲ ပေးလိုက်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့လက်ထဲမှာ နှစ်သောင်းခွဲလောက်ပဲ ရှိနေ....''

''ဒီလိုလုပ်ကြမယ်လေ''

မျောက်ဖြူကြီးက ကြားဖြတ်ကာ ပြောသောကြောင့် လူကြည်ချမ်း၏စကား တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com



လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့သည် မျောက်ဖြူကြီး ဘာဆက်ပြောမည်နည်းဟု နားစွင့်နေကြသည်။

မျောက်ဖြူကြီး ခေတ္တစဉ်းစားလိုက်ပြီး….

"ငွေသား နှစ်သောင်းခွဲရယ်၊ ခင်ဗျားဝတ်ထားတဲ့ လက်စွပ်နဲ့ဆွဲကြိုးတွေရယ်ပေးပေါ့၊ အဲဒီ လက်စွပ်နဲ့ဆွဲကြိုး တွေက သုံး လေးသောင်း လောက်တော့ တန်ကောင်း ပါရဲ့"

မျောက်ဖြူကြီးပြောပုံက ကြွေးရှင် ကြွေးတောင်းသလို ပင်မဟုတ်တော့၊ ကြွေးဖြင့် ပစ္စည်းသိမ်းတော့မည့်အသွင် ပင်ဖြစ်လာသည်။

လုကြည်ချမ်းနှင့် စာလျှင် လင်ပတ်ဝင်ထံတွင် ရတနာ ပစ္စည်း ပိုများများ ရှိသည်။ သို့သော် လင်ပတ်ဝင်သည် ပွဲလမ်းရှိမှသာ ရတနာများ ထုတ်ဝတ်လေ့ရှိသည်။

ရှမ်းယန်မြို့သို့ ခရီးဝေး ထွက်လာသည့် အခါတွင် ရတနာပစ္စည်း တစ်ခု တလေမျှပင် ယူမလာခဲ့၊ လုံခြုံရာ တွင် အပ်နှံသိမ်းဆည်းထားခဲ့သည်။

လုကြည်ချမ်း ကားတော့ ဟန်ဟိတ် ထုတ်တတ်သည့် ဝါ သနာရှိသောကြောင့် အချိန်တိုင်းလိုလို လက်ဝတ်ရတနာ များဝတ်ဆင်သည်။ ခရီးရှည်ထွက်လာချိန်တွင်ပင် ဆွဲကြိုး နှင့်လက်စွပ်များ ဝတ်လာခဲ့သည်။

ယခုတော့ သို့ဆက်စွပ်နှင့်ဆွဲကြိုးတို့သည်ငွေသားအစား ပေးချေဖို့ အသင့်ယူလာသလို ဖြစ်နေလေပြီ။ လုကြည်ချမ်း



မှာမမေးချင်သော်လည်း အခြေအနေကရှောင်လို့မရသည့် ခေါင်းညိတ်သဘောတူလိုက်ရလေသည်။

ငွေအသပြာ နှစ်သောင်း ငါးထောင်၊ ဆွဲကြိုးတစ်ကုံး နှင့်လက်စွပ်တစ်ကွင်းတို့ကို မျောက်ဖြူကြီး လက်သို့ အပ် လိုက်ကြသည်။

"ဘယ်နှစ်ရက်အတွင်း ကိစ္စပြီးပြတ်အောင်လုပ်ဆောင် ပေးမှာလဲ"

စရန်ပေးချေမှု လုပ်ပြီးသော အခါ လုကြည်ချမ်းက မေးသည်။

"ကိစ္စက အခုပဲ ပြီးပြတ်သွားပါပြီ"

"ဒါ—ဘာကိုဆိုလိုတာလဲ"

"ဒီမယ် လုကြည်ချမ်း၊ ကျန်းတာ့ယိုနဲ့ယမ်ဟူလန်းတို့ရဲ့ သား ကျန်းယမ်ရှောင်ရိုနဲ့ ကျုပ်တွေ့ပြီးပြီ၊ သူ မိဘနှစ် ပါးသေဆုံးသွားတာ မုန့်ပေမယ့် ခင်ဗျားပြောသလို ကြိုး ကြာဂိုဏ်းက သတ်ဖြတ်ခဲ့တာ မဟုတ်ဘူး…

"ကျန်းတာ့ယိုက သစ်ပင်ပေါ်ကကျပြီး သေတာ၊ ယမ် ဟူလန်းကတော့ မြွေပေါက်ခံရလို့ပြီးတော့ သူတို့ရဲ့သား ကလဲ အိမ်တော်တစ်ခုမှာ ကောင်းကောင်းမွန်မွန် အလုပ် လုပ်နေတာ၊ ခင်ဗျားက မဟုတ်မဟပ် လုပ်ဇာတ်တွေနဲ့ ကျုပ်ကို လှည့်ဖြားနိုင်မယ်ထင်နေသလား…

"ဒီပိုက်ဆံတွေနဲ့ ဒီလက်ဝတ် ရတနာတွေကို ကျုပ် အပေါ်အထင်သေးလှည့်စားတဲ့အတွက် လျော်ကြေး စရန်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကျူပ်ယူခဲ့တာ၊ ကျန်နေတဲ့ ငါးသောင်းတိုတော့ ကျူပ်လိုချင်တဲ့အခါ လာယူမယ်''

မျောက်ဖြူကြီး၏ စကားများကို နားထောင်ရင်း လုကြည်ချမ်းနှင့် လင်ပတ်ဝင်တို့နှစ်ယောက် အကြီးအကျယ် ပင် မျက်စိမျက်နှာပျက်ကုန်ကြသည်။

ပြောစရာရှိသည်များ ပြောပြီးသည်နှင့် မျောက်ဖြူကြီး ထွက်သွားသည်။

★

## အခန်း (၁၃)

တောအုပ်ကြီး တစ်ခု၏ တောစပ်၊ တောအစနေရာ တစ်နေရာ။

တောအစ ဖြစ်သော်လည်း သစ်ကြီး ဝါးကြီးများရှိ သည်။ တောအုပ်ကြီး အတွင်းဘက်လောက် သစ်ပင်ကြီး များ မထူထပ်သော်လည်း ခပ်စိပ်စိပ် ပေါက်နေကြလေ သည်။

တောအုပ်ကြီး အတွင်းဘက်နှင့် ခြားနားသည်ကတော့ ခပ်နိမ့်နိမ့် သစ်ပင်တွေ အများစုရှိလျက် မြင့်မြင့်မားမား သစ်ပင်မြင့်ကြီးများ အနည်းအကျဉ်းသာ ရှိနေခြင်းပင်။

အနည်းအကျဉ်းသာ ရှိသော သစ်ပင် မြင့်ကြီးများမှ အမြင့်မားဆုံးသော သစ်ပင်ကြီးထိပ်ဘက်ပိုင်းရှိ သစ်ကိုင်း တစ်ခုပေါ်တွင် ကျွန်းယမ်ရှောင်ရှိထိုင်နေသည်။ မြို့ရွာ ဘက်သို့ လှမ်းမျှော်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောစပ်နေရာသည် မြေဖြူရွာနှင့်အတော်ကွာလှမ်းသည်။

သို့သော် သစ်ပင်မြင့်ကြီးပေါ်မှ လှမ်းကြည့် နေသည့်အပြင် ကျန်းယမ်ရှောင်ရိ၏မျက်စိအာရုံကလည်း ထက်မြက်ကောင်းမွန်သောကြောင့် မြေဖြူရွာဝန်းကျင်ရှိလှုပ်ရှားမှုများကို လှမ်းမြင်နိုင်သည်။

မြေဖြူရွာသည် မြွေနတ်မယ်ဂိုဏ်း၏ အခြေစိုက် ရွာငယ်လေးဖြစ်သည်။

ထိုရွာလေးတွင် သာမန်ရပ်သူရွာသားဟူ၍မရှိ၊ တစ်ရွာလုံးမှာ မြွေနတ်မယ်ဂိုဏ်းဝင် အမျိုးသမီးများနှင့် ထိုဂိုဏ်းဝင်တို့၏ မိသားစုများသာဖြစ်ကြသည်။

မြွေနတ်မယ်ဂိုဏ်းသည် အမျိုးသမီးများတို့သာ ဂိုဏ်းဝင်အဖြစ် လက်ခံသော်လည်း အိမ်ထောင်မပြုရဟု စည်းကမ်းသတ်မှတ်ထားချက်မရှိပေ။ မိမိနှစ်သက် သဘောကျရာသင့်တော်ရာ အမျိုးသားများနှင့် အိမ်ထောင်ပြုနိုင်သည်။

အိမ်ထောင်ပြုရန် မြွေနတ်မယ်ဂိုဏ်းချုပ်၏သဘောတူခွင့်ပြုချက်တော့ ရယူရသည်။

အိမ်ထောင်ကျပြီးသောအခါ ခင်ပွန်းသည်၏နေအိမ်သို့လိုက်ပါနေထိုင်ခွင့်တော့မရှိ။ မြွေနတ်မယ်ဂိုဏ်း တည်ရှိရာ မြေဖြူရွာကလေးတွင်ပင် နေထိုင်ကြရသည်။

မြွေနတ်မယ်ဂိုဏ်းဝင် အမျိုးသမီးများ၏ အိမ်ထောင်ဖက်များသည် မြွေနတ်မယ်ဂိုဏ်း၏အပေါ် သစ္စာရှိကြရသည်။



မြွေနတ်မယ်ဂိုဏ်းက သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာကြရသည်။

သမီးမိန်းကလေး မွေးဖွားလျှင် မြွေနတ်မယ် ဂိုဏ်းဝင်အဖြစ် လက်ခံသည်။ သားငယ် ကျားလေး မွေးလျှင်မူ မြွေနတ်မယ်ဂိုဏ်း၏ မိသားစုအဖြစ် အသိအမှတ် ပြုကာ မြေဖြူရွာတွင်နေထိုင်ခွင့်ပြုသည်။

မြွေနတ်မယ်ဂိုဏ်းဝင်မဟုတ်သော အမျိုးသမီးနှင့်လက်ထပ်လျှင်မူ မြေဖြူရွာမှ ထွက်ခွာသွားကြရသည်။ ထိုက်သင့်သော မင်္ဂလာ လက်ဖွဲ့တို့တော့ အစဉ်အဆက် သတ်မှတ်ထားချက်များနှင့်အညီ ပေးအပ်ချီးမြှင့်သည်။

မြွေနတ်မယ်ဂိုဏ်းဝင် အပျိုစင်အမျိုးသမီးများသည် မြေဖြူရွာ အရှေ့ဘက်ခြမ်းရှိ မြွေနတ်မယ် ရိပ်ငြိမ် ပရဝဏ်ထဲတွင် နေထိုင်ကြရသည်။

မြွေနတ်ရိပ်ငြိမ်ပရဝဏ်သည် မြေဖြူရွာအရှေ့ဘက်ခြမ်းတစ်ခုလုံးဖြစ်ကာ အုတ်တံတိုင်း ဝိုင်းပတ် ကာရံထားသည်။

မြွေနတ်ရိပ်ငြိမ်ပရဝဏ်ထဲတွင် အဆောင်များ ဆောက်လုပ်ထားသည်။

အိမ်ထောင်သည် ဂိုဏ်းဝင်များကတော့ မြေဖြူရွာအနောက်ဘက်ခြမ်းတွင် သီးသန့်အိမ်ငယ်လေးများဆောက်ကာ မိသားစုအလိုက် နေထိုင်ကြသည်။

မြေဖြူရွာ အနောက်ဘက်ခြမ်းကိုတော့ အုတ်တံတိုင်းကာရံထားခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သာမန် ရွာစည်းရိုး၊ ခြံစည်းရိုးများသာ ခတ်ထားသည်။

ကျွန်းယမ်ရှောင်ရိသည် သူ နှစ်သက်ခင်မင်နေသော မြွေနတ်မယ်ဂိုဏ်းဝင် မိန်းကလေး ချင်ယုံအင်း မြေဖြူရွာမှ ထွက်အလာကို စောင့်မျှော်နေခြင်းဖြစ်သည်။

* * *

မြေဖြူရွာထဲမှ ထွက်လာသောလူတစ်စုကို လှမ်းမြင်ရသည်။

အတန်ဝေးသောကြောင့် ဘာမျှသိဖ်မသဲကွဲ။ လူတစ်စုမှူသည်လောက်သာ မပီမပြင်တွေ့ရသည်။

သို့သော် ထိုလူစုထဲတွင် ချင်ယုအင်း ပါလာသည်ကို တော့ ကျွန်းယမ်ရှောင်ရိ ကောင်းကောင်းသိလိုက်သည်။ ချင်ယုအင်း၏ လှုပ်ရှားဟန်လေးများကို သူ့ခေါင်းထဲတွင် စွဲနေအောင် မှတ်မိသည်။

ချင်ယုအင်း ရွာထဲမှ ထွက်လာသည်ကို ရိုးတိုးရိပ်တိပ် လှမ်းမြင်သည်နှင့် ကျွန်းယမ်ရှောင်ရိ၏ရင်ထဲတွင် ထူးခြားသော တငြိမ့်ငြိမ့်လှုပ်ခါမှုဖြစ်ပေါ်လာစမြဲ။

မြေဖြူရွာထဲမှ အတူထွက်လာကြသော ထိုလူစုသည် ရွာပြင်သို့ရောက်ပြီး မကြာမီမှာပင် မိမိတို့သွားစရာရှိရာသို့ အသီးသီး ဦးတည်သွားကြသည့်အတွက် လူစုကွဲသွားသည်။



ကျွန်းယမ်ရှောင်ရိ စောင့်မျှော်နေရာ တောစပ်ဆီသို့ တစ်စုံတစ်ဦးက ရှေးရှုလာနေသည်။ သဲကွဲစွာ မမြင်ရသေးသော်လည်း လာနေသူမှာ ချင်ယုအင်းဖြစ်ကြောင်း ကျွန်းယမ်ရှောင်ရိ အတပ်သိသည်။

သူ ရင်ပို၍ ခုန်လာသည်။

ထို့နောက် ခြေလှမ်းသွက်သွက်ဖြင့်လာနေသော ချင်ယုအင်း၏ ကြော့ရှင်းသော ကိုယ်နေဟန်ထားကို ထင်ထင်ရှားရှားမြင်လာရသည်၊ မျက်နှာသွင်ပြင်ကတော့ မသဲကွဲသေး။

ကျွန်းယမ်ရှောင်ရိ သစ်ပင်မြင့်ကြီးထက်မှ အောက်သို့ အသာဆင်းလာသည်။ သူ့မျက်လုံးကတော့ တောစပ်ဆီသို့ လာနေသော ချင်ယုအင်းထံမှမခွာ။

ချင်ယုအင်းကိုလှမ်းကြည့်ရင်း သစ်ပင်ပေါ်မှ ဆင်းလာရာ သစ်ပင်တက် အလွန်ကျွမ်းကျင်သူမို့သာ တော်ပေသေးသည်။

မဟုတ်လျှင် သစ်ပင်ပေါ်မှ အောက်သို့ ပြုတ်ကျသွားနိုင်သည်။

ကြိုတင်ချိန်းဆိုထားခြင်း မရှိကြသည့်တိုင် ကျွန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့နှစ်ယောက်သည် လပြည့်နေ့ညနေတိုင်းဆိုသလို ဆည်တောစပ်ရှိ သစ်ပင်ကြီးအောက်တွင် ဆုံကြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လပြည့်နေ့ ညနေပိုင်းဆိုလျှင် ကျွန်းယမ်ရှောင်ရိသည် သည်သစ်ပင်မြင့်ကြီးပေါ်သို့ ရောက်လာမြဲ။ ပန်းတစ်မျိုးမျိုးကိုလည်း ယူလာစမြဲ။

ချင်ယုအင်းကလည်း သည်အတိုင်း သည်သစ်ပင်မြင့်ကြီးရှိရာသို့ ရောက်လာစမြဲ။ ကျွန်းယမ်ရှောင်ရိလက်ဆောင်ပေးသည့်ပန်းများကို လိုလားမြတ်နိုးစွာ လက်ခံယူသည်။

ချင်ယုအင်းသည် ပန်းချစ်သူတစ်ယောက် ဖြစ်သည်။ ကျွန်းယမ်ရှောင်ရိကတော့ ပန်းတို့နှင့်ပတ်သက်၍ သိပ်စိတ်ဝင်စားမှုမရှိလှပါ။ ချင်ယုအင်း ပန်းကြိုက်တတ်မှန်းရိပ်မိသောကြောင့်သာ တောထဲတောင်ထဲတွင် ရှာဖွေတွေ့ရှိလာသော ပန်းအမျိုးမျိုးကိုခူးယူကာ လက်ဆောင်ပေးခြင်းဖြစ်သည်။

များသောအားဖြင့် သူခူးလာခဲ့ပြီး လက်ဆောင်ပေးသောပန်းတို့ကို ဘာပန်းမှန်းပင်မသိပေ။

ကျွန်းယမ်ရှောင်ရိသည် သစ်ပင်တက်တော်ပြီး တောလည်းကျွမ်းလေရာ သူခူးယူလာသည်တို့မှာ ထူးခြားရှားပါးသည့် သစ်ခွပန်းတွေကများသည်။

ပန်းချစ်သော ချင်ယုအင်းသည် ကျွန်းယမ်ရှောင်ရိယူလာပေးသော အဖိုးတန်သစ်ခွပန်းများကို အလွန်ပင် မြတ်နိုးတန်ဖိုးထားသည်။

သည်လိုဆုံတွေ့ကာ ပန်းလက်ဆောင် ပေးနေသည်မှာ သိပ်တော့ အချိန်ကြာလှသေးပါ။ လပြည့်နေ့ပေါင်း ၇—



နေ့ပင် မပြည့်သေး။ သူတို့နှစ်ယောက်အကြား ခင်မင်မှုကတော့ ခိုင်မာ၍နေလေပြီ။

သို့သော် ခင်မင်သည့် 'မိတ်ဆွေ သူငယ်ချင်း' အဖြစ်မှ ရှေ့တစ်ဆင့်မှ မတက်နိုင်ဘဲရှိနေသည်။

ကျွန်းယမ်ရှောင်ရိက မိမိ၏စိတ်ထဲတွင် ရှိနေသည့် ချစ်မေတ္တာကို ချင်ယုအင်းအား ဖွင့်ဟပြောဆိုဖို့ ဝန်လေးနေသည်။ မပြောရဲ။

ချင်ယုအင်းမှာလည်း ရိုးသားရည်မွန်သော မိန်းကလေးတစ်ယောက်ဖြစ်လျက် စည်းကမ်းတကျ နေထိုင်မှုတွင်လည်း အသားနေသနေရာ ကျွန်းယမ်ရှောင်ရိ၏ စိတ်ထဲတွင် မည်သို့သော ခံစားမှုမျိုး ရှိနေသည်ကို မိန်းကလေးတို့၏ သဘာဝသိစိတ်ဖြင့် ရိပ်မိသင့်သလောက် ရိပ်မိနေသော်လည်း ရေလာမြောင်းပေးအလုပ်မျိုးတော့ ... ရပ်စေ။

ပြောရမည်ဆိုလျှင် ချင်ယုအင်းကိုယ်တိုင် ကျွန်းယမ်ရှောင်ရိအပေါ် ဘယ်လိုသဘောထားရှိနေသည်ကို တိတိကျကျ ခွဲခြားမသိပေ။

ကျွန်းယမ်ရှောင်ရိနှင့်ဆုံရကာ အဖိုးတန် ရှားပါးသည့် ပန်းများကို လက်ဆောင်ရတာကိုတော့ ကြည်နူးနှစ်သက်မှုရှိနေသည်။

သေသေချာချာ အချိန်ကိုက်ကာ ဆင်းလာသောကြောင့် ချင်ယုအင်း သစ်ပင်ကြီးအောက်သို့ လျှောက်လှမ်းအရောက်မှာပင် ကျွန်းယမ်ရှောင်ရိလည်း သစ်ပင်မြင့်ကြီး ထက်မှ အောက်သို့ ယက်ဆင်းရောက်ရှိသည်။

www.burmeseclassic.com



သစ်ပင်ခြေရင်းတွင် အသံရှပ်ကာ ချင်ယုအင်းကိုကြို ဆိုသည်။

"မော... ယုအင်း"

ကျန်းယမ်ရှောင်ရိုက စောင်နှုတ်ဆက်သည်။

"ခြေဲ်...ရှောင်ရို"

ချင်ယုအင်းက တုံ့ပြန်နှုတ်ဆက်သည်။

မိန်းကလေး၏မျက်လုံးသည် အလိုအလျောက်ပင် ကျန်းယမ်ရှောင်ရို၏ လက်ထဲတွင် ကိုင်ထားသော ပန်းဆီသို့ ရောက်သည်။

သည်တစ်ပြည့်နေ့ ညနေတွင် ကျန်းယမ်ရှောင်ရို ယူလာသည်မှာ ရွှေရောင်၊ အနီရောင်နှင့် အညိုရောင် သုံးရောင်စပ်တွင် အနက်စက်လေး နှစ်ခုပါရှိသော သစ်ခွပန်း ဖြစ်သည်။

ထိုသစ်ခွပန်းကို မြင်လိုက်သည်နှင့် ချင်ယုအင်း၏ မျက်နှာ ဝင်းပကြည်လွင်သွားသည်။

"ဟယ်...ရွှေနဂါးမုတ်ဆိတ် သစ်ခွပန်း ပါလား"

ပါးစပ်မှလည်း လွှတ်ခနဲပြောထွက်သည်။

ရွှေနဂါးမုတ်ဆိတ်သစ်ခွပန်းသည် သိပ်မရှားပါးသော်လည်း ဖင်စောက် ပင်မြင့်ကြီးများ၏ ထိပ်ဖျားပိုင်းအကိုင်းများတွင်သာ တွယ်ကပ်ပေါက်လေ့ရှိရာ ခူးယူရန်အလွန်ခက်ခဲသည်။

မြောက်ပိုင်း နယ်စပ်ဒေသတွင်သာမက မြောက်ဘက်ပိုင်းတစ်လွှားရှိ ပြည်နယ်များရှိ မိန်းကလေးများ အထူး



နှစ်သက် သဘောကျသည့် သစ်ခွပန်းလည်း ဖြစ်သည်။ ရက်ရှည်စွာလည်း ထား၍ရသည်။

ဆွတ်ခူးပြီးသည့်တိုင် ခြောက်လလောက်အထိ မညှိုးမနွမ်း လလ်ဆတ်လှပစွာရှိနေသည်။ အထားအသိုကောင်းလျှင် ကောင်းသလို တစ်နှစ် နီးပါးလောက် အထိပင်ခံသည်။

ဤအချက်ကြောင့် ရွှေနဂါးမုတ်ဆိတ် သစ်ခွပန်း ပန်ဆင်ထားလျှင် ငယ်ရွယ်နုပျိုကာ အရွယ်တင် လှပသည်ဟု ဆိုရိုးစကားရှိသည်။

ရွှေနဂါးမုတ်ဆိတ် သစ်ခွ ကို ဆက်ခူးရန်အလွန်ပင်ခက်လှလျက် အရခူးဆုံးမှုကပင် စွန့်စားခန်းတစ်ရပ် ဖြစ်သည်။ တော်ရုံတန်ရုံမေတ္တာစေတနာနှင့် ဤသစ်ခွပန်းကို ဆွတ်ခူးကာ လက်ဆောင်ပေးမည် မဟုတ်ပေ။

ထို့ကြောင့်....

ရွှေနဂါးမုတ်ဆိတ် သစ်ခွပန်း လက်ဆောင် ရရှိကာ ပန်ဆင်နိုင်သူ မိန်းကလေးတစ်ယောက်အနေဖြင့် တစ်မျိုးဂုဏ်ဝင့်နိုင်ပေသည်။

ကျန်းယမ်ရှောင်ရိုကတော့ ရွှေနဂါးမုတ်ဆိတ် သစ်ခွပန်းအကြောင်း ဘာမျှ မကြားဖူးချေ။ ယခု ချင်ယုအင်း ပြောမှပင်ကြားဖူးကာ မိမိခူးလာသော သစ်ခွပန်း၏အမည်မှာ ရွှေနဂါးသစ်ခွဟုသိသည်။

ချင်ယုအင်း၏ အပျော်မျက်နှာလေးကြောင့် ကျေနပ်ချမ်းမြေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယမ်ရှောင်ရိက ရွှေနဂါးမုတ်ဆိတ်သစ်ခွကိုကမ်းပေးသည်။

ချင်ယုအင်းက လက်လှမ်းကာ ယူမည်အပြုတွင်....

* * *

''ဒေါင်...ဒေါင်...ဒေါင်''

''ဒေါင်...ဒေါင်''

မြွေဖြူရွာလေးမှ အရေးပေါ် အချက်ပေး ခေါင်းလောင်းသံ စီစီညံညံပေါ်ထွက်လာသည်။

ချင်ယုအင်းမှာ သစ်ခွပန်းကို ယူရန် လှမ်းလိုက်သောလက် လမ်းတစ်ဝက်မှာပင်တုံ့ရပ်သည်။

စီစီညံညံပေါ်လာသော အချက်ပေးခေါင်းလောင်းသံသည် ဓားဖြင့် တိခနဲဖြတ်လိုက်သလို ရုတ်ခြည်းပင် ရပ်တန့်သည်။

ဘာသံမျှပင် မကြားရတော့။

''ဟာ''

ချင်ယုအင်းလည်း အလန့်တကြားရေရွတ်ကာ မြွေဖြူရွာဆီသို့ တစ်ဟုန်ထိုးပြန်ပြေးသည်။

ဘာဖြစ်မန်းသေသေချာချာမသိနိုင်သေးလည်း မြွေဖြူရွာတွင် အန္တရာယ်ကြီးတစ်ခု ကျရောက်လာသည်ကတော့ သိသာသည်။



ကျန်းယမ်ရှောင်ရိသည် သိုင်းလောကနှင့် ပတ်သက်မှုမရှိသော်လည်း သည်အချက်လောက်ကို နားလည်ဝံ့တွေးမိကာ ချင်ယုအင်း၏နောက်မှ ပြေးလိုက်လာခဲ့သည်။

ချင်ယုအင်းက ကိုယ်ဖော့ပညာသုံးကာ ခြေကုန်သုတ်သည်။ ကျန်းယမ်ရှောင်ရိသည် ကိုယ်ဖော့ပညာ ရယ်လို့ ကျကျနန မတတ်မြောက်သော်လည်း တောပည်၍မြွေရှာ မျောက်ဖမ်းလုပ်နေသည့်အတွက် ပင်ကို သဘာဝအရပင် ပေါ့ပါးမြန်ဆန်သွက်လက်သည်။

ကိုယ်ဖော့ပညာ သုံးကာ ပြေးနေသော ချင်ယုအင်း၏ နောက်တွင် ကျန်မနေ။ အတူတကွ လိုက်ပါလာနေနိုင်သည်။

ရွာမှ ချင်ယုအင်းနှင့်အတူ ထွက်လာကြသူများမှာလည်း အရေးပေါ် အချက်ပေးသံကြောင့် နောက်ကြောင်းပြန်လာကြရာ ရွာနှင့်မလှမ်းမကမ်းတွင် အားလုံး ပြန်ဆုံမိကြသည်။

ရွာသို့ အတူဆက်ကာ ပြေးသွားကြသည်။

သူတို့လူစု၏ အင်အားမနည်းပေ။ (၂၁)ခန့် ရှိသည်။ ကျန်းယမ်ရှောင်ရိလည်း ထိုလူစုတွင် အလိုအလျောက်ပင် အတူရောပါသွားသည်။

မြွေဖြူရွာလေးထဲမှ လူသုံးယောက် ထွက်လာသည်။

အစိမ်းရင့်ရောင် ဝတ်စုံများ ဝတ်ထားကြသည်။ စိမ်းလဲ့မြိုင်စံအိမ်မှ သိုင်းသမားများ၏ ဝတ်စုံမျိုးဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်းယမ်ရှောင်ရီ၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသေးသည်။

သို့သော် စိမ်းလဲ့မြိုင်စံအိမ် သိုင်းဝတ်စုံမှာ ကျောက်စိမ်းရောင်ဆန်ဆန် ခပ်နုနုအစိမ်းရောင်ဖြစ်လျက် ထိုသူတို့၏ ဝတ်စုံစိမ်းက ပိုရင့်နေပြီး ဝတ်စုံပုံစံကလည်း သေချာချာကြည့်လျှင် ကွဲပြားနေသည်။

စိမ်းလဲ့မြိုင်စံအိမ်မှ သိုင်းသမားတွေမဟုတ်။

"ဒီလူစု ကျန်သေးတာကိုး၊ အကုန် ဖမ်းချုပ်လိုက်ကြစမ်း"

အစိမ်းရင့်ရောင်ဝတ်စုံဝတ်ထားသူသုံးယောက်အနက်မှ တစ်ယောက်က အမိန့်ပေးသည်။

လူသုံးယောက်တည်းနှင့် လူ(၂၀)ခန့်ကို ဘယ်လိုများ ဖမ်းချုပ်လေမည်နည်းဟု ကျွန်းယမ်ရှောင်ရီ တွေးကြည့်လိုက်ဆဲမှာပင် 'ဒေါက်....ဒေါက်' 'ဒေါက်....ဒေါက်' ဟူသော အသံများ ခပ်သဲ့သဲ့မြည်လျက် မှုန်ထွန်ထွန်အနံ့က လှိုင်လာသည်။

ထို့နောက်....

မြေဖြူရွာဆီသို့ သွားနေကြသည့်လူစုမှာ တစ်ယောက်ပြီး တစ်ယောက် ခွေယိုင်လဲကျသည်။

ချင်ယုအင်းလည်း လဲကျသည်။

ကျွန်းယမ်ရှောင်ရီ တစ်ယောက်ကတော့ ဘာမှမဖြစ်။ မားမားမတ်မတ် ရပ်မြဲရပ်နေသည်။



ဘာတွေဖြစ်ပျက်နေသည်ကို ကျွန်းယမ်ရှောင်ရီ မစဉ်းစားတတ်ပါ။

အတူတူပြေးလာကြသူတွေ အကုန်လဲကျကုန်လျက် မိမိ တစ်ယောက်တည်းကတော့ ဘာမှမဖြစ်။ ရပ်နေနိုင်သည်ကိုလည်း အံ့သြနေသည်။

သို့သော် မစဉ်းစားတတ်ဘဲ ညည်းလိုနေပိုင်ရပ်နေ၍ မဖြစ်ကြောင်းကိုတော့ နားလည်သည်။

သို့ကြောင့် ကျွန်းယမ်ရှောင်ရီသည် ခွေယိုင်လဲကျသွားသော ချင်ယုအင်းကို ပွေ့ထူချီမကာ တစ်ဟုန်ထိုး ထွက်ပြေးလေတော့သည်။

ချင်ယုအင်းတို့ တစ်တွေမှာ မှုးရေ အားပျော့စေသည့် အဆိပ်ငွေ့ဖြင့် ရုတ်တရက် အတိုက်ခိုက်ခံရသည့်အတွက် အဆိပ်သင့်ကာ မှုးဝေလဲကျကုန်ကြခြင်း ဖြစ်သည်။

ထိုအဆိပ်ငွေ့၏ အာနိသင်မှာ အတွင်းအားများကို ပြောင်းလွဲရှုပ်ထွေးစေလျက် အာရုံကြောများကို ထုံထိုင်း အားနည်းသွားစေနိုင်သည်။

ကျွန်းယမ်ရှောင်ရီမှာ သိုင်းသမားတစ်ယောက်မဟုတ်သည့်အတွက် သူ့ခန္ဓာကိုယ်ထဲတွင် လုံ့စည်း တစ်ခုခုဖြင့် လေ့ကျင့် တည်ဆောက်ထားသော အတွင်းအား မရှိ၍ သဘာဝအလျောက် ဖြစ်တည်သော အင်အားစွမ်းရည်တို့သာ ရှိသည်။

ထိုအင်အားစွမ်းရည်တို့သည် အတွင်းအားနှင့်မတူ ကာ အတွင်းအားလို အသုံးပြုနိုင်သော်လည်း ကျင့်

www.burmeseclassic.com

www.burmeseclassic.com



စဉ်အတိုင်း ကျကျနန လေ့ကျင့်စု ဆောင်း ထား သော အတွင်းအားနှင့် သွေးသား သဘာဝချင်း ကွဲပြားသည်။

ထို့ကြောင့် အစိမ်းရင့်ရောင် ဝတ်စုံဝတ်များ ဖောက်လွှတ် တိုက်ခိုက်သော အဆိပ်ငွေ့များသည် ကျန်းယမ်ရှောင်ရီ၏ ကိုယ်ခန္ဓာထဲတွင် သဘာဝအလျောက်ဖြစ်တည်နေသော အင်အားစွမ်းရည်တို့ကို ရှုပ်ထွေးသွားအောင် မလုပ်နိုင်။ သည်တော့ အာရုံကြောများ ထုံထိုင်းသွားမှုလည်း မရှိ။

"ဟာ... ဟိုကောင် ဘာလို့ မူးဝေလိုင်း အဆိပ်ငွေ့ အဏ်တို ခံနိုင်တာလဲ၊ သူ့ကို အလွှတ်ပေးလို့ မဖြစ်ဘူး၊ တိုက်ခိုက်ပြီး အမိလိုက်ဖမ်းကြမယ်"

အော်ဟစ် ပြောဆိုသံနှင့်အတူ အစိမ်းရင့်ရောင် ဝတ်စုံဝတ် လူနှစ်ယောက် ကျန်းယမ်ရှောင်ရီနောက်သို့ ပြေးလိုက်ကြသည်။

သိုင်းလောကတွင် ကိုယ်ဖော့ပညာ နှင့် ပတ်သက်၍ နာမည်ကြီးလှသော မျောက်ဖြူကြီးပင် ရှာမတွေ့နိုင်အောင် အမြေးအလွှား အရှောင်အပုန်းကျွမ်းကျင်လှသော ကျန်းယမ်ရှောင်ရီကို ထိုသိုင်းသမားနှစ်ယောက် ဘယ်မှာလျှင် မိအောင် လိုက်ဖမ်းနိုင်ပါမည်နည်း။

တစ်ခဏအတွင်းမှာပင် မျက်ခြည်ပြတ်သွားသည်။

* * *



နောက်မှ လိုက်လာသူများကို မျက်ခြည်ပြတ်နိုင်သည့်တိုင် မရပ်မနားဘဲ ဝေးနိုင်သမျှ ဝေးဝေးသို့ရောက်အောင် ပြေးရမည်ဟု သိုင်းလောကတွင် ဆိုရိုးရှိသည်။

အန္တရာယ်နှင့် ရင်ဆိုင်ရသည့် သိုင်းသမားများသည် ဤလုပ်ရိုးအတိုင်း လုပ်ဆောင်ကြသည်။

ကျန်းယမ်ရှောင်ရီကတော့ သိုင်းသမားမဟုတ်။ သည်တော့ သိုင်းလောက၏ ဆိုရိုးတွေဘာတွေကို ဘယ်မှာလျှင် သိနိုင်မည်နည်း။

ထို့ပြင် ချင်ယုအင်းအတွက် စိုးရိမ် ပူပန်စိတ်ကလည်း ရှိနေပြန်သေးသည်။ သတိမရတစ်ချက် ရတစ်ချက်နှင့် မူးဝေနေသော ချင်ယုအင်းတစ်ယောက် မရပ်မနား ပြေးလွှား သယ်ယူသွားမှုကြောင့် အခြေအနေပိုဆိုးလာမည်ကို စိုးရိမ်သည်။

အတန်ကြာပြေးမိပြီး လယ်တဲဟောင်း တစ်ခုနားသို့ ရောက်သောအခါ တစ်ထောက်နားရန် ကပ်သည်။

ထိုလယ်တဲဟောင်းကြီးသည် နှစ်ထပ်ဖြစ်သည်။ အမိုးတစ်ခြမ်းမရှိဘဲ အောက်ထပ်နံရံအချို့ ပေါက်ပြဲနေသည့်မှအပ ကျန်နေရာများ အကောင်းအတိုင်းရှိသေးသည်။

ကျန်းယမ်ရှောင်ရီသည် ချင်ယုအင်းကို လယ်တဲဟောင်းအပေါ်ထပ်သို့ ခေါ်တင်သွားသည်။ အကောင်းအတိုင်းရှိနေသော အမိုးတစ်ခြမ်း၏တစ်နေရာတွင် အသာချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်သောင့်သက်သာရှိစေရန် ပြုပြင်ပေးသည်။ မိမိတတ်သိထားသမျှ တောတွင်း အရေးပေါ် အသက်ကယ်ပြုစုနည်းဖြင့် ပြုစုပေးသည်။

"မြွေဆိုးကောင်တွေကော"

ကျန်းယမ်ရှောင်ရှိ၏ ပြုစုပေးမှုကြောင့် အနည်းငယ်နေသာထိုင်သာရှိလာသော ချင်ယုအင်းကမေးသည်။

အသံကတော့ အားနည်းဖျော့တော့နေသည်။ မောသံလည်း ပါနေသည်။

"မြွေဆိုးကောင်တွေ"

ကျန်းယမ်ရှောင်ရှိက နားမလည်သလိုပြန်မေးသည်။

"ကျွန်မတို့ကို အလစ်ဝင်ပြီး အဆိပ်ငွေ့နဲ့ တိုက်ခဲ့တဲ့လူတွေကိုပြောတာ၊ သူတို့က မြွေဆိုးဂိုဏ်းသားတွေလေ"

"သူတို့ကို မျက်ခြည်ပြတ်ထားခဲ့ပြီ၊ ဒါကြောင့် အေးအေးဆေးဆေးနားနေနိုင်အောင် ဒီလယ်တဲတောင်းပေါ်တက်လာခဲ့တာ၊ နားလိုက်ရတော့ ယုအင်းလဲ အတော်လေး သက်သာလာပြီ မဟုတ်လား"

"မျက်ခြည်ပြတ်ထားနိုင်ပြီဆိုပေမယ့် စိတ်ချလက်ချ နားနေလို့မဖြစ်သေးဘူး ရှောင်ရှိရဲ့၊ မြွေဆိုးကောင်တွေက ခြေရာခံပြီး လိုက်လာလိမ့်မယ်၊ ဒီနေရာက မြန်မြန်သွားမှ"

"ဟုတ်လား၊ ဒါဆိုသွားကြစို့"

ကျန်းယမ်ရှောင်ရှိက ပြောပြောဆိုဆို ထိုင်နေရာမှ ဆတ်ခနဲထရပ်ကာ လှေကားဆီသို့သွားသည်။



ချင်ယုအင်းမှာ အနည်းငယ်သာနေသာထိုင်သာရုံ ရှိနေသေးသည်။ အဆိပ်ငွေ့ဒဏ်က မပြယ်သေး၍ လှုပ်လှုပ်ရှားရှားလုပ်၍မရ။ ကျန်းယမ်ရှောင်ရှိ ထသွားရာနောက်သို့လိုက်နိုင်။ ခပ်ခွေခွေလေး လဲလျောင်းလျက်သား ကျန်နေခဲ့သည်။

"ယုအင်း...လာလေ၊ သွားကြမယ်ဆို"

ချင်ယုအင်း မပါလာသောကြောင့် ကျန်းယမ်ရှောင်ရှိသည် လှေကားထိပ်နားအရောက်တွင် အောက်မဆင်းသေးဘဲ နောက်လှည့်ကြည့်ကာ ပြောလိုက်သည်။

"ကျွန်မအရမ်းမောနေတယ်၊ ထရပ်ပြီးလမ်းမလျှောက်နိုင်ဘူး"

"ဟင်...ဟုတ်လား"

ကျန်းယမ်ရှောင်ရှိလည်း သည်တော့မှ ချင်ယုအင်း၏ အခြေအနေကို သိသွားလျက် ပွေ့ချီခေါ်ရန် နောက်ပြန်လှည့်သွားဖို့ ဟန်ပြင်လိုက်ချိန်တွင် လယ်တဲဟောင်းကြီးထဲသို့ မြွေဆိုးဂိုဏ်းသားနှစ်ယောက် ပြေးဝင်လာသည်။

အော်ဟစ်သံနှင့် ခြေသံများလည်း ကြားနေရလေရာ မြွေဆိုးဂိုဏ်းသား နှစ်ယောက်တည်းမဟုတ်။ အပြင်ဘက်တွင် လေး ငါးယောက် အနည်းဆုံးရှိနေသေးကြောင်းခန့်မှန်းနိုင်သည်။

"ဟော...ဟိုမှာ"

လှေကားထိပ်တွင် မားမားကြီး ရပ်သလို ရှိနေသော ကျန်းယမ်ရှောင်ရှိကိုမြင်သောအခါ မြွေဆိုးဂိုဏ်းသားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က အော်ဟစ်လျက် လှေကားအတိုင်း ပြေးတက်လာသည်။

"ယုအင်းရေ...ရန်သူ ပြေးတက်လာနေပြီ"

ကျန်းယမ်ရှောင်ရို၏ပါးစပ်မှ လွှတ်ခနဲ အော်ဟစ်ပြောဆိုမိသည်။

"ရိုက်ချလိုက်ပေါ့"

ချင်ယုအင်းက ပြန်ပြောသည်။

ကျန်းယမ်ရှောင်ရိုသည် ညာလက်ဝါးတစ်ချက်ဖြင့် ရုတ်တရက် ရိုက်ထုတ်လိုက်လေသည်။

* * *

ကျန်းယမ်ရှောင်ရိုသည်သိုင်းသမားတစ်ယောက်မဟုတ်ပေ။ ရင်ဆိုင်တိုက်ခိုက်မှုအတွေ့အကြုံလည်း လုံးဝမရှိ။

မြွေဆိုးဂိုဏ်းသားက တိုက်ခိုက်ရန် အနေအထားဖြင့် လှေကားအတိုင်း ပြေးတက်လာသောအခါ ကျန်းယမ်ရှောင်ရို ဘာလုပ်ရမည်မသိဘဲ ပါးစပ်မှ အော်ဟစ်ပြောဆိုလိုက်မိသည်။

ချင်ယုအင်း၏ ပြန်ပြောသံကြားသည်နှင့် ကျန်းယမ်ရှောင်ရိုလည်း အလိုအလျောက်ပင် ညာလက်ဝါးတစ်ချက် လှမ်းရှားရိုက်ချသည်။ သူ လေ့ကျင့်တတ်မြောက်ထားသော 'တောလည်သိုင်းကွက်' ကို သုံးလိုက်မိသည်။



"ဖြောင်း...."

"အား"

"ဝုန်း"

တောလည်သိုင်းကွက်၏ သိုင်းဟန် မှန်ကန်သည့်အတွက် လက်ဝါးရိုက်ချက်က မြွေဆိုးဂိုဏ်းသား၏ရင်ဘတ်ပေါ်ရှိ သွေးကြောကွက်သုံးကွက်ကို ကျကျနနထိမိသည်။ မြွေဆိုးဂိုဏ်းသားမှာ လှေကားပေါ်မှ ကျွမ်းပျံကာ အောက်သို့ ပြုတ်ကျသည်။

သည်မျှလောက် ထိချက်မှန်ကာ ပြင်းထန်လိမ့်မည်ဟု ကျန်းယမ်ရှောင်ရို ထင်မထားခဲ့ပေ။ မိမိကိုယ်တိုင် လက်ဝါးဖြင့် ရိုက်ချလိုက်သည်ကိုပင် မယုံနိုင်အောင်ဖြစ်မိသည်။ အိပ်မက်တွေ မက်နေသလားဟုပင်ထင်သည်။

ကျန်မြွေဆိုးဂိုဏ်းသားမှာ အံ့အားသင့်သလို ဖြစ်သွားသည်။ ကျန်းယမ်ရှောင်ရိုကို တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ဓားရှည်ကို ဝှေ့ယမ်းအကာအကွယ်ပြုပြီး လှေကားမှ တက်လာပြန်သည်။

"ဟော....တက်လာပြန်ပြီ"

ကျန်းယမ်ရှောင်ရိုက အော်ပြောမိပြန်သည်။

"စောစောကလိုပဲ ရိုက်ချ"

ချင်ယုအင်းက ပြန်ပြောသည်။

ကျန်းယမ်ရှောင်ရိုလည်း တောလည် သိုင်းကွက်ကိုပင် သုံးကာ ဘယ်ဘက်လက်ဝါးနှင့် ရိုက်ချသည်။ ထိုမြွေဆိုးဂိုဏ်းသားလည်း စောစောက သူ့အဖော်နည်းတူပင် လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချက် အသီခံရလျက် အောက်ထပ်သို့ ပြုတ်ကျသွားမြန်သည်။

လယ်တဲဟောင်းထဲသို့ ဝင်ရောက်လာကြသော ရန်သူနှစ်ယောက်လုံးကို တိုက်ခိုက်နှိမ်နင်း လိုက်နိုင်သော့ကြောင့် ကျွန်းယမ်ရှောင်ရို ဝမ်းသာအားဘက်သည်။ ရန်သူများကို ရှင်းပစ်လိုက်ပြီဖြစ်ကြောင်း ချင်ယုအင်းကို လှမ်းပြောမည် အပြုမှာပင် အော်ဟစ်သံများနှင့်အတူ မြွေဆိုးဂိုဏ်းသား(၅)ယောက် လယ်တဲဟောင်းထဲသို့ ရောက်လာကြသည်။

အပြင်ဘက်တွင် ကျန်နေသူများ ပြေးဝင်လာကြခြင်းဖြစ်သည်။

မြွေဆိုးဂိုဏ်းသားများက လှေကားထိပ်တွင်ရှိနေသော ကျွန်းယမ်ရှောင်ရိုကို လက်နက်ပုန်းများနှင့် ပိုင်းပစ်ကြသည်။

''ဟာ…ဒုက္ခပဲ၊ ပစ်ကုန်ကြပြီ''

ကျွန်းယမ်ရှောင်ရို အလန့်တကြား အော်ဟစ်ရင်း လက်နက်ပုန်းများကို ရှောင်သည်။ ပင်ကိုဗီဇအရပင် အရှောင်အတိမ်း အပုန်းအအောင်း ကျွမ်းကျင်လိမ္မာကာ လျင်မြန်သွက်လက်သောကြောင့် လက်နက်ပုန်းများ မထိမိအောင် ရှောင်တိမ်းနိုင်သည်။

သို့ရာတွင်…

မြွေဆိုးဂိုဏ်းသား (၅)ယောက် ပိုင်းပစ်လွှတ်ကြသော လက်နက်ပုန်းတို့က များပြားသောကြောင့် အထိမခံရ



အောင် ရှောင်နိုင်သော်လည်း ဟန်ချက်ကိုမူ အပြည့်မထိန်းနိုင်။

ဟန်ချက် တိမ်းစောင်းမှုဖြစ်ကာ လှေကားအောက်သို့ လိမ့်ကျသည်။

သစ်ပင်တက် ကျွမ်းကျင်သူမို့ အကျတော့မဆိုး။ အရှိန်ကို သတ်နိုင်သည့်အတွက် အကျတော်သည်။ ထိခိုက်အနာတရ မဖြစ်။ လှေကားရင်းတွင် ကျကျနန မတ်တတ်ရပ်နိုင်သည်။

လှေကားရင်းတွင် မြေချရပ်မိသော ကျွန်းယမ်ရှောင်ရိုကို မြွေဆိုးဂိုဏ်းသားများက ဝိုင်းဝန်း တိုက်ခိုက်ကြသည်။

တောလည် သိုင်းကွက်မှာ တစ်ယောက်ချင်း ရင်ဆိုင်တိုက်ခိုက်ရသော သိုင်းကွက်ဖြစ်သည်။ ယခု အများနှင့် ရင်ဆိုင်ရသောအခါ ကျွန်းယမ်ရှောင်ရိုမှာ တောလည်သိုင်းကွက်ကို မသုံးရဲတော့။

တစ်ယောက်ချင်း ရင်ဆိုင်သည့် သိုင်းကွက် ဆိုသော်လည်း ထိထိမိမိ ထက်ထက်မြက်မြက်လှုပ်ရှား၍ ကိုက်ကွက်ဖော်လျှင် တောလည်သိုင်းကွက်နှင့် ရန်သူ့အားငါးယောက်ကို ထိန်းထားနိုင်ပေသည်။

ကျွန်းယမ်ရှောင်ရိုမှာ ယခုမှ ရန်သူနှင့်ရင်ဆိုင်ဖူးကာ လက်တွေ့တိုက်ခိုက်ရသည့်အတွက် ရန်သူအများကို တောလည်သိုင်းကွက်ဖြင့် ရင်ဆိုင်ဖို့ စိတ်မရဲ။

ထို့ကြောင့် ရန်သူအများနှင့် ရင်ဆိုင်နိုင်သည့် သစ်ရွက်ခြွေ သိုင်းကွက်ကို အသုံးပြုရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယမ်းရှောင်ရိုထံတွင် ဓားရှည်ဆောင်ထားမှု မရှိပေ။

လတ်တလော သူ့လှေကားပေါ်မှ ရိုက်ချခဲ့သည့် မြွေဆိုးဂိုဏ်းသား၏လက်မှလွတ်ကျသော ဓားရှည်က လှေကားရင်းနားတွင် ရှိနေရာ ထိုဓားရှည်တိုပင် အမြန်ကောက်ယူကိုင်စွဲကာ ဓားကွက်များ ဖော်ထုတ်ရလေသည်။

* * *

ဓားရောင်တွေ ဖွေးခနဲလက်ခနဲ ဖြစ်သည်။

လူရိပ်လူ့ယောင်တို့ လှုပ်ရှားရောထွေးကုန်သည်။

ကျွန်းယမ်းရှောင်ရိုသည် သစ်ရွက်ခြွေဓားသိုင်းကွက်ကို ကောင်းစွာ ပိုင်နိုင်ကျွမ်းကျင်ခြင်း မရှိသေးပါ။

ရန်သူငါးယောက်ကို မိမိတစ်ယောက်တည်း ရင်ဆိုင်ရမည့် အခြေအနေမို့ တောလည်သိုင်းကွက်ကိုလည်း ဆက်လက် သုံးစွဲရန် စိတ်မရဲသောကြောင့်သာ စွန့်စားထုတ်သုံးရခြင်း ဖြစ်သည်။

စတင် ရင်ဆိုင်မိသည်နှင့် မြွေဆိုးဂိုဏ်းသားတို့ အပြိုပြိုအလဲလဲ ဖြစ်ကုန်ကြရာ ကျွန်းယမ်းရှောင်ရိုမှာ ဟွတ်မှဟုတ်ရဲ့လား ဟုဖင် သံသယပွားမိသည်။ ထို့ပြင် မိမိနှင့်အတူ စီညာဉ်လိုလို အခိုးအငွေ့လိုလို တစ်စုံတစ်ရာက လှုပ်ရှားတိုက်ခိုက်နေသယောင်လည်း ထင်မြင်ခံစားရသည်။



ရန်သူငါးယောက်နှင့် အကြိတ်အနယ် သူသေကိုယ်သေ တိုက်ပွဲဝင်နေချိန်မို့ အထွေအထူး စူးစမ်းစဉ်းစားခြင်း မလုပ်နိုင်။ 'သစ်ရွက်ခြွေ ဓားသိုင်းကွက်' အပြည့်အဝ၏ သိုင်းဟန် လှုပ်ရှားမှုများကိုသာ တစ်ခုပြီးတစ်ခု ပြည့်ဝကုန်စင်အောင် ထုတ်သုံးတိုက်ခိုက်သည်။

လက်တွေ့ ရင်ဆိုင်တိုက်ခိုက်မှု လုံးဝမလုပ်ဖူးသည့်အတွက် တိုက်ပွဲအခြေအနေပေါ် မူတည်ကာ သိုင်းဟန်လှုပ်ရှားမှု အပြောင်းအလဲများကိုပင် မလုပ်။ သင်ကြားထားရသည့် သိုင်းဟန်လှုပ်ရှားမှု အစီအစဉ်အတိုင်းသာ ပြုလုပ်သည်။

သစ်ရွက်ခြွေ ဓားသိုင်းကွက်၏ အခြေခံသိုင်းဟန် လှုပ်ရှားမှု (၁၂)မျိုးကို တစ်ခုပြီးတစ်ခု အစီအစဉ်အတိုင်း ပြုလုပ်ပြီးနောက် ကျွန်းယမ်းရှောင်ရိုက လှုပ်ရှားမှုများ ရပ်ကာ ဓားရှည်ကို ပြန်သိမ်းသည်။

မျောက်ဖြူကြီး လေ့ကျင့်ပြသပေးခဲ့သည့် လှုပ်ရှားဟန်များအတိုင်း လုပ်ခြင်းဖြစ်သည်။

ရန်သူများကို အပြတ် မချေမှုန်းနိုင်သေးလျှင် ထိုသို့ ဓားသိမ်းလိုက်မှုမှာ အန္တရာယ်ကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ ကျန်နေသေးသောရန်သူက အပိုင်ဝင်တိုက်လျှင် လည်စင်းခံရဖို့သာ ရှိသည်။

အန္တရာယ် ဖိတ်ခေါ်မှု အမှားကြီးကို ပြုလုပ်ခဲ့မိသော်လည်း ကျွန်းယမ်းရှောင်ရိုကို ရန်ပြုမည့်သူ မရှိတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



မြွေဆိုးကိုက်ထားသော ငါးယောက်လုံး အတုံးအရုံး လဲကျနေကြလေပြီ။

"ယုအင်းရေ…ဘာမှ ပူမနေနဲ့တော့၊ ရန်သူ မြွေဆိုးကောင်တွေ အကုန်ရှင်းသွားပြီ"

ကျွန်းယမ်ရှောင်ရိုက ချင်ယုအင်းကို လှမ်းအော် ပြောလိုက်သည်။

"တစ်ယောက် ကျန်နေပါသေးတယ်လေ"

အေးစက်စက် စကားသံတစ်ခုပေါ်လာသည်။

*　*　*

ရုတ်တရက် ပေါ်လာသောစကားသံကြောင့် ကျွန်းယမ်ရှောင်ရိုရော ချင်ယုအင်းပါ အံ့ဩသွားကြသည်။ အသံပေါ်လာရာဆီသို့ နှစ်ယောက်လုံး လှမ်းကြည့် လိုက်ကြသည်။

လယ်တဲဟောင်း အဝင်တံခါးဝတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

သက်လတ်ပိုင်းအရွယ်လောက်ရှိသည်။ အရုပ်အမောင်းကောင်းသည်။ မြွေဆိုးကိုက်သားများဝတ်သော အစိမ်းရင့်ရောင် ဝတ်စုံကို ဝတ်ထားသည်။ ဝတ်စုံက အတော်ပွသည်။ ထိုသူ၏ ကိုယ်ပေါ်တွင် ခပ်ဖားဖား ဖြစ်နေလေသည်။



မျက်နှာကတော့ ဖြူဖပ်ဖြူရော်နှင့်၊ ဘာအမူအရာမှ မရှိ။ လူသေကောင်၏မျက်နှာလိုမျိုးမို့ ကျွန်းယမ်ရှောင်ရို မှာ ကျောချမ်းချင် သွားရသည်။

သိုင်းလောက အတွေ့အကြုံ ဗဟုသုတများ ရှိသ[…] သလောက် ရှိနေသော ချင်ယုအင်းကမူ ထိုသူသည် လ[…] မျက်နှာ သားရေ မျက်နှာဖုံး စွပ်ထားကြောင်း ရိပ်[…] သည်။

ထိုသူ ဘယ်အချိန်တွင် လယ်တဲဟောင်း၏ တံခါးဝသို့ ရောက်ရှိလာသည်ကို ချင်ယုအင်းတို့ နှစ်ယောက်လုံး မသိကြချေ။

ချင်ယုအင်းက ကျောက်ကားထိပ်နားရှိ အခန်းထဲတွင် ထို[…] ၍ အောက်ထပ်ရှိ အခြေအနေအရုပ်ရုပ်ကို အကဲခတ်ကြည့်နေသည်။

အဆိပ်ငွေ့ သင့်ထားသောကြောင့် အားအင် ကု[…] ခန်း မောပန်းလျက် သိုင်းလှုပ်လှုပ်ရှားရှားမလုပ်နိုင်သေ[…] လည်း အန္တရာယ်အခြေအနေ အပြောင်းအလဲများ ပေါ[…] လာလျှင် ကျွန်းယမ်ရှောင်ရိုကို အချိန်မီလှမ်းသတိပေးနိုင[…] ရန်အပေါ်ထပ်မှနေ၍ ကင်းစောင့်သလို စောင့်ကြည့် ပေ[…] နေခဲ့သည်။

ထိုသူ ရောက်လာသည်ကို ကျွန်းယမ်ရှောင်ရိုက သ[…] မမူနိုင်၍ မသိသည်ထားလိုက်ဦး၊ ကင်းစောင့်သလိုသေ[…] ချာချာ စောင့်ကြည့်ပေးနေသော မိမိကတော့ တွေ့မြင[…] သိရှိသင့်သည်ဟု ချင်ယုအင်းတွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ ရိပ်မိ မသိရဘဲ စကား ပြောသံကြား၍ လှမ်းကြည့်မှပင် လူရောက်နေသည်ကို သိရပေရာ ထိုလူ၏ သိုင်းပညာပထမတန်းအဆင့်တွင် ရှိနေမည်ဟုလည်း ချင်ယုအင်း ခန့်မှန်းမိသည်။

လူမျက်နှာ သားရေမျက်နှာဖုံး စွပ်ထားသည်ကတော့ စဉ်းစားစရာ ဖြစ်သည်။

ချင်ယုအင်း သိသမျှသော ပထမတန်းသိုင်းသမားများသည် လူမျက်နှာ သားရေမျက်နှာဖုံး စွပ်ထားရန် မဆိုထားဘိ၊ ရုပ်ဖျက်ခြင်းမျှပင် မလုပ်ကြ။ ကိုယ်ပိုင်မျက်နှာအတိုင်း ထင်ထင်ပေါ်ပေါ်ပင် လှုပ်ရှားကြသည်။

“တော်လောက်ပါပြီဗျာ....ကျွန်တော် တိုက်လား ခိုက်လား ဆက်မလုပ်ချင်တော့ဘူး”

ကျွန်းယမ်ရှောင်ရီက ပြောလိုက်သည်။

“မင်းမတိုက်ခိုက်ချင်ဘူးဆိုရင် ဒီနေရာကနေပြီး ဝေးဝေးကို သွားပါ၊ ငါက ဟိုကောင်မလေးနောက်ကိုလိုက်လာတာ သူ့ကိုဖမ်းခေါ်သွားဖို့ပဲ၊ မင်းကို အန္တရာယ်ပေးစရာ အကြောင်းမရှိဘူး”

“ဟာ...သူ့ကို ထားခဲ့ပြီး ကျွန်တော် ထွက်မသွားနိုင်ဘူး”

“မင်းက ဒီကောင်မလေးကို ကာကွယ်စောင့်ရှောက်ပေးမယ်ပေါ့”

“ဟုတ်တယ်”



“မင်းလို အတောင်ပေါက်လေးက ငါ့ကို ယှဉ်နိုင်မှာတဲ့လား၊ စဉ်းစဉ်းစားစားလုပ်နော်၊ အလကား သက်သက် အသေမခံချင်နဲ့”

“ဘာမှ စဉ်းစားစရာမလိုဘူး”

လူကြီးက တဟားဟား ရယ်မောလိုက်ကာ....

“တယ်ဟုတ် ပါလားကွ....အသက်စွန့် တိုက်ခိုက် မယ်ပေါ့”

ကျွန်းယမ်ရှောင်ရီက ဘာမျှပြန်မပြော။

“လက်စသတ်တော့ မင်းက ဒီကောင်မလေးကိုကြိုက်နေတာကိုးကွ”

လူကြီးက ဆက်ပြောသော စကားကြောင့် ကျွန်းယမ်ရှောင်ရီ ထူပူဖိန်းရှိန်းသွားသည်။

“ဒါဆိုလဲ ငါက ညှာမနေတော့ဘူး၊ ဟောဒီမှာ လာပြီ....လက်ဝါး ကြည့်”

လူကြီးက ပြောပြောဆိုဆို ညာလက်ဝါးဖြင့် ဆတ်ခနဲ လှမ်းရိုက်သည်။

ကျွန်းယမ်ရှောင်ရီ ထိတ်လန့်သွားကာ အလန့်တကြား ခုန်ရှောင်သည်။ လက်ဝါးရိုက်ချက်မှသီသီလေးလွတ်သည်။ လူကြီးက ရှေ့သို့လှမ်းတက်ကာ ဘယ်ညာ လက်ဝါး ရိုက်ချက်များ ဆင့်ကဲရိုက်သည်။

ကျွန်းယမ်ရှောင်ရီသည် ဓားရှည်ကို ဝင့်မည်ပြုပြီးမှ တစ်ဖက်လူကြီးက လက်နက်မဲ့ တိုက်ခိုက်နေသည်ကို မြင်က ဓားရှည်ကိုင်ကာ ရင်ဆိုင်သည်မှာ မသင့်လျော်၊ လက်နက်မဲ့

www.burmeseclassic.com

www.burmeseclassic.com



ပင် ရင်ဆိုင်မည်ဟု စိတ်ကူးပေါ်ကာ ဓားရှည်ကို လွှတ်ချလိုက်သည်။

ဓားရှည်ကို ဝင့်မလို့လုပ်ပြီးမှ လွှတ်ချလိုက်သည့် ပြုမူမှုကြောင့် ကျန်းယမ်းရှောင်ရီ တစ်ချက် တုံ့ဆိုင်းသလို ဖြစ်သည်။

ဓားရှည် လွှတ်ချပြီးနောက် ခုန်လွှား ရှောင်ထွက်ရာ မဆိုစလောက်လေး နောက်ကျသည်။ သူ၏ ဘယ်ဘက်ပခုံးကို လက်ဝါးရိုက်ချက်ထိသည်။

"ဖုန်း...."

ကျန်းယမ်းရှောင်ရီ တစ်ပတ်လည်ကာ လဲကျသည်။

* * *

"ရှောင်ရီ၊ ဘယ်ထိသွားလဲ၊ ဘာဖြစ်သွားလဲ"

ကျန်းယမ်ရှောင်ရီ လဲကျသွားသည်တွင် ချင်ယုအင်းက စိုးရိမ်တကြီး လှမ်းပြောသည်။

လူကြီး၏လက်ဝါးရိုက်ချက်မှာ အားသိပ်မပြင်းလှပါ။ ရှောင်အထွက်တွင် အထိခံရသောကြောင့် ကျန်းယမ်ရှောင်ရီ ဟန်ချက်မထိန်းနိုင်ဘဲ ပတ်ချာလည်ထွက်ကာ လဲပြိုကျသွားခြင်းဖြစ်သည်။

ထိခိုက် အနာတရဖြစ်ခြင်းမရှိ။

"ဘာမှမဖြစ်ပါဘူး၊ မစိုးရိမ်နဲ့"



သူက ပြန်ဖြေပြီး လဲကျနေရာမှထသည်။

"မင်းကလဲ ဒီကောင်လေး ရှောင်ရီအပေါ် မေတ္တာရှိနေတာကိုး၊ ဟား....ဟား....ဟား"

လူကြီးက မှတ်ချက်ချသလိုပြောပြီး သဘောကျစွာ ရယ်သည်။

ပါးစပ်က ရယ်သံထွက်နေသော်လည်း မျက်နှာ အမူအရာကတော့ မပြောင်းလဲ။ အေးတိအေးစက် လူသေမျက်နှာကြီးနှင့်ရှိနေသည်။

ချင်ယုအင်းမျက်နှာလေးရဲခနဲဖြစ်သွားသည်။ ကျန်းယမ်ရှောင်ရီလည်း မျက်နှာအထားရ ခက်သွားသည်။ သူက ချင်ယုအင်းကို တစ်ချက်လှမ်းကြည့်သည်။

ရှက်ရွံ့မှုဖြင့် ခေါင်းလေးငုံ့နေသော ချင်ယုအင်းကို မြင်ရသည်။ တစ်ချက်သာကြည့်လျက် စိတ်မလုံသောကြောင့် ချက်ချင်း အကြည့်ကို ရုပ်သိမ်းသည်။

ထိုအချိန်မှာပင် ချင်ယုအင်းက မျက်လွှာလေးပင့်ကာ ကျန်းယမ်ရှောင်ရီကို တစ်ချက်ခိုးကြည့်သည်။ အနေရခက်သလိုဖြစ်နေသော ကျန်းယမ်ရှောင်ရီ၏ အမူအရာကို အကဲခတ်မိသည်။

သူတို့နှစ်ယောက် အကြည့်ချင်းမဆုံကြပါ။

တစ်ယောက်ကြည့်သည်ကိုလည်း တစ်ယောက်က မမြင်မသိကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောလူကြီးကတော့ သိလိုက်မြင်လိုက်သည်။ လူကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ သူကကျေနပ်စွာ ပြုံးကောင်းပြုံးနေပေလိမ့်မည်။

သို့သော် သူ့မျက်နှာမှ သားရေမျက်နှာဖုံးကြောင့် ဖင်ကိုမျက်နှာပေါ်မှ အမူအရာတို့ကို မမြင်နိုင်ပါ။

"တစ်ယောက်ကိုတစ်ယောက် ခိုးကြည့်ပြီး အချိန်ဖြုန်းမနေနဲ့၊ လာ... ငါတို့ ဆက်တိုက်ကြမယ်"

လူကြီးက ပြောလိုက်ရာ ကျွန်းယမ်ရှောင်ရီလည်း တောသိုင်းကွက်ပုံစံဖြင့် အသင့်ပြင် သိုင်းကွက်နင်းသည်။

"ဟေ့...ရှင် ဘာဖြစ်လို့ ဓားရှည်မကိုင်တော့တာလဲ၊ စောစောက မြွေဆိုးငါးကောင်ကို အပြတ်အနိုင်ယူပစ်လိုက်တဲ့ ဓားကွက်နဲ့ ဒီလူကြီးကို အနိုင်တိုက်ပါလား"

ကျွန်းယမ်ရှောင်ရီက လက်နက်မဲ့သိုင်းဟန်ကိုခင်းသောကြောင့် ချင်ယုအင်းက လှမ်းပြောသည်။

"ကောင်လေး၊ ဓားရှည်ကိုင်ချင်ကိုင်လေ"

ထူးဆန်းသောလူကြီးကလည်း ပြောသည်။

ကျွန်းယမ်ရှောင်ရီ ချီတုံချတုံဖြစ်နေသည်။

သူသည် စိတ်ပဲနေစိတ်ထား အလွန်ဖြောင့်မတ်ပြီး ရိုးသည်းရိုးသားပေရာ တစ်ဖက်လူကြီးက လက်နက်မကိုင်သည့်အတွက် သူကလည်း ဓားရှည်ကိုင်၍ မတိုက်ခိုက်လို။

ထို့ပြင် ဓားကိုင်စွဲကာ တိုက်ခိုက်ရသော 'သစ်ရွက်မြွေဓားသိုင်းကွက်' ကို လက်နက်မဲ့တိုက်ခိုက်သည့် 'တောလည်သိုင်းကွက်' လောက် ပိုင်နိုင်ခြင်းမရှိ။



တစ်ယောက်ချင်း ရင်ဆိုင်တိုက်ခိုက်မှုတွင် တောလည်သိုင်းကွက်ကိုသာ ကျွန်းယမ်ရှောင်ရီ ပို၍အားထားသည်။

"ဓားရှည်ကိုင်ပြီး တိုက်ပါရှင်"

ချင်ယုအင်းက ပြောသည်။

ကျွန်းယမ်ရှောင်ရီ၏ သိုင်းပညာ အခြေအနေမှန်ကို သူမ မသိပေ။

စိမ်းလဲ့မြိုင်စံအိမ်မှ လူတစ်ယောက်မို့ သိုင်းပညာ အတန်အသင့်တတ်မည်ဟု တွေးထင်ထားသည်။

စောစောပိုင်းက မြွေဆိုးဂိုဏ်းသား ငါးယောက်ကို တစ်ယောက်တည်းရင်ဆိုင်ကာ လျင်လျင်မြန်မြန် ထိထိမိမိ တိုက်ခိုက်ခဲ့သည်ကို တွေ့ခဲ့ရသည့်အတွက် ကျွန်းယမ်ရှောင်ရီသည် စိမ်းလဲ့မြိုင်စံအိမ်မှအဆင့်မြင့်သိုင်းပညာ တစ်ကွက်ကောင်း နှစ်ကွက်ကောင်း တတ်မြောက်ထားသည်ဟု ချင်ယုအင်းက တွက်ဆနားလည်သည်။

မြွေဆိုးဂိုဏ်းသား ငါးယောက်ကို အနိုင်ယူ ခဲ့မှုန်းခဲ့သည့် ဓားသိုင်းကွက်နှင့်တိုက်ခိုက်လျှင် ထူးဆန်းသော လူကြီးကို အနိုင်မယူနိုင်လျှင်တောင်မှ အပြန်အလှန်တော့ ရင်ဆိုင်နိုင်လိမ့်မည်ဟု ခန့်မှန်းသည်။

ထို့ကြောင့် ကျွန်းယမ်ရှောင်ရီကို ဓားရှည်ကိုင်၍တိုက်ခိုက်ရန် နှိုးဆော်တိုက်တွန်းနေခြင်းဖြစ်သည်။

"မင်းကောင်မလေး ပြောနေတာ မကြားဘူးလား ကောင်လေး၊ သူ့ကို ကြိုက်နေတယ်ဆိုရင် သူပြောသလို လုပ်မှပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောလူကြီးက ရယ်သံတစ်ဝက်နှင့်ပြောသည်။

ထို့နောက် သူနှင့် မီးရာနေရာတွင်ကျနေသည့် မြွေဆိုးဂိုဏ်းသားတစ်ယောက်၏ဓားရှည်ကို ခြေဦးနှင့် တော့ကာ ကန်တင်လိုက်သည်။

ခြေတော့ကန်ချက် အချိန်အဆ မှန်လှသည်။

ဓားရှည်သည် ကျန်းယမ်ရှောင်ရိုထံသို့ တည့်တည့်မတ်မတ်ပင် တန်း၍ဝင်လာသည်။ ဝင်လာသည်မှာ ဓားဦးဘက်ကပင် မဟုတ်။ ဓားနှောင့်ဘက်မှ ပြောင်းပြန်အနေအထားဖြင့် လွင့်မျောလာခြင်း ဖြစ်သည်။

အားအင် အရှိန်အဟုန်ကလည်း မပြင်း။ ကျန်းယမ်ရှောင်ရို၏ လက်တစ်ကမ်းအကွာသို့ ရောက်လာ ရုံသာ အရှိန်ရှိသည်။ အရှိန်သေလုလု ဖြစ်သော ဓားရှည်ကို ကျန်းယမ်ရှောင်ရို အလွယ်ပင် ဆီးဖမ်းယူလိုက်နိုင်သည်။

"ကိုင်း....စတိုက်ပေတော့"

ကျန်းယမ်ရှောင်ရို၏ လက်ထဲသို့ ဓားရှည်ရောက်သွားသောအခါ လူကြီးက ပြောသည်။

"တိုက်လေ....ဝင်တိုက်၊ မြွေဆိုးကောင်တွေကို အပြတ်ရှင်းပစ်ခဲ့တဲ့ ဓားသိုင်းကွက်ကိုသုံး"

ချင်ယုအင်းကလည်း တိုက်တွန်းသည်။

*　　*　　*



ကျန်းယမ်ရှောင်ရိုလည်း သစ်ရွက်ခြွေ ဓားသိုင်းကွက်ကို သုံးကာ လူကြီးကို ထိုးခုတ်တိုက်ခိုက်သည်။

သစ်ရွက်ခြွေ ဓားသိုင်းကွက်ကို ကျန်း ယမ် ရှောင် ရိုအပြည့်အဝ ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်အောင်မြင်ခြင်း မရှိသေးသည့်အပြင် စိတ်လှုပ်ရှား တွေဝေနေချိန်လည်းဖြစ်ရာ သူ၏ ဓားဟန် လှုပ်ရှားမှုများတွင် လစ်ကွက် ဟာကွက်လေးများ ရှိနေသည်။

လူကြီးသည် ဟိုခုန် သည်လွှားနှင့် ရှောင်ဝါမ်းသည်။ ဓားချက်အထိမခံရသော်လည်း ကျန်းယမ်ရှောင်ရို၏ ဓားချက်များက လူကြီးကို လွှမ်းမိုးထားသလို ဖြစ်နေသည်။

"တွေ့လား၊ ဓားသိုင်း ကွက် ထုတ် သုံး လိုက် တော့ အသာစီးရပြီ၊ ဖိတိုက်...ဖိတိုက်"

ချင်ယုအင်းက အားတက်သရောပင် အားပေးသည်။

ထူးဆန်းသော လူကြီးသည် ဓားချက်များကို ပွတ်ကာသီကာ ရှောင်တိမ်းရင်း ကျန်းယမ်ရှောင်ရို၏ လွတ်ကွက်ဟာကွက် လိုအပ်ချက်များကို တီးတိုးရေရွတ်ထောက်ပြနေသည်။

"ဒီဓားချက်က အယောင်ပြဓားချက်၊ မြန်မှ ပဲလိုတယ်၊ အား ဘာမှထည့်စရာ မလိုဘူး"

"အဲဒါကမှ အားထည့်ရမယ့် ဓားချက်"

"ဓားကိုသုံးတာ ခပ်စောင်းစောင်း ဖြစ်နေတယ်"

"ရှေ့တက်ဖို့ မလောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောလူကြီး ပြောဆိုထောက်ပြနေသည်တို့မှာ မိမိ၏ လိုအပ်ချက် အစစ်အမှန်များ ဖြစ်နေသည့် အတွ ကျွန်းယမ်ရှောင်ရိ အဖို့ အတွေးရ ခက်ပြီးရင်း ခက်ေ သည်။

လူကြီးကို ကြည့်ရသည်မှာ မိမိထက်ပင် သစ်ရွက်ေ ခေါ်သိုင်းကွက်ကို အဆများစွာ တတ်သိပိုင်နိုင်နေပုံရသ ဟုလည်း စိတ်ထဲကထင်မိသည်။

အံ့ဩ အတွေးပွားနေသော်သည်း ကျွန်းယမ်ရှောင်ေ သည် ထိုလူကြီး ထောက်ပြသည့် အတိုင်း လိုက်နာမြ မှုတွေ့တော့ အလိုအလျောက်ပင် လုပ်မိသည်။ ဤသို့ပြ သူ၏ဟာကွက်လွှင်ကွက်များ နည်းလာသည်။ လှို့အပ်နေ များ ပြည့်ဝလာသည်။

ခေါ်ချက်ခေါ်ဟန်တို့လည်း သေသပ်စနစ်ကျလာသည် ထက်မြက်ထိမိလာသည်။

မိမိ၏ ခေါ်ချက် ခေါ်ကွက်တွေ စနစ်ကျန လာသေ ကြောင့် ထိုလူကြီးကို ခုတ်မိထိုးမိလေမည်လားဟုကျွန်းယ ရှောင်ရိ စိုးရိမ်စိတ်ဝင်မိသေးသည်။

ဆို့ရာတွင်....

ကျွန်းယမ်ရှောင်ရိ၏ ခေါ်ချက်များ ထက်မြက် ပြည့် လာသော်လည်း တစ်ဖက်လူကြီးကတော့ သိုးကာသိက နှင့် ရှောင်နိုင်တိမ်းနိုင်နေဆဲ။

ဟာကွက်များ ရှိခဲ့ချိန်ကလည်း သိသိလေး ကပ်ရှော နေသလို ယခုဟာကွက်တွေ လျော့နည်းကာ သစ်ရွက်ေ



ခေါ်သိုင်းကွက်စွမ်းရည် အပြည့်နီးပါး ရှိလာတော့လည်း ကပ်၍လွတ်အောင်ရှောင်နေနိုင်ဆဲ။

ထို့ပြင် ထူးဆန်းသည်မှာ ထိုလူကြီးသည် ကျွန်းယမ် ရှောင်ရိကို တစ်ကွက်တလေမျှပင် တန်ပြန်တိုက်စစ် မဆင် ခြင်းဖြစ်သည်။ ကျွန်းယမ်ရှောင်ရိ၏ ခေါ်ချက်များကိုသာ ရှောင်တိမ်းနေသည်။

ရှောင်တိမ်းရင်း နောက်သို့ ဆုတ်၍ဆုတ်၍ သွားရာ ကျွန်းယမ်ရှောင်ရိ သစ်ရွက်ခြွေခေါ်သိုင်း၏ အခြေခံလှုပ် ရှားမှု သိုင်းဟန်(၁၂)မျိုးကို သုံးကြိမ် တိုင်တိုင် ပြန်လည် လှုပ်ရှားပြီးချိန်တွင် သူတို့နှစ်ယောက် လယ်တဲဟောင်းကြီး အပြင်ဘက်သို့ ရောက်သွားကြသည်။

“ရော့....မြွေဆေး၊ မင်းကောင်မလေး အဆိပ်ပြယ် သွားအောင် လုပ်ပေးပြီး မြွေနတ်မယ် ဂိုဏ်းပင် တွေကို အမြန်သွားကယ်၊ ဒီဖြေဆေးကို မြွေဆိုးဂိုဏ်းဝင် ဟစ် ယောက်ဆီက ယူ ဘာ၊ မင်း[illegible] မိသွားတဲ့ မြွေဆိုး ဂိုဏ်းဝင်တွေ ကိုယ်ပေါ်မှာလဲ ဖြေဆေး ပုလင်းတွေရှိလိမ့် မယ်၊ ရှာယူ၊ ငါသွားပြီ”

လယ်တဲဟောင်းကြီး အပြင်ဘက်သို့ရောက်သော အခါ ထူးဆန်းသော လူကြီးက ပြောသည်။ အစိမ်းရောင် ကြွေ ပုလင်းငယ်လေး တစ်ခုလည်း ပစ်ပေးသည်။ ထို့နောက် လှစ်ခနဲပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယမ်ရှောင်ရိ၏ဓားချက်များအကြားရှောင်တိမ်းလှုပ်ရှားရင်း ပြောဆိုကာ ကြွေပုသင်းထုဘ်ပေးပြီး ပြေးထွက်သွားခြင်းဖြစ်သည်။

ကျန်းယမ်ရှောင်ရိမှာ သစ်ရွက်ခြွေ ဓားသိုင်းကွက်၏အခြေခံလှုပ်ရှားမှု သိုင်းဟန့်အမှတ် ခုနစ်ကွက်လှုပ်ရှားလျက်တန်းလန်းကြီးကျန်နေခဲ့သည်။

ယူ့ဘယ်လက်ထဲတွင်တော့ ထူးဆန်းသောလူကြီးလှမ်းပစ်ပေးထားခဲ့သော ကြွေပုလင်းလေးကို ခပ်တင်းတင်းဆုပ်ကိုင်လျက်။

★

# အခန်း (၄)

လယ်တဲဟောင်းကြီးထဲသို့ ကျန်းယမ်ရှောင်ရိ ပြန်ဝင်လာခဲ့သည်။

"ဟိုလူကြီးကော"

လယ်တဲဟောင်းကြီးထဲ ဝင်မိသည်နှင့် ချင်ယုအင်းက ဆီးမေးသည်။

"သူ ထွက်သွားပြီ"

ထိုလူကြီး၏ သိုင်းပညာ အဆင့်မြင့်အစွမ်းထက်မည်ကို ချင်ယုအင်း အကဲခတ်သိရှိနေသည်။

ကျန်းယမ်ရှောင်ရိတာ အပြတ်အနိုင်ယူ ချေမှုန်းနိုင်မည်ဟုလည်း မမျှော်လင့်။

ကျန်းယမ်ရှောင်ရိက အားကြိုး မာန်တက် စွန့်စားတိုက်ခိုက်နေ၍ အလွယ်နှင့်အနိုင်ရယူနိုင်ဖို့လည်း ခက်မည်ဟုနားလည်သောကြောင့် ထိုလူကြီးတာ စစ်ကူ ရှောင်းရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ အခြားနည်းလမ်း တစ်ခုခုလုပ်ဆောင်ရန် ဖြစ်စေ ရှောင်ထွက်သွားခြင်း ဖြစ်မည်ဟုလည်း ချင်ယုအင်း တွေးသည်။

ထို့ကြောင့် အထွေအထူး စပ်စုမေးမြန်းနေခြင်း မပြုတော့။

"ဟော ရှင်...ဘာလိုက်ရှာနေတာလဲ"

လဲကျနေသော မြွေဆိုးဂိုဏ်းသားများ အကြားတွင် ကုန်းကုန်း၊ ကုန်းကုန်းနှင့်လုပ်နေသော ကျန်းယမ်ရှောင်ရှိ ကိုသာမေးလိုက်သည်။

"အဆိပ်ငွေ့ မြွေဆေး ရှာကြည့်နေတာ"

"တွေ့လား"

"ဒါလို့ထင်ရတာပဲ"

ကျန်းယမ်ရှောင်ရှိက ကြွေပုလင်းလေး တစ်ခုကို မြှောက်ပြလိုက်သည်။

မြွေဆိုးဂိုဏ်းသားတို့၏ ကိုယ်ပေါ်တွင် ပစ္စည်းပစ္စယ အတော်လေးများသည်။ မြွေဆေးရှာဖို့ သိပ်မလွယ်။ ထူးဆန်းသော လူကြီးပေးသွားသည့် အဖြူရောင်ကြွေပုလင်းလေးမျိုးကိုတွေ့၍ အလွယ်နှင့်ယူပြလိုက်နိုင်သည်။

"တကယ့် မြွေဆေးဟုတ်ပါ့မလား"

"ဟုတ်မယ်ထင်ရတာပဲ၊ စမ်းကြည့်ပါလား"

"အင်း"

ကျန်းယမ်ရှောင်ရှိသည် ချင်ယုအင်းရှိနေသော လယ်တဲဟောင်းအပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်လာခဲ့သည်။



ကြွေပုလင်းအဖြူလေးကို အဖုံးဖွင့်က ချင်ယုအင်းမျက်နှာနားသို့ အသာကပ်ပေးသည်။

ပုလင်းထဲကိုကြည့်နိုင်ရန် လုပ်ပေးခြင်းဖြစ်သည်။

ချင်ယုအင်းကလည်း အဖုံးပွင့်နေသော ကြွေပုလင်းလေးထဲသို့ အသာကုန်းကြည့်သည်။

ပုလင်းလေးထဲတွင် ဆေးမြစ်လိုလိုအရာများ၊ အသားအစအနလိုလိုများနှင့် အမျိုးအမည် ခွဲခြားမသိနိုင်သော ပစ္စည်းသေးသေးမွှားမွှားလေးများ ရောနှောလျက် ရှိနေသည်ကို တွေ့ရသည်။

ပြီးတော့ စူးရှသည့် အနံ့ပြင်းပြင်းကလည်း ထွက်နေသည်။

ပုလင်းလေးထဲသို့ ကုန်းကြည့်သော ချင်ယုအင်း၏ နှခေါင်းဝသည် ပုလင်းအဝနား ကပ်မိသလိုရှိသည်။ စူးရှသည့် အနံ့ပြင်းပြင်းကိုရှူလိုက်မိသည်။

"အိုး"

မွှန်သွားသောကြောင့် ချင်ယုအင်း ရှေ့သို့ပြူရင်း ခေါင်းတိမ်းကိုယ်ယို့ လုပ်မိသည်။ ထိုလှုပ်ရှားမှု လုပ်နိုင်သောအခါ မောပန်းလေးလံ ထိုင်းမှိုင်းခြင်း မရှိတော့ ပေါ့ပါးသွက်လက်နေသည်။

"ဟုတ်တယ်၊ ဒါမြွေဆေးအစစ်ပဲ"

သူမက အားရဝမ်းသာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းလေးကိုလှမ်းယူကာ နှာခေါင်းတွေင် တေ့ကပ်လျက် ဆက်လက်ရှူသည်။ သတိထားကာရှူသည့်အတွက် မှန်တက်သွားမှုမျိုးမရှိတော့။

လေးငါးခါ ရှူလိုက်ပြီးချိန်တွင် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်။

"ကျွန်မ အဆိပ်ပြယ်သွားပြီ"

ချင်ယုအင်းက ပုလင်းလေးကိုဖယ်ပြီး ပြောသည်။

ကျန်းယမ်ရှောင်ရိက ဖွင့်ထားသော ပုလင်းအဖုံးကိုပြန်၍ အသေအချာပိတ်သည်။

"ဖြေဆေးရပြီဆိုတော့ ယုအင်းတို့ ဂိုဏ်းဝင်တွေကို အမြန်သွားကယ်ကြတာပေါ့"

"ဟုတ်တယ်၊ သွားကြမယ်"

နှစ်ယောက်သား လယ်တဲဟောင်းကြီးအောက်သို့ဆင်းလာခဲ့ကြသည်။ ကျန်းယမ်ရှောင်ရိ၏လက်ချက်ကြောင့် လဲကျနေကြသော မြွေဆိုးဂိုဏ်းသားတို့ကိုယ်ပေါ်မှ ဖြေဆေးပုလင်းလေးများကို ယူလိုက်ကြသည်။

ထို့နောက် မြွေဖြူရွာဘက်သို့ အမြန်ထွက်လာကြသည်။

* * *



မြွေဖြူရွာ အရှေ့ဘက်ခြမ်း၊ မြွေနတ်ရိပ်ငြိမ်ပရဝဏ်သို့ ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့နှစ်ယောက် ချဉ်းကပ်လာကြသည်။

မြွေနတ်ရိပ်ငြိမ် ပရဝဏ် အဝင်အထွက်တံခါးကြီးတွင် မြွေဆိုးဂိုဏ်းသားသုံးယောက် စောင့်ကြပ်နေသည်။ ထိုလူ ၃-ယောက်သည်အရက်တစ်အိုး၊အသားကြော်တစ်ပန်းကန်အနီးတွင်ထိုင်ကာ အရက်ကျိုက်လိုက်၊ အသားကြော်ကိုက်လိုက်နှင့်ရှိနေကြသည်။

ကင်းစောင့်နေသည်နှင့်မင်မတူ။ အရက်ဝိုင်းဖွဲ့နေသည့်သဘောပင်ဖြစ်သည်။

ကြည့်ရသည်မှာ မြွေနတ်မယ်ဂိုဏ်းကို အဆိပ်ငွေ့ဖြင့်အလစ်ဖမ်းတိုက်ခိုက်ကာ အပိုင်အနိုင် စီးနင်းသိမ်းပိုက်နိုင်မှုကြောင့် မြွေဆိုးဂိုဏ်းသားများမာန်တက်ကာ အောင်ပွဲခံနေကြဟန်တူသည်။

အစောင့်တာဝန်ကျသူများ အရက်ဝိုင်းဖွဲ့နေကြသည့်အတွက် ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့နှစ်ယောက် မြွေနတ်ရိပ်ငြိမ်ထဲသို့ ဘာအနှောင့်အယှက် အဟန့်အတားမှမရှိဘဲ အလွယ်တကူ ဝင်ရောက်လာနိုင်ခဲ့ကြသည်။

မြွေနတ်ရိပ်ငြိမ်ထဲရှိ ပစ္စည်းများ၊ ပရိဘောဂများမှာ ဗြုန်းကျဲ၍နေသည်။ မြွေဆိုးဂိုဏ်းသားတို့ မွှေနှောက်ထားကြခြင်းဖြစ်သည်။

ဆူဆူညံညံ အသံများကိုလည်း ကြားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများသည် မြွေနတ်ရိပ်ငြိမ် ပင်မ စားသောက်ဆောင်ဆီမှ ပေါ်ထွက်လာကြောင်း ချင်ယုအင်းသိသည်။ မြွေဆိုးဂိုဏ်းသားတွေ သောက်စားမူးရူး ပျော်ပါးနေကြခြင်းဖြစ်သည်။

ပင်မ စားသောက်ဆောင်သို့ သွားကာ မြွေဆိုးဂိုဏ်းသားများကို အအောင်းဝင်တိုက်ခိုက်ပစ်ဖို့ ချင်ယုအင်း စိတ်ကူးမိသေးသည်။

သို့သော် မိမိတို့နှစ်ယောက်တည်းသာ ရှိနေသည်ကို သတိရ၍ ထိုအတွေးကို ဖယ်ရှားပစ်လိုက်သည်။ အဆိပ်သင့်နေသော မြွေနတ်မယ်ဂိုဏ်းဝင်များကို အရင်အဆိပ်ဖြေပေးရမည်။ ပြီးမှ အင်နှင့်အားနှင့် မြွေဆိုးဂိုဏ်းကို တိုက်ခိုက် ချေမှုန်းပစ်မည်။

မိမိဂိုဏ်းဝင်များ ဘယ်နေရာတွင် ရှိနေမည်နည်းဟု ချင်ယုအင်း စဉ်းစားကြည့်သည်။

"မြွေနတ်မယ်ဂိုဏ်းဝင်တွေ သိုင်းလေ့ကျင့်ရေး ခန်းမဆောင်ထဲမှာ ရှိနေကြတယ်"

ကျန်းယမ်ရှောင်ရီ၏ နားထဲတွင် တိုးညင်းလှသော အသံလေးတစ်ခုကြားမိသည်။ အသံလေးသည် ခြင်အော်သံထက်ပင် တိုးလှပေရာ ကျန်းယမ်ရှောင်ရီ တစ်ယောက်တည်းသာ ကြားရသည်။

သူ့အနားတွင်ရှိနေသော ချင်ယုအင်းပင်မကြား။

ဘယ်သူများ မိမိကို လာသတင်းပေးအကြောင်းကြားနေလေသနည်းဟု ကျန်းယမ်ရှောင်ရီ အဖြေရှာမိသည်။



ကျေနပ်လောက်သော အဖြေကိုကား မရပါ။

"ကျွန်ုပ်မတို့ဂိုဏ်းဝင်တွေ ဘယ်နေရာမှာရှိမလဲမသိဘူး"

ချင်ယုအင်းက တိုးတိုးရေရွတ်သည်။

"သူတို့ သိုင်းလေ့ကျင့်ရေး ခန်းမဆောင်မှာ ရှိပါမယ်"

ကျန်းယမ်ရှောင်ရီ လွတ်ခနဲ ပြောလိုက်သည်။

"ဟုတ်တယ်၊ အဲဒီမှာရှိနိုင်တယ်၊ လာ....လာ...."

* * *

သိုင်းလေ့ကျင့်ရေးခန်းမဆောင်ဘက်သို့ ခပ်သုတ်သုတ် သွားကြသည်။

ကျန်းယမ်ရှောင်ရီမှာ မြွေနတ်ရိပ်ငြိမ်ထဲသို့ တစ်ခါမျှ မရောက်ဖူး။ သိုင်းလေ့ကျင့်ရေးခန်းမဆောင် ဘယ်မှာရှိသည်ကိုလည်း မသိ။

မြွေနတ်မယ်ဂိုဏ်းဝင်ဖြစ်သော ချင်ယုအင်း ရှေ့ဆောင်ခေါ်ရာနောက်သို့သာ အသာလိုက်ပါလာရသည်။

သိုင်းလေ့ကျင့်ရေး ခန်းမဆောင်ထဲတွင် မြွေနတ်မယ်ဂိုဏ်းဝင်များရှိနေကြသည်။

အဆိပ်ငွေ့ဒဏ်သင့်ကာ အားအင်ကုန်ခန်းနေကြသော မြွေနတ်မယ်ဂိုဏ်းဝင်များသည် လဲသူလဲ၊ ခွေသူခွေနှင့် ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလေ့ကျင့်ရေး ခန်းမဆောင်ထဲတွင် မြွေဆိုးဂိုဏ်းသား အစောင့်အကြပ်များပင်မရှိ။ အဆိပ်ငွေ့သင့်ကာ မလှုပ်နိုင် မရှားနိုင်အောင် အားကုန်မောပန်းနေသော မြွေနတ်မယ်ဂိုဏ်းဝင်တို့ ဘယ်လိုမှ ထွက်မပြေးနိုင်ဟု ယူဆကာ သည်အတိုင်း ထားဟန်တူသည်။

ချင်ယုအင်းသည် အားရဝမ်းသာပင် မြွေနတ်မယ်ဂိုဏ်းချုပ်ရှိရာသို့ အသော့ပြေးသွားသည်။ ဂိုဏ်းချုပ်ကို အရင်ဆုံး အဆိပ်ဖြေပေးရန်ဖြစ်သည်။

သို့ရာတွင်...

ဂိုဏ်းချုပ်ရှိရာသို့ မရောက်မီမှာပင် ချင်ယုအင်း အရုပ်ကြိုးပြတ်သလို လဲပြိုကျသွားသည်။

ချင်ယုအင်းဘေးနားမှ အတူပါလာသော ကျန်းယမ်ရှောင်ရိမှာလည်း ရုတ်တရက်အံ့အားသင့်ကာ ခြေလှမ်းလည်း တုံ့ရပ်သည်။

"ယုအင်း...ဘယ်လိုဖြစ်သွားတာလဲ"

ပါးစပ်မှလည်း စိုးရိမ်တကြီးမေးသည်။

"သူ အဆိပ်ငွေ့သင့်သွားတာပါ"

ခပ်အေးအေး ပြောလိုက်သည့် စကားသံ ပေါ်လာသည်။

ကျန်းယမ်ရှောင်ရိ ချာခနဲလှည့်ကာကြည့်လိုက်ရာ သူနှင့်ဆယ်ပေသာသာသာခန့် အကွာတွင် အစိမ်းရင့်ရောင်ဝတ်စုံဝတ် အမျိုးသမီးကြီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။



"မင်းတို့နှစ်ယောက် ပြန်ရောက်လာနိုင်တယ် ဆိုတာ တွက်မိလို့ ငါကိုယ်တိုင် ဒီမှာ စောင့်နေတာ၊ မင်းတို့ တကယ်ရောက်လာတာကိုး"

အစိမ်းရင့်ရောင် ဝတ်စုံဝတ် အမျိုးသမီးကြီးက ဆက်ပြောသည်။

"ခင်ဗျား ဘယ်သူလဲ"

ကျန်းယမ်ရှောင်ရိက မေးလိုက်သည်။

"အဲဒါ မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့"

အဆိပ်ငွေ့သင့်တာ လဲကျသွားသော ချင်ယုအင်းက ပြောသည်။

မိမိ၏ 'အကြောဆိုင်း အတွင်းအားချုပ် အဆိပ်ငွေ့' ကို ခံနိုင်ရည်ရှိပြီး အဆိပ်ငွေ့ သင့်နေသော မြွေနတ်မယ်ဂိုဏ်းဝင် ကောင်မလေး တစ်ယောက်ကိုပင် ပွေ့ချီကာ ထုတ်ကာ ထွက်ပြေးသွားသော ကောင်လေးကို မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့က အထူးစိတ်ဝင်စားသွားသည်။

ထိုကောင်လေးနှင့် ကောင်မလေးတို့ကို အမိဖမ်းရန် မြွေဆိုးဂိုဏ်းသား (၇)ယောက်ကိုပင် စေလွှတ်လိုက်သည်။

တစ်ဖက်မှလည်း ထိုကောင်လေးနှင့် ကောင်မလေးသည် မိမိ၏လူများလက်မှ တစ်နည်းနည်းနှင့် ရှောင်တိမ်းထွက်နိုင်လျှင် မြွေနတ်မယ် ဂိုဏ်းဝင်များကို ကယ်တင်ရန် ပြန်လာနိုင်သည်ဟုလည်း တွက်မိသည်။

ထို့ကြောင့် အဆိပ်ငွေ့ဒဏ်သင့်နေသော မြွေနတ်မယ်ဂိုဏ်းဝင်များကို မြွေနတ်ရိပ်ငြိမ် သိုင်းလေ့ကျင့်ရေးခန်းမ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးထဲတွင် စုဝေးထားရှိပြီး သူမကိုယ်တိုင် စောင့်ကြည့်နေခဲ့သည်။

ကောင်လေးရောက်လာလျှင် စိတ်ချလက်ချ ဝင်လာနိုင်စေရန်အတွက် မြွေဆိုးဂိုဏ်းဝင်များကို စိတ်ကြိုက် အောင်ပွဲခံ စားသောက်မူးယစ်ခွင့်ပင် ပေးထားသည်။

မူးယစ်သောက်စားနေကြသော မြွေဆိုးဂိုဏ်းဝင်များကို တွေ့ပြီး ဘာအန္တရာယ်မျှ မရှိနိုင်တော့ဟု စိတ်ချလက်ချ ဝင်ရောက်လာသော ထိုကောင်လေးကို သိုင်းလေ့ကျင့်ရေးခန်းမဆောင်မှစောင့်ကာ အပိုင်အနိုင်ဖမ်းယူရန် ကြံစည်ထားလေသည်။

ရောက်လာသည်မှာ ကောင်လေး တစ်ယောက်တည်းသာ မဟုတ်ဘဲ ကောင်မလေးပါ ပါလာလျက် အဆိပ်ငွေ့သင့်နေမှုမှလည်း ပြေပျောက်ကာ အကောင်းပကတိ ပြန်ဖြစ်နေသည့်အတွက် မြွေဆိုးဂိုဏ်းချုပ် ပို၍ခံစားမှုရှိလာရသည်။

ယည့်ကောင်လေးထံတွင် 'အကြောဆိုင်း အတွင်းအားချုပ် အဆိပ်ငွေ့' ကို ဖြေနိုင်သော ဆေးကောင်း ဝါးကောင်းဖြစ်စေ၊ နည်းလမ်းကောင်း တစ်ခုခုဖြစ်စေ ရှိနိုင်မည်ဟုပင် တွေးမိသည်။

ကောင်မလေးကို 'အကြောဆိုင်း အတွင်း အားချုပ် အဆိပ်ငွေ့'ဖြင့်ရုတ်တရက်တိုက်ခိုက်လိုက်ပြီး ကောင်လေးကို လက်ရဖမ်းချုပ်ရန် အခံသေး၍ ထွက်လာခဲ့သည်။

* * *



မြွေဆိုးဂိုဏ်းချုပ်နှင့်ရင်ဆိုင်နေရပြီဟု သိရသောအခါ ကျန်းယမ်ရှောင်ရှိ တကယ်ပင်တုန်လှုပ်မိသည်။

သို့ရာတွင် မိမိ ချစ်သူကို ကာကွယ်ပေးရန် ဝန်မလေးတတ်သော လူငယ်တို့၏ သဘာဝအတိုင်း ထွက်ပြေးဖို့တော့စိတ်မကူး။ ကြောက်လန့်သည့်တိုင် အသက်စွန့် တိုက်ခိုက်ဖို့အသင့်ရှိသည်။

ကျန်းယမ်ရှောင်ရှိသည် ဘာမျှသပ်မပြောတော့။ မြွေဆိုးဂိုဏ်းချုပ် ဆားအောင်ဖို့ကို အဘင်းစင် တိုက်ခိုက်လေတော့သည်။

တောလည်သိုင်းကွက်ကို သုံးကာ ညာလက်ဝါးဖြင့် ဆားအောင်ဖို့၏ ဘယ်ညှပ်ရိုးနေရာကို လှမ်းရိုက်သည်။

သိုင်းကွက်က အဆင့်မြင့် သော်လည်း တိုက်ခိုက်ပုံကတော့ ရိုးစင်းသည်။ လက်ဝါးရိုက်ချက်ဦးတည်ရာနေရာကို ရှင်းရှင်းလင်းလင်းကြီး သိနေနိုင်သည်။

ဆားအောင်ဖို့လို အဆင့်မြင့်သိုင်းသမား မဆိုထားဘိ၊ တတိယတန်းစား သိုင်းသမားတစ်ယောက်ပင် ရှောင်တိမ်းနိုင်သည်။

''ဟွန့်''

မြွေဆိုးဂိုဏ်းချုပ်က သော့ာင်သံ တစ်ချက်ပြုကာ ညာလက်ကို လှမ်းကာန် လှုပ်ရှားသည်။ ကျန်းယမ်ရှောင်ရှိ၏ ပျော့ခွေကြောကို လှမ်းထိုးပိတ်သည်။ ညာတံတောင်ဆစ်နေရာတွင် စစ်ခနဲ နာသလိုလိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ညာလက်သည်လည်း တုံ့ဆွဲ ခံရ သယောင် ခံစားရသည်။ ဦးတည်ရာ ပျော့ခွေကြောဆီသို့ လက်လှမ်း မရောက်တော့။

ကျွန်းယမ်ရှောင်ရို၏ လက်ဝါး ရိုက်ချက် ကတော့ အတားအဆီး အနှောင့်အယှက်မရှိ၊ ဦးတည်ရာနေရာသို့ တန်းဝင်သည်။

ဆားအော်ပို့လည်း ကမန်းကတန်းပင် ညာဘက်သို့ ယိမ်းကာ ရှောင်လိုက်ရသည်။ မိမိရရ အထိ မခံရသော်လည်း လုံးလုံးလျားလျားလွတ်အောင်တော့ မရှောင်နိုင်။ ဘယ်ဘက်ပခုံး အစွန်းနားကို ရှပ်၍ ရိုက်မိသည်။

မြွေဆိုးဂိုဏ်းချုပ် ဟန်ချက်ပျက်မလို ဖြစ်သည်။ လဲကျတော့မည့်ကဲ့သို့ တစ်ချက် ယိမ်းယိုင်သည်။ ကိုယ်ဟန်ကို အချိန်မီ ပြန်ထိန်းနိုင်၍ လဲကျမသွား။ သို့သော် ဂိုဏ်းချုပ် တစ်ယောက်အနေဖြင့် ပထမရင်ဆိုင်သည့် သိုင်းကွက်တွင်ပင် အခြေယိုင်သည်မို့ သိက္ခာကျစရာဖြစ်သည်။

ဆားအော်ပို့ မျက်နှာ ကွက်ခနဲပျက်သည်။

ဒေါသလည်း အကြီးအကျယ်ထွက်သည်။ ပြင်းထန်သော ဒေါသကြောင့် မျက်လုံးများ မီးဝင်းဝင်း တောက်သည်။ အံသွားတွေ ဆတ်ဆတ်တုန်သည်။

ဘယ်လက်ကို ဆတ်ခနဲ ပင့်မြှောက်သည်။ ဘယ်လက် ချောင်းငါးချောင်းကို မန်းဖူးသဏ္ဍာန် စုကပ်လျက် ကျွန်းယမ်ရှောင်ရို၏ ညာဘက် နားထင်ကို ထိုးစိုက် ချသည်



လှုပ်ရှားဟန်သည် မြွေတစ်ကောင် ပေါက်ချ လိုက်သလို မြန်သည်။

ထိုးစိုက်ချမှုတွင် အတွင်းအားကိုလည်း အပြည့် ထည့်ထားသည်။

မြွေဆိုးဂိုဏ်း၏ ကြမ်းတမ်း ရက်စက်လှသော အသက်ခြွေမြွေပေါက်ဟန်သိုင်းကွက်ဖြစ်သည်။

မြွေဆိုးဂိုဏ်းသည် ဟောဟောရမ်းရမ်း ရှိသော်လည်း သူတို့ကိုယ်သူတို့ လမ်းမှန်သိုင်းသမား များဟု ယူဆထားသည်။

ရက်စက်ကြမ်းတမ်းသောသိုင်းကွက်များကို အတတ်နိုင်ဆုံး အသုံးမပြုဘဲ ထိန်းသိမ်းကြလေ့ရှိသည်။

အသက်ခြွေ မြွေပေါက်ဟန်သိုင်းကွက်ကတော့ မြွေဆိုးဂိုဏ်း၏ သိုင်းပညာတွင် အရက်စက်ဆုံး အကြမ်းတမ်းဆုံး ဖြစ်ပေရာ ဂိုဏ်းချုပ်၏ အထူးခွင့်ပြုချက်မရဘဲ အသုံးမပြုရဟု ကျပ်သည်းစွာတားမြစ်ထားသည်။

ဆားအော်ပို့ ဂိုဏ်းချုပ်အဖြစ်ဆောင်ရွက်ခဲ့သည့် ငါးနှစ်ကာလအတွင်း အသက်ခြွေမြွေပေါက်ဟန် သိုင်းကွက်ကို တစ်ကြိမ်တစ်ခါမျှ အသုံးပြုခွင့်မပေးခဲ့သေးပေ။

ယခုမူ ရှက်ဒေါသစိတ်ဖြင့် သူမကိုယ်တိုင် လူငယ်လေး တစ်ယောက်နှင့် ရင်ဆိုင်ရာတွင် ထုတ်သုံးခဲ့လေပြီ။

မြွေနတ်မယ်ဂိုဏ်းနှင့် မြွေဆိုးဂိုဏ်းတို့မှာ အစဉ်အဆက်က ပြိုင်ဘက်တွေဖြစ်ခဲ့ကြရာ အသက်ခြွေ မြွေပေါက်ဟန် သိုင်းကွက်အကြောင်းကို ကောင်းကောင်းသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယမ်ရှောင်ရီနှင့် မြွေဆိုး ဂိုဏ်းချုပ်တို့ ရင်ဆိုင်တိုက်ခိုက်မှုကို လှမ်းကြည့်နေကြသော မြွေနတ်မယ် ဂိုဏ်းဝင်အားလုံးမှာ အလန့်တကြားဖြစ်ကုန်ကြသည်။

"ခုကွဲ"

ချင်ယုအင်းဆိုလျှင် အလန့်ဝကြားပင် အော်ဟစ်လိုက်မိသည်။

ဘယ်လိုဖြစ်သည်မသိ၊ ဆားအော်ပို၏ ဘယ်လက်သည် အကြောများသေကုန်သလို ဖြစ်သည်။ တောင့်တင်းသွားသည်။ လှုပ်ရှားမှုလည်း ရုတ်တရက် ရပ်တန့်သည်။

အားပြည့် အင်ပြည့် ထိုးစိုက် ချလိုက်သော ဘယ်လက်ချောင်းများသည် ကျွန်းယမ်ရှောင်ရီ၏ ညာဘက် နံထင်မရောက်မီ လမ်းခုလတ်မှာပင် တုံ့ရပ်သည်။

ဆားအော်ပို၏ ထူးခြားလှသောအဖြစ်ကြောင့် ကျွန်းယမ်ရှောင်ရီ ဇဝေဇဝါဖြစ်မိသည်။ အရမ်းအံ့ဩလှသောကြောင့် ဘာလုပ်ရမည်မှန်းပင်မသိ။ မျက်လုံး အပြူးသားနှင့်သာ ငေးကြောင်ကြည့်နေမိသည်။

ထိုအခိုက်....

သူ့ညာလက်ကို တစ်ယောက်က ဖုတ်လိုက်သလို ခံစားရသည်။ ညာလက်လှုပ်ရှားသွားသည်။ ဆားအော်ပို၏ ပျော့ခွေကြောနေရာပေါ်သို့ ထိခတ်မိသည်။

ထို့နောက်....

ဆားအော်ပို ဖင်ထိုင်လျက်လဲကျသည်။



ပျော့ခွေကြောနေရာကို လက်ချောင်းဖြင့် မိမိရရမထိုးမိဘဲ လက်ချောင်းဖြင့်သာ ထိခတ်သည့်အတွက် အကြောပိတ်ခံရသည့်အခြေအနေအထိတော့မရောက်၊ ဖင်ထိုင်လျက်လဲကျရုံသာကျသည်။

ဆားအော်ပိုသည် ကျွန်းယမ်ရှောင်ရီကိုအလန့်တကြားကြည့်မိသည်။ မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပိုမှာ ရင်ဆိုင်တိုက်ပွဲနွှဲဖူးသည်မှာ အတော်ကိုများပေပြီ။

အနိုင်ရသည်လည်းရှိ၊ ရှုံးနိမ့်မှုလည်းကြုံရသလို လက်ရည်မျှကာ အနိုင်အရှုံးမပေါ်သည့်ပွဲများလည်း ကြုံခဲ့ဖူးသည်။

ယခု သည်ကောင်လေးနှင့် ရင်ဆိုင်ရသည့် အခြေအနေမျိုးတော့ တစ်ခါမျှ မဖြစ်ဖူးခဲ့ပါ။

တစ်ဖက်ကောင်လေး ဘယ်ပုံဘယ်နည်း လှုပ်ရှားသည်ကိုပင် ကျကျနန အကဲမခတ်နိုင်။ ကောင်လေး၏ တိုက်ချက်များ အထိခံရသော်လည်း မည်ကဲ့သို့ ထိမိ ခိုက်မိသည်ကိုပင်လည်း မသိ။

တစ်စက်စက်ရာကို ငြိုးစားမိသည်တွင် မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို မဖြစ်စဖူး ထိတ်လန့်တုန်လှုပ်စိတ်တွေ ပေါ်လာသည်။

"တိုယ်ယောင်ဖျောက်မှော်သိုင်း"

ပါးစပ်မှ လွှတ်ခနဲရေရွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖင်ထိုင်လျက်လဲကျခနေရာမှ ဆတ်ခနဲ ပြန်ထမိသည်နှင့် တစ်ကြိုးတည်း သုတ်ခြေတင် ပြေးထွက်သွားလေတော့သည်။

*　　*　　*

ကျန်းယမ်ရှောင်ရိကိုယ်တိုင်ပင် တအံ့တသြ ဖြစ်နေ၏။ မြွေဆိုးဂိုဏ်းချုပ်ကို ထိအောင် ဘယ်လို တိုက်ခိုက်မိသည်ကို သူ့ဘာသာပင် မသိ။

ချင်ယုအင်းအပေါ် ချစ်မြတ်နိုးသည့်စိတ်ဖြင့်သာ စွန့်စား တိုက်ခိုက် ကာကွယ်ရသည်။ မြွေဆိုးဂိုဏ်းချုပ်တို့ ယှဉ်နိုင်မည်ဟူ၍ ကျန်းယမ်ရှောင်ရိက ထင်ပင်ထင်မထားပါ။

လက်တွေ့တွင် မြွေဆိုးဂိုဏ်းချုပ် ထွက်ပြေးသွားအောင်ပင် လုပ်လိုက်နိုင်ရာ ဘာတွေ ဘယ်လိုဖြစ်ကုန်သည်ကို နားမလည်နိုင်တော့။

ငေးတိငိုင်တိုင်ပင်ဖြစ်နေသည်။

"ဖြေဆေးတိုက်လေ"

ချင်ယုအင်းပြောတော့မှပင် ကျန်းယမ်ရှောင်ရိသတိဝင်လာသည်။

ဖြေဆေးပုလင်းလေးကို ထုတ်သည်။ ချင်ယုအင်းကို အရင် နှာဝတွင်တေ့ကပ်ကာ အဆိပ်ဖြေပေးသည်။



အဆိပ်ပြေသွားသည်နှင့် ချင်ယုအင်းကလည်း ဖြေဆေးကိုထုတ်ကာ မြွေနတ်မယ်ဂိုဏ်းချုပ်ကို အဆိပ်ဖြေပေး၏။ ကျန်းယမ်ရှောင်ရိကလည်း နီးရာ မြွေနတ်မယ်ဂိုဏ်းဝင် တစ်ယောက်ကို အဆိပ်ဖြေပေးသည်။

တစ်ယောက်ပြီးတစ်ယောက် အဆိပ်ဖြေပေးလိုက်ရာ နောက်ဆုံးတွင် အကြောဆိုင်း အတွင်းအားချုပ် အဆိပ်ငွေ့မိထားသူအားလုံး အဆိပ်ပြယ်ကာ ပြန်လည် လှုပ်ရှားနိုင်လာကြသည်။

မြွေနတ်မယ်ဂိုဏ်းချုပ်က ဂိုဏ်းဝင်များကို တာဝန်များ အသီးသီးပေးကာ လူစုခွဲဖြန့်စေလွှတ်လိုက်သည်။ သူမကိုယ်တိုင်လည်း ဂိုဏ်းဝင်တစ်စုနှင့်အတူ မြွေနတ်ရိပ်ငြိမ်အတွင်း လှည့်၍ စစ်ဆေးကြည့်ရှုသည်။

မြွေနတ်မယ်ဂိုဏ်းချုပ် ဦးဆောင်သော အဖွဲ့တွင် ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့ နှစ်ယောက်လည်း လိုက်ပါသွားသည်။

မြွေနတ်ရိပ်ငြိမ်ထဲတွင် မြွေဆိုးဂိုဏ်းဝင် တစ်ယောက်မှ မရှိကြတော့။

မြွေပြုရွာ အနောက်ဘက်ပိုင်းတွင်လည်း မြွေဆိုးဂိုဏ်းဝင်များ မတွေ့ရတော့ကြောင်း သတင်းပို့ချက်များရောက်လာသည်။

မြွေဆိုးဂိုဏ်းချုပ်သည် ဂိုဏ်းဝင်များကို အတူခေါ်ကာ ရေးကြီးသုတ်ပျာ ထွက်ခွာသွားခဲ့လေပြီ။ စေ့စပ်သေချာသော မြွေနတ်ဂိုဏ်းချုပ်က မြွေပြုရွာ အနီးဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက် ကင်းရှည်အဖွဲ့များစေလွှတ်ကာ လှည့်လည်ကြည့်ရှုစေသည်။

ကင်းရှည်အဖွဲ့များသည် အပူတပြင်း ဆုတ်ခွာသွားသော မြွေဆိုးဂိုဏ်း၏ ခြေရာလက်ရာ အစအနများကိုသာ တွေ့ကြရသည်။ မြွေဆိုးဂိုဏ်းသားများကိုမူ မတွေ့တော့။

အခြေအနေများအားလုံး ရှင်းလင်း အေးဆေးသွားသောအခါတွင် မြွေနတ်မယ်ဂိုဏ်းချုပ်က ကျွန်းယမ်ရှောင်ရိအတွက် အထူးညစာ စားသောက်ပွဲတည်ခင်းကာ ဂုဏ်ပြုဧည့်ခံသည်။

"စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ မြွေဆိုးဂိုဏ်းနဲ့ ဘယ်လိုပြဿနာဖြစ်ခဲ့လို့ သူတို့က အဆိပ်ငွေ့တွေ ဘာတွေသုံးပြီး အခုလို မြွေနတ်မယ်တစ်ဂိုဏ်းလုံးကို ရက်ရက်စက်စက် လုပ်ကြံတိုက်ခိုက်ခဲ့ရတာလဲ၊ လျှို့ဝှက်ထားစရာရှိတယ် ဆိုရင်တော့ မပြောပါနဲ့၊ ရပါတယ်"

ညစာစားသောက်ရင်း ကျွန်းယမ်ရှောင်ရိက စူးစမ်းမေးမြန်းသည်။

ကျွန်းယမ်ရှောင်ရိသည် စပ်စုတတ်သူ တစ်ယောက်မဟုတ်ပါ။ ထို့ပြင် သိုင်းလောက၏ အရှုပ်အထွေး ကိစ္စများကိုလည်း စိတ်မဝင်စားပေ။ မိမိ၏ ချစ်ခင်မြတ်နိုးမိသော ချင်ယုအင်းနှင့်လည်း ဆက်နွှယ် ပတ်သက်နေသည့် ကိစ္စမို့ မေးမြန်းကြည့်မိခြင်းဖြစ်သည်။

မြွေနတ်မယ်ဂိုဏ်းချုပ်က တစ်ချက်စဉ်းစားလိုက်ပြီး....



"လျှို့ဝှက်ထားဘာရယ်လို့တော့ မဟုတ်ပါဘူး၊ မင်းတင်ါတို့ တစ်ဂိုဏ်းလုံးကို မြွေဆိုးဂိုဏ်းရဲ့အန္တရာယ်ကနေ ကူညီကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင်ဆိုတော့ သိသင့်ပါတယ်၊ မြွေဆိုးဂိုဏ်းဟာ အစတုန်းကတော့ မြွေနတ်မယ်ဂိုဏ်းနဲ့အတူတူပါပဲ၊ မြွေနတ်မယ်ဂိုဏ်းရဲ့ ထူးခြားတဲ့ စည်းကမ်းတွေနဲ့ မိသားစု နေထိုင်မှု အစီအစဉ်တွေကို နှစ်သက်မကျလို့ တစ်စင်ထောင်ပြီး ခွဲထွက်သွားကြတဲ့ လူတွေရဲ့ အဆက်အနွှယ်တွေဆိုပါတော့"

ချင်ယုအင်းအပေါ် မေတ္တာ သက်ဝင်နေသော ကျွန်းယမ်ရှောင်ရိသည် မြွေနတ်မယ်ဂိုဏ်း၏ မိသားစုနေထိုင်ရေး အစီအစဉ်ဆိုသည်ကို စိတ်ဝင်စားမိသည်။ မေးကြည့်မည် ကြံမိသော်လည်း စပ်စုလွန်းရာ ကျနေမည်လားဟု တွေးကာ နှုတ်ဆိတ်နေသည်။

"ချင်ယုအင်းရေ... ငါတို့ဂိုဏ်းရဲ့ မိသားစု နေထိုင်မှု အစီအစဉ်တွေအကြောင်း ရှင်းလင်းပြောပြလိုက်ပါ"

မြွေနတ်မယ် ဂိုဏ်းချုပ်က ချင်ယုအင်းကို လှမ်းပြောသည်။

ဂုဏ်ပြုဧည့်ခံသည်ဖြစ်သော ကျွန်းယမ်ရှောင်ရိသည် မြွေနတ်မယ် ဂိုဏ်းချုပ်နှင့် တစ်စားပွဲတည်း ထိုင်ရသည်။ ချင်ယုအင်းကတော့ ကျွန်းယမ်ရှောင်ရိ၏ မိတ်ဆွေအိမ်ရှင်အနေဖြင့် ထိုစားပွဲမှာပင် အတူထိုင်ခွင့်ရသည်။

ကျွန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့နှစ်ယောက်၏စိတ်ထဲတွင် မည်သို့သော သဘောထား ခံစားမှုတွေ ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com



ဆည်ကို လူကဲခတ်တော်သော မြွေနှတ်မယ် ဂိုဏ်းချုပ်က ရိပ်မိသည်။

စကားကလည်း လမ်းကြောင်းသင့်သည်မို့ မြွေနှတ်မယ်ဂိုဏ်း၏ မိသားစုနေထိုင်မှု အစီအစဉ်များကို ကျန်းယမ်ရှောင်ရိ သိထားနှင့်စေရန် ချင်ယုအင်းကိုအပြောခိုင်းခြင်း ဖြစ်သည်။

ချင်ယုအင်းမျက်နှာလေး ရဲခနဲတော့ ဖြစ်သွားသည်။

သို့သော် ဣန္ဒြေကိုဆည်ကာ မြွေနှတ် မယ် ဂိုဏ်း ၏ မိသားစုနေထိုင်မှု အစီအစဉ်များကို ပြည့်ပြည့်စုံစုံရှင်းလင်းပြောပြသည်။

"ဒီအစီအစဉ်တွေက ကောင်းပါတယ်၊ စည်းကမ်းတကျ ထိန်းသိမ်းပြီးသား ဖြစ်သွားတာပေါ့"

ချင်ယုအင်း ရှင်းပြပြီးသောအခါ ကျန်းယမ်ရှောင်ရိက ပြောသည်။

ချင်ယုအင်းနှင့် လက်ထပ်ခွင့်ရလျှင် မြွေနှတ်မယ်ဂိုဏ်း၏ အစီအစဉ်အတိုင်း လိုက်နာနေထိုင်နိုင်ပါသည်ဟု သွယ်ဝိုက်ပြောသည့် သဘောမျိုးရှိနေသောကြောင့် ချင်ယုအင်းမျက်နှာ ရဲခနဲဖြစ်သွားပြန်သည်။

"စည်းကမ်းလေးတွေ ရှိနေတာဆိုတော့ ချစ်ချယ်တယ်ထင်ကြတဲ့ လူတွေလဲ ရှိနိုင်တာပေါ့၊ မကျေနပ်လို့ မလိုက်နာနိုင်ဘဲ တစ်သီးတခြား ခွဲခွာ ထွက်သွားကြတာကို ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် သူတို့ကတော့ ငါတို့အပေါ် ရန်သူလို့ သဘောထားကြတယ်၊ ဒါကြောင့်



နှစ်ဖက်အကြား တိုက်ခိုက်မှုတွေ ကြိုးကြားကြိုးကြား ဖြစ်လာခဲ့တာ မျိုးဆက်သုံးဆက်ကို ရှိနေပြီ၊ ငါတို့ဘက်က တတ်နိုင်သမျှ သည်းခံပြီး ထိန်းထိန်းသိမ်းသိမ်းနေခဲ့တယ်၊ ဒါပေမယ့် အခုလို အဆိပ်ငွေ့တွေပါသုံးပြီး အကောက်ဉာဏ်နဲ့ ရက်ရက်စက်စက် လုပ်လာတာကိုတော့ သည်းခံထိန်းသိမ်းနေလို့ မဖြစ်တော့ဘူး၊ မြွေဆိုးဂိုဏ်းကို ဒဏ်ခတ်တိုက်ခိုက်ရမယ်"

မြွေနှတ်မယ်ဂိုဏ်းချုပ်က ပြောသည်။

ကျန်းယမ်ရှောင်ရိကို ပြောခြင်းဖြစ်သော်လည်း မိမိ၏ဆုံးဖြတ်ချက်ကို ညစာစားပွဲသို့ တက်ရောက်နေကြသော မြွေနှတ်မယ်ဂိုဏ်း၏ အကြီးအမှူး တာဝန်ခံများနှင့် လက်ရွေးစင် ဂိုဏ်းဝင်များကို အသိပေးလိုက်ခြင်းလည်း ဖြစ်သည်။

* * *

ညစာ စားသောက်ပွဲပြီးတော့ အတော် ညဉ့်နက်နေပြီ။

အပြင်လူ ယောကျ်ားလေးကို ညအိပ် ဧည့်သည်အဖြစ် လက်မခံရဟူ မြွေနှတ်မယ်ဂိုဏ်းတွင် စည်းကမ်းသတ်မှတ်ချက် ရှိနေသည့်အတွက် ကျန်းယမ်ရှောင်ရိလည်း နှုတ်ဆက်ကာ မြေဖြူရွာမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်ရာရောက် မြင်းလှည်းဖြုတ်လိုက်ပို့ရန် စီစဉ်ပေးသော်လည်း ကျန်းယမ်ရှောင်ရိက စိမ်းလဲ့မြိုင်စံအိမ်သို့ ပြန်အိပ်ရန် စိတ်ကူး မရှိသောကြောင့် ထိုအစီအစဉ်ကို လက်မခံ၊ မိမိဘာစ်ယောက်တည်း ခြေကျင်လျှောက်၍သာ ထွက်လာခဲ့သည်။

မိမိနောက်မှ တစ်စုံတစ်ယောက် လိုက်လာသလိုလို ကျန်းယမ်ရှောင်ရိ၏စိတ်ထဲ ခံစားရသည်။ သေသေချာချာ လှည့်ကြည့်ရှုကာ ရှိုးခနဲရိပ်ခနဲ လှုပ်ရှားဟန်တို့ကို မသဲမကွဲ ဖြုံးခနဲဖျတ်ခနဲ မြင်ရသည်။

မိမိသိမြင်ဖူးသော ကိုယ်ဟန် လှုပ်ရှားမှုလိုလို ထင်မိသည်။

ချင်ယုအင်းကို လာစောင့်နေကျ တောစပ်နေရာလေးသို့ အရောက်တွင်တော့ တစ်စုံတစ်ယောက်ကို စဉ်းစားမိလာ ခြေလှမ်းလည်း တုံ့ရပ်လိုက်သည်။

အသံပြုကာ ခေါ်လိုက်တော့မည်အလုပ် သူ့ရှေ့သို့ လူတစ်ယောက် ရောက်လာသည်။

"ဟော... ဦးလေးကြီးကိုး၊ ကျွန်တော်လဲ ထင်တော့ ထင်လိုက်မိသား၊ ဦးလေးကြီးပဲ ဖြစ်လိမ့်မယ်လို့"

ရောက်လာသူမှာ မျောက်ဖြူကြီး ကျန်းယမ်ကောထန် ဖြစ်သောကြောင့် ကျန်းယမ်ရှောင်ရိက ပြောသည်။

"ဘယ်လိုလဲ၊ အဆင်ပြေသွားပြီလား"

မျောက်ဖြူကြီးက မေးသည်။

"ဘာအဆင်ပြေရမှာလဲ"



"မင်းနဲ့ မင်းကောင်မလေး ချင်ယုအင်းဘို့ ကိစ္စပေါ့ကွ"

"ဟာ...ဦးလေးကြီးကလဲ"

"လုပ်မနေနဲ့ ကောင်လေး၊ မြွေဆိုးဂိုဏ်းက မြွေနတ်မယ် ဂိုဏ်းတစ်ခုလုံးကို အဆိပ်ငွေ့တွေနဲ့ အပိုင်လုပ်ကြံတာကို မင်းက ကယ်ခဲ့ပေးတာဆိုတော့ သူတို့ရဲ့ အကျိုးကို အကြီးအကျယ် ဆောင်လိုက်တာပဲ၊ မင်းက မြွေနတ်မယ် ဂိုဏ်းချုပ်ဆီမှာ သူတို့သမီးတောင်းဖို့ စကားအရိပ်အမြွက်လောက် ပြောလိုက်ရုံနဲ့ ပွဲသိမ်းသွားပြီ၊ မင်းပြောခဲ့တယ် မဟုတ်လား"

"ဟင့်အင်း...မပြောခဲ့ပါဘူး"

"မင်းကလဲကွာ...ဘယ်နှေးတာကိုး၊ ဒီလောက် အခွင့်အလမ်းကောင်းကြုံနေတာ ဘာကြောင့် မပြောခဲ့တာလဲ၊ ငါမှာဖြင့် ဒီလိုအခွင့်အရေးမျိုးရအောင် ကြားထဲက ဝင်ကူညီပေးလိုက်ရဟာ ဖပ်ဖပ်ကိုမောသွားတာပဲ"

"ဒါ...ဒါဆို ကျွန်တော့်ကို တိတ်တိတ်ဆိတ် ကူညီတိုက်ခိုက်ပေးတာ ဦးလေးကြီးလား"

"ငါမဟုတ်လို့ မင်းက ဘယ်သူလို့ထင်သလဲ၊ မင်းကိုယ်မင်း မြွေဆိုးဂိုဏ်းသား ခုနစ်ယောက်နဲ့ မြွေဆိုးဂိုဏ်းချုပ်တိုယ်တိုင်ကို အနိုင်တိုက်ခိုက်နိုင်တယ်လို့များ အောက်မေ့နေလား"

သည်တော့မှပင် လယ်တဲ ဟောင်းကြီးထဲတွင် မြွေဆိုးဂိုဏ်းသားများကို အနိုင်ယူခဲ့မှုနှင့် မြွေဆိုးဂိုဏ်းချုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားအောင် လုပ်နိုင်ခဲ့မှုတို့မှာ မျောက်ဖြူကြီး၏ လျှို့ဝှက်ကူညီပေးမှုတို့ကြောင့် ဖြစ်ကြောင်း ကျန်းယမ်ရှောင်ရှိ သိရှိရလေတော့သည်။

''မျက်နှာသေကြီးနဲ့ လူကြီးကကော''

''အဲဒါလဲ ငါပဲပေါ့ဟ၊ လူမျက်နှာ သားရေမျက်နှာဖုံးစွပ်ထားတာ၊ အခွင့်ကောင်းရတုန်း သတို့သမီး မှတောင်းခဲ့ရဘဲ မင်းက ချင်ယုအင်းနဲ့နီးစပ်အောင် ဘယ်လိုလုပ်မယ် စိတ်ကူးထားလို့လဲ''

''ဟိုလေ... ယုအင်းက ကျွန်တော့်အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ သိရအောင် အရင်စုံစမ်း အကဲခတ်မှာပေါ့''

''စုံစမ်းတာတွေ အကဲခတ်တာတွေ လုပ်မနေနဲ့တော့၊ ကောင်မလေးက မင်းကို သဘောကျနေပါတယ်''

''ဟုတ်မှလဲလုပ်ပါ ဦးလေးကြီးရာ''

''ငါက အာမခံတယ်၊ ငါပြောသလို မဟုတ်ရင် ငါ့ဇက်ကိုဖြတ်''

''အင်း...ဟုတ်တယ်ပဲ ထားလိုက်ပါတော့''

''ထားတိုက်တာ မဟုတ်ဘူး၊ တကယ့်ကို ဟုတ်နေတာ၊ လာ....မြွေနတ်မယ်ဂိုဏ်းကို ပြန်သွားကြရအောင်''

''ဘာလုပ်ဖို့လဲ''

''သတို့သမီး သွားတောင်းမယ်လေကွာ၊တစ်ခါဘည်းကိစ္စပြတ်သွားတာပေါ့''



''အခုပဲ နှုတ်ဆက်ထွက်လာတာ၊ အခုချက်ချင်း ပြန်သွားတာ မသင့်လျော်ပါဘူး၊ ပြီးတော့ မိုးလဲအရမ်းချုပ်နေပြီ''

''ဒါဆို မနက်ဖြန် မနက်မိုးလင်းရင် သွားမယ်''

''အခြေအနေ ကြည့်ကြသေးတာပေ့ါ''

''ဒါနဲ့ မင်း ဒီနေ့ည ဘယ်မှာအိပ်မှာလဲ''

''စိမ်းလဲ့မြိုင်စံအိမ်ကိုပြန်အိပ်မယ်''

တကယ်တော့ ကျန်းယမ်ရှောင်ရှိသည် စိမ်းလဲ့မြိုင်စံအိမ်သို့မပြန်ဘဲ အဆင်ပြေရာတစ်နေရာရာတွင်အိပ်ဖို့ စိတ်ကူးရှိသည်။ ဘယ်နေရာတွင် အိပ်ရမည်ကို မရွေးရသေးသောကြောင့် အလွယ်တကူ အဖြေမပေးလိုက်ခြင်းဖြစ်သည်။

''ကောင်းပြီ၊ မနက်ကျမှ မင်းကိုလာခေါ်မယ်''

စကားဆုံးသည်နှင့် မျောက်ဖြူကြီး ပြေးထွက်ပျောက်ကွယ်သွားသည်။

နောက်တစ်နေ့နံနက်တွင် မျောက်ဖြူကြီးလာခေါ်လျှင် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်မည် စိုးသောကြောင့် ကျန်းယမ်ရှောင်ရှိမှာ အဆင်ပြေရာနေရာတွင် ညအိပ်ရန် မဖြစ်တော့။

စိမ်းလဲ့မြိုင်စံအိမ်သို့သာ ပြန်အိပ်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် မနက်စောစော စားသောက်ပြီး ချိန်မှာပင် စိမ်းလဲ့မြိုင်စံအိမ်သို့ မျောက်ဖြူကြီး ရောက်ရှိလာသည်။

ကျန်းယမ်ရှောင်ရှီ၏ အခန်းလေးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်းဖြစ်သည်။

စိမ်းလဲ့မြိုင်စံအိမ်၏ အနောက်မြောက်ဘက်စွန်းရှိ နွေရာသီ အဖန်းဖြေ ဥယျာဉ်လေး၏ သီးလှောင်ရုံငယ်လေးထဲမှ အခန်းငယ်လေးတစ်ခုကို ကျန်းယမ်ရှောင်ရှီအတွက် ပေးထားကြသည်။

ထိုပန်းဥယျာဉ်လေးသို့ နွေရာသီမှ အသွားအလာ အနည်းငယ်ရှိကြပြီး ကျန်အချိန်များတွင်တော့ လာရောက်သူ မရှိသလောက်ဖြစ်သည်။ သီးသန့် နေရာလေးတစ်ခုဟုပင် ဆိုနိုင်သည်။

ကျန်းယမ်ရှောင်ရှီသည် စိမ်းလဲ့မြိုင်စံအိမ်တွင် အနေနည်းသည်။ တောထဲတောင်ထဲတွင် လှည့်လည်သွားလာရင်း သင့်ရာတွင် အိပ်စက်ကာ အဆင်ပြေသလိုစားသောက်နေတတ်ပေရာ ထိုအခန်းလေးမှာ သူ့အတွက် အထူးသင့်လျော်နေသည်။

ထိုအခန်းငယ်လေးမှာ အိပ်စက်ရန်အတွက်သာဖြစ်၏။ စားသောက်ရန်အတွက်တော့ (စံအိမ်တွင် ရှိနေသော အချိန်များတွင်)စားဖိုဆောင်သို့ သွားရောက်စားသောက်သည်။



အပြင်ထွက်နေချိန်များအတွက် ငါ အပ်သည့်ရိက္ခာများကိုလည်း စားဖိုဆောင်မှ တောင်းယူသွားနိုင်သည်။

စားဖိုဆောင်တွင် နံနက်စောစော သွားရောက် စားသောက်ပြီး မိမိ၏ အခန်းငယ်လေးသို့ ကျန်းယမ်ရှောင်ရှီ ပြန်အလာ အခန်းထဲတွင် ထိုင်လျက်သား ရှိနေသော မျောက်ဖြူကြီးကို တွေ့ရလေသည်။

မျောက်ဖြူကြီး၏အစွမ်းအစကို သိသင့်သလောက် သိရှိထားပြီးသည်မို့ မိမိအခန်းလေးထဲတွင် ရောက်နေသည်ကို ကျန်းယမ်းရှောင်ရှီ မအံ့သြတော့ပေ။

"ဟော...ဦးလေးကြီး ရောက်နေပြီကိုး၊ တယ်သား နေပါလား"

ဝတ်ကောင်းစားလှနှင့် ထည်ထည်ဝါဝါ ရှိနေသည့်အတွက်သာ နှုတ်ဆက်မေးခွန်းထုတ်လိုက်သည်။

"သတို့သမီးအတောင်းသွားရမှာဆိုတော့ ဒီလိုဝတ်စားရမှာပေါ့၊ ကဲ...မင်းလဲ အဝတ်အစားလဲလေ"

"ကျွန်တော့်မှာ အဝတ်အစားကောင်းကောင်း မရှိဘူး ဦးလေးကြီးရဲ့"

မျောက်ဖြူကြီးက ရယ်မောလိုက်ပြီး...

"ငါလဲ အထင်သားပဲ၊ ဒါကြောင့် မင်းအတွက် ဝတ်စုံကောင်းစား ယူလာခဲ့တယ်၊ ရော့...ဒါကိုပဲ လဲဝတ်လိုက်"

အဝတ်ထုပ်တစ်ခု ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယမ်ရှောင်ရိ ဖြေဖွင့်ကြည့်ရာ အစိမ်းရောင်ပိုးသားဝတ်စုံ အကောင်းစားတစ်စုံတွေ့ရသည်။ ကျန်းယမ်ရှောင်ရိ လဲလှယ်ဝတ်လိုက်ရာ အနည်းငယ် ပွသယောင်ရှိသော်လည်း အဆင်ပြေနေသည်။

"ကိုင်း...သွားကြရအောင်"

နှစ်ယောက်သား စိမ်းလဲ့မြိုင်စံအိမ်ထဲမှ ထွက်လာခဲ့ကြသည်။

စိမ်းလဲ့မြိုင်စံအိမ်နှင့် မလှမ်းမကမ်းသို့အရောက်တွင် မြင်းလှည်းတစ်စီး အသင့်စောင့်နေသည်ကို တွေ့ရသည်။

"ဟော...ဦးလေးကြီးက မြင်းလှည်းပါ စီစဉ်ထားတာကိုး"

"မကောင်းဘူးလားကွ"

"အင်း...ကောင်းပါတယ်"

နှစ်ယောက်သား မြင်းလှည်းပေါ်တက်လိုက်ကြသည်။ တက်ပြီးသည်နှင့် မြင်းလှည်းမောင်းသမားက မြင်းလှည်းကို အသားကျလေး မောင်းနှင်ထွက်လေတော့သည်။

မျောက်ဖြူကြီး ဦးဆောင်တိုက်တွန်း စီစဉ်သောကြောင့်သာ လိုက်လုပ်ရသည်။ ကျန်းယမ်ရှောင်ရိ၏စိတ်ထဲတွင် ဟန်ပါ့မလားဟု 'ထင်'ကာ မလုံမလဲရှိနေသည်။ ယခုမူ အားလုံး အဆင်ပြေ ချောမောနေရာ ကျန်းယမ်ရှောင်ရိလည်း စိတ်ရွှင်၍လာသည်။

* * *



ကျန်းယမ်ရှောင်ရိတို့၏မြင်းလှည်း မြွေဖြူရွာထိပ်သို့ရောက်လာကြသည်။

"အလို...ဘယ်လိုဖြစ်တာပါလိမ့်"

မျောက်ဖြူကြီးက မျက်မှောင်ကြုတ်ကာရေရွတ်သည်။

ကျန်းယမ်ရှောင်ရိ၏ စိတ်ထဲတွင်လည်း မြွေဖြူရွာ၏အခြေအနေမှာ ပုံမှန်မဟုတ်။ ထူးခြား ပြောင်းလဲနေသလိုလိုထင်မိသည်။

"ဟုတ်တယ်၊ ကျွန်တော့်စိတ်ထဲမှာလဲ ထူးခြားသလိုလို ထင်မိတယ်"

ကျန်းယမ်ရှောင်ရိက ပြောလိုက်သည်။

"ဘယ်လိုလဲဆိုတာ သိရအောင် ရွာထဲ ဝင်ကြည့်ကြမယ်"

မြင်းလှည်းမောင်း သမားက မြင်းလှည်းကို ဆက်၍မောင်းသည်။ မြွေနတ်ရိပ်ငြိမ် အဝင် ဝင်းတံခါးတွင် အစောင့် သိုင်းသမားနှစ်ယောက်ကို တွေ့ရသည်။

"ဆရာလေးပါလား၊ ချင်ယုအင်းကို လာတွေ့တာလား"

အစောင့်အမျိုးသမီး တစ်ယောက်က ဆီးမေးသည်။

မြွေနတ်မယ်ဂိုဏ်းဝင်များသည် သူတို့ဂိုဏ်းကို မြွေဆိုးဂိုဏ်း၏ အန္တရာယ်မှ ကာကွယ် တယ်ထင် ပေးခဲ့သော ကျန်းယမ်ရှောင်ရိကို မျက်မှန်းတမ်းလျက် မှတ်မိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်....ဒီကောင်လေးက မိန်းကလေး ချင်ယုံ အင်းကိုတွေ့ဖို့လာတာ၊ မင်းတို့ ဂိုဏ်းချုပ်ကိုလဲ ဂါရဝ လာပြုတာ"

ကျွန်းယမ်ရှောင်ရို ခက်ချင်း အဖြေမပေးနိုင်ဘဲ နှုတ်ဆိုင်းနေစဉ် မျောက်ဖြူကြီးက ဝင်ပြောသည်။

"ညီမလေးချင်ယုအင်းကော ဂိုဏ်းချုပ်ကော မရှိကြဘူး၊ မြွေဆိုးဂိုဏ်းကိုတိုက်ခိုက်ဖို့ ထွက်သွားကြပြီ၊ ဒီမှာ အိမ်စောင့် ရွာစောင့်လောက်ပဲကျန်နေတာ"

"ဘယ်အချိန်က ထွက်သွားကြတာလဲ"

"ဒီနေ့မနက် အရုဏ်မတက်ခင်"

"ဘယ်နေရာကို သွားကြတယ် ဆိုတာကို ပြောနိုင်မလား"

"အဲဒါတော့ ပြောရခက်တယ်၊ မြွေဆိုးဂိုဏ်းရဲ့ တည်နေရာကတော့ မြွေဟောက်တောင်ကြားမှာပဲ၊ ဒါပေမယ့် မနေ့ကကိစ္စဖြစ်သွားတဲ့နောက်မြွေဆိုးဂိုဏ်းကမြွေဟောက်တောင်ကြားမှာ ဆက်နေချင်မှ နေကြမှာ၊ သူတို့ ခြေရာဖျောက်သွားကြဖို့များတယ်"

ကျွန်းယမ်ရှောင်ရိမှာ အလာ ကောင်းသော်လည်း အခါနှောင်းဆိုသည့်အဖြစ်မျိုးကြုံရပြီး မြေဖြူရွာမှ ပြန်လှည့် လာခဲ့ကြရလေတော့သည်။

"သိပ် စိတ်ပျက်မနေပါနဲ့ကွာ၊ အခုအခြေအနေက မင်းအတွက် အသုံးချတတ်ရင် အခွင့်အလမ်းကောင်းလို့ ဆိုရမယ်"



မြင်းလှည်းပေါ်တွင်ခေါင်းကြီးငိုက်စိုက်ချလျက်ရှိသော ကျွန်းယမ်ရှောင်ရိကို မျောက်ဖြူကြီးက အားပေး စကားပြောသည်။

"ဘယ်လိုအခွင့်အရေးကောင်းတွေ ရှိနေ ပြန်တာလဲ"

"မင်းစဉ်းစားကြည့်လေ၊ ဒီနေ့ အရုဏ်မတက်မီ အင်အားအပြည့်နဲ့ ထွက်သွားကြတာကို ထောက်ရင် အရမ်းကို အရေးကြီးတဲ့ အကြောင်းကိစ္စကြောင့် ဆိုတာ ထင်ရှားတယ်၊ သူတို့ဂိုဏ်းအတွက် အရေးပါတဲ့ကိစ္စမှာ မင်းကလဲ ဝါစင် ကူညီ ဆောင်ရွက်ပေးလိုက်ရင် ပြီးသွားတာပေါ့ကွ...."

"သူတို့ ဘယ်သွားကြမှန်းတောင် မသိတာ၊ ဘယ်လို လုပ်ပြီး သူတို့နဲ့အတူ ပူးပေါင်းနိုင်မှာလဲ"

"ဘယ်သွားမှန်း မသိတာကို သိအောင် စုံစမ်းလို့မရတော့ဘူးတဲ့လား"

စိတ်ပျက်လက်ပျက် ဖြစ်နေသော ကျွန်းယမ်ရှောင်ရိအတွက် မျှော်လင့်ချက် ရောင်ခြည်လေး သန်းလာလေပြီ။ သို့သော် မြွေနတ်မယ်ဂိုဏ်းနောက်သို့ လိုက်လံ စုံစမ်းရှာဖွေဖို့ကတော့ အတော်ပင် ကြိုးစားဖို့လိုအပ်မည်ကိုလည်း သိနေသည်။

"ဟုတ်တယ်....သိအောင် စုံစမ်းရမယ်၊ ဦးလေးကြီးကော ကျွန်တော့်ကိုလိုက်ကူညီပေးမှာလား"

ကျွန်းယမ်ရှောင်ရိက မျှော်လင့်ချက် လေသံလေးနှင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ လေးငါးရက်လောက် အတူ ခရီးဆန့်ကြတာပေါ့၊ အဲဒီရက်တွေအတွင်းမှာ မင်းကို တတ်နိုင်သမျှ ကူညီပေးမယ်၊ သမ္မိုပြုစရာ ရှိတာတွေလဲ သင်ပေးမယ်၊ နောက်ပိုင်းကျတော့ မင်းဘာသာမင်း ကိုယ့်ဘာသာကိုယ် ဆက်လုပ်ပေတော့"

"ကျေးဇူးတင်ပါတယ် ဦးလေးကြီးရာ"

* * *

မျောက်ဖြူကြီးနှင့် ကျွန်းယမ်ရှောင်ရိတို့ နှစ်ယောက် အတူခရီးဆက်ခဲ့ကြသည်။

"အလုပ် တစ်ခုခု လုပ်ရင် ပြင်းပြတဲ့ စိတ်ဆန္ဒရှိဖို့က အရေးအကြီးဆုံးပဲ၊ ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ ကြိုးကြိုးစားစားလုပ်ရင် အောင်မြင်ဖို့အခွင့်အလမ်းတွေ ပေါ်လာလိမ့်မယ်၊ ပေါ်လာတဲ့ အခွင့်အလမ်းကို မိမိရရဆုပ်ကိုင်နိုင်ရင် အောင်မြင်မှု ရမှာပေါ့ပဲ....

"အခုမင်းက ချင်ယုအင်းကို တွေ့အောင်ရှာမယ်ဆိုတဲ့ ဆန္ဒတ ပြင်းပြထက်သန်နေတယ်မဟုတ်လား၊ အဲဒီ ပြင်းပြတဲ့ စိတ်အားထက်သန်မှုကို မလျော့စေနဲ့၊ လုံ့လ ဝီရိယလဲ ကောင်းကောင်းစိုက်၊ ဒါဆိုရှာတွေ့မှာ သေချာတယ်"

မျောက်ဖြူကြီးက ကျွန်းယမ်ရှောင်ရိတို့ ခရီးအစဉ်တွင် ပြောပြခဲ့သည်။



ခရီး အတူသွားကြရင်း ကျွန်းယမ်ရှောင်ရိ၏ သိုင်းလေ့ကျင့်မှုကိုကြည့်ရှုကာ လိုအပ်ချက်များကို ထောက်ပြ ပြုပြင်ပေးသည်။ တကယ်တော့ ယခုလို ခရီးအတူ ထွက်ခြင်းသည် ကျွန်းယမ်ရှောင်ရိ၏ သိုင်းလေ့ကျင့်မှုကို အနီးကပ် ကြည့်ရှုကူညီပေးရန် မျောက်ဖြူကြီးက အမိက ရည်ရွယ်ချက် ထားရှိသည်။

နေရာတစ်နေရာရာတွင် အတည်တကျမနေဘဲ လွတ်လွတ်လပ်လပ် သွားလာနေထိုင်တတ်သော မျောက်ဖြူကြီးအဖို့ ကျွန်းယမ်ရှောင်ရိ၏ သိုင်းလေ့ကျင့်မှုကို အချိန်ပေးကာ ကြည့်ရှုပြုပြင်ပေးဖို့ အဆင်မပြေ။

သူ၏စိတ်ဓာတ် ပါသနာ အထုံနှင့် မကိုက်ညီ။

ယခု လေးငါးရက် ခရီးအတူ ထွက်ကြသည်တွင် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အဆင်ပြေသွားခဲ့ပေသည်။

ကြပ်မကြည့်ရှု သွန်သင်ပေးသောဆရာ အနီးကပ်ရှိနေသည့်အတွက် ကျွန်းယမ်ရှောင်ရိ၏ သိုင်းလေ့ကျင့်မှုမှာလည်း များစွာတိုးတက် အောင်မြင်သည်။ 'နှစ်ပင်လိမ် သိုင်းကွက်'ကို ပြည့်ပြည့်ဝဝ ကျွမ်းကျင်တတ်မြောက်သည်။ တောလည်သိုင်းကွက်နှင့် သစ်ရွက်ခြွေ သိုင်းကွက်တို့လည်း ပိုအစွမ်းထက်လာကြသည်။

ခရီးအတူ ထွက်လာကြ၍ သုံးရက် မြောက်နေ့တွင် မျောက်ဖြူကြီးက လျှို့ဝှက်သင်္ကေတ အမှတ်အသားတစ်ခုကို တွေ့မြင်သည်။

"ကောင်လေး...ဒီမှာ လာကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဖြူကြီးက ကျန်းယမ်ရှောင်ရိုကိုခေါ်၍လျှို့ဝှက်သင်္ကေတ အမှတ်အသားကို ပြသည်။

ဘာမျှ ထူးထူးဆန်းဆန်းတော့ မဟုတ်ပါ။ သစ်ရွက်လေးတစ်ရွက် ထက်ပိုင်းပြတ်နေခြင်းသာ ဖြစ်သည်။

"ဒါ...သိုင်းသမားတစ်ယောက်ယောက် ထားရစ်ခဲ့တဲ့ လျှို့ဝှက်ဆက်သွယ်မှု သင်္ကေတပဲ"

မျောက်ဖြူကြီး ပြောမှဖင် လျှို့ဝှက်သင်္ကေတ ဖြစ်ကြောင်း ကျန်းယမ်ရှောင်ရို သိရလေတော့သည်။ သူ့အနေဖြင့်မူ ထိုသစ်ရွက်လေးကို တွေ့ပင်မတွေ့မိပါ။ သတိပြုမိ၍ တွေ့လျှင်လည်း သူ့သဘာသာသူ ပြတ်နေခြင်း ဖြစ်မည်ဟူသာ ထင်မိပေလိမ့်မည်။

"ချင်ယုအင်းထားခဲ့တဲ့ လျှို့ဝှက်သင်္ကေတဖြစ်နိုင်လားဟင်...ဦးလေးကြီး"

"ဒါက မြွေနတ်မယ်ဂိုဏ်းဝင်မှမဟုတ်တာ၊ သူတို့ဂိုဏ်းဝင်တွေသုံးတဲ့ လျှို့ဝှက်သင်္ကေတကို ဘယ်သိမှာလဲ၊ ဒါပေမယ့် မြွေနတ်မယ်ဂိုဏ်းနဲ့ မြွေဆိုးဂိုဏ်းတို့ရဲ့ လျှို့ဝှက်သင်္ကေတဖြစ်ဖို့ကတော့ များပါတယ်"

"တခြားဂိုဏ်း တစ်ခုခုကတော့ မဖြစ်နိုင်ဘူးလား ဦးလေးကြီးရဲ့"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အခုလောလောဆယ် ဒီဒေသဘက်မှာ လှုပ်လှုပ်ရှားရှားဆိုလို့ မြွေနတ်မယ်ဂိုဏ်းနဲ့ မြွေဆိုးဂိုဏ်းတို့ပဲ ရှိနေကြတာ မဟုတ်လား၊ အခြားဂိုဏ်းတွေက ပုံမှန်ပဲရှိနေကြတာ၊ ဒါကြောင့် သူတို့ဂိုဏ်း



နှစ်ဂိုဏ်းရဲ့ လျှို့ဝှက်သင်္ကေတ ဖြစ်ဖို့များဘယ်လို့ ပြောတာ"

"ကျွန်တော်ကတော့ ချင်ယုအင်းထားခဲ့တဲ့ လျှို့ဝှက်သင်္ကေတဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"အေးကွာ၊မင်းဆုတောင်းသလိုဖြစ်ပါစေဟုတ်လား"

ခရီးဆက်လာခဲ့ရာတွင် ကျန်းယမ်ရှောင်ရိုသည် သစ်ရွက်များကို သတိထားကာ ကြည့်ရှုသည့် အလေ့အကျင့် ရလာခဲ့သည်။

လေးရက်မြောက် ညနေပိုင်းတွင် သစ်ရွက်ထက်ပိုင်းပြတ် လျှို့ဝှက်သင်္ကေတတစ်ခုကို တွေ့ရပြန်သည်။

"မင်း ဆုတောင်းသလို ဒါဟာ ချင်ယုအင်းထားခဲ့တဲ့ လျှို့ဝှက်သင်္ကေတသာဖြစ်မယ်ဆိုရင် သူတို့သွားကြတဲ့လမ်းကြောင်းအတိုင်း ငါတို့လိုက်လာမိပြီကွ"

မျောက်ဖြူကြီး၏စကားကြောင့် (မိမိဆုတောင်းပြည့်မပြည့် မသေချာသော်လည်း)ကျန်းယမ်ရှောင်ရို စိတ်အားတော့ တက်ကြွလာရသည်။

ကျန်းယမ်ရှောင်ရိုနှင့်ငါးရက်အတူ ခရီးဆန့်ပြီးနောက် မျောက်ဖြူကြီး နှုတ်ဆက်စကားဆိုကာ လမ်းခွဲထွက်သွားမီ ကျန်းယမ်ရှောင်ရိုကို ငွေအသပြာအလော်များများ ပေးထားခဲ့သည်။

ကျန်းယမ်ရှောင်ရို တစ်ယောက်တည်း ခရီးဆက်ခဲ့လေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျွန်းယမ်ရှောင်ရိ တစ်ယောက်တည်း ခရီးဆက်လာခဲ့သည်။

သူသည် မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် တောထဲ တောင်ထဲတွင် တစ်ကိုယ်တော် လှည့်လည်သွားလာနေထိုင်လာခဲ့သည့်မို့ အဖော်မပါသော်လည်း မိမိဘာသာ သွားလာ နေထိုင်တတ်သည်။ ဘာမှ အခက်အခဲမရှိ။

တစ်ကိုယ်တည်း ခရီးနှင်လာခဲ့ရာ နှစ်ရက်အကြာတွင် သစ်ရွက်ထက်ပိုင်းပြွတ် လျှို့ဝှက်သင်္ကေတကို တွေ့ရပြန်သည်။

ကျွန်းယမ်ရှောင်ရိက သစ်ရွက်ထက်ပိုင်းပြွတ်ကို သေသေချာချာ ကြည့်ရှုအကဲခတ်သည်။

အချိန်ယူ အကဲခတ်လျက် စဉ်းစားခန်းဝင်နေသည်။ ထိုတ်သည်။



သူ့စိတ်ထဲတွင် ဤသစ်ရွက် ထက်ပိုင်းပြွတ်လေးသည် ချင်ယုအင်းထားရစ်ခဲ့သော လျှို့ဝှက်သင်္ကေတဖြစ်နိုင်မည် ဟူသော ‘အစွဲလေး’ရှိနေရာ လျှို့ဝှက်ချက်ကိုဖော်ထုတ်သိရှိ ချင်စိတ်လည်း ပြင်းပြနေသည်။

သစ်ရွက်ထက်ပိုင်းပြွတ်လေးသည် ခရီး လမ်းကြောင်း တစ်ခုခု အတွက် လမ်းညွှန် ဖြစ်လေမည်လားဟု အတွေး ပွားသည်။

ဤအတွေးဖြင့် ဆင်ခြင်ကြည့်ရာ သစ်ရွက် ထက်ပိုင်း ပြွတ်သည် သစ်ပင်၏ အနောက်မြောက်ထောင့် နေရာတွင် ရှိနေသည်ကို သတိပြုမိသည်။

အနောက်မြောက်ဘက်ဆီသို့သွားရန် ညွှန်နေ သလိုလို ထင်မိသည်။

မည်သည့်နေရာဟူ၍ ဦးတည်ရာ မည်မည်ရရ မရှိဘဲ လမ်းသင့်လျှင်သင့်သလို ခြေဦးတည့်ရာသွားနေသည့်အတူတူ သစ်ရွက် ထက်ပိုင်းပြွတ်ကညွှန်ပြသည်ဟုထင်ရသောဖြစ်သော အနောက်မြောက်ဘက်ဆီသို့ သွားရန် စိတ်ကူးပေါ်လာ သည်။

ဤသို့ဖြင့် ကျွန်းယမ်ရှောင်ရိသည် အနောက်မြောက် အရပ်ဆီသို့ ရှေးရှုကာ သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် သစ်ရွက်ပိုင်းပြွတ် လျှို့ဝှက်သင်္ကေတကို တွေ့ရပြန်သည်။ သစ်ရွက် ထက်ပိုင်းပြွတ် သည် သစ်ပင်၏မြောက်ဘက်ထောင့်နေရာတွင် ရှိနေလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်သင်္ကေတတွေအကြောင်း အကျွမ်းမဝင်သော်လည်း တောထဲတောင်ထဲ ကျင်လည်ကျက်စားခဲ့မှုအတွေ့အကြုံများအရ ထိုသစ်ရွက်ကို ထက်ပိုင်း ဖြတ်ခဲ့သည်မှာ အချိန်မကြာသေးကြောင်းလည်း အကဲခတ်မိသည်။

ဖြတ်သွားသောသစ်ရွက်မှ စိမ်းနုံ့ သင်းအင်းလေးပင် ကျန်နေဆဲ။ သာမန် အရပ်သားများ သိနိုင်မည်မဟုတ်သော်လည်း တောကျွမ်းသော ကျန်းယမ်ရှောင်ရို၏ နှာခေါင်းကတော့ စိမ်းနုံ့သင်းသင်းကိုရှူမိသိရှိသည်။

သစ်ရွက်ကို ဖြတ်၍ လျှို့ဝှက်သင်္ကေတ ပြုလုပ်ထားရစ်ခဲ့သူတို့ခြေရာခံနိုင်တော့မည့် အခွင့်အလမ်းပေါ်လာပြီမို့ ကျန်းယမ်ရှောင်ရို စိတ်အားအထူးတက်ကြွသာသည်။ ပို၍ မြန်မြန်သွက်သွက်လျှောက်သည်။

နှစ်နာရီကျော်ကျော်လောက် အကြာတွင်တော့ ခြေရာများကိုတွေ့ရသည်။

ကျန်းယမ်ရှောင်ရိုလည်း ထိုခြေရာများအတိုင်း အမြန်ဖင်လိုက်သွားလေတော့သည်။ ခြေရာတို့မှာ အမျိုးသမီးခြေရာများ ဖြစ်သောကြောင့် ကျန်းယမ်ရှောင်ရိုအားတက်သရော ပိုရှိနေသည်။

အကယ်၍ သိုင်းလောက အတွေ့အကြုံ အတန်အသင့်ရှိလျှင် ထိုခြေရာတို့၏ ထူးခြားချက်ကို ကျန်းယမ်ရှောင်ရိုသတိပြုမိပေလိမ့်မည်။



ခြေရာတို့သည်အနေဘာပင် ထင်ထင်ရှားရှားရှိနေသည်။ သိုနေရာသည် ရွံ့မြေပျော့လည်းမဟုတ်။ တောတွင်း လူသွားလမ်းဖုံဖုံလေးသာဖြစ်သည်။

သည်လို ခြေရာထင်ထင်ရှားရှားရှိရန် တခင် အားစိုက်ကာ နင်းမှသာဖြစ်နိုင်သည်။

ထို့ပြင် ခြေရာတို့သည် လူသွားလမ်း ဖုံဖုံသေးပေါ်တွင် ရုတ်ဘရက်ကြီးပေါ်၍ လာခြင်းဖြစ်သည်။ အဆက် အစပ် ခြေရာလက်ရာများကို စောစောပိုင်းတုန်းက အစအနပင် မတွေ့ခဲ့ရ။

ကျန်းယမ်ရှောင်ရိုသည်ယောကျ်ားခြေရာ၊ မိန်းမခြေရာဟူသည်လောက်ကိုသာ ခွဲခြားသိနိုင်၍ အမျိုးသမီးခြေရာမှန်း သိသည်နှင့် စိတ်လှုပ်ရှား တက်ကြွသွားရာ သေသေချာချာစူးစမ်းဆင်ခြင်မှုပင် မလုပ်နိုင်တော့ပါ။

* * *

"ဝှစ်..."

အသံလေး တစ်ချက်ကြားရသည်။ ခပ်သဲ့သဲ့လေး မျှသာပါ။

ကျန်းယမ်ရှောင်ရိုသည် နားပါးသည်။ ထို့ပြင်မျောက်ဖမ်းသမား လုပ်လာသူမို့ ကြိုးကွင်းပစ်လည်း အထူးကျွမ်းကျင်သည်။ ခပ်သဲ့သဲ့မျှသာ ကြားလိုက်ရသည့် အသံ

www.burmeseclassic.com

www.burmeseclassic.com



လေးသည် ကြိုးကွင်း ရှေ့ခင်းသံ ဖြစ်ကြောင်း ချက်ချင်း သိသည်။

ထိုသို့ သိလိုက်ချိန်မှာပင် သူ့ထံသို့ ကြိုးကွင်းတစ်ခု တန်းဝင်လာသည်။

ကျန်းယမ်းရှောင်ရိကာ ခြေလှမ်းတုံ့ရပ်ခြင်းမရှိ။ အရှိန်နှင့်အင်အားကိုပင် ရုတ်ခြည်း ပိုမြှင့်စာင်အသုံးချကာရှေ့သို့ တစ်ပတ်ကျွမ်းပစ်၍လှမ်းသည်။

တစ်ပတ်ကျွမ်းပစ်ပြီး မြေပေါ်ခြေမိသည်နှင့် နီးရာ သစ်ပင်တစ်ပင်ပေါ်သို့ မျောက်တစ်ကောင်ထက်ပင် ပိုမြန်ဆန်သော လျှပ်ရှားမှုဖြင့် တက်သည်။

မျောက်ဖမ်း သမားကောင်း တစ်ယောက်၏ ပင်ကိုကျွမ်းကျင်မှုဖြင့် အလျှိုအလျောက် လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

သာမန်အားဖြင့် ဆိုလျှင် ရုတ်တရက်ကို အတိုက်ခိုက်ခံရသောအခါ ခြေလှမ်းတုံ့ရပ်ကာ နောက်သို့ ဖြစ်စေ၊ ဘေးတစ်ဖက်တစ်ချက်သို့ ဖြစ်စေ ခုန်ရှောင်ကြ ပေလိမ့်မည်။

ထိုသို့ လုပ်ဆောင်လျှင် လှမ်းပစ်လာသော ကြိုးကွင်းစက်ကွင်းမှ လွတ်စရာ အကြောင်းမရှိ။ ခြေလှမ်း တုံ့ရပ်လိုက်သည်နှင့် ကြိုးကွင်းက စွပ်မိလျက် ခုန်ရှောင်မှုသည် စွပ်မိသော ကြိုးကွင်း မြဲမြံတင်းကျပ်အောင် လုပ်ပေးသလိုသာဖြစ်ပေလိမ့်မည်။



ခြေလှမ်း တုံ့ရပ်ခြင်း မပြုဘဲ ပို၍ အရှိန်မြှင့်ကာ ရှေ့တစ်ပတ်ကျွမ်းဖစ် တက်လှမ်းမှသာ ကြိုးကွင်း စက်ကွင်းမှ လွတ်မြောက်နိုင်ပေသည်။

မျောက်များတို့ ကြိုးကွင်းပစ် အမိဖမ်းနေကျဖြစ်သောကြောင့် ကျန်းယမ်းရှောင်ရိသည် ဤသဘောကို ကောင်းကောင်းသိနေသည်။

ထို့ကြောင့် ရုတ်တရက်ကြိုးကွင်းနှင့် လှမ်းပစ် တိုက်ခိုက်မှုကြောင့် အငိုက်အမိခံရတော့မလိုရှိသော်လည်း အလိုအလျောက် တုံ့ပြန်မှုကို လျင်မြန်သွက်လက်စွာ လုပ်ဆောင် ရှောင်တိမ်းနိုင်ခဲ့သည်။

မြေပြင်တွင် ရှိနေလျှင် ဆက်၍ ကြိုးကွင်း ပစ်စွပ်နိုင်သည့် အန္တရာယ် ရှိနေမြဲဖြစ်သောကြောင့် နီးရာသစ်ပင်သို့ အမြန်တက်လိုက်သည်။

သို့ရာတွင်....

ကျန်းယမ်းရှောင်ရိ အထွက် ကံဆိုးသည်မှာ သူအပြေးအလွှားတက်လိုက်သော သစ်ပင်ထက်တွင် သူ့ကိုရန်မူမည့်လူတစ်ယောက် ရှိနေခြင်းပင်။

ထိုရန်မူမည့်လူမှာလည်း မြွေဆိုးဂိုဏ်းချုပ် ဆားအေဒ္ဒိုဖြစ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြွေဖြူရွှာမှ ကမန်းကတန်း ထွက်ခွာ လာခဲ့ကြသော မြွေဆိုးဂိုဏ်းသည် အတော်လေးပင် ပရမ်းပတာ ဖြစ်နေသည်။

စည်းလွတ်ကမ်းလွတ် သောက်စား မူးယစ်နေကြရာမှ ဖြုန်းစားကြီး အခြေအနေများ ပြောင်းလဲကုန်ကာ ရုတ်တရက် ထွက်ခွာလာရသည်မို့ စုစုစည်းစည်းလည်း မရှိ။

မိမိတို့နောက်သို့ မြွေနှတ်မယ်ဂိုဏ်းက အနီးနှင့်အမြန် ဆိုသလို လိုက်လံတိုက်ခိုက်မည်ကို မြွေဆိုးဂိုဏ်းချုပ်က သိရှိသည်။

မြွေဆိုးဂိုဏ်း၏ လက်တလော အနေအထားမှာ မြွေနှတ်မယ်ဂိုဏ်းကို တင်းတင်းမာမာ ရင်ဆိုင်ခြင်း မပြုနိုင်ကြောင်းကိုလည်း နားလည်သည်။

သို့ကြောင့်မြွေနှတ်မယ်ဂိုဏ်းနှင့် ရင်ဆိုင်ရလျှင်အကြိတ်အနယ်တိုက်ခိုက်ကြခြင်းမပြုဘဲ လူစုခွဲဖြန့်ကာ ရှောင်တိမ်းထွက်ကြရန် အရေးပေါ် ညွှန်ကြားချက် ပေးခဲ့သည်။

ဆားအော်ပို့ တွက်မိသည့် အတိုင်းပင် မြွေနှတ်မယ်ဂိုဏ်းက အင်ပြည့်အားပြည့်နှင့် သူတို့နောက်အမီလိုက်လာကာ တိုက်ခိုက်ကြသည်။

မြွေဆိုးဂိုဏ်းဝင်များကလည်း အရေးပေါ် ညွှန်ကြားချက်အတိုင်း လူစုခွဲဖြန့်ကာ ရှောင်တိမ်း ထွက်ပြေးကြသည်။

အရေးပေါ် ညွှန်ကြားချက်ထုတ်ခဲ့ချိန်က မြွေဆိုးဂိုဏ်းဝင်တို့ အရက်မူးကောင်းနေတုန်း ဖြစ်လျက် မြွေနှတ်မယ်ဂိုဏ်း၏ တိုက်ခိုက်ခြင်းခံရသော အခါတွင်မှ အမူးပြေပြီးခါစ ဖြစ်သည်။

အရေးပေါ် ညွှန်ကြားချက်တွင် ဘယ်သို့ လူစုခွဲရမည်၊ ဘယ်ပုံဘယ်နည်း ပြန်ဆုံကြမည် စသည်တို့ ပြည့်ပြည့်စုံစုံပါသော်လည်း အရက်မူးနေကြသည့် မြွေဆိုးဂိုဏ်းဝင်တို့မှာ သိပ်မမှတ်မိကြ။

အတိုက်ခံရလျှင် လူစုခွဲရှောင်ထွက်ပြေးရမည် ဆိုသည့် သောက်ကိုသာ သိရှိကြသည်။

ထို့ပြင် မြွေဆိုးဂိုဏ်းတစ်ဂိုဏ်းလုံးလိုလို လူစုခွဲ ရှောင်တိမ်းရမှု အတွေ့အကြုံလည်း သူတို့တွင်မရှိ။ ယိုသို့သော အခြေအနေမျိုးကို တွေ့ရလိမ့်မည် တူလည်း မျှော်လင့်ထားကြသောကြောင့် ကြိုတင်လေ့ကျင့်မှုပင် လုပ်မထား။

သည်တော့ မြွေဆိုးဂိုဏ်း၏ လူစုခွဲ ရှောင်တိမ်းမှုသည် စည်းကမ်းမဲ့ ကျဲဟော့တော့။ ပရမ်းပတာ ဖြစ်နေသည်။

သည်ကြားထဲ မြွေနှတ်မယ် ဂိုဏ်းကလည်း တိုက်ခိုက်နေရာ ပွဲသိမ်း၍ ပြေးကြသူများလို ခြေစုံးတည့်ရာကို အားကုန်သုတ်ကာ ထွက်ပြေးခဲ့ကြသည်။

မြွေနှတ်မယ်ဂိုဏ်း၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရသည်နှင့် ချက်ချင်း ရှောင်တိမ်း ထွက်ပြေးကြသောကြောင့် စနစ်တကျမရှိသည့်တိုင် မြွေဆိုးဂိုဏ်းမှ ထိခိုက်ကျဆုံးမှုလျော့ တင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထိအခိုက်ကျင်းစွာ ရှောင်တိမ်းထွက်ပြေးနိုင်ကြသော်လည်း မြွေဆိုးကိုက်အနေဖြင့် လူပြန်စုရန်ကတော့မလွယ်ဘဲ ရှိနေသည်။

ဆားအော်ပို့သည် စုရပ်နေရာတွင်စောင့်ဆိုင်းပါသော်လည်း ကိုက်းဝင်တစ်ယောက်မျှ ရောက်မလာကြ။

ဘယ်လိုဖြစ်နိုင်ကြောင်းတွေးမိသည့်အတွက် ဆားအော်ပို့သည် စုရပ်နေရာတွင် တစ်ယောက်တည်းထိုင်စောင့်မနေတော့ဘဲ လျှို့ဝှက်သင်္ကေတများလုပ်ကာ ကွဲစုကွဲသွားသော ကိုက်းဝင်များ ပြန်လည်စုစည်းမိအောင် လုပ်ရချေတော့သည်။

ကျွန်းယမ်ရှောင်ရိုတို့ တွေ့ခဲ့ရသော သစ်ရွက်ထက်ပိုင်းပြတ်များသည် လူပြန်စုရန် မြွေဆိုးကိုက်းချုပ်တားခဲ့သော လျှို့ဝှက်သင်္ကေတများသာ ဖြစ်သည်။

လျှို့ဝှက်သင်္ကေတကြောင့် မြွေဆိုးကိုက်းဝင် အတော်များများ ကိုက်းချုပ်ထံ ရောက်ရှိစုစည်းလာကြရာ ဆားအော်ပို့က အစုအဖွဲ့များစနစ်တကျဖွဲ့ကာ သီးသန့်တာဝန်နှင့် ညွှန်ကြားချက်များပေး၍ ခွဲဖြန့်စေလွှတ်လိုက်သည်။

သူကိုယ်တိုင်ကတော့ ကျန်နေသေးသော ကိုက်းဝင်များကို စောင့်ဆိုင်းရင်း နောက်ချန်နေရစ်သည်။

သည်နေ့တွင် ကိုက်းဝင်နှစ်ယောက် ဆားအော်ပို့ထံ ရောက်လာခဲ့ရာ တစ်ယောက်က မသင်္ကာဖွယ် လူငယ်တစ်ယောက် သူတို့ရှိရာသို့လာနေသည်ကိုတွေ့ခဲ့ကြောင်းသတင်းပို့သည်။



ဆားအော်ပို့ ချောင်းမြောင်း စုံ စမ်း ရာ ကျွန်းယမ်ရှောင်ရိုဖြစ်နေကြောင်း သိခဲ့သည်။

မြွေနတ်ရိုပ်မြိမ်တွင် ရင်ဆိုင်တိုက်ခိုက်ခဲ့စဉ်က ထူးခြားသည့် ဖြစ်ရပ်များ ပေါ်ခဲ့သည့်အတွက် ဆားအော်ပို့သည် ကျွန်းယမ်ရှောင်ရိုကို ရှုံ့နေသည်။ အရမ်းမလုပ်ရဲ။ ကျွန်းယမ်ရှောင်ရိုကို မျှားခေါ်ကာ အပိုင်ဖမ်းဆီးရန် အစီအစဉ်များ လုပ်ခဲ့သည်။

သူတို့မျှားခေါ်သော ခြေရာ လမ်းကြောင်း အတိုင်း ကျွန်းယမ်ရှောင်ရို တိုးဝင်လာလေရာ ပစ်ကွင်းနေရာသို့ အရောက် ကြိုးကွင်းနှင့် အပိုင် လှမ်းပစ်ခဲ့သော်လည်း ကျွန်းယမ်ရှောင်ရို၏ ကြိုးကွင်းပစ်မှုတွင် ကျွမ်းကျင်လှသော် အလိုအလျောက် လျင်မြန်စွာ တုံ့ပြန် ရှောင်တိမ်းနိုင်မှုကြောင့် အမိဖမ်းယူရေး အစီအစဉ် ပျက်ခဲ့ရလေတော့သည်။

* * *

ရုတ်တရက် ပက်ပင်းကြီးရင်ဆိုင်တိုးမိရာ သစ်ပင်ပေါ်ရှိ ဆားအော်ပို့ရော သစ်ပင်ပေါ် အလျှင်အမြန် တက်လာသော ကျွန်းယမ်ရှောင်ရိုပါ အံ့အားသင့်ကြီး အံ့ဩလျက် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

www.burmeseclassic.com



ထို့နောက် နှစ်ယောက်လုံး အသံပြန်စင်လာကြလျှက် [...] ဆားအောင်ပို့က လက်ဝါးဖြင့် ဆီးရိုက်လျှက် ကျန်းယမ်[...] ရှောင်ရိုကလည်း သစ်ပင်အောက် အမြန်ပြန်ဆင်းသည်[...]

"ဖုန်း"

ကျန်းယမ်ရှောင်ရို၏ရင်မောက်တွင် လက်ဝါးရိုက်ချက် [...] ထိသည်။

ရိုက်အားက အားကုန်ထည့်ကာ ရိုက်ချလိုက် သေ[...] လည်း သည်ကောင်လေးကိုတစ်ခါတည်းလက်စသိမ်းမလုပ်[...] အရှင်လက်ရဖမ်းကာ စစ်ဆေး စူးစမ်းမှုများပြုဖို့ ရင်[...] တရက် သတိရကာ ဆားအောင်ပို့က လက်ဝါးရိုက်ချ[...] အားကို ချက်ချင်းပြန်လျှော့ချသည်။

ကျန်းယမ်ရှောင်ရိုကလည်း အောက်သို့ပြန်ဆင်းသွ[...] ရာ လက်ဝါးရိုက်ချက် အထိခံရသော်လည်း အားအင်[...] ကော့ အပြည့်အဝမသက်ရောက်။ လက်ဝါးရိုက်ချက် အ[...] အဟုန်၏ ထက်ဝက်ခန့်ကိုသာ ခံရသည်။

မြွေဆိုးဂိုဏ်းချုပ်၏ လက်ဝါးရိုက်ချက် အားထက်[...] ဆိုသည်ကလည်း တကယ်တော့ မေါ်သေးသေး မဟုတ်[...] ကျန်းယမ်ရှောင်ရိုမှာ အသက်ရှုကျပ်ကာ ရင်ဘတ်[...] အောင့်သွားသည်။

အကယ်၍သာ ထိပ်တိုက်ရင်ဆိုင်မိသည့် အနေအထား[...] တွင် ဆိုလျှင် ကျန်းယမ်ရှောင်ရိုသည် သစ်ပင်အောက်[...] ကားမနီ ပြုတ်ကျသွားမှာ သေချာသည်။ ယခု သစ်[...]



အောက် ပြန်ဆင်းနေချိန်မို့ သူ့ကို အောက်သို့ ပိုမြန်မြန် ရောက်အောင် မိတွန်းချသလိုဖြစ်သည်။

ဟန်ချက်ထိန်းချက်ကတော့ ပျက်သည်။

အကယ်၍ ကျန်းယမ်ရှောင်ရိုသာ သစ်ပင် အတက် အဆင်း အထူးကျွမ်းကျင်ခြင်းမရှိလျှင် လက်ဝါးရိုက်ချက် အထိခံရမှု ဒဏ်အပြင် သစ်ပင်ပေါ်မှ ပြုတ်ကျမှု ဒဏ်ရာ ကိုပါ ထပ်ဆောင်းခံရလျှက် အတော်ကြီးကို အထိနာသွား နိုင်သည်။

ကျန်းယမ်ရှောင်ရိုသည် ဟန်ချက်ပျက်သွားမှုကို တအိ မှုသော အချိန်တိုလေးအတွင်းမှာပင် ပြန်ထိန်းနိုင်သည်။ သစ်ပင်အောက်သို့ အဆင်ပြေချောမောစွာ ရောက်ရှိသည်။ ရင်ဝတွင်းတော့ တစ်ဆို့ကာ အသက်ရှုကျပ်နေဆဲ။

သည်နေရာသည် အန္တရာယ် ထက်ကွင်း ဖြစ်နေပေရာ အမြန်ဆုံးရှောင်တိမ်း ထွက်ပြေးမှဖြစ်မည်ကို ကျန်းယမ် ရှောင်ရို သိသည်။ ထို့ကြောင့် သစ်ပင်အောက်သို့ ရောက် သည်နှင့် တုံ့ဆိုင်းမနေ၊ ထွက်ပြေးလေတော့သည်။

ပြေးသည်ဆိုရာတွင် မြေပြင်၌ ခြေတင်ကာ ပြေးခြင်း မဟုတ်။ ထိုသို့ပြေးလျှင်လည်း မြွေဆိုးဂိုဏ်းမှလွတ်နိုင်မည် မဟုတ်။

ကျန်းယမ်ရှောင်ရိုသည် သူပိုင်နိုင်သော လမ်းကြောင်း အတိုင်း သစ်ပင်ပေါ်တက်ကာ ကိုယ်ယောင်ဖျောက် ရှောင် တိမ်း ထွက်ပြေးသည်။ သည်တစ်ခါတွင်တော့ ပြေးတက် မည့် သစ်ပင်ကို သေသေချာချာ စူးစမ်းရွေးချယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်တွင် ပုန်းအောင်းနေသူရှိမရှိ သေချာအောင် ကြည့်ပြီးမှ အန္တရာယ်ကင်းရှင်းသည့် သစ်ပင်ပေါ် တက်မြေးသည်။

ထိုနေရာမှာ သစ်ပင်တွေ အတော်လေး ထူထူထပ်ထပ် ရှိနေမှုက ကျန်းယမ်ရှောင်ရိအတွက် တစ်ဝန်းသွာသလို ဖြစ်နေသည်။

မြွေဆိုးဂိုဏ်းချုပ်က ကျန်းယမ်ရှောင်ရိကို လက်နက်ပုန်းနှင့် လှမ်းပစ်သည်။ ကျန်မြွေဆိုးဂိုဏ်းဝင် နှစ်ယောက်ကလည်း လက်နက်ပုန်းများနှင့် ဝိုင်းပစ်ကြသည်။ လက်နက်ပုန်းများ ပလူပျံသွားသည်။

"မလွှတ်စေနဲ့....လိုက်ကြ"

လက်နက်ပုန်းနှင့် လှမ်းပစ်ပြီးနောက် မြွေဆိုးဂိုဏ်းချုပ်က အော်ဟစ် အမိန့်ပေးသည်။ သူကိုယ်တိုင်လည်း ကျန်းယမ်ရှောင်ရိ တက်ပြေးသွားသည့် သစ်ပင်ကြီးဆီသို့ အမြန်ပင် ကူးသွားသည်။ ဂိုဏ်းဝင် နှစ်ယောက်လည်း သူ၏နောက်မှ လိုက်လာသည်။

သစ်ပင်များအကြားတွင် ကျန်းယမ်ရှောင်ရိကို မျောက်ဖြူကြီးပင်လျှင် တွေ့အောင်မရှာနိုင်ခဲ့ပေရာ မြွေဆိုးဂိုဏ်းဝင်များအဖို့တော့ ပြောဖွယ်ရာမလိုတော့။

ကျန်းယမ်ရှောင်ရိ၏ အစအန၊ အရိပ် အငွေ့တို့ပင် မတွေ့ကြရ။

* * *



ညင်လုဆဲ နေဝန်းကြီး၏ အလင်းရောင်က သိပ်တောက်တောက်ပပ မရှိတော့၊ အားပျော့စပြုပြီ။

သစ်ပင်များအုပ်အုပ်စည်းစည်း ပေါက်ရောက်နေသော တောတန်းလေး ထဲတွင်တော့ အမှောင်က စိုးမိုးစပြုပြီ။ မှောင်ရိပ်သန်းစ တောတန်းလေးထဲတွင် လှုပ်ရှားမှုတစ်ခုက ရှိနေသည်။

မိန်းမပျိုလေး တစ်ယောက်။

ခပ်သုတ်သုတ် လျှောက်လှမ်းနေသည်၊ သာမန် ကျေးတောသူတစ်ယောက် မဟုတ်သည်ကတော့ သေချာသည်။ နောက်ကျောတွင် ဓားရှည် တစ်လက် သိုင်းလွယ်ထားသည်။ ခါးစည်းအကြားတွင်လည်း ဓားမြှောင်တိုတစ်လက်နှင့် ဓားပျံနှစ်စင်း ထိုးထားသည်။

ခရီးဆောင်အိတ်ရှည်နှင့် လက်နက်ပုန်း အိတ်ငယ်လေးကိုလည်း သိုင်းလွယ်လျက်။

"ဝုန်း...."

ရုတ်တရက် သစ်ကိုင်းတစ်ခု ကျိုးကျလာသည့် အတွက် မိန်းကလေးခြေလှမ်းတုံ့ကာ နောက်သို့ ခုန်ဆုတ်သည်။ လက်ကလည်း လွယ်ထားသော ဓားရှည် လက်ကိုင်ပေါ် အလိုလိုရောက်သည်။

တကယ်တော့ သစ်ကိုင်းကျိုးကျခြင်းမဟုတ်၊ သစ်ကိုင်းတစ်ကိုင်း ကွေးညွတ်ကျလျက် ထိုသစ်ကိုင်းတွင် ခိုတွဲပါလာသော လူတစ်ယောက် ပြုတ်ကျသွားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတွဲအားသူ ဖြုတ်ကျသွားသည်တွင် ကွေးညွတ်ကျသောသစ်ကိုင်းလည်း ပြန်လည် ထောင်ကြွတက်သည်။

ဖြုတ်ကျသူကတော့ မြေပြင်တွင် ဖွဲ့အိတ်တစ်ခုလို ပုံပုံကြီး လဲကျလျက်။

ပြန်ထမလာ။

မိန်းကလေးက သတိရှိရှိဖြင့် ထိုသူအနားသို့ တိုးကပ်သွားသည်။

"တို့ပါ...ယု...အင်း"

လဲကျနေသူထံမှ အသံတိုးတိုး ပေါ်ထွက်သည်။

"ဟင်...ရွှေခင်ရီ"

မိန်းကလေးချင်ယုအင်းလည်း အသံကြားသည်နှင့်ချက်ချင်းမှတ်မိကာ လဲကျနေသောကျွန်းယမ်ရွှေခင်ရီ အနားသို့ အပြေးဝင်သွားသည်။ ပေါင်းတွင်ဒူးထောက်ထိုင်ကာ စိုးရိမ်တကြီးမေးသည်။

"ဘာဖြစ်တာလဲဟင်...ဘာဖြစ်တာလဲ"

"မြွေ...ဆိုး...ကိုက်...ချုပ်"

ကျွန်းယမ်ရွှေခင်ရီသည် ညှုမှုသော အနိုင်နိုင် ပြောနိုင်ကာ သတိလစ် မေ့မြောသွားသည်။

ချင်ယုအင်းသည် ကျွန်းယမ်ရွှေခင်ရီကို ဖေးမယူကာ စစ်ဆေးကြည့်သည်။

အမှောင်က ပိုသိပ်သည်းလာသည့် အတွက် သဲသဲကွဲကွဲ မမြင်ရ၊ သေသေချာချာစစ်ဆေးခြင်းမပြုနိုင်၊ သွေးစေး



များပေကျံနေကာ ကိုယ်ခန္ဓာလည်း ချစ်ချစ်တောက် ပူနေသည်ကိုသာ သိရသည်။

ချင်ယုအင်းသည် ခရီးဆောင် မီးခွက် ငယ်လေးကို အမြန်ထုတ်ကာ မီးထွန်း ညှိလိုက်သည်။ မီးခွက်ငယ်၏ အလင်းရောင်ဖြင့် ကျွန်းယမ်ရွှေခင်ရီ ကိုယ်ကို စမ်းဆေး ကြည့်သည်။

ရင်မောက်တွင် လက်ဝါးရိုက်ချက် ထိခံရသော ဒဏ်ရာကို တွေ့ရသည်။

ညာပခုံးနှင့် ဘယ်နံစောင်းတို့တွင် လက်နက်ပုန်းတစ်ခု စီစိုက်ဝင်နေသည်။ မြွေဆိုးကိုက်း၏ မြွေစိမ်းဆူးလက်နက်ပုန်းများဖြစ်ကြောင်း မြင်ရုံနှင့်သိသည်။

လက်နက်ပုန်းများသည် သွေးကြောကွက်များ ပေါ်တွင်မဟုတ်ဘဲ သွေးကြောကွက်လွတ်ရာ အသားပေါ်တွင်သာ စိုက်နေကြခြင်း ဖြစ်သည်။ ဒဏ်ရာ နက်သည့်တိုင် သွေးကြော အာရုံကြောများကိုမထိခိုက်၊ အပြင်အပဒဏ်ရာ ထိချက်မျိုးသာ ဖြစ်သည်။

စူးနစ်ဝင်နေသော လက်နက်ပုန်းကို နှုတ်ယူခြင်း မပြုရသေးသည့်အတွက် ဒဏ်ရာတစ်ဝိုက် နီရဲရောင်ကိုင်း နေသည်။

အတွင်းဒဏ် အကြီးအကျယ်ဖော်မရှိ။ အတွင်းဒဏ်ရှိလျှင်လည်း အနည်းအကျဉ်းသာဖြစ်လိမ့်မည်။

ချင်ယုအင်းက မြွေစိမ်းဆူး လက်နက်ပုန်း နှစ်ခုကို ဆွဲနှုတ်ပစ်သည်။ လက်နက်ပုန်း အထိခံရသည့် ဒဏ်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆေးများ တည့်လိမ်းပေးသည်။ တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူပြင်းနေသည့် အတွက်ကတော့ စိုးရိမ် ဖွယ်ရာ ဖြစ်သည်။

ဒဏ်ရာများ ရနေသည့်ကြားမှ အအိပ်ပျက်အစားပျက်နှင့် အပြင်းအထန်လှုပ်ရှားခဲ့ရမှုကြောင့် မန်းဝင်ပြီးအဖျားကြီးနေပုံရသည်။

သိုင်းလောကတွင် သွားလာ လှုပ်ရှားနေသော ချင်ယုအင်းသည် တိခိုက်ရှနာမှု ဒဏ်ရာများနှင့် ဇောင်ရုံတန်ရုံ အတွင်းဒဏ်ဖြစ်မှုတို့ကို ပြုစုကုသပေးတတ်သည်။ အဖျားတက်နေမှုကိုတော့ဘာယ်လိုကုပေးရမည်မှန်းမသိ။နားလည်းမလည်။

ကျန်းယမ်ရှောင်ရှိ သတိလစ်နေသည်မှာလည်း အပြင်းဖျားနေမှုကြောင့် ဖြစ်ပေရာ အဖျားကျအောင် အမြန်လုပ်ပေးဖို့လိုသည်။ သည်တော့ သမားတော် ရှာမှ ဖြစ်တော့မည်။

ချင်ယုအင်းသည် အဖျားတက် သတိလစ် နေသော ကျန်းယမ်ရှောင်ရှိကို ကျောပိုးကာ သမားတော် ရှာရန် အမြန်ပင်ထွက်လာခဲ့သည်။

* * *



တောတန်းလေးမှ ထွက်ကာ ခရီးပြင်းလာခဲ့ရာ တစ်နာရီခန့် အကြာတွင် ရွာလေးတစ်ရွာသို့ ရောက်လာလေသည်။

ချင်ယုအင်းသည် ရွာထဲသို့ မဝင်သေးဘဲ ရွာအစပ်နားရှိ တဲအိမ်ငယ်လေး တစ်ခုတွင် သမားတော် အကြောင်း စုံစမ်းသည်။

"စန်းကြူမြို့လေးကသမားတော်ကြီး စုးခိုင်ထုံးဆိုတာနာမည်ကြီးပဲ၊ ဆေးချက်ပိုင်ပြီး ဆေးစွမ်းလဲ အရမ်းထက်တယ်၊ အဲ...ငွေကတော့ အတော်ကိုမက်တာ၊ သူတောင်းသလောက် ငွေမပေးနိုင်ရင် လူနာကို ငဲ့စောင်းပြီးတောင် မကြည့်ဘူး"

ထိုတဲအိမ်လေးတွင်တစ်ယောက်တည်း နေထိုင်နေသော အမျိုးသမီးကြီးက ပြောသည်။

"စန်းကြူမြို့လေးဆိုတာ ၊ ဘယ်လောက် ဝေးသလဲ"

ဆေးစွမ်းထက်သော သမားတော်၏သတင်းကိုရသည့် အတွက် အတော်လေး အားတက်သွားသော ချင်ယုအင်း ကမေးသည်။

"သိပ်မဝေးဘူး၊ ဒီရွာရဲ့မြောက်ဘက် သုံးမိုင်လောက် မှာရှိတာ"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်"

"ဟာ...လူမမာကိုကျောပိုးပြီးခြေကျင်သွားမလို့လား၊ မဟုတ်တာကွယ်၊ သမားတော်ဆီ မရောက်ဘဲ လမ်းခုလတ်မှာတင်အသက်ထွက်သွားလိမ့်မယ်၊ လူမမာကို ဒီမှာထား

www.burmeseclassic.com

ခဲ့၊ မင်းက သမားတော်ကို ပင့်ခဲ့ပေါ့၊ ငါ့ဆီကမြင်းကို ယူစီးသွား''

သဘောကောင်းသော အမျိုးသမီးကြီးက သူတတ်နိုင်သမျှ အကူအညီတွေပင် ပေးနေသည်။

''သမားတော်ကြီးက ဒီအထိလိုက်လာပါမလား''

''သူက ငွေခက်ပါတယ်လို့ ပြောပါပေကော၊ သူလိုချင်တဲ့ ငွေကြွေခသာ ပေးရင် လိုက်လာလိမ့်မယ်''

''ဒါဆို ကျုန်မ သမားတော်သွားပင့်မယ်၊ လူမမာကို နည်းနည်း ဂရုစိုက်ကြည့်လိုက်ပါနော်''

''ရတယ်၊ မင်းသာ မြန်မြန်သွားပြီး မြန်မြန်လာ''

''တွေ့တဲ့...တွေ့တဲ့''

*　　*　　*

အမျိုးသမီးကြီး၏မြင်းမှာ အကောင် သိပ်မထွားသော်လည်း အပြေးသန်သည်။ အဖမာလည်း လုံသည်။ အပြင်းနှင်ခဲ့ရာ နာရီဝက်အတွင်းမှာပင် စန်းကြူမြို့လေးသို့ ရောက်သွားသည်။

နာမည်ကျော် သမားတော်ကြီးတစ်ယောက်မို့ စူးခိုင်ထုံး၏အိမ်ကို အလွယ်တကူပင် စုံစမ်းတွေ့ရှိသည်။

အိမ်တံခါးကတော့ ပိတ်နေပြီ။

ချင်ယုအင်းက တံခါးရှိ ကြေးကွင်းကို ကိုင်လှုပ်ကာ တံခါးခေါက်သံ ပေးလိုက်သည်။



ပိတ်နေသောတံခါး ဟပွင့်သည်။

''ဘာကိစ္စလဲ''

တံခါးဖွင့်ပေးသော ဂင်တိုတိုလူက မေးသည်။ သမားတော်ကြီး၏အိမ်မှ တံခါးစောင့်ဖြစ်ဟန် တူသည်။

''အပြင်းဖျားနေတဲ့ လူမမာ တစ်ယောက် အတွက် သမားတော်ကြီးကို လာပင့်တာပါရှင်''

ချင်ယုအင်းက ရည်မွန်ရိုကျိုးစွာ ပြောသည်။

''သမားတော်ကြီး မရှိဘူး''

တံခါးစောင့်က မာမာပြတ်ပြတ်ပြောလျက် တံခါးကို ပြန်ပိတ်မည် ပြုသည်။

ကျန်းသမ်ရှောင်ရိုကို အမြန်ဆုံးဆေးကုပေးဖို့ အရမ်းအရေးကြီးနေသည်မို့ သမားတော်ကြီးစူးခိုင်ထုံးကို မရရအောင် ပင့်ခေါ်ရန် ချင်ယုအင်း စိတ်ပိုင်းဖြတ်ထားသည်။

ထို့ကြောင့် တံခါးမပိတ်နိုင်ရန် တံခါးရွက်အား အမြန် ရုမ်းဆွဲထားလိုက်သည်။

''ငွေကြွေခနဲ့ ဆေးဖိုးဝါးခ ကောင်းကောင်း ပေးပါမယ်ရှင်၊ လူမမာ အရမ်းအဖျားဘက်နေလို့ပါ''

ပါ့စပ်မှလည်း တောင်းတောင်းပန်ပန် ပြောသည်။

''သမားတော်ကြီး မရှိဘူးလို့ ပြောပြီးပြီမဟုတ်လား၊ စကားဆယ်ခါရှည်နေကော၊ ထွက်သွား''

တံခါးစောင့်က ဗိုမိုတင်းမာလာသည်။

ချင်ယုအင်းတို့ပင် တွန်းထုတ်သည်။

www.burmeseclassic.com



ကောင်း ကောင်း မွန် မွန် ပြောဆို၍ မရလျှင် ရသည့်နည်းနှင့် လုပ်ရတော့မည်ဟု ချင်ယုအင်းက သူမတို့ တွန်းထုတ်သည့် တံခါးစောင့်၏လက်ကို ဆတ်ခနဲဖမ်းချုပ်လိုက်သည်။

တံခါးစောင့်မှာ ကြောင်လက်ထဲရောက်သည့် ကြွက်တစ်ကောင်ပမာ ဖြစ်သွားရှာလေတော့သည်။

သည်တော့မှ တံခါးစောင့်လည်း မိမိကိုချုပ်ဖမ်းသော မိန်းကလေးကို အလန့်တကြား အကဲခတ်မိသည်။ မိန်းကလေး၏ ကိုယ်ပေါ်တွင် လက်နက်တွေရှိနေသည်ကို တွေ့ရတော့ တံခါးစောင့် မျက်လုံးပြူးသွားသည်။

သိုင်းဆရာ တစ်ယောက်ဝါလား။

တံခါးစောင့်မှာ ရုတ်ခြည်းပင် တုန်တုန်ယင်ယင် ဖြစ်သည်။

"သမားတော်ကြီး ဘယ်မှာလဲ"

ချင်ယုအင်းက မေးသည်။

သူမအသံက မာမာတင်းတင်း ဖြစ်နေပြီ။

"အိမ်မှာ မရှိပါဘူးခင်ဗျာ"

တံခါးစောင့်က ပြန်ဖြေသည်။

အသံကလည်း ပျော့ပျော့တုန်တုန်။

"ဟုတ်ပြီ၊ အိမ်မှာမရှိရင် ဘယ်သွားနေလဲ"

တံခါးစောင့်က မဖြေချင်သလိုလို လျှစ်နေသေးသည်။ ချင်ယုအင်းက ဓားမြှောင်ကိုဆွဲထုတ်ကာ လည်မျိုတွင်တေ့



လိုက်ရာ ကြောက်ကြောက်လန့်လန့်နှင့် အဖြေပေးရလေတော့သည်။

"လိန်လိန်တို့အိမ်ကို သွားပါတယ်"

"လိန်လိန်ဆိုတာ ဘယ်သူလဲ"

"ဟို...ဟို...ဟိုသင်း"

"မေးတာဖြေစမ်း၊ သေသွားချင်သလား"

လည်ပင်းပေါ်တင်ထားသော ဓားသွား ဖိလာသည်။ သွေးပင်စို့ကာ စပ်ခနဲဖြစ်ရာ တံခါးစောင့်မှာ ကြယ်ဖွက်မနေရဲတော့၊ ထုတ်ဖော် ပြောရလေတော့သည်။

"သမားတော်ကြီးရဲ့ ဖျော်ဖြေဆက်မိန်းကလေးပါ"

"ဟုတ်ပြီ၊ အဲဒီလိန်လိန်ဆိုတဲ့ မိန်းကလေးရဲ့ အိမ်ကို လိုက်ပို့စမ်း"

လည်ပင်းကို ဓားတေ့ကာခေါ်ရာ တံခါးစောင့်မှာ ကြောက်ဆုတ်ကြောက်ဆုတ်နှင့် လျှောက်လှမ်းသွားရလေတော့သည်။

မိုးချုပ်နေသည်မို့ လမ်းဘေးတွင် လူသွားလူလာမရှိ၊ ရှင်းလင်းနေသည်။ သမားတော်ကြီး စူးခိုင်ထုံး၏ အိမ်မှ အစောင့်ကို ချင်ယုအင်းက ဓားတေ့ ခေါ်လာသည်ကို သတိပြုမိသူ မရှိကြပါ။

အတန်ငယ်သွားပြီးနောက် သစ်သားအိမ်တစ်လုံး ရှေ့သို့ ရောက်လာကြသည်။ ခါးလုံးများနှင့် ခြံစည်းရိုး ခြံတံခါးက ပိတ်နေသည်။

"အဲဒီအိမ်ပါပဲ၊ ကျုပ် သွားပါရစေတော့"

www.burmeseclassic.com

www.burmeseclassic.com



"မသွားခင် ရှင့်ဆရာကို လှမ်းခေါ်ပေးခဲ့ပါဦး"

ချင်ယုအင်း၏ စေခိုင်းမှုကို တံခါးစောင့် မလွန်ဆန်ရဲ။ လှမ်းခေါ် ပေးလိုက်ရသည်။

"ဆရာကြီး....ဆရာကြီး"

"ဘယ်သူလဲ"

ခြံဝင်းထဲမှ မေးသံပေါ်လာသည်။ အသံက အမျိုးသမီးကြီး တစ်ယောက်၏ အသံ။

"ကျွန်တော် လောက်ဖုန်းပါ၊ ဆရာကြီးကို လူနာလာ ဖင့်တဲ့လူက လိုက်အမှိုခိုင်းလို့"

"သမားတော်ကြီး အလုပ်များနေတယ်၊ လာမရှုပ်နဲ့"

ခြံတံခါးပင်မဖွင့်ဘဲ မောင်းထုတ်သောကြောင့် ချင်ယုအင်း ဒေါသထွက်သွားသည်။

"ဟို...ကျုပ် ဘာလုပ်ပေးရဦးမလဲ"

တံခါးစောင့် လူကြီးက မေးသည်။

"မလိုဘူး၊ ရှင်သွားတော့"

ဒေါသထွက်နေသော ချင်ယုအင်းက တံခါးစောင့် လူကြီးကို ဖိကြိမ်းလိုက်၏။ ထိုလူကြီးမှာလည်း သည်လို အပြောမျိုးစောင့်နေရာ သူမစကားဆုံးသည်နှင့် တစ်ကြိမ်တည်း ထွက်သွားလေတော့သည်။

* * *



ချင်ယုအင်းက ဖြေးထွက်သွားသော တံခါးစောင့် ကြီးကို လိုက်ဖမ်းမနေတော့ပါ။ စေ့စေ့ပိတ်နေသော င်းတံခါးကိုသာ မကျေမနပ်နှင့် ကြည့်နေသည်။

ဝင်းတံခါးပိတ်ထားလျှင် ထိုခြံဝင်းထဲသို့ ဝင်၍မရနိုင် ဘာဘူးလား။ သည်ခြံစည်းရိုးနှင့် ဝင်းတံခါးသည် ချင် အင်းအတွက်တော့ အထားဆီးမဟုတ်ပါ။

ခြံစည်းရိုးကို ကျော်ကာ ဝင်းခြံထဲ အသာခုန်ဝင်လိုက် သည်။

ခြံဝင်းထဲတွင် ခြေချမိသောအခါ တိုယ်ကိုကိုင်းညွတ် ကာ ခေါင်းမော့လျက် အခြေအနေကို အကဲခတ်ကြည့်၏။ ခြံဝင်းထဲတွင် ဘာလှုပ်ရှားမှုမျှမရှိ။

ရှင်းလင်းနေသည်။

ငြိမ်သက်နေ၏။

ခြံဝင်းအလယ်လောက်တွင် ရှိနေသော သစ်သားအိမ် သေးကလည်း ငြိမ်သတ်နေသည်။ ပြတင်းပေါက်တစ်ခုတွင် ရောင် လင်းလက် နေသည်မှ အပ တစ်အိမ်လုံးလည်း မှောင်၍နေသည်။

စိတ်ကျေနပ်အောင် အကဲခတ် ကြည့်ရှုပြီးနောက် ချင် အင်းသည် မီးရောင်လင်းနေသော ပြတင်းပေါက် ရှိရာ ခြေဖော့နင်းကာ ညင်ညင်သာသာ ချဉ်းကပ်သွား၏။ တင်းပေါက်ထောင့်အကြနားလောက်မှ အတွင်းဘက်သို့ သာ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းဖြစ်ဟန်တူသော အခန်းတစ်ခန်းထဲတွင် လူသုံး ယောက် ရှိနေသည်ကို ထွန်းထားသော ဖန်မီးအိမ် အလင်းရောင်ဖြင့် ထင်ထင်ရှားရှား မြင်ရ၏။

ယောကျ်ားနှစ်ယောက်နှင့် မိန်းကလေး တစ်ယောက်

ယောကျ်ားနှစ်ယောက်သည် သက်ဆတ်ပိုင်း အရွယ် များသာဖြစ်သည်။ တစ်ယောက်က ပိန်ပိန်သွယ်သွယ်၊ တစ် ယောက်က ခပ်ဝဝ တောင့်တောင့်။

မိန်းကလေးကတော့ အသက်(၁၇)နှစ်သာသာခန့် ရှိပေဦးမည်။ အသားဖြူဖြူ၊ အရပ်အမောင်းအနေတော် ကိုယ်လုံးကိုယ်ပေါက် ပြည့်ပြည့်တင်းတင်းနှင့် စွဲမက်ဖွယ် ကြီးရောပင်။

လိန်လိန်ဆိုသူ ဖြစ်လိမ့်မည်ဟု သူမ မှန်းဆမိသည်။

ယောကျ်ားနှစ်ယောက် ရှိနေရာ မည်သူသည် သ ... ကောင်ကြီး စူးခိုင်ထုံး ဖြစ်မည်ကို ခန့်မှန်းရခက်နေသည်။

ပိန်ပိန်သွယ်သွယ်လူက အခန်းထဲရှိ ခုတင်ပေါ်တွင် ... ဆင်း ကျောမှီကာ ထိုင်နေသည်။ မိန်းမပျိုလေးက ... အနား ခုတင်စောင်းတွင် တင်ပါးလွှဲထိုင်ကာ ပန်းသီး တစ်လုံးကို ခွဲစိတ်လျက် ထိုသူ အသင့်စားနိုင်ရန် လုပ် ... နေသည်။

ခပ်တောင့်တောင့်လူကတော့ ခုတင်ဘေးရှိ ထိုင်ခုံ ... ထိုင်နေသည်။

ချင်းယွှအင်း ချောင်းကြည့်လိုက်ချိန်တွင် ခပ်ဝဝ တော ... တောင့် လူသည် ထိုင်နေရာမှ ထ ကာ မိန်းမပျို၏ ... ခောင်း တစ်ဖက်ကို ဆုပ်ဆွဲ၍ အခန်းအပြင်သို့ အသာ ... ထွန်းထုတ်သည်။

"ရှင်တို့နှစ်ယောက် ဘာတွေများ တိုးတိုးတိတ်တိတ် ... ပြောကြဦးမလို့လဲ"

မိန်းမပျိုလေးက အသာထရပ်ရင်း မှုသလိုလိုနှဲ့သလိုလို ... အသံလေးနှင့် ပြောသည်။

"ငါတို့ အလုပ်ကိစ္စ တိုင်ပင်စရာရှိလို့ပါ၊ နင် အော် ... အား ဆေးဆေး သွားနားနေလိုက်ဦး"

ပိန်ပိန်သွယ်သွယ်လူက ပြောသည်။

"ဟွန်းကွဲရှင့်..."

မိန်းမပျိုလေးသည် ခွဲလက်စ သစ်သီးပန်းကန်ကို ယူ ... ကာ အခန်းပြင်သို့ ထွက်သွားသည်။

* * *

"ကဲ...ပြောစမ်းပါဦး ခင်ဗျားကိစ္စက"

မိန်းမပျိုလေး ထွက်သွားပြီးသောအခါ ပိန်ပိန် သွယ် သွယ်လူက ခပ်ဝဝ တောင့်တောင့်လူကို မေးလိုက်သည်။

"ခင်ဗျားကိုပဲ အားကိုးရတော့မှာပဲ စူးခိုင်ထုံးရာ"

ခပ်ဝဝ တောင့်တောင့်လူက ရယ်ကျဲကျဲနှင့် ပြန်ပြော သည်။

"ဟုတ်ပါတယ် လူကြည်ချမ်းရဲ့၊ ကျုပ်ဘာကူညီပေး ရမယ်ဆိုတာသာ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုသင်းလေ....ဗိုဆေးမျိုး၊ အဲဒါ ခင်ဗျားဆီမှာ ရှိတယ်မဟုတ်လား"

"ဘာဆေးလဲ"

လူကြည်ချမ်းက စူးခိုင်ထုံး၏ နားရွက်နားသို့ ကပ်တ… ကီးတိုးပြောသည်။

မျ…ချင်ယုအင်း အာရုံစိုက်ကာ နားထောင် သော်လည်း … ပြောသည်က တိုးလွန်းသောကြောင့် ဘာမျှ မကြားရပ… လူကြည်ချမ်း ဟူသော အမည်ကို ကြားဖူး သလိုလိုလည်း …

ဖင် ချင်ယုအင်းထင်မိသည်။

"အကြံကတော့ ပိုင်ပါပေ့ဗျာ၊ ခင်ဗျားမို့လို့ ဒီအကြ… မျိုးစဉ်းစားမိတာ"

လူကြည်ချမ်း၏ နှစ်ကိုယ်ကြားတီးတိုးစကားကို နား… ထောင်ပြီးနောက် စူးခိုင်ထုံးက ခေါင်းတဆတ်ဆတ်ညိတ်… ပြီးမှတ်ချက်ချသည်။

"ကျွန်တော်က အကြံ ထုတ်ရုံသာ ထုတ်နိုင်တာပ… တကယ်လက်တွေ့ အောင်မြင်ဖို့ကတော့ ခင်ဗျား ပေါ်မှာ… မူတည်နေပါတယ်"

"ခင်ဗျား လိုချင်တဲ့ဆေးမျိုး ကျုပ်ဖော်စပ် ပေးနိုင်… တယ်"

"ကျေးဇူး ပါပဲဗျာ"

"ကျွန်တော့် အတွက်အကျိုးအမြတ်ကကော"

လူကြည်ချမ်းက လက်နှစ်ချောင်းထောင်ပြကာ...

"ခင်ဗျားကို ငွေနှစ်သောင်းပေးမယ်လေ"



ချင်ယုအင်း မျက်လုံးပြူးသွားသည်။

ထိုအချိန်ကာလက အကောင်းဆုံး မဏမတန်း ဆေးတစ်ဖိုစာမှ ငွေနှစ်ရာတန်ဖိုးရှိနေရာ ငွေနှစ်သောင်း ပေးရလောက်အောင် ဘယ်လို့ဆေးမျိုးဖြစ်မည်နည်းဟု စဉ်းစားကြည့်မိသည်။

"ခင်ဗျားက လူရော သိုင်းကျမ်းရော အပိုင်ရမယ့်အပြင် လုပ်စာတ် တိုင်စာတ်မယ် ဆိုရင် ဂိုဏ်းတစ်ခုလုံးဟောင်ခင်ဗျားစိတ်ကြိုက်ခြယ်လှယ်နိုင်မှာ၊ ကျွန်တော့် အတွက်ငွေနှစ်သောင်းပဲ ပေးမှာအား"

"ဘယ်လောက် လိုချင်တယ်ဆိုတာ ပြောဗျာ"

"ငွေနှစ်သိန်း...ပြီးတော့"

"ပြီးတော့ ဘာရှိသေးလဲ"

"သိုင်းကညာ ငယ်ငယ်ချောချောလေး သုံးလေးငါးယောက်လောက်ပေါ့"

"ခင်ဗျားဟာတော့ လုပ်ပြီ"

"ကိုင်း....ဘယ်လိုလဲ"

"ငွေနှစ်သိန်းကတော့ ကျွန်တော်ရှာဖွေစုဆောင်းပြီး ပေးနိုင်ပါတယ်၊ သိုင်းကညာပျို ငယ်ငယ်ချောချောလေး တွေကတော့ ကျွန်တော့် အကြံအစည် အောင်မြင်ပြီးမှ ရနိုင်မှာ"

"ကျွန်တော်နားလည်ပါတယ်လေ၊ ငွေနှစ်သိန်း စလုံးလဲ အကုန်အစင် ပေးစရာမလိုပါဘူး၊ ငါးသောင်းပဲပေး

www.burmeseclassic.com

www.burmeseclassic.com



အရမ်းလည်း ကြောက်သည်။

"ဒီခြံဝင်းထဲမှာ မြင်းလှည်းရှိတယ် မဟုတ်လား"

ချင်ယုအင်းက မေးသည်။

အသံတိုးသော်လည်း အံကြိတ်ကာ မေးသည့်အတွက် ခြိမ်းခြောက်မှုဟန်ဟိတ်တို့ အပြည့်ရှိနေသည်။

စူးခိုင်ထုံးက ရှိကြောင်းဖြေသည့် သဘောဖြင့် မျက်တောင်များ ပုတ်ခတ်ပုတ်ခတ် လုပ်ပြသည်။

"ရှင့်ခြေထောက်တွေ လျှောက်လှမ်း သွားနိုင်အောင် အကြောတချို့ ဖြေဖွင့်ပေးမယ်၊ မြင်းလှည်းရှိတဲ့ နေရာကို လိမ္မာမာနဲ့ သွား၊ ကြားလား"

ချင်ယုအင်းက တော့ကမ်းဆောသော ဓားသွားကို ခပ်ဖိဖိလေး ကြိတ်၍ပွတ်ဆွဲလိုက်ရာ စပါးလုံး တစ်ထောက်၏ ထက်စက်မှုရှိသော ဓားဒဏ်ရာအစင်းကြောင်းပေါ်လျက် သွေးများလည်း စိမ့်ထွက်သည်။

စူးခိုင်ထုံးမှာ ကြောက်လွန်းလှ၍ တစ်ကိုယ်လုံး ချွေးပြန်သည်။ အသံမထွက်နိုင်အောင် အကြော ထိုးပိတ်ထားခြင်းသာ မခံရလျှင် ငယ်သံပါအောင် စူးစူး ဝါးဝါး အော်မိမည်အမှန်။

ချင်ယုအင်းက စူးခိုင်ထုံး ခြေထောက်များ လှုပ်ရှားလမ်းလျှောက်နိုင်ရုံ သွေးကြောအချို့ကို ပြန်ဖြေဖွင့်ပေးသည်။ လည်ပင်းပေါ် ဓားသွား တင်မထားတော့သော်လည်း စူးခိုင်ထုံးမှာ အနည်းငယ်မျှပင် တလန်ကဆန် မလုပ်ရဲ။ ချင်ယုအင်းပြောသမျှ ကျိုးနွံစွာ နာခံသည်။



သူ၏မြင်းလှည်းရှိရာသို့ လျှောက်လှမ်းသွားရသည်။

ထိုမြင်းလှည်းမှာ စူးခိုင်ထုံး၏မြင်းလှည်းဖြစ်လျက် ခြံဝင်းအနောက်ဘက် ချောင်ကျကျနေရာ အမှောင်ရိပ်တွင် ရပ်ထားသည်။ လိန်လိန်၏အိမ်သို့ ခပ်လျို့လျို့ လာပြီး မယောင်မလည်နှင့် တိတ်တဆိတ် ပြန်ထွက်လေ့ရှိသည့်အတိုင်း မြင်းလှည်းရပ်ထားရာမှောင်ရိပ်ဆီသို့ စူးခိုင်ထုံး လာနေသည်ကို လှမ်းမြင်သောအခါ မြင်းလှည်းမောင်းသမားသည် အလိုက်သိစွာပင် ကြိုတင်၍မြင်းလှည်းတံခါးကို ဖွင့်ပေးသည်။

စူးခိုင်ထုံးနှင့်အတူ ချင်ယုအင်း ပါလာသော်လည်း သည်လို မိန်းမပျိုလေးများကို မြင်းလှည်းပေါ် တင်ကာ အတူစီးသွားနေကျမို့ အထွေအထူး သံသယမဖြစ်ပါ။

စူးခိုင်ထုံးကလည်း မြင်းလှည်းပေါ်သို့ အသွားပင်လှမ်းတက်ရာ အခြေအနေအရပ်ရပ်သည် အေးဆေးစွာ အဆင်ပြေသွားသည်။

ချင်ယုအင်းက သွားရမည့်နေရာနှင့် အစီအစဉ်တို့ကို မြင်းလှည်းမောင်းသမားအား ပြောလိုက်ပြီး မြင်းလှည်းပေါ် ခပ်တည်တည်ပင် တက်သည်။

ခါတိုင်းသွားလာသလိုမျိုး မဟုတ်ဘဲ ထူးခြားသည့် ခရီးလမ်းကြောင်း ဖြစ်နေသော်လည်း မိန်းကလေးက ဂုံးခိုင်ထုံးရှေ့မှောက်တွင် ပြောဆိုညွှန်ကြားပြီး စူးခိုင်ထုံးကလည်း ဘာမျှဝင်မပြောဘဲ ရှိနေသောကြောင့် မြင်း

www.burmeseclassic.com

www.burmeseclassic.com



ထား၊ ခင်ဗျားအကြံအစည်အောင်ပြီဆိုမှ ကျန်တဲ့ငွေတွေ ပေး"

"တယ်ဆန်းတာကောင်းပါလား၊ ငွေလေးပုံ တစ်ပုံစီ လက်ခံစီးယူတယ်"

"ဟုတ်တယ်...ခင်ဗျား အကြံအောင်သွားပြီဆိုပေမယ့် ကျွန်တော့်ရဲ့ဆေးတို့တော့ ထပ်ဖျော်နေရဦးမှာပဲ၊ ဒီတော့ ခင်ဗျားက ကျွန်တော့်အတွက် ငွေအပြည့် မပေးလို့ မရဘူးလေ"

"ဒီဖွိုကြီး...ကောင်းပါပြီဗျာ၊ မနက်ဖြန်ကျရင် ငွေငါးသောင်း ခင်ဗျားလက်ထဲ အပ်ပါမယ်၊ ဆေးကတော့ ဘယ်တော့ရမှာလဲ"

"ငွေငါးသောင်း ပေးတဲ့အချိန်မှာ ဆေးလုံးငါးလုံး ရစေမယ်"

"ကောင်းပြီ...ဒါဆို ကျွန်တော် သွားတော့မယ်... ခင်ဗျားမှာလဲ လုပ်စရာတွေ ရှိနေသေးတယ် မဟုတ်လား၊ ဟဲ...ဟဲ...ဟဲ"

"ခင်ဗျားကို ကျွန်တော်လိုက်ပို့ပေးပါမယ်"

စူးခိုင်ထုံးက လူကြည့်ချမ်းတို့ ခြံဝင်းတံခါးအထိ လိုက်ပို့ပေးသည်။

ပို့ပေးပြီးနောက် အိမ်ခန်းထဲပြန်လာသည်။ အိမ်ခန်းထဲ ပြန်ရောက်လျှင် လိန်လိန်ကို လှမ်းခေါ် လိုက်မည်ဟုလည်း စိတ်ကူးထားသည်။



အိမ်ခန်းထဲသို့ လှမ်းဝင် လိုက်သည်နှင့် ငယ်ရွယ်နုပျို ချောမောသော မိန်းကလေး တစ်ယောက်ကိုတွေ့ရသည်။

လိန်လိန်တော့မဟုတ်ပါ။

မိန်းမမှုတွင် ဝါသနာထုံသော စူးခိုင်ထုံး၏ မျက်လုံးများ ဝင်းလက်လာသည်။

သို့သော်...

စူးခိုင်ထုံး၏ တပ်မက်စိတ်မှာ တဖက်မျှသာ ကြာသည်။

မိန်းကလေးက လျှင်မြန်စွာလှုပ်ရှားကာ အကြောများ ထိုးပိတ်လိုက်ရာ စူးခိုင်ထုံးမှာ လှုပ်လည်း မလှုပ်ရှားနိုင်၊ စကားလည်း မပြောနိုင်၊ အသံပင်မပြုနိုင်ဘဲ ကျောက်ရုပ်ကြီးတစ်ခုလို တောင့်တောင့်ငြိမ်ငြိမ်ကြီး ဖြစ်သွားသည်။

တပ်မက်စိတ်တို့ ကြိတ်ပျောက်ငှက်ပျောက်ပင် ပျောက်ဆုံးကုန်သည်။ ဤမိန်းကလေးမှာ တပ်မက်စရာ မဟုတ်။ ကောင်းကောင်း အန္တရာယ်ပေးနိုင်သည့် ကြောက်စရာသာ ဖြစ်ကြောင်းလည်း ကောင်းကောင်းနားလည်သွားလေပြီ။

* * *

တောင့်တောင့်ငြိမ်ငြိမ်ကြီး ဖြစ်သွားသော စူးခိုင်ထုံး၏ လည်ပင်းပေါ်တွင် ချင်ယုအင်းက ဓားသွားတင်လိုက်ရာ စူးခိုင်ထုံး၏ ထိပ်ပေါ်တွင် တစ်ခုဘည်းသော လှုပ်ရှားနိုင်သည့် အင်္ဂါအစိတ်အပိုင်းဖြစ်သည့် မျက်လုံးပြူး အိုယ် ဝိုင်းစက်တာ ကလယ်ကလယ် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်း မောင်းသမားကလည်း အတွေအထူး စဉ်းစားမနေတော့။

ချင်ယုအင်း စေခိုင်းသည့်အတိုင်းသာ လုပ်လေတော့သည်။

မြင်းလှည်းသည် လိန်လိန်တို့ခြံဝင်း နောက်ဖေးဘက်အပေါက်မှ တိတ်တဆိတ် ထွက်သည်။ စူးခိုင်ထုံး၏ အိမ်နားတွင် ခဏရပ်သည်။

ချင်ယုအင်း မြင်းလှည်းပေါ်မှဆင်းကာ စောစောပိုင်းက ချည်ထားရစ်ခဲ့သော စီးမြင်းကို ယူသည်။ ထိုမြင်းကို မြင်းလှည်းနောက်ဘက်တွင် ကြိုးရှည်ရှည်နှင့် ချည်သည်။ ထို့နောက် မြင်းလှည်းပေါ် ပြန်တက်သည်။

ခဏ ရပ်တန့်နေသော မြင်းလှည်းလည်း ဆက်လက်ထွက်ခွာသည်။

ခပ်သွက်သွက် မောင်းနှင်လာခဲ့ရာ အချိန်သိပ်မကြာဘဲ ကျန်းယမ်ရွှောင်ရိကို ထားခဲ့သည့် တဲအိမ်လေးသို့ ရောက်သည်။

* * *

တဲအိမ်နှင့်မလှမ်းမကမ်းသို့ အရောက်မှာပင် ချင်ယုအင်းက စူးခိုင်ထုံး၏ အပိတ်ခံထားရသော အကြောအားလုံးကို ဖြေဖွင့်ပေးလိုက်သည်။



"အဲဒီအိမ်ပေါ်မှာ အရမ်းဖျားနေတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ကို သေသေချာချာ ကုသပေးပါ"

တဲအိမ်ရှေ့တွင် မြင်းလှည်းရပ်သောအခါ ချင်ယုအင်းက ပြောသည်။

စူးခိုင်ထုံးမှာ တုနင့်တပ္ပိုး ထမ်းထားရသော ဝန်ထုပ်ကြီး ပပျောက်သွားသလို ခံစားရသည်။ သူ့ကိုဘယ်လိုများ စီရင်ဆုံးဖြတ်လေမည်နည်းဟု တစ်လမ်းလုံး တထိတ်ထိတ်ဖြင့် လိုက်ပါလာခဲ့ရာမှ ခရီးလမ်းဆုံးသို့ရောက်သောအခါ အဖျားတက်နေသော လူတစ်ယောက်ကို ကြည့်ရှုကုသပေးရန်ဆိုတော့ အလေးတော်ကြီးကို စိတ်ပေါ့ပါးသွားသည်။

ဆေးအတတ် ကျွမ်းသော ဝါရင့် သမားတော်တစ်ယောက်အတွက် အဖျားတက်နေသူကို ကုသပေးဖို့ ဘာမှ ဝန်လေးစရာ အကြောင်းမရှိပါ။

သည့်မြင်းလှည်းမှာလည်း သူ၏ သီးသန့်ကိုယ်ပိုင် မြင်းလှည်းဖြစ်ရာ ဝါရင့်သမားတော်တစ်ယောက်ပီပီ လက်ဆွဲဆေးသေတ္တာလည်း မြင်းလှည်းအိမ်ထဲတွင် အဆင်သင့်ပါရှိနေသည်။

ချင်ယုအင်း မြင်းလှည်းပေါ်မှ ဆင်းသည်။

"ဒီမှာပဲ စောင့်နေ"

ချင်ယုအင်းက မြင်းလှည်းမောင်းသမားကို ခပ်မာမာညီတည်နှင့်အမိန့်ပေးလိုက်ချိန်မှာပင် စူးခိုင်ထုံးလည်း လက်ဆွဲဆေးသေတ္တာကို ဆွဲကာ မြင်းလှည်းပေါ်မှ ဆင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုသပေးရမည့်ကိစ္စ ဖြစ်နေသည့်အပြင် မိန်းကလေး၏ လက်ဝဲလက်နကိုလည်း သိမြီးဖြစ်ရာ စူးခိုင်ထုံးက ဆန့်ကျင်အာခံဖို့ စိတ်မကူး။

မြင်းလှည်းရပ်သံကြားရသည့် အိမ်ရှင်အမျိုးသမီးကြီးလည်း တဲအဝသို့ ထွက်ကြိုလာသည်။

"သူ ဘယ်လိုနေသေးလဲ"

ချင်ယုအင်းက အိမ်ရှင် အမျိုးသမီးကြီးကို မေးလိုက်သည်။

"သတိ မြန်ရနေပါပြီ၊ အဖျားတော့ တက်တုန်းပဲ"

အမျိုးသမီးကြီးက ပြန်ဖြေသည်။

"သမားတော်ကြီး...ကြွပါ"

စူးခိုင်ထုံးက ကောင်းကောင်းမွန်မွန် ဆေးကုပေးမည့် အသွင် ရှိသည့်အတွက် ချင်ယုအင်းကလည်း လေးစားမှု ပြကာ ဖိတ်ခေါ်သည်။

စူးခိုင်ထုံးက လက်ဆွဲတော် သေးအိတ်ကိုကိုင်ကာ တဲ အိမ်လေးပေါ် တက်သည်။ ချင်ယုအင်းနှင့် အိမ်ရှင်အမျိုးသမီးကြီးတို့က နောက်မှကပ်၍ လိုက်ပါသွားကြသည်။

တဲအိမ်ထဲရှိဝါးကွပ်ပျစ်လေးတစ်ခုပေါ်တွင် ကျန်းယမ်ရှောင်ရီ လဲလျောင်းလျက် ရှိနေသည်။ အဖျား တက်နေသောကြောင့် ညည်းသံသဲ့သဲ့ ပေါ်ထွက်နေသည်။

"ကျွန်မ အမားတော် ဖင့်လာခဲ့ပြီ ရှောင်ရီ၊ ရှင်နေကောင်းသွားတော့မှာပါ"

ချင်ယုအင်းက အသံဖွဖွ ပြောကြားသည်။



မှိန်းနေသော ကျန်းယမ်ရှောင်ရီ၏ မျက်လုံးများ ပွင့်လျက် ချင်ယုအင်းတို့ကိုကြည့်သည်။

"ကျေး...ဇူး....တင်....ပါ....တယ်"

ပါးစပ်မှ ခပ်သဲ့သဲ့ ပြောသည်။

စူးခိုင်ထုံးက ကျန်းယမ်ရှောင်ရီ၏ ဘေးနားတွင်ထိုင်ကာ စမ်းသပ်စစ်ဆေးမှုများလုပ်သည်။

"အဖျားကတော့ အတော်ကြီးတယ်၊ ဒါပေမယ့်ဘာမှ မှမနေပါနဲ့၊ အဖျားကျသွားအောင် ကုနိုင်ပါတယ်"

စမ်းသပ်စစ်ဆေးပြီးနောက် စူးခိုင်ထုံးက ပြောလိုက်သည်။

လက်ဆွဲဆေးသေတ္တာကို ဖွင့်ကာ ကျန်းယမ်ရှောင်ရီကို တိုက်ကျွေးရန် ဆေးတစ်ခွက်ဖော်စပ်သည်။

"အဲဒီဆေးကို ရှင်အရမ်းမတိုက်ပါနဲ့"

ချင်ယုအင်းက ဝင်ပြောသည်။

"အလို...ကျုပ်ကသမားတော်ပဲ၊ လူနာကိုဆေးကုရင် ဆေးတိုက်ရမှာပေါ့၊ ဆေးမတိုက်ဘဲ ကုတဲ့ ဆေးဆရာ ကြားဖူးလို့လား"

စူးခိုင်ထုံးက မျက်မှောင်ကြုတ်ကာပြောသည်။

ချင်ယုအင်း အကျပ်တွေ့နေသည်။ စူးခိုင်ထုံးဖော်စပ်သည့်ဆေးအပေါ် သံသယဝင်သည်။ သို့သော် ထိုဆေးကို စမ်းသပ်ကြည့်ရန်ကလည်း သူမအနေဖြင့် ဘာမျှနားမလည်။ သူမမျက်စိရှေ့မှောက်တွင်ပင် ဆေးဖော်စပ် သော်လည်း ပါဝင်သော ဆေးအမယ်တွေကို တစ်ခုမျှမမြင်မသိ။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးကလဲကွယ် သမားတော်ကြီးတို့ အားနာစရာ"

အိမ်ရှင်အမျိုးသမီးကြီးက ဝင်ပြောသည်။

"မင်းက ကျုပ်အပေါ် သံသယရှိနေတာကိုး၊ ဖြစ်မယ်ဆိုရင်လဲဖြစ်စရာပါပဲ၊ ဒါပေမယ့် ဒီလူကို ကျုပ်ကုသဖို့ သဘောတူလက်ခံပြီးပြီပဲ၊ အစွမ်းထက်တဲ့ ဆေးကောင်းဝါးကောင်းတွေနဲ့ အမြန် ကျွသွားအောင် ကုသပေးမှာပါ....

"ပြီးတော့ မင်းနဲ့ကော ဒီလူနဲ့ကော ကျုပ်ကဘာမှ မပတ်သက် မဆက်နွယ်ခဲ့ဘူး၊ မင်းတို့ အပေါ် မကောင်းကြံစရာ ဘာအကြောင်းရှိနိုင်မှာလဲ၊ ကျုပ်က မကောင်းကြံရင်လဲ မင်းကကျုပ်ကို အလွတ်ပေးမှာတဲ့လား"

စူးခိုင်ထုံး ပြောသည်မှာ ကျိုးကြောင်း သင့်တင့်သောကြောင့် ချင်ယုအင်းလည်း ဘာမျှ မပြောတော့။ သံသယစိတ်ကို ကြိုးစားဖြေဖျောက်သည်။

* * *

စူးခိုင်ထုံးက ကျွန်းယမ်ရှောင်ရီကိုဆေးတစ်ခွက်တိုက်သည်။ ထို့နောက် ရွှေအပ် ငါးချောင်းဖြင့် ကျွန်းယမ်ရှောင်ရီ၏ကိုယ်ပေါ်ရှိ သွေးကြောကွက် နေရာအချို့ကို ထိုးစိုက်လိုက်၊ အသာထောက်ဆွဲလိုက်လုပ်သည်။



မကြာမီပင် ကျွန်းယမ်ရှောင်ရီ၏တစ်ကိုယ်လုံးချွေးများ စိုရွှဲအောင်ထွက်သည်။ စူးခိုင်ထုံး၏ စီစဉ်ပြဆပေးမှုဖြင့် ချင်ယုအင်းက ချွေးများကို သန့်စင်အောင် သုတ်ပေးရသည်။

နောက်ထပ် ဆေးအသစ်တစ်ခွက် ဖော်စပ်ကာ တိုက်သည်။ ရွှေအပ်ခုနစ်ချောင်းဖြင့်လည်း ထိုးစိုက်ကုသသည်။ ချွေးများ ထွက်လာပြန်ကာ ချင်ယုအင်းက သန့်စင်ပေးရသည်။

တတိယမြောက်ဆေး ထပ်ဖော်စပ် တိုက်ကျွေးလျက် ရွှေအပ်ဆယ်ချောင်းဖြင့် ထိုးစိုက် ကုသပေးပြီးသောအခါတွင်တော့ ကျွန်းယမ်ရှောင်ရီ၏ကိုယ်မှ ချွေးတွေ အများအပြားမထွက်တော့။

ချွေးစို့ရုံသာရှိသည်။

ကိုယ်ပူကလေးတော့ အတော်ကြီးကို ချိုသွားသည်။

လူကတော့မူ နုံးနေဆဲ။

"အဖျားအတွက် စိုးရိမ်စရာမရှိတော့ပါဘူး၊ အားရှိအောင် ကြက်ပေါင်းချင်း ဟင်းရည်နဲ့ အားဆေး တိုက်ရမယ်၊ ပြီးရင် သူ့ကောင်းကောင်းအိပ်ပါစေ၊ အိပ်ရာကနိုးရင် သိသိသာသာကြီး သက်သာသွားပါလိမ့်မယ်၊ ဆက်သောက်ဖို့ ဆေးပေးထားခဲ့မယ်"

စူးခိုင်ထုံးက ပြောသည်။

အိမ်ရှင်အမျိုးသမီးကြီးက ကြက်ပေါင်းချင်းဟင်းရည်ကိုချက်ချင်းစီမံချက်ပြုတ်ပေးသည်။ ချင်ယုအင်းကပိုင်းကူ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုသော်လည်း စူးခိုင်ထုံးကို လုံးလုံးလျားလျားစိတ်မချနိုင်သေးသောကြောင့် ကျန်းယမ်ရှောင်ရှိ အနားတွင်ပင်နေသည်။

ကြက်ပေါင်းချင်းဟင်းရည် ပူပူနွေးနွေးနှင့်အားဆေးများ သောက်သုံးပြီးနောက် ကျန်းယမ်ရှောင်ရှိ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။

သုံးရက်စာ ဆေးများဖော်စပ်ပေးခဲ့ပြီးနောက် စူးခိုင်ထုံးလည်း လက်စွဲဆေးသေတ္တာကိုပိတ်သိမ်းသည်။

ကျန်းယမ်ရှောင်ရှိအိပ်ပျော်ရာမှ နိုးလာသည်အထိ စောင့်ကြည့်ပေးရန် ချင်ယုအင်းပြောချင်သည်။ တစ်ဖက်မှလည်း သမားတော်ကို ထိုမျှလောက် အချိန်ကြာကြာခေါ်ထားရန် မသင့်ကြောင့်လည်း တွေးမိသည်။

"အခုလို ကုသပေးတာ ကျေးဇူးတင်ပါတယ်၊ ဘယ်လောက်များ ကန်တော့ရမလဲ မသိဘူး"

ချင်ယုအင်းက ပြောလိုက်သည်။

ကျန်းယမ်ရှောင်ရှိ အဖျားကျသွားလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်မှာ မျက်မြင်ဖြစ်ရာ စူးခိုင်ထုံးကို သမားတော်တစ်ဦးအဖြစ် သတ်မှတ်ဆက်ဆံသည်။

စူးခိုင်ထုံးအနေနှင့်ကတော့ သည့်နေရာမှ အမြန်ထွက်ခွာသွားနေချင်သည်။ တစ်ပြားတစ်ချပ်မျှ မေးစရာမလို၊ မိမိကိုသာ အိမ်ပြန်ခွင့်ပေးရန် ပြောလိုက်ချင်သည်။

သို့သော် တစိမ်းဖက်မိန်းကလေးက သူ့ကို သမားတော်တစ်ယောက်အဖြစ် သတ်မှတ်ဆက်ဆံပြောဆိုလာမှုကို ရိပ်မိသည့်အတွက် မိမိဘက်ကလည်း သမားတော်တစ်ယောက် အနေမျိုးတုံ့ပြန်ကာ ဆေးကုသခကို လက်ခံယူမှသာ ဖြစ်မည်ဟုလည်း အတွေးပေါ်သည်။



စေတနာလည်း ဖော်ပြပါရှိသော ကုသခကိုတောင်းရန် စိတ်ပိုင်းဖြတ်သည်။

"ငွေတစ်ဆယ်ကျသင့်ပါတယ်"

စိတ်ဆုံးဖြတ်ပြီးနောက် စူးခိုင်ထုံးက ပြောလိုက်သည်။

ငွေတစ်ဆယ်ဆိုသည်မှာ သူ၏ နေအိမ်ဆေးခန်းသို့လာရောက်ပြသ၍ ကုသမှုခံယူသူကို (ရောဂါဝေဒနာသိပ်မကြီးလျှင်) တောင်းယူသည့် ဆေးဖိုးဝါးခထက် အနည်းငယ်လေး မြင့်သည်။

ယခု သူကုသပေးရသည်မှာ အတော်ကြီးကို အဖျားကြီးကာ ခံစားနေရသည့် ဝေဒနာကလည်း ရုပ်ထွေးလျက်ရှိ၏ဟု မဆိုနိုင်သော်လည်း အတန်အသင့် ကွာလှမ်းသောနေရာသို့ ညကြီးမင်းကြီး လိုက်ပါ ကုသပေးရပေရာ (သုံးရသည့် ဆေးအမယ်များကလည်း ပထမတန်းစားအကောင်းစားတွေဖြစ်သည်။) ငွေမက်သော စူးခိုင်ထုံး၏ လောဘစိတ်နှင့် ဆိုလျှင် သုံးရာမျိုး၊ လေးရာမျိုးတော့ တောင်းပေလိမ့်မည်။

"ဒါ ကျုပ်ဆေးခန်းက ပုံမှန်ယူတဲ့ နှုန်းထားထက် နည်းနည်းပိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်ယုအောင်း၏မျက်နှာပေါ်တွင် အံ့ဩအည့်အရိပ်အသွင် ပေါ်သွားသည်ကို အကဲခတ်မိသည့်အတွက် စူးခိုင်ထုံးက ဆက်ဖြည့်ပြောလိုက်သည်။

သူပြောသည်ကလည်း မုသားဟုမဆိုနိုင်ပါ။

ချင်ယုအင်းလည်း စူးခိုင်ထုံး လောဘမဖက်ဘဲ စေတနာထားကာ ဆေးကုသမှု တောင်းယူသည်ဟု နားလည်လိုက်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ သမားတော်ကြီးရဲ့ မြင်းလှည်းကိုယူသုံးရတဲ့အတွက် မြင်းလှည်းခပေါ် ထပ်ဖြည့်ပြီး နှစ်ဆယ်ကန်တော့ပါတယ်"

မိမိအတက်က အသားစီးကြီး ယူသလိုမျိုး မဖြစ်စေအောင် ချင်ယုအင်းကပြောကာငွေသားနှစ်ဆယ်ထုတ်၍ စူးခိုင်ထုံးကို ရိုသေစွာ ပေးသည်။

စူးခိုင်ထုံးက ငွေကို လက်ခံယူလိုက်ပြီး....

"ကျေးဇူးပါပဲ၊ ကဲ... ကျုပ်သွားလိုက်ဦးမယ်"

လူကြည်ချမ်းနှင့်စူးခိုင်ထုံးတို့ ပြောဆိုအပေးအယူလုပ်ကြသော ဆေးနှင့် အကြံအစည်တို့အကြောင်းကို ချင်ယုအင်း မျှတ်ခနဲသတိရ၏။

စူးခိုင်ထုံးကို မေးကြည့်ရန် စိတ်ကူးမိသော်လည်း ထိုကိစ္စကို စူးခိုင်ထုံးက အလွယ်ဖြေမည်မဟုတ်။ တင်းတင်းမာမာလုပ်ကာ မေးရမည်ကို စဉ်းစားမိပြန်တော့ စိတ်တစ်မျိုးဖြစ်သည်။



ကျန်းယမ်ရှောင်ရိကို အမှန်တကယ် ကုသပေးခဲ့ပြီး စေတနာထားသည်တို့လည်း ပြခဲ့သော စူးခိုင်ထုံးအပေါ် ယခုလောလောဆယ်တွင် သူမ အမြင်ကြည်သလို ဖြစ်နေသည်။

ထို့ကြောင့်....

"သမားတော်ကြီးကို လိုက်ပို့ပါတယ်"

ဧည့်မို့ နှုတ်ဆက်စကားသာဆိုလိုက်သည်။

* * *

နောက်တစ်နေ့နံနက်။

နေထွက်တပြုလောတ်တွင် ကျန်းယမ်ရှောင်ရိအိပ်ပျော်နေရာမှ နိုးလာသည်။ အဖျားမရှိတော့။ လူကလည်း လန်းဆန်း၍နေ၏။

နေကောင်းသွားပြီ။

ချင်ယုအင်းသည် စူးခိုင်ထုံးအပေါ် အမြင်သိပ်မကြည်သော်လည်း တကယ်ပင် ထိထိရောက်ရောက် ကြိုးစားကုသပေးခဲ့မှုအတွက်တော့ ကျေးဇူးတင်မိသည်။

"ရှောင်ရိ ဘယ်လိုနေသေးလဲ၊ နေကောင်းသွားပြီ မဟုတ်လား"

www.burmeseclassic.com

ကျန်းယမ်ရှောင်ရှိ၏ အသွင်အပြင်က နေကောင်းနေပြီ ဖြစ်ကြောင်း ထင်ရှားသိသာနိုင်စေသည့်အတွက် ချင်ယု အင်းက မေးလိုက်သည်။

"အင်း....နေကောင်းသွားပါပြီ၊ ယုအင်း ဝင့်လာတဲ့ သမားတော်ကဲ အဆောစိကို ဆေးချက်မိတာဝပဲ၊ ယုအင်းကို ကျေးဇူးတင်တယ်"

"အားပိုပြည့်သွားအောင် အသားစုံပေါင်းနဲ့ မုန့်ညင်း ကြော်လုပ်ထားတယ်၊ စားလိုက်နော်၊ ကျွန်မသွားယူပေး မယ်"

"ယုအင်းလဲ ပင်ပန်းနေပြီ၊ တို့အားသာသွားစားပါ မယ်"

"အဖျားပျောက်ပြီး နေကောင်းခါစ ရှိသေးတာ၊ အသာလဲနေစမ်းပါ"

ချင်ယုအင်း ထသွားကာ အသားစုံပေါင်းနှင့် မုန်ညင်း ကြော် ပူပူနွေးနွေးသွားယူလာသည်။ ကျန်းယမ်ရှောင်ရှိ ကို ကိုယ်တိုင်ခွံ့မကျွေးရုံတစ်မည်ဝင် ကျွေးမွေးပြုစုသည်၊

ဤပြုစုယုယမှုလေးများက ကျန်းယမ်ရှောင်ရှိအတွက် အဖိုးတန် အစွမ်းထက်အားဆေးတွေဖြစ်နေသည်။

နေကောင်းသွားပြီမို့ စားသောက်ပြီးနောက် ခရီး ဆက်ကြရန်ပြင်ဆင်ကြသည်။

အိမ်ရှင်အမျိုးသမီးကြီးက ခရီးမပန်းရအောင် မိမိ၏ မြင်းကို ယူသွားရန် ပြောကာပေးသည်။ အတင်းပေးသည့် အတွက် ချင်ယုအင်းတို့က လက်ခံလိုက်သည်။



ကျန်းယမ်ရှောင်ရှိက အိမ်ရှင်အမျိုးသမီးကြီးကို ငွေ ငါးရာကန်တော့သည်။

မိမိတို့ ရှေ့ဆက်မည့်ခရီး အန္တရာယ်ကင်း ချောမော အဆင်ပြေရေးအတွက် ရည်စူးကာ ကန်တော့ကြောင်း ပြောသည်တွင် အိမ်ရှင်အမျိုးသမီးကြီးမှာ မငြင်းနိုင်ဘဲ လက်ခံရယူလိုက်ရသည်။

"ဘေးကင်းရန်ကင်းနဲ့ လိုရာခရီး ရောက်ပါစေ၊ အို အောင်မင်းအောင်လဲ ပေါင်းဖက်နိုင်ကြပါစေ"

အိမ်ရှင်အမျိုးသမီးကြီးက ဆုတောင်းပေးလိုက်သေး သည်။

★

ဝတ္ထုပိုင်း ပြီး၏။

ဇာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ် ဝင်းကြွယ်

## မြွေနတ်မယ် သိုင်းကညာ

ခေတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တဲအိမ်လေးမှ ထွက်လာပြီးနောက် ရွာထဲသို့ဝင်ကာ မြင်းတစ်ကောင် ဝယ်ယူသည်။

ဤသို့ဖြင့် ကျန်းယမ်ရှောင်ရီနှင့် ချင်ယုအင်းတို့ နှစ်ယောက်မှာ တစ်ယောက်လျှင် မြင်းတစ်ကောင် စီးလျက် ဖြစ်သွားကြသည်။

တဲအိမ်ရှင်အမျိုးသမီးကြီး ပေးလိုက်သောမြင်းကို ချင်ယုအင်းက စီးသည်။ ရွာမှဝယ်ယူခဲ့သော မြင်းကိုတော့ ကျန်းယမ်ရှောင်ရီက စီးသည်။

"ယုအင်းနဲ့ဆုံမိတာ တော်သေးတယ်၊ မဟုတ်ရင် ကို့ တော့ ဒဏ်ရာကတစ်ဖက်၊ အဖျားတက်နေတာ တစ်ဖက်နဲ့ တောထဲတောင်ထဲမှာ ကောင်းကောင်း ဒုက္ခရောက်နေတော့မှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွာလေးမှထွက်လာ၍ အတော်လှမ်းလှမ်းသို့ ရောက်သောအခါ ကျန်းယမ်ရှောင်ရိက စကား စလိုက်သည်။

"ဒီလိုပေါ့ ရှောင်ရိရယ်၊ ဆုံစည်းစရာအကြောင်းရှိရင် ဆုံစည်းရတာပေါ့"

"ဒါနဲ့ ယုအင်းက မြွေနတ်မယ်ဂိုဏ်းနဲ့အတူ မြွေဆိုးဂိုဏ်းကိုတိုက်ခိုက်ဖို့ ထွက်သွားတာမဟုတ်လား"

"ဟုတ်တယ်လေ"

"အခု ဘာယ်လိုလုပ်ပြီး ယုအင်းတစ်ယောက်တည်း ဖြစ်နေရတာလဲ၊ မြွေနတ်မယ်ဂိုဏ်းချုပ်နဲ့ဂိုဏ်းဝင်တွေကော"

"ခြွော်...ဒါလား၊ မြွေဆိုးဂိုဏ်းကလူခွဲဖြန့်ပြီး ရှောင်တိမ်းသွားကြတယ်လေ၊ ဒါကြောင့် ကျွန်မတို့ဘက်ကလဲ လူခွဲပြီး သူတို့ကိုခြေရာခံဖို့ ကင်းထောက်တွေ ဖြန့်လွှတ်စားပေါ့"

"ယုအင်းက ကင်းထောက် ထွက်လာရင်း တို့နဲ့ဆုံမိတာကိုး"

"ဟုတ်တယ်"

ကျန်းယမ်ရှောင်ရိက မိမိနှင့် မြွေဆိုးဂိုဏ်းချုပ် ဆားအောင်ပို့ ဆုံတွေ့ဖြစ်ခဲ့ပုံ အကြောင်းများကို ပြောပြလိုက်သည်။

"ကြည့်ရတာ မြွေဆိုးဂိုဏ်းက လူပြန်စုနေပုံ ရတယ်၊ ဒါပြီးတော့ ရှောင်ရိတို့လဲ အတော်စိတ်ဝင်စားပြီး အမီဖမ်းချင်ကြတယ် ထင်ရတယ်၊ မြွေဆိုးဂိုဏ်းချုပ်နဲ့ ဆုံတွေ့ခဲ့ရတဲ့နေရာကိုမှတ်မိသား၊ ကျွန်မကိုလမ်းပြ ပို့ပေးနိုင်မလား"



"မှတ်မိပါတယ်၊ လမ်းလဲ ပြပေးနိုင်ပါတယ်၊ ဒါပေမယ့် ယုအင်း တစ်ယောက်တည်း သူနဲ့ သွားရင်ဆိုင်မလို့လား"

ကျန်းယမ်ရှောင်ရိက စိုးရိမ်စိတ်ဖြင့်ပြောရာ ချင်ယုအင်းလည်း ခေတ္တစဉ်းစားလိုက်ပြီး...

"ကျွန်မတို့ဂိုဏ်းက လူတွေနဲ့ဆက်သွယ်ပြီး အကူအညီခေါ်ရင် အချိန်နည်းနည်း ကြာမယ်၊ မြွေဆိုးဂိုဏ်းချုပ်ခြေရာပျောက်သွားနိုင်တယ်၊ ဒီတော့ ဒီလိုလုပ်ကြရအောင်လား၊ ကျွန်မတို့က သူတို့မရိပ်မိအောင်ပုန်းလျှိုးကွယ်လျှိုးသွားပြီး အရိပ်အခြည်လောက်ပဲ အကဲခတ်ကြည့်မယ်၊ ကံကောင်း ထောက်မပြီး အခွင့်အရေးကောင်း ရမယ်ဆိုရင်တော့ သူတို့ဘာတွေဆက်လုပ်ကြမယ်ဆိုတာကိုတော့ သိနိုင်သိရမှာ"

မြွေဆိုးဂိုဏ်းချုပ် ရှိနေနိုင်မည့်နေရာသို့ မိမိနှင့် ချင်ယုအင်းတို့ နှစ်ယောက်တည်း သွားရောက်ခြင်း သည် အန္တရာယ် များလှကြောင်း ကျန်းယမ်ရှောင်ရိ သိသည်။ မိမိသည် မျောက်ဖြူကြီးသင်ပြပေးထား၍ သိုင်းကွက်(၃)ကွက်သာ တတ်ကျွမ်းလျက် ချင်ယုအင်းကလည်း ဖယ်ရှယ်ပြီး သိုင်းပညာ နုသေးပေရာ မြွေဆိုးဂိုဏ်းချုပ်နှင့် ပြိုင်ဘက် မဟုတ်သည့်အတွက် ရင်ဆိုင်မိလျှင် မရှုမလှ အရေးနိမ့်ရမည်တို့လည်း တွေးဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချင်ယုအင်းက သွားရောက်စူးစမ်းကြည့်ရန် အာသီသပြင်းပြ၍ စိတ်အားထက်သန်နေပေရာ ကျန်းယမ်ရှောင်ရိုက မငြင်းချင်။

မိမိချစ်သူ၏ စိတ်ဆန္ဒကို ဖြည့်ဆည်း ပေးရလေတော့သည်။

* * *

မြွေဆိုးဂိုဏ်းချုပ်နှင့်ဆုံတွေ့ပြီး အတိုက်ခိုက် ခံခဲ့ရသည့်နေရာသို့ ချင်ယုအင်းတို့ ကျန်းယမ်ရှောင်ရိုက လမ်းပြခေါ်သွားခဲ့သည်။

လူမှုန်းသိစ အရွယ်ကစင် မိဘနှစ်ပါးနှင့် အတူ တောတောင်ထဲတွင် လှည့်လည် သွားလာနေခဲ့သည့် အတွက် ကျန်းယမ်ရှောင်ရိုသည် တော်ရုံ တောလိုက်မုဆိုးများပင် ခွဲခြားမသိသော တောတောင် ရေမြေသဘာဝတို့၏ ထူးခြားချက်လေးများတို့ မြင်တတ်သိတတ်သည်။

သာမန် အမြင်အားဖြင့် တူညီနေသည်ဟု ထင်ရသည့် သစ်ပင် ချုံနွယ်များ၏ ပေါက်ရောက်ပုံများ၊ သစ်ကိုင်း သစ်ရွက်များအုပ်ဆိုင်းနေပုံတို့တွင် မတူညီမှု လေးများတို့ တစ်ချက်ကြည့်ရုံနှင့်မြင်သည်။

တောတွင်း-တစ်နေရာရာသို့ တစ်ခေါက် ရောက်လျှင် နောက်တစ်ခေါက် ထပ်သွားရန် ဘာမျှမခက်။ ချစ်သူနှင့်



အတူတူသွားရသည့်ခရီးမို့ စိတ်ပျော် ရွှင် ကြည်နူး ရှုပင် နေလေသည်။

မြွေဆိုးဂိုဏ်း၏ အန္တရာယ်ကိုပင် မေ့သလိုလို ဖြစ်နေသည်။

တောလမ်းခရီး တစ်ကွေ့တွင် ထူးခြား ဆန်းကြယ်သည်နှင့်အမျှ လှပတင့်မောသောသစ်ခွပန်းတစ်ပင်ကို တွေ့ကြရလေသည်။

သစ်ခွသည် ရွှေရောင်တွင် အညိုရင့် ရောင်နှင့် ခရမ်းရောင်ဖျော့ဖျော့များ ရောယှက်လျက် အနက်ရောင်လေးလည်း ပြေးနေသည်။

ရိုးတံအစ်ခုတွင် ပန်းပွင့်သုံးပွင့်ဆိုင် ပွင့်နေကြသည်။ သုံးပွင့်ဆိုင်သုံးခု ဖြစ်ရာ အားလုံးစုစုပေါင်း ပန်းပွင့်ကိုးပွင့်ရှိနေသည်။

တောထဲတောင်ထဲတွင်သာ အချိန်ကုန်နေလျက် တောပန်းတောင်ပန်းနှင့် သစ်ခွပန်းပေါင်းစုံတို့မြင်နေကျဖြစ်နေသောကျန်းယမ်ရှောင်ရိုမှာ ထိုသစ်ခွပန်း ပေါင်းစုံ တို့ကိုတော့ ယခုမှသာ မြင်ဖူးခြင်းဖြစ်သည်။

''ဟာ...လှလိုက်တဲ့ သစ်ခွပန်းတွေ၊ ကျွန်မကို ခူးပေးနော်ရှောင်ရို''

ချင်ယုအင်းမှာ ဆွေ့ဆွေ့ ခုန်သွားလျက် ပါးစပ်မှ ရွှင်မြူးစွာပြောလိုက်မိသည်။

မိန်းကလေးသည် ကျန်းယမ်ရှောင်ရို လာပေးသော သစ်ခွပန်းများတို့ လိုလားစမ်းမြောက်စွာ လက်ခံယူလေ

www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း ယခုလိုမျိုး ခူးပေးရန် ပူဆာပြောဆိုမှုကို တော့ တစ်ခါမျှမလုပ်ခဲ့ဖူးပေ။

"အဲဒါ ဘာသစ်ခွခေါ်လဲ"

ကျွန်းယမ်ရွှေစင်ရီက မေးလိုက်သည်။

"ကျွန်မလဲ မသိဘူး၊ ဒီလိုသစ်ခွပန်းမျိုးကို တစ်ခါမှ မမြင်ဖူးဘူး"

သစ်ခွဝါသနာအိုး တစ်ယောက်ဖြစ်သော ချင်ယုအင်း စင် မမြင်ဖူးသည့်အတွက် ဤသစ်ခွပန်းမှာ တကယ်ပင် ထူးခြားရှားပါးလှသည့် သစ်ခွဖြစ်မှာ သေချာနေရာ ပန်း သိပ်မကြိုက်သော ကျွန်းယမ်ရွှေစင်ရီမင် အတော်ကြီးစိတ် ဝင်စားသွားသည်။

"ခူးပေးမယ် မဟုတ်လားဟင်"

ချင်ယုအင်းက အရှုပ်လိုချင်၍ ပူဆာသည့် ကလေးငယ် တယောက်လိုပြောသည်။

"ဟာ....ခူးပေးမှာပေါ့"

"သတိတော့ ထားနော်"

"ရပါတယ်"

ကျွန်းယမ်ရွှေစင်ရီက သုံးပွင့်ဆိုင်သစ်ခွပန်း ရှိနေသည့် သစ်ပင်ထက်နေရာကို စူးစမ်းအကဲခတ်ကြည့်လိုက်သည်။

အန္တရာယ်များလှသည့် နေရာဖြစ်ကြောင်း တွေ့ရလေ သည်။

သစ်ခွပန်းပင်များသည် သစ်ပင်မြင့်ကြီးများ၏ ခွဆုံနေ ရာများတွင်ဖြစ်စေ၊ လုံးပတ်အခေါ်အတန် တုတ်ခိုင်သော



သစ်ကိုင်းရင့်များတွင် တွယ်ကပ်ပေါက်ကြလေ့ ရှိသည်ဟု ကျွန်းယမ်ရွှေစင်ရီသိရှိထားသည်။

သုံးပွင့်ဆိုင် သစ်ခွပန်းပင်ကမူ ထိုသို့မဟုတ်၊ သစ်ပင် မြင့်ကြီး၏ ထိပ်ဆုံးပိုင်းမှ အကိုင်းနုဟုဆိုရမည့် သစ်ကိုင်း အဖျားဘက်တွင် တွယ်ကပ်ပေါက်နေသည်။

ထိုသစ်ကိုင်း အဖျားပိုင်းသည် လုံးပတ် လက်တစ်လုံး သာသာယောက်သာရှိလျက် ကပ်ပေါက်နေသော သုံးပွင့် ဆိုင် သစ်ခွပန်းပင်၏ အလေးချိန်ကိုပင် တောင့်ခံ ဖြောင့်ဖြောင့်မခံနိုင်၊

လေးကိုင်းအဖွယ် ကွေးညွှတ်၍နေသည်။ သစ်ခွပန်းပင် သည်လည်း တွဲရရွဲဆွဲချိတ်ထားသလို ဖြစ်နေသည်။

သစ်ပင်ကြီး၏ အမြင့်ဆုံး အပိုင်းရှိ သေးငယ်သော သစ်ကိုင်းလေး၏ အဖျားပိုင်းသို့ အရောက် သွားရန်မှာ သစ်ပင်တက် အထူးကျွမ်းကျင်ရန်လိုသည့်အပြင် ကိုယ်မှဖော့ ပညာလည်းအတော်ပင်ကောင်းမှသာ ဖြစ်ပေမည်။

ရောက်အောင် သွားနိုင်သည် ထား၍၊ တွဲလောင်း ချိတ်နေသလိုရှိသော သုံးပွင့်ဆိုင် သစ်ခွပန်းခိုင်ကို ခူးယူဖို့ ကတော့ အခက်တော်ကြီးကို့ ခက်ခဲသည်။

ကျွန်းယမ်ရွှေစင်ရီသည် သုံးပွင့်ဆိုင် သစ်ခွ တွယ်ချိတ် ပေါက်နေသည့် နေရာ အနေအထားကို သေချာစွာချ ကြည့်ရှုအကဲခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ခွ ဖန်းခိုင် ဆွဲ ိုင်မည့် နည်းလမ်းကို ကြံဆ ရှာဖွေသည်။

အကြံကောင်းရရှိသည်နှင့်....

* * *

ကျန်းယမ်ရှောင်ရိသည် သူ့ကိုယ်ပေါ်တွင် ဆောင်နေကျပါရှိလာသော ကြိုးကွင်းခွေကိုဖြုတ်သည်။ ကြိုးကွင်းခွေ၏အဆုံးပိုင်း ကြိုးစတွင် ကျောက်ခဲလေးတစ်ခုတပ်ဆင်ချည်နှောင်ထားသည်။

ဤအတွင် ကြိုးခွေသည် ကွင်းလျှောရှိနေသည့်ဘက်တွင် ကြိုးကွင်းအဖြစ် လှမ်းပစ် စွပ်နိုင်သလို ကျောက်ခဲလေးချည်နှောင်ထားသော တစ်ဖက်ကို လှမ်းပစ် ရစ်ပတ်ကာ ပတ်ကြိုးသဘောအသုံးပြု၍လည်းရသွားသည်။

ကြိုးခွေကို ကိုယ်ပေါ်တွင် စလွယ်သိုင်း ပြန်လွယ်ပြီး သစ်ပင်မြင့်ကြီးပေါ်သို့ တက်သည်။ သစ်ပင်ထက်ကျွမ်းသူမို့ တစ်ခဏအတွင်းမှာပင် ထိပ်ဖျားပိုင်းဆီသို့ ရောက်သွားသည်။

ကျန်းယမ်ရှောင်ရိသည် ကိုယ်ဖော့ပညာကိုတော့ လေ့ကျင့်သင်ယူဖူးခြင်းမရှိပါ။

သို့ရာတွင်....



မျောက်ဖမ်းသည့်အလုပ်ကို ငယ်စဉ်ကပင် လုပ်လာခဲ့ရာ ၏လှုပ်ရှားမှုသည် ပေါ့ပါးသည်။ သွက်လက်သည်။ မြန် န်သည်။ အခုန်အပျံလည်း ကောင်းသည်။

ကိုယ်ဖော့ပညာအဆင့်မြင့်မြင့် လေ့ကျင့်တတ်မြောက် ားသူများထက်ပင် အချို့နေရာများတွင် သာလွန်နေ သည်။

သုံးပွင့်ဆိုင်သစ်ခွ ချိတ်တွယ်ပေါက်ရောက်နေသည့် သစ် င်းလေး၏ အဖျားပိုင်းသို့အရောက် မတက်နိုင်၊ မသွား င်သော်လည်း ထိုနေရာနှင့် မလှမ်းမကမ်းသို့ရောက်သည် ထိတော့ တက်သွားနိုင်သည်။

မိမိကိုယ်ကို ချိန်ဆကာ ထိန်းချုပ်နေရာယူပြီးနောက် သုံး ဆိုင် သစ်ခွဖန်းပင် ချိတ်တွယ် ပေါက်ရောက်နေသော ်ကိုင်းလေးအဖျားပိုင်းကို ကျောက်ခဲလေးချည်နှောင် ားသည့်ကြိုးစဖြင့် လှမ်းပစ်သည်။

ကျောက်ခဲလေး ချည်နှောင်ထားသော ကြိုးစသည် ခွပန်းပင် တွယ်ချိတ်ပေါက်နေရာ၏အောက်ဘက် လက် းလုံးခန့်အကွာတွင် ရစ်ပတ်မိသည်။

ပတ်ကြိုးကို ခပ်တင်းတင်းနှင့် ခိုင်ခံ့သွားအောင် တစ ် တုံ့ဆွဲသည်။

ညာလက်ကောက်ဝတ်ကိုအားထည့်လှုပ်ရှား၍ပတ်ကြိုး သတ်ခနဲ ဆောင့်ဆွဲသည်။ ဤသို့အဆွဲတွင် သစ်ကိုင်း သည် ဖြောင်းခနဲ ကျိုးပြတ်သွားစေဖို့ ရည်ရွယ်သည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းငယ်သည် ကျိုးပြတ်မသွား။ ဆောင့်ဆွဲမှုအား နှင့် ညိုက်လျော့စွာ ကွေးညွတ်၍သာ သွားသည်။ ဤသစ် ကိုင်းငယ်သည် မာကျောကြွပ်ဆတ်ခြင်းမရှိ။

သစ်ကိုင်း၏အတွင်းအားနှင့်အပြင်ဘက်ပိုင်းသစ်ခေါက် လွှာတို့တွင် ဆွဲအားဆန့်အားကောင်းသော အမျှင်များပ ရှိသည့် သစ်ကိုင်း အမျိုးအစားဖြစ်ကြောင်း ကျန်းယ ရှောင်ရိ နားလည်လိုက်သည်။

လေးကိုင်းပြုလုပ်ရန် အထူးစင် သင့်လျော်သည့် သ ကိုင်းမျိုးဖြစ်သည်ကိုလည်း သိသည်။

ဤတွင် ထိုသစ်ကိုင်းလေး ကျိုးပြတ်အောင်လုပ်နိုင် တစ်နည်းတစ်လမ်း ကြိုးစားရမြန်သည်။

ကြိုးခွေကို ဖြေလျော့သည်။ ကြိုး၏ အခြားတစ်ဖ ကွင်းလျှော ပြုလုပ်ထားသောနေရာတွင် ဓားမြှောင်ရိုး ချည်နှောင်တပ်ဆင်သည်။

ကြိုးအရှည်ကို အနေတော်ဖြစ်အောင် သေသေချာချ ချိန်ဆတွက်ချက်ကာ ပိုင်ပိုင်ကိုင်သည်။

ထို့နောက် ကြိုးကို စက်ဝိုင်းသဏ္ဌာန်ဝှေ့ယမ်းလိုက် ကြိုး၏ တစ်ဖက်အဆုံးပိုင်း ကွင်းလျှောနေရာတွင် ချ နှောင်တပ်ဆင်ထားသော ဓားမြှောင်အသွားက သုံး ဆိုင် သစ်ခွမန်းမင် တွတ်ချိတ်ပေါက်နေသော သစ်ကိ နေရာကို ထိခုတ်မိသည်။



တစ်ချက်တည်းနှင့်တော့ပြတ်မသွား။ ဓားမြှောင်သွား နှင့် ထိခုတ်မှုကြောင့် သစ်ကိုင်းငယ်တွင် ပြတ်တောက်သွား သည့် ထိချက်တော့ဖြစ်သည်။

နောက်တစ်ကြိမ်ထပ်ကာ ကြိုးကို ထပ်မံဝှေ့ယမ်း၏။ တ်အာရုံကိုစုစည်းကာ အချိန်အဆ အတိအကျဖြစ်အောင် အပြတ် ကြိုးစားသည်။

"ဒုတ်"

စောစောက ထိမိသော နေရာတည့်တည့်ပေါ်တွင် ထိ တ်မိစေရန် သေသေချာချာ ချိန်ဆသော်လည်း အနည်း ယ် တိမ်းစောင်းလွဲချော်သည်။ ဘေးနားတွင်ကပ်၍ ထိ တ်မိသည်။

ချိန်ဆသလို တိတိကျကျ ထိခုတ်မိကြောင်း သိသည်နှင့် န်းယမ်ရှောင်ရိက လက်ကောက်ဝတ်ကိုလှည့်တစ်ခါတ ၍ ဆွဲယူသည်။

ထိုအခါ သစ်ကိုင်းငယ်၏ အသားစလေးတစ်စ ပဲ့ ွက်သည်။ တစ်ဆက်တည်းမှာပင်ပတ်ကြိုးကိုလည်း အား ည့်၍ ဆောင့်ဆွဲသည်။

"ဂျွတ်"

သည်တစ်ခေါက်တွင်တော့ သစ်ကိုင်းလေး ကျိုးပြတ် ားသည်။

ပတ်ကြိုးဖြင့် မိမိရရရစ်ပတ်မိထားသည့် ကျိုးထွက်လာ သော သစ်ကိုင်းငယ်အဖျားပိုင်းကို ကျန်းယမ်ရှောင်ရိက က ကျင်ဆည်စွာပင် မိမိရရဆွဲဖမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းအဖျားပိုင်းနှင့်အတူ သုံးပွင့်ဆိုင်သစ်ခွပန်းသ
လည်း ကျွန်းယမ်းရှောင်ရိုလက်ထဲသို့ ရောက်လာတော့
သည်။

* * *

"ရှောင်ရိုက သိပ်တော်တာပဲ၊ ဟိုအမြင့်ကြီးက သစ်
ကိုင်းသေးသေးလေးမှာ တွယ်ချိတ်ပေါက်နေတဲ့ သစ်ခွ
ပန်းပင်တွေတောင် ရအောင်ယူလာနိုင်တယ်၊ ကြည့်စမ်းပ
ဦး၊ အရွက်ကိုလှတာပဲ၊ အရမ်းထူးဆန်းတဲ့ သစ်ခွပန်း
ဒီလိုသစ်ခွမျိုး ဒီတစ်ခါပဲ တွေ့ဖူးတာ၊ ကျေးဇူး... ကျေးဇူး
သိလား"

သစ်ခွပန်းပင်ကို အောင်မြင်စွာ ရယူပြီးနောက် သစ်ပင်
အောက်သို့ ချောမောစွာ ပြန်ဆင်းလာသော ကျွန်းယ
ရှောင်ရိုကို ချင်ယုအင်းက အားရဝမ်းသာ ဆီးကြိုပြော
သည်။

ပြေးမဖက်ရုံတစ်မည်သာရှိ၏။ မိန်းကလေးမှာ အလွန်
ကို ရွှင်မြူးပျော်ရွှင်နေသည်။

ပြေးမဖက်သော်လည်း ကျွန်းယမ်ရှောင်ရို၏ ညာလက်
မောင်းကိုတော့ ခပ်တင်းတင်းကျစ်ကျစ် ဆုပ်ကိုင်ထား၏

"ကိုလဲ ဒီသစ်ခွမျိုး မမြင်ဖူးဘူး၊ ယုအင်း သူ့နာမည်
ကို မသိဘူးဆိုတာ ဖြစ်တယ်နော်"



"တကယ်ပေါ့လို့၊ ဘာလို့ ညာပြောရမှာလဲ"

"ယုအင်းတောင် မသိဘူးဆိုရင် တခြားလူတွေလဲ သိ
နိုင်မယ် မထင်ဘူး"

"ဒါတော့ အပြတ်ဘယ်ပြောနိုင်မှာလဲ၊ သိတဲ့လူ ရှိချင်
ရှိမှာပေါ့"

"ဒီသစ်ခွပန်းကို ကိုဘာသာတို့ ခေါ်နိုင်မယ့်နာမည်
ပေးရရင် မကောင်းဘူးလား"

"အင်း... ကောင်းသားပဲ၊ ရှောင်ရို ပြောလေ၊ ဘယ်
လို ခေါ်မလဲ"

"သုံးပွင့်ဆိုင်သစ်ခွ ဆိုရင်ရော"

ဤအခေါ်အဝေါ်က ရိုးစင်းသလိုမို့ ချင်ယုအင်း သိပ်
သဘောမကျ။ သို့သော် ကျွန်းယမ်ရှောင်ရို စဉ်းစားသော
အခေါ်မို့ ဘာမျှ စောဒကတက်မနေတော့ဘဲ သဘောတူ
လက်ခံလိုက်သည်။

"ဟုတ်ပြီ၊ ဒီသစ်ခွပန်းကို သုံးပွင့်ဆိုင်သစ်ခွလို့ ခေါ်
ကြမယ်၊ သူ့တို့ ကောင်းကောင်းမွန်မွန် ထည့်သိမ်းယူသွား
နိုင်ဖို့ ဝါးသေတ္တာလေးတစ်ခု လုပ်ရဦးမယ်"

"ရတယ်၊ ကိုလုပ်ပေးမှာပေါ့"

"ရှင် ကျကျနန လုပ်တတ်မှာ မဟုတ်ဘူး၊ ကျွန်မပဲ
လုပ်မယ်၊ ဝါးလုံး ကောင်းကောင်းသန့်သန့်လေးသာရှာ
ခုတ်ပေး"

ထိုနေရာအနီးတွင် ဝါးရုံ အတော်များများလည်း ရှိ
သည်။ ဝါးရုံတစ်ရုံမှ ဝါးများမှာ ရွှေအိုရောင်တွင် အနက်

www.burmeseclassic.com

www.burmeseclassic.com



ရင့်ရင့် အစင်းကြောင်းများပါရှိသည့် ဝါးများဖြစ်သည်။ ထိုဝါးများသည် အလုံးကြီး၍ အသားကျစ်သည်။

ကျွန်းယမ်ရှိရှောင်က ထိုဝါးရုံမှ သက်ရင့်ဝါးတစ်လုံး ရွေး၍ ခုတ်ယူပေးသည်။

ချင်ယုအင်းသည် သစ်ခွဝါသနာအိုးဖြစ်သည့်အားလျော်စွာ သစ်ခွပန်းများ အထိအခိုက်ကင်းစွာ သယ်နိုင်သည့် ဝါးသေတ္တာ၊ ဝါးခြင်းများကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်သည်။

'သုံးပွင့်ဆိုင် သစ်ခွပန်းပင်' ထည့်ရန်အတွက် ကျစ်လျစ်သည့် ဝါးကိုင်းငယ်လေးနှင့် ဝါးသေတ္တာပြုလုပ်ဖို့ စိတ်ကူးရှိသည်။ သို့သော် ကျွန်းယမ်ရှောင်ရှိခုတ်ယူလာခဲ့သော ဝါးလုံးမှာ အကြီးစားဖြစ်သော်လည်း အရောင်အသွေး တစ်မူဆန်းလျက် သက်ရင့်ဝါးဖြစ်အော အသားလည်းကျစ်သောကြောင့် ထိုဝါးလုံးကိုပင် ဝါးခြမ်းသေးသေးလေး များ စိတ်ဖြာသပ်ကာ ဝါးသေတ္တာလေးတစ်ခု စိတ်ရှည်လက်ရှည် ပြုလုပ်လေသည်။

ချင်ယုအင်းပြုလုပ်သော ဝါးသေတ္တာလေးမှာ အလျားနှင့် အနံ ခြောက်လက်မ၊ အမြင့်တစ်ပေသာသာ ရှည်မျောမျော ပုံသဏ္ဌာန်ရှိသည်။ ဝါးကြောတွင်ရှိနေသည့် အနက်ရောင် အစင်းလေးများကို အနေအထားဆီလျော်စွာ ပါရှိနေအောင် လက်သန်းလုံး တစ်ဝက်သာသာရှိသည့် ဝါးခြမ်းဖယ်လေးများ ခွဲစိတ်၍ ဝါးနှီးကြောဖြင့် ကွပ်ထားသည်။



ချစ်စရာကောင်းသလို သုံးပွင့်ဆိုင် သစ်ခွပန်းပင် ထည့်ရန်လည်း အနေတော်လေးဖြစ်သည်။ ထိုဝါးသေတ္တာလေး ထဲတွင် ထည့်နိုင်ရန် သုံးပွင့်ဆိုင်သစ်ခွပန်း တွယ်ချိတ်နေသော သစ်ကိုင်းလေးကို အရှည်ငါးလက်မခန့်သာရှိအောင် တိတိရိရိ ဖြတ်တောက်သည်။

သစ်ခွပန်းပင် ထည့်ထားသော ဝါးသေတ္တာလေးကို ချင်ယုအင်း၏ စီးမြင်းကုန်းနှီးတွင်ချိတ်ကာ ခရီးဆက်ထွက်လာခဲ့ကြသည်။

ညနေစောင်းလောက်တွင် စမ်းချောင်းလေးတစ်ခုသို့ ရောက်သည်။ နေမဝင်သေးသော်လည်း ထိုနေရာလေးမှာ ခြေခင်းလက်ခင်းသာသည့်အတွက် ခရီးမဆက်ကြတော့ဘဲ ရပ်နားလိုက်ကြသည်။

မနက် အရုဏ်မတက်မီထ၍ ခရီးဆက်ရန်တိုင်ပင်စီစဉ်ကြသည်။

ကျွန်းယမ်ရှောင်ရိက တောဘဲနှစ်ကောင် ပစ်ခတ်ရရှိသည်။ ချင်ယုအင်းက စမ်းချောင်းလေးထဲမှ ငါးခပ်ကြီးကြီးတစ်ကောင်ဖမ်းယူသည်။

ချစ်သူနှစ်ဦး၏ ညစာစားသောက်ပွဲလေး မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်တော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဘဲကင်နံ့တွေ ငါးကင်နံ့တွေတယ်မွှေးပါလား"

ကျွန်းယမ်းရှောင်ရီနှင့် ချင်ယုအင်းတို့နှစ်ယောက် မီးပုံပြုလုပ်ကာ တောဘဲနှင့်ငါးများကင်နေကြခိုက် စကားသံ တစ်ခုကြားရသည်။

လူကို မမြင်ကြရသေး။

ကြားလိုက်သည်က မျောက်ဖြူကြီး၏အသံဖြစ်ကြောင်း ကျွန်းယမ်ရှောင်ရီ ကောင်းကောင်းမှတ်မိသည်။

ချင်ယုအင်းကတော့ မျက်မှောင် မသိမသာကြုတ်သွားသည်။

"ဟော…ဦးလေးကြီး"

ကျွန်းယမ်ရှောင်ရီသည် မီးပုံဘေးတွင် ထိုင်နေရာမှ ဆတ်ခနဲထရပ်ကာ ပါးစပ်မှလည်း နှုတ်ဆက်စကားအလို လိုထွက်သည်။

ချင်ယုအင်းလည်း ထရပ်သည်။

ထိုအချိန်မှာပင် မီးပုံဘေးနားသို့ မျောက်ဖြူကြီးသွား ခနဲ ရောက်လာသည်။

မျောက်ဖြူကြီး၏ ကိုယ်ဖော့ပညာစွမ်းရည်အကြောင်း မသိ[illegible]သော ချင်ယုအင်း အံ့ဩသလိုဖြစ်သည်။

"ဦးလေးကြီး ဘယ်လိုလုပ်ပြီးရောက်လာတာလဲ"

ကျွန်းယမ်ရှောင်ရီက နှုတ်ဆက်သည်။

ရုတ်တရက် ပေါ်လာသည့်မျောက်ဖြူကြီး၏ ထူးခြားသော လှုပ်ရှားဟန်များကြောင့် ချင်ယုအင်း၏စိတ်ထဲ ဆင့်ဆလိုလိုဖြစ်ခဲ့ရသေးသည်။



သို့သော် ကျွန်းယမ်ရှောင်ရီ၏ ရင်းနှီးဖော်ရွေစွာနှုတ်ဆက်မှုကြောင့် ခင်မင်သော လူတစ်ယောက်ဖြစ်ကြောင်း နားလည်ကာ စိုးထိတ်သည့်စိတ်များပပျောက်သွားသည်။

"ဟိုဘက်နားကဖြတ်သွားရင်း ဘဲကင်နံ့မွှေးမွှေး ငါးကင်နံ့သင်းသင်းရတာကြောင့် ခြေထောက်ကအလိုလို ဒီဘက်ကို လှမ်းမိတာပဲ၊ ဘယ်လိုလဲ…ကျက်ပြီလား"

မျောက်ဖြူကြီးက ပြောသည်။

"ကျက်တော့မှာပါ ဦးလေးကြီး၊ ထိုင်ပါဦး"

ချင်ယုအင်းက ဖိတ်မန္တကပြုသည်။

တကယ်စင်စစ် မျောက်ဖြူကြီးသည် အသားကင် ငါးကင်နံ့များရသောကြောင့် ရောက်လာခြင်းမဟုတ်။ သူ၏ ထုံးစံအတိုင်း လွတ်လွတ်လပ်လပ် လှည့်လည်သွားလာနေရင်း ကျွန်းယမ်ရှောင်ရီတို့၏ခြေရာကိုကောက်မိခဲ့သည်။

ကျွန်းယမ်ရှောင်ရီ၏ ခြေရာလက်ရာများကို ကောင်းကောင်းသိရှိသော်လည်း အတူတွေ့ရသော မိန်းကလေး ခြေရာလက်ရာ သဲလွန်စများကိုတော့ မည်သူမည်ဝါဟု သေချာပေါက် မခွဲခြားတတ်ပေ။

သို့သော် ချင်ယုအင်းဖြစ်လိမ့်မည်ဟုတော့ ခန့်မှန်းမိသည်။

ထို့ကြောင့် ခြေရာခံလိုက်လာခဲ့ရာ စမ်းချောင်းလေးနားတွင် စခန်းချရန်ပြင်ဆင်နေကြသော ကျွန်းယမ်ရှောင်ရီတို့ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ထွက်မတွေ့သေးဘဲ အသာ ပုန်းအောင်း စောင့်ကြည့်နေလျက် ဘဲကင် ငါးကင်များ ကျက်လောက်သည့်အချိန်ကျမှ အသံပေးပြီး ထွက်လာခဲ့သည်။

"အေး....အေး....ကောင်းတူးပါပဲ၊ ငါနာမည်က မျောက်ဖြူကြီးတဲ့၊ ကြားဖူးမလား မသိဘူး"

မျောက်ဖြူကြီးက မီးပုံဘေးတွင် ဝင်ထိုင်ရင်း ပြောသည်။

"ဟာ....ကြားဖူးတာပေါ့၊ သိုင်းစွမ်းပြီး ကိုယ်ဖော့ ပညာကောင်းတယ်၊ ပျော်တတ်၊ ရွှင်တတ်၊ နောက်တတ် ပြောင်တတ်တယ်၊ နောက်ပြီး အဲ...."

စောရသူခိုးအလွမ်းသို့လည်း ကျွမ်းကျင်စွာ လုပ်ဆောင်တတ်ကြောင်း ဆက်ပြောမည် လွှမ်းမိုးမှ ထိုသို့ပြော၍ ကောင်းမှ ကောင်းပါမလားဟု တွေးမိကာ စကားကို ရုတ်တရက်ရပ်လိုက်သည်။

မျောက်ဖြူကြီးက တဟားဟားရယ်မောလိုက်ပြီး....

"ခိုးတာဝှက်တာမှာလဲ ကျွမ်းကျင်တယ်လို့ နာမည်ကြီးနေတာကို ပြောမလို့မဟုတ်လား"

"ဟို....အဲ....အားနာပါတယ် ဦးလေးကြီးရယ်"

"ဟား....ဟား....ဟား....ဘာမှ အားနာစရာမလိုဘူး၊ ခိုးတာဝှက်တာက ငါသနားပါတဲ့အပြင် အကျွမ်းကျင်ဆုံး အလုပ်ပဲ၊ မင်းတို့နှစ်ယောက်ကို အခုလို အတူတူတွေ့ရတော့ ဝမ်းသာတယ်ကွာ"



ချင်းယွာအင်း မျက်နှာရဲ့ခနဲဖြစ်ကာ ခေါင်းလေးငုံ့သွားသည်။

"ဟာ....ဦးလေးကြီးကလဲ၊ ကျွန်တော်နဲ့ယုအင်းတို့က မြွေဆိုးကိုက်ထားချုပ်ရှိမဲ့ဆေးနေရာကို လိုက်ရှာနေကြတာပါ"

ကျန်းယမ်ရှောင်ရိက ရှက်ကိုးရှက်ကန်းနှင့်ပြောသည်။

ထိုအခိုက် မီးပုံနှင့်အတော်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်ရှိ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် တင်ချိတ်ထားသော ဝါး သေတ္တာရှည်လေးကို မျောက်ဖြူကြီး လှမ်းမြင်တွေ့သွားသည်။

ထိုနေရာသည် မှောင်ရိပ်ကျနေပြီး သစ်ကိုင်းသစ်ရွက်များလည်း အုပ်ဆိုင်းဆိုင်းရှိနေရာ မြင်ကွင်း သိပ်မရှင်း။ မျောက်ဖြူကြီး၏ မျက်လုံးအကြည့် စူးရှသော်ကြောင့်သာ တွေ့မြင်နိုင်ခဲ့သည်။

အထက်တန်းစား မှူးမတ်မျိုးနွယ်ဖြစ်သော မျောက်ဖြူကြီးသည် သစ်ခွပန်းများအကြောင်းနားလည်သည်။ သူတို့ မိသားစုအိမ်ဂေဟာကြီးတွင် သစ်ခွပန်းဥယျာဉ်တစ်ခုပင် သီးသီးသန့်သန့်ရှိနေသည်။

သည်တော့ ထိုဝါးသေတ္တာလေးမှာ အဖိုးတန် သစ်ခွပန်းထည့်ရန် သေသေချာချာပြုလုပ်ထားကြောင်း မြင်ရုံနှင့်သိသည်။

"အလို....သစ်ခွပန်းထည့်တဲ့ဝါးသေတ္တာလေးပါလား၊ ဘယ်လိုအဖိုးတန်တဲ့ သစ်ခွပန်းပင်ကောင်းများ ရှိသွားလို့လဲ"

www.burmeseclassic.com



မျောက်ဖြူကြီးက မေးလိုက်သည်။

"သုံးပွင့်ဆိုင် သစ်ခွပန်းပင်ပါ ဦးလေးကြီး"

ကျွန်းယမ်ရှောင်ရိုက ပြန်ဖြေသည်။

"သုံးပွင့်ဆိုင်သစ်ခွ....ဟုတ်လား၊ ဒီနာမည်မျိုးမကြားဖူးပါဘူး"

"ဒီသစ်ခွပန်းရဲ့ နာမည်ကို ယုအင်းတောင် မသိလို့ ကျွန်တော်တို့ဘာသာခေါ်ကြတာပါ"

"ဘယ်လို သစ်ခွပန်းဝင်မျိုးမို့လဲ၊ သွားကြည့်ရအောင်လား"

မျောက်ဖြူကြီးက ပြောပြောဆိုဆို ထိုင်နေရာမှထကာ ဝါးသေတ္တာရှည်လေး ဆွဲချိတ်ထားရာ သစ်ပင်ဆီသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

ကျွန်းယမ်ရှောင်ရိုသည်း ထ၍ အတူလိုက်သွားသည်။ ချင်ယုအင်းကတော့ ကျက်စပြုနေသော အကင်များကို စောင့်ကြည့်ရန် မီးပုံနားတွင် ကျန်နေရစ်ခဲ့သည်။

* * *

မျောက်ဖြူကြီးနှင့် ကျွန်းယမ်ရှောင်ရိုတို့နှစ်ယောက် သစ်ပင်ဆီသို့ ရောက်သွားကြသည်။ ကျွန်းယမ်ရှောင်ရိုက ဝါးသေတ္တာရှည်လေးကို လှမ်းဖြုတ်ယူပြီး မျောက်ဖြူကြီးထံသို့ အပ်သည်။



မျောက်ဖြူကြီးက ဝါးသေတ္တာရှည်လေးထဲရှိ သစ်ခွပန်းပင်ကို စူးစိုက်ကြည့်သည်။

အလင်းရောင် သိပ်မကောင်းသော်လည်း မျောက်ဖြူကြီးအနေနှင့်ကတော့ ထင်ထင်ပြူက်ပြူက် မြင်နိုင် တွေ့နိုင်သည်။

မျောက်ဖြူကြီး၏မျက်နှာပေါ်တွင် ထူးခြားသော အမူအရာ ဖျတ်ခနဲပေါ်သည်။

"အလို"

ပါးစပ်မှလည်း ရေရွတ်သံပြုသည်။

"ဘာလဲဟင်...ဦးလေးကြီး၊ ဘာထူးခြားလို့လဲ"

ကျွန်းယမ်ရှောင်ရိုက မေးလိုက်မိသည်။

မီးပုံနားတွင် ကျန်ရစ်နေခဲ့သော ချင်ယုအင်းကလည်း လှမ်း၍အကဲခတ်ကာ ကြည့်သည်။

မျောက်ဖြူကြီးက ချက်ချင်းအဖြေမပေး။ သစ်ခွပန်းပင်ကို ပို၍စေ့စေ့စပ်စပ် ကြည့်ရှုသည်။

"ဒါ ဘာသစ်ခွလဲဆိုတာ ဦးလေးကြီးသိသလားဟင်"

ကျွန်းယမ်ရှောင်ရိုက မေးလိုက်မိသည်။

ချင်ယုအင်းဆိုလျှင် မီးပုံနားမှထကာ ကျွန်းယမ်ရှောင်ရိုတို့ထံ လာမည်ပင်ပြုသည်။

မျောက်ဖြူကြီးက သစ်ခွပန်းပင်ထည့်ထားသော ဝါးသေတ္တာရှည်လေးကို သစ်ပင်ပေါ် ပြန်တင်ချိတ်လိုက်ဆည်း

"လာ... မီးပုံနား ပြန်သွားမယ်၊ အကင်တွေစားရင်း အေးအေးဆေးဆေး ပြောကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မီးပုံနားသို့ ပြန်လာခဲ့ကြသည်။

''မြောပါဦး....ဦးလေးကြီးရဲ့၊ အဲဒါ ဘာသစ်ခွလဲ''

ချင်ယုအင်းက မေးသည်။

ကျက်နေပြီဖြစ်သော ဘဲကင်မှပေါင်တစ်ဖက်ကို ဖဲ့ယူ၍ ပေးသည်။

''မင်းတို့နှစ်ယောက် အရမ်းကိုက်ကောင်းတယ်၊ အဲဒါ အရမ်းတို့ရှားပါးပြီး ဆေးဖက်လဲဝင်တဲ့ ရွှေနဂါး မျက်လုံး သစ်ခွပဲ''

''ဟင်....ဖွတ်လား''

ချင်ယုအင်းက အံ့ဩဝမ်းသာပင် ရေရွတ်သည်။

ရွှေနဂါးမျက်လုံးသစ်ခွဆိုသည်ကို မမြင်ဖူးသော်လည်း အမည်လောက်ကိုတော့ ကြားဖူးသည်။ အရှားပါး ဆုံး သစ်ခွအမျိုးအစား ဖြစ်ကြောင်းကိုလည်း ကြားဖူးနားစ ရှိထားသည်။

''ဖွတ်တယ်၊ ဒီရွှေနဂါးမျက်လုံး သစ်ခွကို မင်းတို့ နှစ်ယောက် ဘယ်ကနေ ဘယ်လိုလုပ် ရလာခဲ့ကြတာလဲ''

''ကျွန်တော်တို့နှစ်ယောက် ခရီးနှင်လာကြရင်း တော ထဲမှာ တွေ့မိတာပါပဲ''

ကျန်းယမ်ရှောင်ရီက ပြောသည်။

ချင်ယုအင်းကတော့ မိန်းကလေးဖြစ်သည့်အပြင် သစ်ခ မန်းများကို အထူးပင် စိတ်ဝင်စားသည့်အတွက် ကျန်းယမ် ရှောင်ရီ ခပ်လွယ်လွယ်ပြောလိုက်မှုကို သိပ်အားမရ။



သစ်ခွပန်းပင် တွေ့ရပုံ၊ ကျန်းယမ်ရှောင်ရီက စွန့်စွန့် စားစား ခူးယူပုံ၊ မိမိက သစ်ခွပန်းပင် ထည့်ရန် ဝါး သေတ္တာရှည်လေး လုပ်ပုံ စသည်တို့ကို အသေးစိတ် ပင် စိတ်ရှည်လက်ရှည် ပြောပြသည်။

''ရွှေနဂါးမျက်လုံးသစ်ခွ ဆေးဖက်ဝင်တယ်ဆိုတာက ဘယ်လိုရောဂါတွေကို ကုနိုင်တာလဲ''

ချင်ယုအင်းက သူမ၏ ရှင်းလင်းပြောပြချက်ကို မေး ခွန်းဖြင့် အဆုံးသတ်လိုက်သည်။

''အဆိပ်ပေါင်းစုံကို နိုင်တယ်၊ ဘယ်လောက်ပြင်းထန် ပြီး ဘယ်လောက်ဆန်းပြားတဲ့ အဆိပ်ဖြစ်ပါစေ၊ ပျောက် ပြယ်သွားစေနိုင်တယ်၊ ငါသိသလောက်ပြောရမယ်ဆိုရင်''

သွေးအဆိပ်သင့်လျှင် မည်သို့၊ အာရုံကြောများ အဆိပ် မိလျှင် ဘယ်ပုံ စသည်ဖြင့် မိမိကြားသိထားသမျှသော ရွှေ နဂါးမျက်လုံး သစ်ခွကိုသုံးက အဆိပ်ဖြေကုသပုံနည်းလမ်း များကို မျောက်ဖြူကြီးက ပြောပြသည်။

ကျန်းယမ်ရှောင်ရီရော ချင်ယုအင်းပါ စိတ်ဝင်တစား နားထောင် မှတ်သားကြသည်။

* * *

''ဒါနဲ့ နေကြပါဦး၊ မင်းတို့နှစ်ယောက် ဘယ်လိုဆုံမိ ပြီး မြွေဆိုးဂိုဏ်းချုပ်နောက်ကို အတူတူခြေရာခံလိုက်ကြဖို့ ဖြစ်လာတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



ရွှေနဂါးမျက်လုံး သင်္ချုဖြင့် အဆိပ်ပေါင်းစုံကို ဖြေဖျောက်ကုသမှုနည်းလမ်းတို့အကြောင်း ပြောပြပြီးနောက် မျောက်ဖြူကြီးက မေးသည်။

ဤတွင် မြွေဆိုးကိုက်၊ ချုပ်နှင့် ဆုံမိပြီး ထိခိုက်ဒဏ်ရာရကာ အဖျားတက်သတိလစ်သွားချိန်တွင် သူတို့နှစ်ယောက် ဆုံမိကြပုံ၊ သမားတော်ပင့်ကာ ကုသပေးပုံ၊ မြွေဆိုးကိုက်း အကြောင်း လိုက်လံစုံစမ်းပုံ အကြောင်းများကို ကျွန်းယမ်ရှောင်ရီနှင့် ချင်ယုအင်းတို့က တစ်ယောက် တစ်လှည့်စီ ပြန်ပြောင်း ပြောပြကြသည်။

"လက်စသတ်တော့ မင်းတို့က အကြောင်းကံ ဆုံလို့ တွေ့ခဲ့ကြတာကိုး၊ ဒီအတိုင်းဆိုရင် ဖူးစာဆုံကြဖို့လဲ ကုသိုလ်ပါအကြမှာ သေချာတယ်"

အကြောင်းစုံသိရပြီးနောက် မျောက်ဖြူကြီးတမှတ်ချက်ချရာ ကျွန်းယမ်ရှောင်ရီနှင့် ချင်ယုအင်းတို့နှစ်ယောက်သား ရှက်စနိုး ဖြစ်ကြရသေးသည်။

"တို့ကို ကုသပေးခဲ့တဲ့ သမားတော်ကြီးရဲ့ နာမည်ကို ပြောပြပါဦး ယုအင်းရဲ့၊ မေးမယ် မေးမယ်နဲ့ အခုမှ မေးဖြစ်တယ်၊ ကိုယ့်အသက်ကို ကုသ ကယ်တင်ပေးခဲ့တဲ့ အသက်သခင် ကျေးဇူးရှင်ကြီးရဲ့နာမည်ကို မသိဘဲဖြစ်နေရင် ဘယ်ကောင်းမှာလဲ"

ကျွန်းယမ်ရှောင်ရီသည် မိမိတို့ကုအကယ်တင်ပေးခဲ့သည့် သမားတော်၏ အမည်ကို သိချင်နေသည်။ ချင်ယုအင်းနှင့်



နှစ်ယောက်အတူတူ ခရီးနှင်ခဲ့ရသည့်တွင် ကြည်နူးပျော်ရွှင်နေရာ မေးရန်သတိမရနေခဲ့သည်။

ယခု မိမိတို့အကြောင်းကို ပြန်ပြောင်း ပြောပြတော့မှ သတိရကာ စကား အလျဉ်းသင့်သလိုလည်း ရှိသည့်တွင် မေးလိုက်ခြင်း ဖြစ်သည်။

"သူ့ကို ထိုက်သင့်တာထက် ဆေးဖိုးဝါးခ ပိုမိုမိုမို ပေးလိုက်ပြီးပါပြီ၊ ဘာမှအထွေအထူး ကျေးဇူးတင်နေစရာ မလိုတော့ပါဘူး"

စူးခိုင်ထုံး အကြောင်းကို သိထားသော ချင်ယုအင်းက ပြောသည်။ စူးခိုင်ထုံးလို လောဘကြီးပြီး စိတ်ယုတ်မာသူ တစ်ယောက်အပေါ် ကျွန်းယမ်ရှောင်ရီက အသက်သခင် ကျေးဇူးရှင် တစ်ယောက်အဖြစ် သဘောထားနေခြင်း မရှိစေလို။

ဤသို့ သဘောထားနေမှုအပေါ် စူးခိုင်ထုံးက အခွင့်အရေးယူကာ ကျွန်းယမ်ရှောင်ရီကို အသုံးချအမြတ်ထုတ်သွားမှာကို စိုးရိမ်သည်။

"ဟာ... ယုအင်း ဘယ်လိုပြောလိုက်တာလဲ၊ သူက ပေးလို့ တို့အဖျားပျောက်ပြီး သက်သာခဲ့တာမဟုတ်လား"

ရိုးရိုးသာသွေးတတ်သော ကျွန်းယမ်ရှောင်ရီက ပြောသည်။

"အဲဒီသမားတော် ဘယ်သူလဲဆိုတာ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



လှုံ့ကဲခက် ကောင်းသော မျောက်ဖြူကြီးကမူ ထူးခြားသော အကြောင်းတစ်ခုခု ရှိနိုင်မည်ဟု စဉ်းစားမိသည့်အတွက် ကြားဝင်ကာမေးသည်။

"စန်းကြူမြို့လေးက စူးခိုင်ထုံးပါ"

"စိတ်ပုပ် လောဘနတ် သမားတော်နဲ့ တွေ့ခဲ့ကြတာကိုး၊ ဟုတ်တယ်—ရှောင်ရိ၊ ဗီလူက စိတ်ထားမကောင်းဘူး၊ လောဘလဲကြီးတယ်၊ အဲ...ဆေးကုတဲ့နေရာမှာတော့ နှောဘ်ပါတယ်၊ သူ့စိတ်ကြိုက် ဆေးကုခရမယ်ဆိုရင် နတ်ဆေး သောက်လိုက်ရသလို တစ်ခဏအတွင်း ရောဂါသက်သာပြီး ထလာနိုင်တာ၊ ဒါကြောင့် သူ့ကိုစိတ်ပုပ်လောဘနတ် သမားတော်လို့ ခေါ်ကြတယ်"

သိုင်းလောက အတွေ့အကြုံများသော မျောက်ဖြူကြီးသည် စူးခိုင်ထုံးအကြောင်း ကောင်းကောင်းသိထားသည့်အတိုင်း ကျန်းယမ်ရှောင်ရိအား ရှင်းပြသည်။

စိတ်ထားရိုးဖြောင့်သော ကျန်းယမ်ရှောင်ရိအနေနှင့် လူမှန်းမသိအောင် အဖျားကြီးနေမှုကို ပျောက်ကင်းသက်သာအောင် ကုသပေးလိုက်သော သမားတော်တစ်ယောက်အပေါ် မကောင်းမြင်စိတ် မဖြစ်လို့။

"အဲဒီလူကြီး ငွေမက်တာ၊ လောဘကြီးတာ၊ စိတ်ထားမကောင်းတာကတော့ ကျွန်မကိုယ်တိုင် မြင်ခဲ့ကြားခဲ့ရတာသိလား"

အကြောင်း တိုက်ဆိုင်လာသည်မို့ ချင်ယုအင်းလည်း စန်းကြူမြို့လေးသို့ သမားတော်သွားအပင့် လိုက်လိုက်



သည့် မိန်းကလေး၏နေအိမ်တွင် တွေ့မြင်ကြားသိခဲ့ရသည်များကို အသေးစိတ်ပင် ပြောပြလိုက်သည်။

"နေပါဦး၊ မင်းပြောတဲ့အထဲမှာ လုကြည်ချမ်းဆိုတာပါတယ်နော်"

ချင်ယုအင်း၏ စကားအဆုံးတွင် မျောက်ဖြူကြီးက မေးသည်။

"ဟုတ်တယ်....လုကြည်ချမ်း၊ သူ့ကို မြင်ဖူးသလိုလိုပဲ၊ တာ...ဟုတ်ပြီ၊ အခုမှ စဉ်းစားမိတယ်၊ တစ်ကိုယ်တော်သိုင်းသမား လုကြည်ချမ်းဆိုတဲ့ လူပဲ"

တစ်ကိုယ်တော်သိုင်းသမား လုကြည်ချမ်း၊ စွဲကော်ပိုင်နိုင်ဖေသည့် အစွမ်းရှိသောဆေး၊ ဂိုဏ်းတစ်ခုလုံးကို အုပ်စိုးနေနိုင်မည့် အလားအလာ၊ အဆင့်မြင့်အစွမ်းထက် သိုင်းချမ်း စသည်တို့ကို ဆက်စပ် ကြည့်သောအခါ ဘယ်လိုအကြံအစည်မျိုး ဖြစ်ကြောင်း မျောက်ဖြူကြီး ကောင်းကောင်း နားလည်သဘောပေါက်လေတော့သည်။

* * *

"လုကြည်ချမ်းက တဏယ်တို့ အကြံကြီး ကြံနေတာကိုး...."

မျောက်ဖြူကြီးကခေါင်းတဆတ်ဆတ်လုပ်ရင်းပြော၏။

"သူက ဘာတွေများ ကြံနေတာလဲဟင်၊ မဟုတ်တာမှန်းတော့ သိတယ်၊ သေသေချာချာတော့ မမှန်းဆတတ်ဘူး၊ ဦးလေးကြီးသိရင် ပြောပြပါလား"

www.burmeseclassic.com

www.burmeseclassic.com



ချင်ယုအင်းက တိုက်တွန်းသည်။

"ရှုတ်တယ် ဦးလေးကြီး၊ ဒီလူတွေ ဘာကြံနေကြတယ်ဆိုတာ ကျွန်တော်လဲ သိချင်တယ်"

ညတွင် မျောက်ဖြူကြီးလည်း သူမှန်းဆမိသည့် လုကြည့်ချမ်း၏ 'အကြံအစည်ကြီး'ကို ကျန်းယမ်ရှောင်ရိတို့အား ပြောပြသည်။ ကောက်ကျစ်ယုတ်မာလှသည့် အကြံရိုင်းကြီးမို့ နားထောင်ရင်း ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့ ကြက်သီးထမိသည်။ စိတ်လှုပ်ရှားမိသည်။

တစ်ဆက်တည်းဆိုသလိုပင် မျောက်ဖြူကြီးက လုကြည့်ချမ်းနှင့် စူးခိုင်ထုံးတို့အကြောင်း သူသိထားသမျှကို ပြောပြလိုက်သေးသည်။ ကျန်းယမ်ရှောင်ရိတို့အတွက် အကြားအသိ တိုးသွားကြသည်ဟု ဆိုရပေမည်။

ဘဲကင်နှင့် ငါးကင်တို့လည်း အကုန်ပြောင်စင်သွား၏ ညဥ့်လည်း အတော်နက်နေပြီမို့ စကားဝိုင်း သိမ်းလိုက်ကြသည်။ မျောက်ဖြူကြီးလည်း ညအိပ်ရန် နေရာ ရှာမနေတော့။ စမ်းချောင်းလေးဘေးရှိ ကျန်းယမ်ရှောင်ရိတို့၏ ယာယီစခန်း နေမှာလေးတွင်ပင် ညအိပ်လိုက်၏

နောက်တစ်နေ့နံနက် အရုဏ်မတက်မီ ခရီးဆက်နိုင်ရန် ကျန်းယမ်ရှောင်ရိတို့ အစောကြီးနိုးကြသည်။ မျောက်ဖြူကြီးကို နိုးမနေတော့ဘဲ အေးအေးလူလူအိပ်နိုင်ရန် ထားရစ်ခဲ့ဖို့ စိတ်ကူးသော်လည်း သူတို့မနိုးမီမှာပင် မျောက်ဖြူကြီးက နိုးလျက် နံနက်စာပင် စီမံပြုလုပ်ထားပြီး အရုဏ်မတက်မီ ခရီးမြန်မြန် ဆက်ချင်နေကြသော ကျန်းယမ်



ရှောင်ရိတို့ အတွက် အရမ်းတို အဆင်ပြေသွားကြသည်။ မျောက်ဖြူကြီး ချက်ပြုတ်ထားသော နံနက်စာစာကို ခပ်သုတ်သုတ် စားလိုက်ကြသည်။

"ဪ...မင်းတို့ကို ပြောရဦးမယ်"

နံနက်စာစာစားသောက်ကြပြီးနောက် နှုတ်ဆက်ကာ ခွဲခွာခရီး စတော့မည့်အချိန်တွင် မျောက်ဖြူကြီးက စကားစသည်။

ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့လည်း မျောက်ဖြူကြီး ဘာပြောမည်နည်းဟု နားစွင့်လိုက်ကြသည်။

"လာမယ့်ဆယ်နှစ်ရက်နေ့ ညနေစောင်းအချိန်လောက် ကျုရင် မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့ ကျောက်စက်ရေစခန်းနားမှာ ရှိနေလိမ့်မယ်လို့ သတင်းရတယ်၊ ကျောက်စက်ရေ စခန်း ဘယ်မှာရှိတယ် ဆိုတာကိုတော့ သိကြရဲလား"

မျောက်ကြီးက ပြောသ၏။

"ကျွန်တော် မသိဘူး ဦးလေးကြီး"

"ကျွန်မသိတယ် ဦးလေးကြီး"

ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့နှစ်ယောက် ပြိုင်တူလိုလိုပင် အဖြေပေးလိုက်ကြသည်။

"ချင်ယုအင်း သိတယ်ဆိုရင် ပြီးတာပါပဲလေ၊ ပြီးတော့..."

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဖြူကြီးသည် စဉ်းစားချင့်ချိန်သလို တစ်ချက်ဆိုင်းကာ မျက်မှောင်ကြုတ်သည်။ ထို့နောက် ဆက်ပြောသည်။

"မြွေနတ်မယ်ဝတ်စုံကို မြွေဆိုးဂိုဏ်းက ရတော့မလို့လဲ ဖြစ်နေတယ် ဆိုလားပဲ"

"မြွေနတ်မယ် ဝတ်စုံဆိုတာက..."

ကျွန်းယမ်ရှောင်ရို၏ အမေးစကား မဆုံးမီ မျောက်ဖြူကြီးက လက်ကာဟန့်တားလိုက်ပြီး....

"အဲဒါက သက်ဆိုင်ရာဂိုဏ်းတွေရဲ့ လျှို့ဝှက်ချက်၊ ဘာမှ မစပ်စုနဲ့၊ မေးလားမြန်းလား လုပ်မနေနဲ့၊ ငါတောင် သတင်းထူးကို အသိပေးချင်လို့ ထုတ်ပြောရတာ"

ကျွန်းယမ်ရှောင်ရိုက ချင်ယုအင်းတို့ ကြည့်လိုက်မိ၏။ ချင်ယုအင်းက မျက်လွှာလေး အသာချထားသည်။

"သက်ဆိုင်ရာဂိုဏ်းချုပ်ရဲ့ ခွင့်ပြုချက်ရရင်တော့ ဂိုဏ်းဝင်တစ်ယောက်ယောက်က ဒီဝတ်စုံအကြောင်း မင်းသိသင့်တာတွေ ပြောပြကောင်း ပြောပြလိမ့်မယ်၊ အဲဒီ အချိန်မကျခင်တော့ မသိလိုက်မသိဘာသာပဲ နေပေတော့ ရှောင်ရိုရေ၊ ကဲ....ငါသွားပြီ"

မျောက်ဖြူကြီးက ဆက်ပြောသည်။

စကားလည်းဆုံး လူတာလည်း လှစ်ခနဲ ပြေးထွက်ပျောက်ကွယ်သည်။

★

## ထခန်း (၁၂)

မျောက်ဖြူကြီးထံမှ သဘင်းအစများ ရခဲ့ပြီမို့ ချင်ယုအင်းအနေဖြင့် မြွေနတ်မယ်ဂိုဏ်းချုပ်နှင့် အမြန်ဆုံး ဆက်သွယ်ရန်ဖြစ်လာခဲ့သည်။

ကြိုတင်ချိန်းဆိုစီစဉ်မှုများ စနစ်တကျ လုပ်ထားသည့်အတွက် ချင်ယုအင်းအဖို့ မြွေနတ်မယ်ဂိုဏ်းချုပ်နှင့်အဆက်အသွယ်လုပ်ရန်သိပ်မခက်ခဲပါ။ဆက်သွယ်ရန်လမ်းကြောင်းနှင့်နေရာတွေရှိနေသည်။

သို့ရာတွင် မြွေနတ်မယ်ဂိုဏ်းချုပ်နှင့် သွားရောက် ဆက်သွယ်ရာတွင် ကျွန်းယမ်ရှောင်ရိုကိုပါ အတူခေါ်သွားရန် သင့်မသင့်ကိုတော့ ချင်ယုအင်း ချီတုံချတုံ ဖြစ်နေရသည်။ ချင်ယုအင်း၏ စိတ်သဘောဆန္ဒအမှန်ကတော့ ကျွန်းယမ်ရှောင်ရိုကို အတူခေါ်ဆောင်သွားလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေနတ်မယ်ဂိုဏ်း၏ လျှို့ဝှက်ချက်များနှင့် ဆက်စပ်နေသော ကိစ္စဖြစ်သည့်အတွက် ဂိုဏ်းဝင်မဟုတ်သည့် အပြင်လူတစ်ယောက် (ယောကျ်ားမျိုးတစ်ယောက်လည်း ဖြစ်နေသေးသည်။) ကာန့်လန့်ကာန့်လန့်နှင့် ပါဝင်နေစေရန်ကလည်း မသင့်လျော်၊ နောက်ဆုံးတွင်....

မြွေနတ်မယ်ဂိုဏ်း တစ်ခုလုံးနီးပါး အဆိပ်ငွေ့သင့်ကာ မြွေဆိုးဂိုဏ်း၏လက်တွင်း သက်ဆင်းကျရောက်နေသည့် အခြေအနေမှ လွတ်အောင် ကျွန်းယမ်းရှောင်ရိက ကူညီကယ်တင်ပေးခဲ့ခြင်း၊ မြွေဆိုးဂိုဏ်းနှင့်ပတ်သက်သည့် အရေးကြီးသော သတင်းများကိုလည်း ကျွန်းယမ်ရှောင်ရိ၏ ဦးလေးကြီးထံမှ ကြားသိခဲ့ရခြင်း စသည့် အချက်များကြောင့် သည်ကိစ္စများတွင်ပါဝင်ဆောင်ရွက်လျှင်အနှောင့်အယှက်တယ်လို့မှမဖြစ်နိုင်၊ အကူအညီပင် များစွာရလိမ့်မည်ဟု ဆင်ခြင်သုံးသပ်ကာ ကျွန်းယမ်ရှောင်ရိကို အတူခေါ်သွားရန် ချင်ယူအင်း ဆုံးဖြတ်လိုက်သည်။

ယခု ၈-ရက်နေ့ဖြစ်ရာ ၁၂-ရက်နေ့ရောက်ရန် ၄-ရက်မျှသာ လိုသေးသော်လည်း ဆုံးဖြတ်ပြီးသည်နှင့် ချင်ယူအင်းက လုပ်စရာရှိသည်များကို မြန်မြန်ထက်ထက်ပင် လုပ်ဆောင်လေတော့သည်။

ထို့ကြောင့်....

၁၀-ရက်နေ့ နေ့လယ်ပိုင်းတွင်ပင် မြွေနတ်မယ်ဂိုဏ်းချုပ် တိန့်ထင်ကြိုင်ထံသို့ ချင်ယူအင်းနှင့် ကျွန်းယမ်ရှောင်ရိတို့ ရောက်ရှိသွားကြလေတော့သည်။



ချင်ယူအင်းက မျောက်ဖြူကြီးထံမှ ကြားသိခဲ့ရသည့် သတင်းများကို ဂိုဏ်းချုပ်တိန့်ထင်ကြိုင်အား အသိပေးတင်ပြသည်။ မိမိနှင့် ကျွန်းယမ်ရှောင်ရိ ပြန်လည်ဆုံတွေ့ကြပုံ၊ ကျွန်းယမ်ရှောင်ရိထံမှ သတင်းအစအနရကာ မြွေဆိုးဂိုဏ်းချုပ်နောက်သို့ အတူလိုက်ကြရာမှ ကျွန်းယမ်ရှောင်ရိ၏မိတ်ဆွေ ဦးလေးကြီးဖြစ်သူ မျောက်ဖြူကြီးနှင့် ဆုံကာ အရေးကြီးသည့်သတင်းများ ရခဲ့ပုံကိုလည်း ထည့်သွင်းပြောပြသည်။

“မောင်ရှင်လေး ကျွန်းယမ်ရှောင်ရိနဲ့ ပတ်သက်ဆက်နွယ်ပြီး သတင်းထူးတွေရလာခဲ့လို့ ထပ်ပြီး ကျေးဇူးတင်ရပြန်ပြီ၊ မြွေနတ်မယ်ဝတ်စုံဆိုတာက ငါတို့ ရှေးဘိုးဘွားတွေ အမွေပေးထားရစ်ခဲ့တဲ့ အဖိုးတန်ပစ္စည်းတစ်ခုလို့ပဲ အခု လောလောဆယ်မှာ သိထားလိုက်ပေါ့၊ မြွေနတ်မယ်ဝတ်စုံဟာ အဆင့်မြင့် အစွမ်းထက် သိုင်းပညာတစ်ခုနဲ့လဲ အဆက်အစပ်ရှိနေတယ်”

မြွေနတ်မယ်ဂိုဏ်းချုပ်က ကျွန်းယမ်ရှောင်ရိကို ကျေးဇူးတင်စကားဆိုပြီး ပြောပြသည်။

ထို့နောက် မြွေနတ်မယ်ဂိုဏ်းချုပ် တိန့်ထင်ကြိုင်က မြွေဆိုးဂိုဏ်းအား တိုက်ခိုက်နှိမ်နင်းရေး အစီအမံများကို အပူတပြင်းပင် လုပ်ဆောင်သည်။

မြွေနတ်မယ်ဂိုဏ်း၏ ဂိုဏ်းတွင်းရေး လုပ်ရှားမှုများတွင် စိတ်စူးစိုက်သည့်အနေအထားမျိုး ရှိနေမည်စိုးသောကြောင့် ကျွန်းယမ်ရှောင်ရိက အသိုက်သိစွာပင် ရှောင်ထွက်လေ

www.burmeseclassic.com

www.burmeseclassic.com



လျက် မိမိဘာသာ အေးအေးဆေးဆေး တစ်ကိုယ်တည်း နေသိုက်သည်။

ချင်ယုအင်းကတော့ တိန့်ထင်ကြိုင်၏ စိတ်လှုပ်ရှားမှုများတွင် ပါဝင်နေရလေသည်။

မြွေဆိုးဂိုဏ်းကို တိုက်ခိုက်ချေမှုန်းရေး၏ အစီက တိုက်ခိုက်ရေးအင်အားအဖြစ် မြွေစိမ်းကညာ ၇-ဖော်ကို တာဝန်ပေးသည်။ ချင်ယုအင်းက မြွေစိမ်းကညာ ၇-ဖော်တွင် အပါအဝင်ဖြစ်ကာ ဝါစဉ် အမှတ် ၃-နေရာတွင်ရှိသည်။

ယခုလောလောဆယ်တွင် ဂိုဏ်းချုပ် တိန့်ထင်ကြိုင်နှင့်အတူ မြွေစိမ်းကညာ ၁၊ ၃၊ ၆၊ ၇-တို့သာ ရှိနေကြလျက် ကျန် ၃-ယောက်မှာ မြွေဆိုးဂိုဏ်းကို ခြေရာခံစုံစမ်းရန် ကင်းလှည့်ထောက်လှမ်းနေကြသည်။

ထိုမြွေစိမ်းကညာ ၂၊ ၄-နှင့် ၅-တို့ကို ဂိုဏ်းချုပ်ထံ အမြန်လာရောက်ရန် အရေးပေါ်ဆက်သွယ်မှုဖြင့် ပြုလုပ်ဆင့်ခေါ်သည်။

မြွေစိမ်းကညာ ၇-ဖော်တို့ကို နောက်ခံ အရန်အင်အားများအဖြစ် ဝိုင်းဝန်းထောက်ကူပေးမည့် အဖွဲ့များကိုလည်း တာဝန်အသီးသီးခွဲဝေပေးသည်။

၁၁-ရက်နေ့ နံနက်ပိုင်းတွင် မြွေစိမ်းကညာ ၂၊ ၄-နှင့် ၅-တို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဂိုဏ်းချုပ်ထံရောက်ရှိလာကြသည်။ မြွေစိမ်းကညာ ၇-ဖော်တို့ စုံညီသောအခါ ဂိုဏ်းချုပ်တိန့်ထင်ကြိုင်က သီးသန့်တွေ့ဆုံကာ အရေးကြီးသော စကားများ ပြောဆိုမှာကြားသည်။



တိန့်ထင်ကြိုင်ပြောကြားသည့် အရေးကြီးသောစကားများမှာ မြွေနတ်မယ်ဝတ်စုံနှင့်ပတ်သက်သည်။

မြွေနတ်မယ် ဝတ်စုံသည် မြွေနတ်မယ်ဂိုဏ်း၏ ရှေးဟောင်းမျိုးဆက်အမွေအဖိုးတန်ပစ္စည်းဖြစ်သည်။ လျှို့ဝှက်လုံခြုံသည့်နေရာတွင်ရှိနေလျက် ထိုနေရာသို့ သွားရောက်နိုင်သည့် လမ်းညွှန်ကတော့ ပျောက်ဆုံးနေခဲ့သည်။

နှောင်းခေတ် မြွေနတ်မယ်ဂိုဏ်းချုပ် အစဉ်အဆက်သည် မြွေနတ်မယ်ဝတ်စုံရှိသည့်နေရာသို့ သွားရောက်နိုင်သော လမ်းညွှန်ကို ကြိုးစားစုံစမ်းခဲ့ရာ အချက်အလက်အတန်အသင့် ရရှိခဲ့ကြသည်။

သို့ရာတွင် မြွေနတ်မယ်ဂိုဏ်း၏ အစဉ်အလာစည်းကမ်းချက်ကို မကျေနပ်သော ဂိုဏ်းဝင်အချို့က မြွေဆိုးဂိုဏ်းကို သီးခြား ထူထောင်ခဲ့ကြသည့်နောက်ပိုင်းတွင်မူ မြွေနတ်မယ်ဝတ်စုံရှိရာနေရာကို သိနိုင်မည့် လမ်းညွှန် စုံစမ်းဖော်ထုတ်မှုသည် ရပ်တန့်သွားသလိုဖြစ်သွားသည်။

မည်မည်ရရ တိုးတက်အောင်မြင်မှုမရှိခဲ့ပေ။

မြွေနတ်မယ်ဂိုဏ်းနှင့်မြွေဆိုးဂိုဏ်းနှစ်ဂိုဏ်းလုံးက လမ်းညွှန်နှင့်ပတ်သက်၍ ကြိုးစားစုံစမ်းမှုများကို အဖြိုင်အဆိုင်ဆိုသလိုတော့ လုပ်နေကြသည်။ တစ်ဖက်နှင့်တစ်ဖက် နှောင့်ယှက် တိုက်ခိုက်မှုများလုပ်နေကြသောကြောင့် မည်သည့်ဘက်ကမှ တိုးတက်မှုမရှိဘဲ ရှိနေကြသည်။

မြွေနတ်မယ်ဝတ်စုံနှင့် ဆက်စပ်ပတ်သက်မှုရှိသော မြွေနတ်ကညာ သိုင်းကွက် ၁၂-ကွက်ကိုမူ မြွေနတ်မယ်ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ဂ ၇-ကွက်၊ မြွေဆိုးဂိုဏ်းက ၅-ကွက် ခွဲခြားယူထား နိုင်ခဲ့ကြသည်။

မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်ကို တတ်မြောက်ပိုင်နိုင်လျှင် မြွေနတ်မယ်ဝတ်စုံကို ရယူနိုင်ပြီး မြွေနတ်မယ်ဝတ်စုံကိုရရှိမှသာ မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်၏ အစွမ်းသတ္တိအပြည့်အစုံကို ရရှိအောင်မြင်မည်ဟု ဆိုရိုးစကားလည်း ရှိနေသည်။

သက်ဆိုင်ရာဂိုဏ်းချုပ်အသီးသီးတို့သည် သူတို့ရရှိထားသော သိုင်းကွက်များကို မြွေနတ်ကညာသိုင်းကွက်ဟုအသိမပေးဘဲ လျှို့ဝှက်ထားခဲ့ကြသည်။

မြွေနတ်မယ်ဂိုဏ်းတွင် 'မြွေစိမ်းကညာသိုင်းကွက် ၇-ကွက်' ဟု ခေါ်ဝေါ်ပြီး မြွေဆိုးဂိုဏ်းတွင်မူ 'မြွေဟောက် ၅-ကောင်သိုင်းကွက်' ဟု အမည်တပ်သည်။

မြွေနတ်မယ်ဂိုဏ်းက 'မြွေစိမ်းကညာ ၇-ဖော်' ကို ဖွဲ့စည်းကာ မြွေဆိုးဂိုဏ်းကတော့ 'မြွေဟောက် ၅-ကောင်' ဟု ဖွဲ့သည်။

မြွေစိမ်းကညာ ၇-ဖော်တို့သည် မြွေနတ်မယ်ဂိုဏ်း၏ အဆင့်မြင့်သိုင်းပညာများကို လေ့ကျင့်ကြရသည့်အပြင် မြွေနတ်ကညာသိုင်းကွက် တစ်ကွက်စီကိုလည်း သီးခြားသင်ယူကြရသည်။

ထိုနည်းတူ မြွေဟောက် ၅-ကောင်တို့မှာလည်း မြွေဆိုးဂိုဏ်း၏သိုင်းပညာများကို ထူးထူးချွန်ချွန်တတ်မြောက်ကြလျက် မြွေနတ်ကညာ သိုင်းကွက် ၅-ကွက်မှ သိုင်း



ကွက်တစ်ကွက်စီကိုလည်း တစ်ဦးချင်း သီးခြားလေ့ကျင့်ထားကြသည်။

'မြွေနတ်ကညာ သိုင်းကွက် ၁၂-ကွက်' သည် အစွမ်းထက်မြက်သည်နှင့်အမျှ အတော်လည်း လျှို့ဝှက်ဆန်းပြားသည်ဟု ဆိုရမည်။

သိုင်းကွက်များသည် တစ်ကွက်နှင့်တစ်ကွက် အဆောက်ကို ဆင်တူသည်။ ကွဲပြားခြားနားမှုအနည်းအကျဉ်းမျှသာရှိ၏။

သို့ရာတွင် သိုင်းကွက်စွမ်းရည်များကတော့ တစ်ကွက်နှင့်တစ်ကွက် သိသိသာသာပင် ကွဲပြားသည်။ ခြားနားသည်။ လုံးဝမတူ။

အမာစွမ်းရည် ပေါ်ထွက်သည့် သိုင်းကွက်၊ အပျော့စွမ်းရည် ဖြစ်ထွန်းသည့် သိုင်းကွက်ဟူ၍ ကွဲပြားခြားနားမှုများအပြင် အမာစွမ်းရည် ပေါ်ထွက်ရာတွင်လည်း တစ်တုန့်ဆိုး ပြင်းထန်သော အားအင်၊ ဆင့်ကဲဆင့်ကဲ ပို၍ကြီးမားလာသော အားအင်၊ အားအင် ဖြေဝိုက်သက်ရောက်မှု စသည်ဖြင့် ခြားနားသည်။

ယခုလက်ရှိအခြေအနေတွင်ပင် ထိုသိုင်းကွက်များသည် လျှို့ဝှက်ဆန်းပြားသော စွမ်းရည်သတ္တိတွေ ရှိနေရာ မြွေနတ်မယ် ဝတ်စုံရရှိလာလျှင်မူ တကယ့်ထိပ်တန်း ပြိုင်ဘက်ကင်း စွမ်းရည်တွေဝင် ရရှိလာနိုင်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တိန့်ထင်ကြိုင်က မိမိဖုံးကွယ်သိုသိပ်ထားခဲ့သည့် လျှို့ဝှက်ချက်ကိုလည်း ထုတ်ဖော်အသိပေးသည်။

"အခု... မင်းတို့ခုနစ်ယောက် တစ်ယောက်တစ်ကွက်စီ လေ့ကျင့်ထားကြတဲ့ မြွေစိမ်းကညာ သိုင်းကွက်တွေဟာ တကယ်တော့ မြွေနတ်ကညာသိုင်းကွက်တွေပဲ၊ သိုင်းကွက်တွေရဲ့ ဆက်စပ်မှုကို ဖော်ထုတ်နိုင်အောင်လို့ ဒီလျှို့ဝှက်ချက်ကို အသိပေးလိုက်တာ...

"မြွေဆိုးဂိုဏ်းရဲ့ မြွေဟောက် ငါးကောင်ကလဲ မြွေနတ်ကညာ သိုင်းကွက်ငါးကွက်ကို တတ်မြောက်ထားကြတယ်၊ မင်းတို့နဲ့ရင်ဆိုင်တဲ့အခါ မြွေဟောက်ငါးကောင်က သူတို့တတ်ထားတဲ့ မြွေနတ်ကညာ သိုင်းကွက်တွေကို ထုတ်သုံးကြမှာ သေချာတယ်...

"အဲဒီအခါမှာ ရင်ဆိုင်ခုခံ အနိုင်ယူနိုင်ဖို့နဲ့ သူတို့ရဲ့ သိုင်းကွက်နဲ့ပတ်သက်တဲ့ ဆက်စပ်မှုတွေကို ဖော်ထုတ်နိုင်ဖို့ အတွက် ကြိုတင် ပြင်ဆင်တဲ့အနေနဲ့ မင်းတို့ခုနစ်ယောက် ကိုယ်တတ်ထားတဲ့ မြွေနတ်ကညာ သိုင်းကွက်တွေကိုသုံးပြီး အပြန်အလှန် လေ့ကျင့်တိုက်ခိုက်ကြပါ...

"ကိုယ့်သိုင်းကွက်နဲ့ တစ်ဖက်လူရဲ့သိုင်းကွက် ဘယ်လို ဆက်စပ်မှုရှိတယ်ဆိုတာ သိရအောင် အစွမ်းကုန်ကြိုးစားကြရလိမ့်မယ်၊ ငါကိုယ်တိုင်လဲ ဘေးကနေစောင့်ကြည့်နေမယ်၊ စိုင်းတူညီပေးမယ်"



ဤသို့ပြောဆိုပြီးနောက် မြွေစိမ်းကညာ ခုနစ်ယောက်တို့ကို အပြန်အလှန်ရင်ဆိုင်ကာ လေ့ကျင့်တိုက်ခိုက်မှုများ ပြုလုပ်စေသည်။

လူခုနစ်ယောက်ရှိနေရာ အတွဲသုံးတွဲ ရင်ဆိုင်စေသည်။ တစ်တွဲတွင်တော့ နှစ်ယောက်တစ်ယောက် ရင်ဆိုင်ရသည်။

မိမိတို့ လေ့ကျင့်တတ်မြောက်ထားသော မြွေစိမ်းကညာ သိုင်းကွက်များသည် မြွေနတ်ကညာ သိုင်းကွက်များသာ ဖြစ်ကြောင်း အမှန်အတိုင်း သိကြရသောအခါ မြွေစိမ်းကညာ ခုနစ်ဖော်တို့ အထူးပင်ဝမ်းသာအားရ ရှိကြသည်။

မြွေနတ်ကညာ သိုင်းကွက်များ၏ အဆက်အစပ် လျှို့ဝှက်ချက်များကို ဖော်ထုတ်ဖို့ စိတ်ဓာတ် တက်ကြွနေကြသည်။ အထူးပင် ကြိုးစားသည်။ အစွမ်းကုန် လှုပ်ရှားလေ့ကျင့် တိုက်ခိုက်ကြသည်။

စိတ်ဓာတ် တက်ကြွစွာ အပြင်းအထန် ကြိုးစမ်းကြရာ မတော်တဆ ထိခိုက်မှုများပင် ရှိသည်။ ဒဏ်ရာ ကြီးကြီးမားမားမရသော အသေးအဖွဲ ထိခိုက်ရှနာမှုများသာဖြစ်၍ တော်ပေတော့သည်။

နံနက်ပိုင်းတစ်ခုလုံးပင် လေ့ကျင့်မှုလုပ်ကြသည်။ လေ့ကျင့်ဖော် အတွဲအတက် အပြောင်းအလဲများ အမျိုးမျိုး အဖုံဖုံလုပ်သည်။ နေ့လယ်စာ စားသောက်ချိန်နီးမှတော့ လေ့ကျင့်တိုက်ခိုက်မှုများ ခေတ္တရပ်နားလိုက်ကြ

သိုင်းကွက်များ၏ ဆက်စပ်မှု လျှို့ဝှက်ကာနရင် ရှေ့တစ်ကွက်တလေမျှပင် စူးစမ်း ဖော်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ဈေး။ သို့သော် တစ်ဖက်ပြိုင် ဘက်၏ လှုပ်ရှားမှုများကို အသေးစိတ် လက်မလွှတ်တမ်း ကြည့်ရှုနိုင်မှုနှင့် မြနှတ်ကညာ သိုင်းကွက်ကို ရင်ဆိုင်မှု အတွေ့ အကြုံ ကိုတော့ ကောင်းကောင်း ရလိုက်သည်။

မြနှတ်ကညာ သိုင်းကွက်များသုံး၍ တိုက်ခိုက်လာကြမည့် မြနှတ်ကောင်းကောင်းတို့ကို ရင်ဆိုင်နိုင်ရန် လေ့ကျင့်မှု ကောင်းစွာလုပ်နိုင်ပြီဟု ဆိုနိုင်သည်။

* * *

နေ့လယ်စာ စားသောက်ရန် စောင့်ဆိုင်းရင်း အနားယူ အပန်းဖြေနေခိုက် ချင်ယုအင်းသည် မြစိမ်းကညာ နှင့်အတူ လေ့ကျင့် တိုက်ခိုက်မှုများ လုပ်ခဲ့ကြပုံများကို ပြန်ပြောင်းစဉ်းစား သုံးသပ်ကြည့်မိသည်။

လေ့ကျင့်တိုက်ခိုက်ရင်း တစ်ဖက်ပြိုင်ဘက်၏ သိုင်းဟန် လှုပ်ရှားမှုများကို စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ရှုခဲ့ကြသည်ဆိုသော်လည်း တကယ်တမ်းတော့ စူးစမ်းကြည့်စရာ သိပ်များများစားစား မရှိခဲ့ပါ။

သိုင်းကွက်များသည် တစ်ခုနှင့်တစ်ခု အတော်ကြီးကို ယှဉ်ရာ တစ်ဖက်ပြိုင်ဘက်၏ လှုပ်ရှားဟန် အားလုံး ဆက်စပ်မှုရှိဟန်တက် မြောက်ထားပြီး ဖြစ်နေသည်။ ကွဲပြားကြရလိမ့်မယ်၊ ညီးအကျုံးရှိသော်လည်း အချိန်အနည်းမယ်၊ စိုင်းတူညီ



ငယ်လောက် ရင်ဆိုင်လေ့ကျင့်လိုက်သည်နှင့် ထိုခြားနားချက် အနည်းငယ်ကို တွေ့ရှိပြီးလေပြီ။

ဤသို့ဖြင့် သိထားပြီးသည်တို့ကို ထပ်ပြန်တလဲလဲ ပြုမြဲ၍ကြည့်ရှုနေသလိုဖြစ်ကာ မည်သို့သောထူးခြားတိုးတက်မှုမျှ ဖြစ်ပေါ် မလာတော့ပေ။ ဖတ်ပြီးသားစာတို့ကို ပြန်ဖတ်ရခြင်းမျိုး၊ ကြည့်ဖူးပြီးသောဇာတ်ပွဲကို ထပ်ပြန်တလဲလဲ ပြန်ကြည့်နေရသလိုမျိုး အခြေအနေသာရှိနေသည်။

မြင့်မားသော စိတ်အားထက်သန်မှုသာ မရှိလျှင် ပျင်းစရာပင် ကောင်းနေပေလိမ့်မည်။ သည်လိုမျိုး လေ့ကျင့်တိုက်ခိုက် စူးစမ်းမှုဖြင့် မြနှတ်ကညာ သိုင်းကွက်များအကြား ဆက်စပ်မှု လျှို့ဝှက်ချက် တစ်စုံတစ်ရာကို ဖော်ထုတ်နိုင်စေပါမည်လားဟုပင် ချင်ယုအင်း သံသယဖြစ်သလို ရှိလာသည်။

သို့သော် လေ့ကျင့်တိုက်ခိုက်မှု ပြုလုပ်ရာတွင် တစ်ဖက်လူ၏ သိုင်းဟန်လှုပ်ရှားမှုများကို ကြည့်ရှုစူးစမ်းခြင်းမပြုလျှင် အခြားဘာကိုသွား၍ လေ့လာစူးစမ်းရမည်ကိုတော့ စဉ်းစား၍မရနိုင်။

ထိုအခိုက် နေ့လယ်စာစားသောက်ရန်အတွက် လျှောက်လှမ်းရောက်ရှိလာသော ကျန်းယမ်ရှောင်ရိကိုတွေ့၍ ချင်ယုအင်းလည်း ထိုင်နေရာမှ အသာထကာ သွားရောက်နှုတ်ဆက်ကာ ဆိုလေသည်။

"ဟော...ရှောင်ရိ ရောက်လာပြီကိုး၊ ဒါဆိုရင် နေ့လယ်စာ အဆင့်ဖြစ်တော့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်....အင်း....ယှအင်းလဲ စားမယ်မဟုတ်လား"
"စားမှာပေါ့၊ ရှောင်ရီတစ်ယောက်တည်း ပျင်းနေပြီ ထင်တယ်"
"ရပါတယ်၊ မပျင်းပါဘူး"
"မပြင်းအောင် ဘာလုပ်နေလဲ"
"သိုင်းလေ့ကျင့်နေတယ်"
"သိုင်းလေ့ကျင့်ရတာ အဆင်ပြေရဲ့လား"
"ပြေပါတယ်"

နေ့လယ်စာ အသင့်ဖြစ်ကြောင်း အချက်ပေး မောင်းတီးသံပေါ်လာရာ နှစ်ယောက်သား နေ့လယ်စာတည်ခင်းထားရာနေရာသို့ သွားကြသည်။ သူတို့နှစ်ယောက်ကို နှစ်ယောက်စာ စားပွဲဝိုင်းလေးဖြင့် သီးသန့်ပြင်ဆင်ထားပေးရာ ထမင်းလက်ဆုံစားဖြစ်ကာ အတော်လေးလည်း ပျော်သွားကြသည်။

"ဘယ်လို သိုင်းလှုပ်ရှားမှုတွေများ လေ့ကျင့်ဖြစ်လဲ"
စကားတပြောပြောနှင့် စားရင်း ချင်ယုအင်းက မေးလိုက်သည်။

"သိုင်းဟန်လှုပ်ရှားမှု တစ်မျိုးတည်းက အားအရှိန်အဟုန်အမျိုးမျိုးနဲ့ တိုက်ကွက်ဦးတည်လမ်းကြောင်းအများပေါ်ထွက်လာတာကို လေ့ကျင့်နေတာလေ၊ သိုင်းဟန်လှုပ်ရှားမှုဆီ အာရုံမစိုက်ဘဲ အားအရှိန်အဟုန်နဲ့ တိုက်ကွက်ဦးတည်လမ်းကြောင်းဆီ အာရုံစိုက်ရမှာ၊ သိုင်းဟန်လှုပ်ရှားမှုဘက်အာရုံရောက်သွားလို့ မနည်းကြိုး အာရုံကို ထိန်း



ပေးနေရတယ်၊ နောက်ဆုံးတော့ ချောချောမောမောဖြစ်သွားပါတယ်"

ကျန်းယမ်ရှောင်ရီ၏စကားက ချင်ယုအင်းအဖို့ အတွေးရခက်နေမှုအတွက် အဖြေကောင်းရအောင် ဉာဏ်အလင်းဖွင့်ပေးလိုက်သလို ဖြစ်သည်။

သိုင်းဟန်လှုပ်ရှားမှုဆီ အာရုံမရောက်ဘဲ အားအရှိန်အဟုန်နှင့် တိုက်ကွက် ဦးတည်လမ်းကြောင်းကိုသာ သတိပြု စူးစိုက်ထားရမည်ဆိုပါလား။

မိမိအနေဖြင့်လည်း အနည်းငယ်သာ ကွဲပြားခြားနားမှုရှိနေသော မြွေနတ်ကညာသိုင်းကွက်များ၏ သိုင်းကွက်သိုင်းဟန်လှုပ်ရှားမှုများကို စူးစိုက်လေ့လာကြည့်ရှုမနေဘဲ တစ်ဖက်ပြိုင်ဘက်၏ အင်အားအရှိန်အဟုန်နှင့် တိုက်ကွက် ဦးတည်လမ်းကြောင်းကို ဆေးသေချာချာ စူးစမ်းလျှင် ထူးခြားသောအဖြေပေါ်လာနိုင်ကောင်း ပေါ်လာနိုင်မည်ဟု ချင်ယုအင်းစဉ်းစားမိသည်။

* * *

နေ့လယ်စာစားသောက်ပြီး၍ ခေတ္တ အနားယူကြသောအခါ ချင်ယုအင်းသည် ကျန်းယမ်ရှောင်ရီအနားတွင် ထိုင်ကာ အားအရှိန်အဟုန်နှင့် တိုက်ကွက်ဦးတည်လမ်းကြောင်းအပေါ် အာရုံစူးစိုက်မှုနှင့်ပတ်သက်၍ မေးမြန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယမ်ရှောင်ရိ လေ့ကျင့်ခဲ့သည်မှာ 'နှစ်ပင်လိမ် သိုင်းကွက်'ဖြစ်သည်။ သိုင်းပညာနှင့်ပတ်သက်၍ ဗဟုသုတ နည်းပါးလှသော ကျန်းယမ်ရှောင်ရိသည် ချင်ယုအင်း သိ လိုသည်များကို စေ့စေ့စပ်စပ် ရှင်းမပြတတ်။

မျောက်ဖြူကြီး သွန်သင်ပေးခဲ့သည်များမှ မိမိ သိနား လည်သမျှကိုသာ ပြောပြနိုင်သည်။

ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့်သိလိုသော ချင်ယုအင်း အတွက် အားမလိုအားမရဖြစ်နေရလေသည်။

ချင်ယုအင်းက ကျန်းယမ်ရှောင်ရိကို လူရှင်းရာသို့ လက် တို့ခေါ်သွားကာ လက်တွေ့ သိုင်းဟန်လှုပ်ရှား ကစားပြ စေသည်။

ကျန်းယမ်ရှောင်ရိကလည်း အသိုလိုက်သည့်အနေဖြင့် လေ့ကျင့်ကစားပြသည်။

သို့သော် ချင်ယုအင်းအနေဖြင့် စိတ်တိုင်းမကျခဲ့။

မြွေစိမ်းကညာ ၁-က အသာ ထရောက် ခေါ်သော ကြောင့် ချင်ယုအင်းလည်း ကျန်းယမ်ရှောင်ရိတို့ နှုတ်ဆက် စကားဆိုကာ သိုင်းလေ့ကျင့်တိုက်ခိုက်မှု ဆက်သက်ပြုလုပ် ရန် ထွက်သွားသည်။

ကျန်းယမ်ရှောင်ရိလည်း မိမိတစ်ယောက်တည်း အေး အေးလူလူနားနေ သိုင်းလေ့ကျင့်နိုင်သည့်နေရာသို့ ပြန်လာ ခဲ့သည်။

နေ့လယ်ပိုင်း သိုင်းလေ့ကျင့်မှုပြုလုပ်ရာတွင် ချင်ယု အင်းသည် တစ်ဖက် လေ့ကျင့်ဘက်၏ သိုင်းဟန်လှု



ရှားမှုများကို အာရုံစိုက်တော့ဘဲ အင်အား အရှိန်အဟုန် အခြေအနေနှင့် တိုက်ကွက်ဦးတည်လမ်းကြောင်းအပြောင်း အလဲများကို အဓိကထား၍ စူးစမ်းကြည့်ရှုသည်။

ထိုအခါ လေ့ကျင့်ဘက်၏ သိုင်းကွက်မှ ပေါ်ထွက်လာ သော အင်အားအနေအထားသည် မိမိ၏ သိုင်းကွက်မှ ပေါ်ထွက်လာသော အားအင်နှင့် သိသိသာသာကြီးပင် ကွဲပြားကြောင်း သိမြင်လာသည်။

ထို့ပြင် တိုက်ကွက် ဦးတည်လမ်းကြောင်း အပြောင်း အလဲတို့တွင်လည်း အတော်ကြီးကို ခြားနားမှုရှိနေသည် ကိုလည်း တွေ့ရသည်။

သို့ရာတွင် မိမိ၏ သိုင်းကွက်အင်အား ဦးတည်လမ်း ကြောင်းတို့နှင့် တစ်ဖက်လေ့ကျင့်ဘက်၏ အင်အားဦးတည် လမ်းကြောင်းတို့အကြား ဆက်စပ်မှုကိုတော့ ရှာမတွေ့ သေး။ ဆက်စပ်မှုရှိသယောင်ယောင် ထင်ရော တစ်ချက် တလေမျှကိုပင် မတွေ့။

ချင်ယုအင်းမှာ အားမလိုအားမရပင်ဖြစ်နေသည်။

လေ့ကျင့်ဖက် တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲ ၍ ယှဉ်ပြိုင်ရင်ဆိုင်လာခဲ့ရာ မြွေစိမ်းကညာခြောက်နှင့် လေ့ကျင့်တိုက်ခိုက်သောအခါ ထူးခြားမှု အနည်းငယ်ရှိလေ သည်။

မြွေစိမ်းကညာခြောက်၏ သိုင်းကွက် အင်အား အရှိန် အဟုန်နှင့် တိုက်ခိုက်မှု ဦးတည်လမ်းကြောင်းသည် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



အင်အား ကိုက်စစ် ဦးတည်နေရာတို့နှင့် လိုက်လျော ညီလျော်မှုရှိသယောင်ယောင်ထင်ရသည်။

ယခုလို တစ်ယောက်နှင့်တစ်ယောက် ရင်ဆိုင်လေ့ကျင့်မှု မဟုတ်ဘဲ နှစ်ယောက်အတူပူးပေါင်းကာ တိုက်ကွက် ဆင်လျှင် မြွေစိမ်းကညာခြောက်၏တိုက်ကွက်များကို မိမိက အားဖြည့် ယောက်ကူပေးနိုင်မည့် အလားအလာကောင်း တွေရှိနိုင်ကြောင်း ချင်ယုအင်း အတွေးပေါက်သည်။

ယခု တစ်ယောက်နှင့်တစ်ယောက် ရင်ဆိုင်တာ ယှဉ်ပြိုင် လေ့ကျင့်တိုက်ခိုက်နေကြရာ လိုက်လျော်ညီလျော်မှု ရှိနေသော အင်အားတို့ ထိပ်တိုက်တွေ့နေသည်။

ထိပ်တိုက်ရင်ဆိုင်မိရာမှ ထွက်ပေါ်လာသော အားပြိုင်မှု အရှိန်အဟုန်တို့ကလည်း ကြီးမားပြင်းထန်နေသည်။

"ခဏရပ်ပါ"

ခေါင်းထဲတွင် စိတ်ကူးတစ်ခု ပေါ်လာသောကြောင့် ချင်ယုအင်းက နောက်သို့ ခုန်ဆုတ်ရင်း ကမန်းကတန်း ပြောသည်။

မြွေစိမ်းကညာခြောက်လည်း သိုင်းကွက်တို့ ဆိုင်းလိုက်ကာ...

"ဘာဖြစ်သွားလို့လဲ"

စိုးရိမ်ဟန်ဖြင့် မေးသည်။

"ဘာမှ မဖြစ်ပါဘူး၊ တို့နှစ်ယောက် အတူတွဲပြီးအခြား တစ်ယောက်ယောက်နဲ့ ရင်ဆိုင် လေ့ကျင့်ကြည့်ကြရင် ကောင်းမလားလို့"



မြွေစိမ်းကညာခြောက်သည် ချင်ယုအင်းကို နားမလည် ဟန်ဖြင့် ကြည့်သည်။

ထိုအချိန်မှာပင် ဂိုဏ်းချုပ်တိန့်ထင်ကြိုင် သူတို့အနား သို့ ရောက်လာသည်။

"ဘာလို့ ရပ်လိုက်ကြတာလဲ၊ ဘာထူးခြားချက်တွေ့ကြ လို့လဲ"

တိန့်ထင်ကြိုင်က မေးသည်။

"ကျွန်မတို့နှစ်ယောက် အတူတွဲပြီးတစ်ယောက်ယောက် နဲ့ ရင်ဆိုင်လေ့ကျင့် တိုက်ခိုက်ကြည့်ပါရစေ ဂိုဏ်းချုပ်"

ချင်ယုအင်းက ပြောလိုက်သည်။

"အခုန အကျော့တုန်းက မင်း အမှတ်ငါးနဲ့အတူ နှစ် ယောက်တွဲပြီး အမှတ်နှစ်ကို ရင်ဆိုင်လေ့ကျင့် တိုက်ခိုက်ခဲ့ ပြီ မဟုတ်လား၊ နောက်တစ်ကျော့ပြီးသွားရင် အမှတ် ခုနစ်နဲ့အတူတွဲပြီး အမှတ်လေးနဲ့ ရင်ဆိုင်လေ့ကျင့်ရဦးမယ် လေ၊ နှစ်ယောက်တွဲ လေ့ကျင့်တိုက်ခိုက်မှုတွေ ရှိနေတာပဲ မဟုတ်လား"

ဂိုဏ်းချုပ်တိန့်ထင်ကြိုင်က အတွေးရခက်ဟန်ဖြင့် ပြန် မေးသည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မက နှစ်ယောက်တွဲ လေ့ကျင့်တိုက်ခိုက်မှု လုပ်ချင်လို့ပြောတာ မဟုတ်ပါဘူး၊ ညီမလေး အမှတ်ခြောက်နဲ့တွဲပြီးတော့သာ လေ့ကျင့်တိုက် ခိုက်ကြည့်ချင်တာပါ"

"အမှတ်ခြောက်နဲ့မှလား"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့''

ဂိုဏ်းချုပ် တစ်ချက်စဉ်းစားသည်။ ချင်ယုအင်းတွင် အကြောင်းတစ်ခုခုရှိလိမ့်မည်ဟုလည်း တွေးမိသည်။ ချင်ယုအင်းက ထုတ်ဖော်မပြောသေးသည့်အတွက် တိန့်ထင်ကြိုင်လည်း မေးမြန်းစူးစမ်းခြင်းပြုမနေတော့။

လေ့ကျင့်နေမှုများ ခဏရပ်ရန်သာ လက်ခုပ်တီး၍ အချက်ပေးလိုက်သည်။

''အမှတ်တစ်လာခဲ့၊ အမှတ်သုံးနဲ့အမှတ်ခြောက်တို့ ပူးတွဲတိုက်ခိုက်တာကို ရင်ဆိုင် လေ့ကျင့်ပေးလိုက်၊ ကျန်တဲ့ မြွေစိမ်းတွေက သူတို့အတွဲ လှုပ်ရှားတိုက်ခိုက်တာကို ကြည့်ကြ''

မြွေနတ်မယ်ဂိုဏ်းချုပ်တိန့်ထင်ကြိုင်က စီမံ အမိန့်ပေးလိုက်သည်။

* * *

ချင်ယုအင်းသည် မြွေစိမ်းအမှတ်ခြောက်နှင့် အတူတွဲကာ မြွေစိမ်းကညာ အမှတ်တစ်ကို ရင်ဆိုင်၍ လေ့ကျင့် တိုက်ခိုက်မှုပြုရန် နေရာယူသည်။

ဂိုဏ်းချုပ်တိန့်ထင်ကြိုင်နှင့် ကျန်မြွေစိမ်းကညာ လေးယောက်တို့က ဘေးမှဝိုင်းကာ လေ့ကျင့် တိုက်ခိုက်မှုကို ကြည့်ရန် နေရာယူလိုက်ကြသည်။



မြွေစိမ်းကညာတစ်သည် မြွေစိမ်းကညာခုနစ်ဖော်တို့၏ ခေါင်းဆောင်ဖြစ်သည်။ သိုင်းပညာနှင့်တိုက်ရည်ခိုက်ရည်တို့တွင်လည်း မြွေစိမ်းကညာခုနစ်ဖော်တို့တွင် အမြင့်ဆုံးအဆင့်၌ရှိသည်။

မြွေနတ်မယ်ဂိုဏ်းချုပ်က ချင်ယုအင်းနှင့်မြွေစိမ်းကညာ အမှတ်ခြောက်တို့အတွဲအတွက် ပြိုင်ဘက်ကောင်းကို ရွေးချယ်ပေးလိုက်သည်ဟု ဆိုနိုင်သည်။

''ပထမဆယ်ကွက်မှာ မင်းကဦးဆောင်၊ ဒုတိယ ဆယ်ကွက်မှာ တို့က ဦးဆောင်တိုက်မယ်၊ တတိယ ဆယ်ကွက်ကျရင်တော့ နှစ်ယောက်အတူတွဲပြီး တိုက်စစ်ဆင်ကြမယ်''

ချင်ယုအင်းက သိုင်းကွက်နှင်းအသင့်ပြင်ရင်း မြွေစိမ်းကညာ အမှတ်ခြောက်ကိုပြောသည်။ မြွေစိမ်းကညာအမှတ်ခြောက်က ဘာမျှမပြော။ ခေါင်းကိုသာ ညိတ်ပြသည်။

''ကျွန်မတို့ကို အရင်စတိုက်ခွင့်ပြုပါ အစမကြီး''

ချင်ယုအင်းက မြွေစိမ်းကညာ အမှတ်တစ်ကို ဦးညွတ်ဂါရဝပြုကာ ခွင့်ပန်သည်။

မြွေစိမ်းကညာ အမှတ်တစ်က ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြသည်။

''စတော့''

ချင်ယုအင်းက အချက်ပေးလိုက်ရာ မြွေစိမ်းကညာ အမှတ်ခြောက်က ရှေ့သို့လှမ်းတက်၍ ပွဲဦးထွက်တိုက်ကွက် လှုပ်ရှားမှုပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ယုအင်းလည်း မြွေစိမ်းကညာ အမှတ် ခြောက် ၏ အင်အားအရှိန်အဟုန်နှင့် တိုက်စစ်ကို အထောက်အကူပေး နိုင်မည်ဟု ထွဆရသော လှုပ်ရှားကွက်များ ပြုလုပ်ကာ အားဖြည့် ကူညီပေးသည်။

မြွေစိမ်းကညာအမှတ်ခြောက်၏ တိုက်ခိုက်မှုပို၍ ထက် မြက် အွက်လက်စေရန် ရည်ရွယ်လုပ်ဆောင်မှု ဖြစ်သည်။ မိမိ၏ ပူးပေါင်းအားဖြည့်ပေးမှုဖြင့် မြွေစိမ်းကညာ အမှတ် တစ်ကို အနိုင်မယူနိုင်သည့်တိုင် အတော်ဆေးတော့ ခြေ ရှုပ် လက်ရှုပ်ဖြစ်သွားအောင် ခြိမ်းခြောက် နိုင်လိမ့်မည်ဟု ချင်ယုအင်း မျှော်လင့်သည်။

သို့ရာတွင်....

ဘယ်လိုကဘယ်ပုံ ဖြစ်သွားသည်မသိ။

ချင်ယုအင်း၏ လှုပ်ရှားကွက်များသည် မြွေစိမ်းကညာ အမှတ်ခြောက်တို့ အားဖြည့်ထောက်ကူမှုမပြုနိုင်။ မြွေစိမ်း ကညာ အမှတ်ခြောက်၏ သိုင်းဟန်လှုပ်ရှားမှုများကို ချုပ် ထိန်းသလိုမျိုးပင် ဖြစ်သည်။

မြွေစိမ်းကညာ အမှတ်ခြောက်၏ သိုင်းဟန်များ အား လျော့ တုံ့နှေးကုန်သည်။

တွက်ထားသလို ဖြစ်မလာသည့်အတွက် ချင်ယုအင်း စိတ်လှုပ်ရှားတာ ဗျာများသွားသည်။ သိုင်းဟန်များကို ကမန်းကတန်း ပြန်ရုပ်သိမ်းသည်။ သိုင်းဟန်ရုပ်သိမ်းမှုကို အဆင်ပြေပြေ အကွက်ကျကျ မလှုပ်နိုင်။



ချင်ယုအင်း၏ ဘယ်လက်လှုပ်ရှားမှုက မြွေစိမ်းကညာ အမှတ်ခြောက်ကို သွားထိရိုက်မိသည်။ ကျောရိုးဘယ်ဘက် နားရှိ သွေးကြောကွက်နေရာတည့်တည့်ကို ရိုက်မိခြင်းဖြစ် သည်။

ချင်ယုအင်း၏ သိုင်းဟန်လှုပ်ရှားမှုက ထိန်းချုပ်သလို ရှိမှုကြောင့် စိတ်ကြိုက်မလှုပ်ရှားနိုင်ဘဲ ခြေရှုပ် လက်ရှုပ် ဖြစ်သွားသော မြွေစိမ်းကညာအမှတ်ခြောက်မှာ အတွင်း အားဖြင့် တောင့်ခံခြင်းပင် မလုပ်နိုင်။ ကျောပြင်ဘယ်ဘက် ခြမ်း ထိုကျဉ်လျက် ရှေ့သို့ဟပ်ထိုးလဲကျသည်။

သူတို့နှင့် ရင်ဆိုင် ယှဉ်ပြိုင်နေသော မြွေစိမ်းကညာ အမှတ်တစ်က တိုက်ကွက်တို့ အမြန်ရုပ်သိမ်း ပစ်လိုက်နိုင် သောကြောင့် မြွေစိမ်းကညာအမှတ်ခြောက်မှာ ရင်ဘတ်ကို ကျကျနန အထိအရိုက် ခံရမည့်ဘေးမှ သီသီလေး လွတ် မြောက်သည်။

လူကတော့ မှောက်လျက်သား လဲကျသွားလေပြီ။

*   *   *

ဘယ်လိုမျှ မထင်မှတ်သောအဖြစ်ကြောင့် အားလုံးပင် အံ့ဩငေးကြောင်ကုန်ကြသည်။

"ဟာ...."

ထို့နောက် ချင်ယုအင်း တအံ့တဩရေရွတ်သံပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေစိမ်းကညာ အမှတ်တစ်က လဲကျနေသော မြွေစိမ်းကညာ အမှတ်ခြောက်ကို ပြေး၍ပွေ့ထူသည်။

"မင်း...ဘယ်လိုလုပ်လိုက်တာလဲ"

ဂိုဏ်းချုပ်တိန့်ထင်ကြိုင်က ချင်ယုအင်းကို မေးသည်။

ဘယ်လိုတွေဖြစ်သွားမှန်း ချင်ယုအင်းမသိ။ သည်တော့ ဂိုဏ်းချုပ်မေးသည်ကို ဘာမျှပြန်မဖြေနိုင်။

"သူ...အတွင်းဒဏ် ရသွားပြီ၊ သတ်လဲ လစ်နေတယ်"

မြွေစိမ်းကညာအမှတ်တစ်၏ စိုးရိမ်တကြီးပြောလိုက်သံ ပေါ်ထွက်သည်။

မြွေနတ်မယ် ဂိုဏ်းချုပ်လည်း ချင်ယုအင်းကို ဘာမျှ ဆက်မေးမြန်းပြောဆိုခြင်း မပြုနိုင်တော့။ မြွေစိမ်းကညာ အမှတ်တစ်ထံသို့ လှမ်းခုန်သွားကာ ဒူးထောက်ထိုင်ချပြီး မြွေစိမ်းကညာ အမှတ်ခြောက်ကို အလောတကြီး စစ်ဆေး ပြုစုရသည်။

"ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ ကျွန်မ မထင်ဘူး၊ ကျွန်မက သိုင်းဟန်လှုပ်ရှားမှု ပိုအားအင်အရှိန်အဟုန်ရှိပြီး ထိမိအစွမ်းထက်လာအောင် ဝိုင်းကူအားဖြည့်ပေးလိုက်တာပဲ"

ချင်ယုအင်းက အမောတကော ပြောသည်။

အားလုံး ပျာပျာသလဲဖြစ်နေကြရာ ချင်ယုအင်း၏ ရှင်းလင်း ပြောပြသည့်စကားများကို မည်သူမျှသေသေချာချာ မကြားကြ၊ သတိမပြု၊ နားမစွင့်နိုင်ကြ။

ဂိုဏ်းချုပ်က 'မြွေနတ်ဩဇာ အသက်ကယ် ဒဏ်ကြေဆေးလုံး'တစ်လုံး အမြန်ထုတ်ကာ မြွေစိမ်းကညာ အမှတ်



ခြောက်၏ ပါးစပ်ထဲသို့ ခွံ့လိုက်သည်။ သတိလစ် မေ့မြောနေသည်ကို ဆွဲထူကာ ထိုင်လျက်သားဖြစ်အောင်လုပ်သည်။

မြွေစိမ်းကညာ အမှတ်တစ်က ဝိုင်းကူပေးသည်။

တင်ပျဉ်ခွေ ထိုင်လျက်သား အနေအထားသို့ ရောက်သွားသော မြွေစိမ်းကညာအမှတ်ခြောက်၏ နောက်ဘက်တွင် တိန့်ထင်ကြိုင် အမြန် ဝင်ထိုင်သည်။ မြွေစိမ်းကညာ အမှတ်ခြောက်၏ ကျောပြင်တွင် လက်ဝါးနှစ်ခုအပ် တင်ကာ အရေးပေါ် အတွင်းအား ဖြည့်သွင်းကုသမှု ပြုလုပ်သည်။

မြွေစိမ်းကညာ အမှတ်-၁နှင့် ၂-တို့က အခြား သွေးကြောကွက်နေရာများကို ဖိအုပ်သလို ထိုးထောက်နှိပ်နယ် ကူညီပေးကြသည်။

မြွေစိမ်းကညာ အမှတ်-၄နှင့် အမှတ်-၅တို့က မြွေစိမ်းကညာ အမှတ်-၆၏ ဘယ်ညာဘခုံးများကို အသာကိုင်ကာ ဖေးမ ထိန်းမတ်ပေးထားကြ၏။

မြွေစိမ်းကညာ အမှတ်-၇က လိုအပ်သည်များရှိက ဝင်ကူညီပေးနိုင်ရန် အသင့်ပြင်ကာ ကြည့်နေသည်။

ချင်ယုအင်း တစ်ယောက် တည်းသာ စိတ် တုန်လှုပ်ချောက်ချားကာ ဘာလုပ်ရမည်မသိဘဲ ရှိနေသည်။

အချိန် အနည်းငယ် ကြာသောအခါ မြွေစိမ်းကညာ အမှတ်-၆ သတိပြန်ရလာသည်။ မျက်တောင်လည်း ခတ်လှုပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်က မြွေစိမ်းကညာ အမှတ်-၆ကို အနားသွားလှူစေသည်။

ကျန် မြွေစိမ်းကညာ ခြောက်ယောက်တို့ သိုင်းလေ့ကျင့်ယှဉ်ပြိုင်မှုများ ဆက်လက် လုပ်ကြသည်။ သို့သော် စိတ်အာရုံ ဇွေပြားနေကြသောကြောင့် ထိရောက် အကျိုးရှိမှုတော့ နည်းပါးသည်။

မြွေစိမ်းကညာ အမှတ်-၆ ထိခိုက်အတွင်းဒဏ် ရသွားမှုနှင့် ပတ်သက်၍တော့ မည်သူကမျှ ပြောဆိုခြင်းမပြုကြတော့။ ဂိုဏ်းချုပ်ကိုယ်တိုင်ကပင် အကျိုးအကြောင်း မေးမြန်း စူးစမ်းခြင်း မလုပ်။

မေးသူ မရှိသည့်အတွက် ချင်ယုအင်းမှာဖို့လည်း ဖြေကြား ရှင်းလင်းရန် အခွင့်အရေး မရတော့ပေ။

ချင်ယုအင်း ကိုယ်တိုင်မှာလည်း မည်သည့်အတွက်ကြောင့် ယခုလိုမျိုး ဖြစ်ပျက်ခဲ့သည်ကို သေသေချာချာ မသိ။ သည်တော့ မေးမြန်း စူးစမ်းမှုရှိလာသည့်တိုင် ရေရေရာရာ ရှင်းလင်းပြောပြနိုင်မှု ရှိမည်မဟုတ်ပေ။

၁၂-ရက်နေ့တွင် မြွေစိမ်းကညာ အမှတ်-၆၏ အခြေအနေ အတော်ပင်ကောင်းလာသည်။ ထူထူထောင်ထောင် လှုပ်လှုပ်ရှားရှား လုပ်လာနိုင်သည်။ အတွင်းဒဏ် ရသွားသည် ဆိုသော်လည်း အားအင်ကုန်ခန်း ပန်းလျှနေသည့် အသွင်မရှိ။

သို့ရာတွင်...



မြွေဆိုးဂိုဏ်းကို ရင်ဆိုင်ရန် ကျောက်ဝက်ရေ စခန်းသို့ သွားရောက်သည့် အဖွဲ့တွင်မူ မြွေစိမ်းကညာ အမှတ်-၆ကို ပါဝင်ခွင့် မပြုတော့။

အစိက တိုက်ခိုက်ရေးအင်အားအဖြစ် မြွေစိမ်းကညာ ၆-ယောက်သာ ဖြစ်သွားခဲ့သည်။

မြွေစိမ်းကညာအင်အားလျော့သွားမှုကို ကျားကန်သည့်အနေဖြင့် အထောက်အကူပြု အဖွဲ့များတွင် ဂိုဏ်းဝင်သုံးယောက် ထပ်မံ အားဖြည့်ပေးသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မြွေနတ်မယ်ဂိုဏ်းဝင်များကို ကျောက်စက်ရေစခန်းသို့ မရောက်မီ တစ်မိုင်ခန့်အလိုတွင် မြွေဆိုးဂိုဏ်းက ချောင်းမြောင်းကာ ချုံခိုတိုက်ခိုက်သည်။

မြွေဆိုးဂိုဏ်းချုပ် ဆားဓော်ပို့မှာလည်း ညှံ့ဖျင်းသူ မဟုတ်သည့်အတွက် မြွေနတ်မယ်ဂိုဏ်း၏ လှုပ်ရှားမှုများကို တတ်နိုင်သမျှ စုံစမ်းနေခဲ့သည်။

မြွေနတ်မယ်ဂိုဏ်းချုပ်တို့ ရှိသည့်နေရာကို မသိရသော်လည်း မြွေစိမ်းကညာအမှတ်ငါး အလောတကြီး လှုပ်ရှားသွားသည်ကို မြွေစိမ်းဂိုဏ်းက သတင်းအနံ့ရသွားသည်။

မြွေစိမ်းကညာအမှတ်ငါးသည် မြွေနတ်မယ်ဂိုဏ်း၏ လက်ရွေးစင် သိုင်းမယ်လေးတစ်ယောက်ဖြစ်လေရာ သူမ၏ အလောတကြီးလှုပ်ရှားမှုသည် အရေးပေါ် ကိစ္စတစ်ခု



ပေါ်ပေါက်နေသာကြောင့် ဖြစ်ရမည်ဟု မြွေဆိုးဂိုဏ်းချုပ် တွက်ခဲ့သည်။

စုံစမ်းထောက်လှမ်းမှုများ ဖိဖိစီးစီး လုပ်သော်လည်း မြွေနတ်မယ်ဂိုဏ်း၏ လှုပ်ရှားမှုကိုတော့ မသိခဲ့ပေ။

တံအားလျော်စွာပင် မြွေစိမ်းကညာအမှတ် နှစ်သည်မြွေ ဒုန်းစိုင်းစီး၍သွားသည်ကို မြွေဆိုးဂိုဏ်းဝင်တစ်ယောက် အမှတ်မထင်တွေ့မြင်ခဲ့သည်။

မြွေစိမ်းကညာ အမှတ်နှစ်၏နောက်သို့ ခြေရာခံ လိုက်ပါ သော်လည်း မအောင်မြင်ခဲ့။ မျက်ခြည်ပြတ်သွားခဲ့ [illegible]

သို့သော် မြွေနတ်မယ်ဂိုဏ်းက အရေးပေါ်ဖြင့် မြွေ [illegible] ရှားမှုတစ်ခုခု ပြုလုပ်ရန် အခဆာတလှုပ် [illegible] တိုက်ခိုက် [illegible] ထူးလို့အပ် ကြောင်းတော့ မှန်းဆသိရှိသွားခဲ့သည်။

ယခု လောလောဆယ်အခြေအနေတွင် မြွေ [illegible] ဂိုဏ်းက အင်အားစုဖွဲ့ကာ တိုက်ခိုက်မည်ဆိုလျှင် ပဲ့ဇာတ် မြွေဆိုးဂိုဏ်းကိုသာ ဦးတည်မည်ဖြစ်ရာ ကျောက်စက်တိုက် စခန်းအနီးတွင် မိမိတို့ဂိုဏ်းဝင်များ စုစည်းရန် စီစဉ်ထားသည်။ မှသတွင်း ပေါက်ကြားသွားလေပြီအားဟု ဆားဓော်ပို့ သံသယဝင်လာသည်။

ကျောက်စက်ရေစခန်းတွင် ဂိုဏ်းဝင်များစုစည်းရန် အတွက် ကြိုတင်ချိန်ဆိုးစီစဉ်မှုများလုပ်ထားပြီးပြီမို့ ဖျက်သိမ်းရန် အခတော်ခက်နေသည်။

ကျောက်စက်ရေစခန်းအနီးတွင် မြွေဆိုးဂိုဏ်း အင်အားစုဖွဲ့ခြင်းမှာလည်း မြွေနတ်မယ်ဝတ်စုံ၏ လက်ညှန်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်နိုင်မည့် ကွင်းဆက် လျှို့ဝှက်ချက် အစအနကို ရထားပြီး ဆက်လက်လှုပ်ရှားရန်ဖြစ်သည်။

ဆက်လက်လှုပ်ရှားရာတွင် မြွေစိမ်းကညာခုနစ်ဖော်ကို တိုက်ခိုက်ဖမ်းဆီးရန် သို့မဟုတ် ချေမှုန်းပစ်ရေးက အဓိက နေရာမှ ပါနေသည်။ လတ်တလော တိုက်ခိုက်ရန်စောာ မတွက်။ ပြင်ဆင်မှုများလုပ်ဖို့ရှိသည်။

မိမိတို့စုစည်းမည့်သတင်းအစတို့ရကာ ကျောက်စက်ရေ

နံးသို့ မြွေနတ်မယ်ဂိုဏ်းလာရောက်တိုက်ခိုက်လျှင် အချိန်

းသော်လည်း မြွေစိမ်းကညာ ခုနစ်ဖေဗီကို ရင်

ိက်မှုအစီအစဉ်ကို အကောင်အထည် ဖော်လိုက်

ဆိုးဂိုဏ်းချုပ်က ဆုံးဖြတ်သည်။

မြွေနတ်မယ်

မရောက်မီ ကြိုး မြွေနတ်မယ်ဂိုဏ်း ရောက်လာလျှင် အလစ်

ချောင်းမြောင်း တိုက်ခိုက်ရေးအတွက် အရေး

မြောင်းကာ

မြွေဆိုး စဉ်ဆောင်ရွက်မှုများကို အပူတပြင်း လုပ်ဆောင်

မတွက်ကာ တော့သည်။

ကို တွ ကျောက်စက်ရေစခန်း၏ ပတ်လည်ဝန်းကျင်အရပ်လေး

ချက်နှာတွင် မြွေဆိုးဂိုဏ်းဝင် သုံးဦးစီပါဝင်သော အဖွဲ့

လေးဖွဲ့ကို ကင်းပုန်းလှည့်ကာ စောင့်ကြည့်စေသည်။

တကယ်တော့ အချက်အချာနေရာအားလုံးတွင် လူအင်အားခွဲဖြန့်ကာ ကင်းပုန်း ဝပ်စေရမည် ဖြစ်သော်လည်း ဂိုဏ်းဝင်အားလုံးကို မစုစည်းနိုင်သေးသောကြောင့် ရှိသမျှလူအင်အားကို ချွေသုံးကာ နည်းနည်းနှင့် ကျဲကျဲဝိုင်းမှု ပြုလုပ်ရလေသည်။



မြွေဆိုးဂိုဏ်းချုပ်နှင့်အတူ ဂိုဏ်းဝင်သုံးဆယ်မျှ စုစည်းမိနေရာ ထိုအထဲတွင် အားထားရသော မြွေဆိုး ငါးကောင်နှင့် လက်ရွေးစင်သိုင်းသမားကိုးယောက် ပါဝင်နေသည်။

လူအင်အား သိပ်မများသော်လည်း မြွေဆိုးဂိုဏ်း၏ အဓိကအင်အားများ စုမိနေပြီဟု ဆိုနိုင်သည်။

ဤနယ်မြေဒေသ၏ သဘာဝဝန်းကျင် အနေအထား အခြေအနေတို့ မြွေဆိုးဂိုဏ်းရော၊ မြွေနတ်မယ်ဂိုဏ်းပါ ကျွမ်းဝင်သည်။ ထို့ကြောင့် မြွေဆိုးဂိုဏ်းအနေဖြင့် မြွေနတ်မယ်ဂိုဏ်းကို အလစ်ဖမ်းကာ ချောင်းမြောင်းတိုက်ခိုက်ရေးမှာ အလွန်ပင် ပီရိသျှို့ဝှက်စွာလုပ်ဖို့ အထူးလိုအပ်သည်။

ပီရိသေသပ်စွာ မလုပ်ဆောင်နိုင်လျှင် 'ကိုယ်ဖောက် ကိုယ်မနိုင်ယလို' ဖြစ်လျက် မြွေနတ်မယ်ဂိုဏ်း၏ တုံ့ပြန်တိုက်ခိုက်မှုအောက်တွင် မြွေဆိုးဂိုဏ်း ကြေပျက်သွားနိုင်သည်။ မြွေနတ်မယ်ဂိုဏ်းက အင်ပြည့်အားပြည့်နှင့် အားသာနေချက်ကလည်း ရှိသည်။

မြွေနတ်မယ်ဂိုဏ်း လာနေသည်ကို မြွေဆိုး ဂိုဏ်း၏ ကင်းပုန်း လှည့် အဖွဲ့တစ်ဖွဲ့က လှမ်းတွေ့သည်။ တွေ့ရှိကြောင်းကို ဂိုဏ်းချုပ်ထံ အမြန်သတင်းပို့ကာ အခြားသော ကင်းလှည့်အဖွဲ့များကိုလည်း ဆက်သွယ်အကြောင်းကြားသည်။

www.burmeseclassic.com

အရုပ်လေးမျက်နှာတွင် ချုံခို တိုက် ခိုက်ရန် နေရာ အတော် များများကိုလည်း ရွေးချယ်ထားပြီးဖြစ်ရာ မြေ နတ်မယ်ဂိုဏ်း လာနေသည့် လမ်းကြောင်း တစ်နေရာ၌ မြေဆိုးဂိုဏ်းဝင်များ အမြန်ဆုံးရောက်ရှိ နေရာယူနိုင်ကြ သည်။

အသင့်စောင့်ဆိုင်းနေရာသို့ မြေနတ်မယ်ဂိုဏ်း ရောက် လာသည်တွင် အလစ်ဖမ်းကာ စီးနင်း တိုက်ခိုက်ကြလေ တော့သည်။

* * *

ချောင်းမြောင်း အတိုက်ခံရသော်လည်း မြေနတ်မယ် ဂိုဏ်းသည် အငိုက်မိသွားခြင်းတော့ မဖြစ်ပေ။

မြေနတ်မယ်ဂိုဏ်းသည် စည်းကမ်းသေဝပ်သည်။ ဝါဒ အလိုက် အဆင့်ဆင့်နာခံမှုတွင် ကောင်းကောင်းကျင့်သား ရနေသည်။ ချောင်းမြောင်းအတိုက်ခံရစဥ်တွင် အတန်ငယ် ဖရိုဖရဲ ဖြစ်သွားသော်လည်း ဆိုင်ရာ အဖွဲ့ခေါင်းဆောင် များ၏ အုပ်စီးကွပ်ကဲမှုဖြင့် စနစ်တကျ ပြန်စုဖွဲ့နိုင်သည်။ ထိထိမိမိ ပြန်လည်တိုက်ခိုက်နိုင်သည်။

မြေဆိုးဂိုဏ်းကလည်း တိုက်ပွဲအစ အသာ စီး ရ မှု ပြီး အတင်းဖိလာရာ အကြိတ်အနယ်ပင် ရှိနေသည်။ မြေနတ် မယ်ဂိုဏ်းဝင်များ စနစ်တကျပြန်စုဖွဲ့မိကာ အကွက်ကျ



တန်ပြန် တိုက်ခိုက်လာနိုင်သောအခါတွင်မူ မြေဆိုးဂိုဏ်း မှာ ထင်သလိုမလုပ်နိုင်ကြတော့။

ချောင်းမြောင်းတိုက်ခိုက်မှု အစအဦးမှာပင် မြေစိမ်း ကညာ ခြောက်ဖော်တို့သည် မြေဟောက်ငါးကောင်၏ ဝိုင်းတိုက်ခိုက်မှုကို ရင်ဆိုင်ကြရသည်။ မြေဟောက် သုံး ယောက်က ထိုးဖောက်မွှေနှောက် တိုက်ခိုက်သည်။ မြေ ဟောက်နှစ်ယောက်က လူဖမ်းဖို့ကြိုးစားသည်။

မြေစိမ်းကညာ အမှတ်တစ်နှင့် ချင်ယုအင်းတို့မှာ မြေ ဟောက်တို့၏အဖမ်းကို ခံရလုလုဖြစ်ခဲ့သည်။ မြေစိမ်းကညာ အမှတ်နှစ်က စွန့်စွန့်စားစား ဝင်ရောက် ကာကွယ်ပေး သောကြောင့် အဖမ်းချုပ်ခံရမည့်ဘေးမှ သီသီလေးကပ် ကာ လွတ်ခဲ့ကြသည်။

မြေစိမ်းကညာ အမှတ်နှစ်မှာမူ ညာပခုံးတွင်တစ်ချက်၊ ညာလက်မောင်းတွင်တစ်ချက် ဒဏ်ရာများရခဲ့သည်။

မြေစိမ်းကညာများက ချက်ချင်းပင် ထိထိမိမိ တန်ပြန် တိုက်စစ်ဆင်ကြသည်။

မြေစိမ်းကညာ အမှတ်ခြောက် ပါမလာသည့်အပြင် မြေစိမ်းကညာ အမှတ်နှစ်လည်း ဒဏ်ရာ ရထားသည်မို့ မြေစိမ်းကညာများဘက်မှ လူအင်အား အသာစီးရမှု မရှိ တော့သလို ဖြစ်နေသည်။

မြေဟောက်ငါးကောင်နှင့် မြေစိမ်းကညာ ခုနစ်ဖော် တို့သည် တစ်ဖက်အကြောင်း ဂစ်ဖက်ကသိနေကာ တစ် ဦးချင်း တစ်ယောက်ချင်းစီ ရင်ဆိုင်တိုက်ခိုက်မှုတွေ ရှိခဲ့

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အုပ်စုလိုက်ယှဉ်ပြိုင်မှုကတော့ ယခု စထမဆုံး အကြိမ် ဖြစ်သည်။

နှစ်ဖက်စလုံး မြွေနတ်ကညာ သိုင်းကွက်များ တတ်မြောက်ထားကြရာ သိုင်းပညာချင်း အတူတူပဲဟု ဆိုနိုင်သည်။

မြွေစိမ်းကညာတို့က မိမိတို့ လေ့ကျင့်မှုလုပ်ခဲ့သည်များကို လက်တွေ့အသုံးချ တိုက်ပွဲဝင်သည်။ မိမိတို့ ဘက်မှ ကြိုတင်ပြင်ဆင်မှု ရှိနေသောကြောင့် မြွေဟောက် ငါးကောင်ကို အနိုင်ယူနိုင်လိမ့်မည်ဟု မြွေစိမ်းကညာများက ထင်နေခဲ့ကြသည်။

သို့သော်...

လက်တွေ့တိုက်ပွဲ အခြေအနေက သူတို့ထင်သလိုမဟုတ်။

မြွေဟောက် ငါးကောင်တို့၏ တိုက်ခိုက်မှုက အထူးကို ဆန်းပြားနေသည်။ အင်အား အရှိန်အဟုန်က ကြီးမား ပြင်းထန်သည့်အခါ ပြင်းထန်သလို ပျော့ပျောင်းညင်သာသည့် အချိန်တွင်လည်း ပျော့ပျောင်းသည်။

တိုက်ခိုက်မှု ဦးတည် လမ်းကြောင်း များ က လည်း အပြားပြားရှိနေလျက် မည်သည်က အယောင်ပြတိုက်ကွက်၊ မည်သည်က အစစ်အမှန်တိုက်ကွက်ဆိုသည်ကို ခွဲခြားရန်ပင် ခက်နေသည်။ မြွေဟောက်ငါးကောင်သည် တစ်ဦးချင်းစီ လှုပ်ရှား တိုက်ခိုက်နေကြသော်လည်း လူငါးယောက် ပူးပေါင်းကာ စုပေါင်းတိုက်ခိုက်သည့် သိုင်းဟန်လှုပ်ရှားမှုမျိုးတွေ ပေါ်ထွက်နေသည်။



မြွေဟောက်ငါးကောင်တို့က အသေအကျေတိုက်ကွက် မဆင်ဘဲ လူကို အမိဖမ်းယူနိုင်ရေးအတွက် လှုပ်ရှားကျူး သွင်းမှုမျိုးကို အလေးထားလုပ်ကြသည့်အတွက် မြွေစိမ်းကညာတို့ အထိမနာသေးဘဲ ရှိနေသည်။

ဝိုင်းပိတ်ကျူးသွင်းလာသည့် လှုပ်ရှားမှုမျိုးကိုတော့ ချေဖျက်ခြင်း မပြုနိုင်ကြ။ ခုခံရင်း၊ ရှောင်တိမ်းရင်းနှင့် ချောင်ပိတ်မိကုန်ကြသည်။

အရင်ဆုံး မြွေစိမ်းကညာ အမှတ်လေးနှင့် အမှတ်ငါး အကြောပိတ် ခံကြရသည်။ ထို့နောက် မြွေစိမ်းကညာ အမှတ်ခုနှစ် အဖမ်းခံသွားရသည်။

မြွေစိမ်းကညာ အမှတ်တစ်နှင့် ချင်ယုအင်းတို့ အခြေအလဲ လှုပ်ရှားတိုက်ခိုက်ရင်း ထိုးဖောက်ထွက်နိုင်ရန် ကြိုးစားကြသည်။

မြွေဟောက်ငါးကောင်တို့ တစ်ဆင့်ချင်း စိုင်းပတ်ပိတ်ဆို့ထားမှုကို ဘယ်လိုမှ မကျော်လွှားနိုင်။

မြွေစိမ်းကညာများ အခြေအနေဆိုးနေသည်ကို တွေ့သည့်အတွက် ဂိုဏ်းချုပ် တိန်ထင်ကြိုင်က ကူညီပေးရန် ပြေးဝင်လာသည်။

မြွေဆိုးဂိုဏ်းချုပ်က ကြားဖြတ်ကာ ဟန့်တားတိုက်ခိုက်သောကြောင့် တိန်ထင်ကြိုင်မှာ မြွေစိမ်းကညာများထံသို့ အရောက်မသွားနိုင်တော့။

မြွေစိမ်းကညာများကို ထောက်ကူအားဖြည့်မည့်အဖွဲ့များမှာလည်း မြွေဆိုးဂိုဏ်း၏ ချောင်းမြောင်းတိုက်ခိုက်မှု

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြိုခွဲကာ တန်ပြန်တိုက်စစ်ဆင်ရာတွင် အသာစီးရရန် တင်ဖက်တို့ ဦးနှိမ်တိုက်ခိုက်နေကြသည့်အချိန်မို့ မြွေစိမ်းကညာများတို့ ကူညီအားဖြည့်ရန် လက်လှမ်းမမီ အခွင့်မသာသည့် အနေအထားတွင်ရှိနေကြသည်။

တစ်ဖက် မြွေဆိုးဂိုဏ်းသားများကလည်း အသာစီးမရဘဲ အမရှုံးနိမ့်စပြုနေသည့်တိုင် ကျားကုတ်ကျားခဲ တိုက်ပွဲဝင်ကြသည်။

မြွေစိမ်းကညာများကို သွားရောက် အကူအညီ မပေးနိုင်ရန် အနှောင့်အယှက် တိုက်ခိုက်နေကြသည်။

* * *

မြွေဆိုးဂိုဏ်း၏ အဓိက ဦးတည်ပစ်မှတ်က မြွေစိမ်းသိုင်းကညာများဖြစ်သည်။

မြွေနတ်ကညာသိုင်းကွက်များသည် တစ်ကွက်နှင့် တစ်ကွက် အတော်ပင်ဆင်တူကာ ကွဲပြားချက် အနည်းအကျဉ်းသာရှိသော်လည်း သိုင်းကွက်၏ အားအင် အရှိန်အဟုန်နှင့် တိုက်ချက် ဦးတည်ရာ ခြေကြောင်းများ သိသိသာသာ ခြားနားမှုရှိကြောင်း ချင်ယူအင်ထက်အရင် မြွေဆိုးဂိုဏ်းချုပ်က သတိပြုမိခဲ့သည်။

ဤအခြင်းအရာသည်ပင် မြွေနတ်ကညာ သိုင်းကွက်များအကြား ဆက်စပ်မှု လျှို့ဝှက်ချက်ဖြစ်လိမ့်မည်ဟုလည်း မြွေဆိုးဂိုဏ်းချုပ် တွေးဆမိသည်။



ထို့ကြောင့် ဆက်စပ်မှုလျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရန် နည်းမျိုးစုံဖြင့် မေးသပ် ကြိုးစား ရှာဖွေနေခဲ့သည်မှာ အတော်ပင် အချိန်ကြာမြင့်နေပြီဖြစ်သည်။

ကွဲပြန့်သွားသော မြွေဆိုးဂိုဏ်းဝင်များကို ပြန်လည်စုစည်းနေသည့်အချိန်တွင် မြွေနတ်ကညာသိုင်းကွက်များအကြား ဆက်စပ်မှုလျှို့ဝှက်ချက်ကို မြွေဆိုးဂိုဏ်းချုပ်စတင်ဖော်ထုတ်နိုင်ခဲ့သည်။

မြွေနတ်ကညာသိုင်းကွက်များအကြားရှိ ဆက်စပ်လျှို့ဝှက်ချက်သည် သိပ်အဆန်းပြားကြီးတော့မဟုတ်ပါ။ ရိုးရိုးစင်းစင်းပင်ဖြစ်သည်။

မြွေနတ်ကညာသိုင်းကွက် ဆယ့်နှစ်ကွက်တွင် သိုင်းကွက်တစ်ခုနှင့်တစ်ခု အချိတ်အဆက်ရှိသည်။

သို့သော် သိုင်းကွက် ဆယ့်နှစ်ကွက်လုံး အပြန်အလှန်အချိတ်အဆက်ရှိခြင်းမျိုးမဟုတ်ပေ။ ထို့ကြောင့် စုပေါင်းသိုင်းကွက်တစ်ခုလို့ မဆိုနိုင်။ စုပေါင်းသိုင်းကွက်သို့ ပူးပေါင်းစွမ်းရည်လည်းမရှိ။

အချိတ်အဆက်ရှိသည့် သိုင်းကွက်အချင်းချင်းသာ အားပေးထောက်ကူမှု ဖန်တီးနိုင်သည်။ မှန်ကန်သော အားပေးထောက်ကူမှုလုပ်နိုင်လျှင် အံ့မခန်းအောင်ပင် ဆန်းပြားထက်မြက်သည့် သိုင်းစွမ်းရည်များ အမျိုးမျိုးအဖုံဖုံ ပေါ်ထွက်သည်။

မြွေနတ်ကညာသိုင်းကွက်ဘစ်က သိုင်းကွက် နှင့် သုံးတို့နှင့်လည်းကောင်း၊ သိုင်းကွက်လေးက သိုင်းကွက် ငါး၊

www.burmeseclassic.com



ခြောက်တို့နှင့်လည်းကောင်း၊ သိုင်းကွက် ခုနစ်က သိုင်းကွက် ရှစ်၊ ကိုးတို့နှင့်လည်းကောင်း၊ သိုင်းကွက် တစ်ဆယ်က သိုင်းကွက် ဆယ့်တစ်၊ ဆယ့်နှစ်တို့နှင့် လည်းကောင်း ချိတ်ဆက်မှုရှိသည်။

ထို့ပြင် 'အကူသိုင်းကွက်' နှင့် 'အယူသိုင်းကွက်'ဟူ၍လည်း ရှိသေးသည်။

မြွေနတ်ကညာ သိုင်းကွက်တစ်သည် သိုင်းကွက်နှစ်၏ အကူသိုင်းကွက်ဖြစ်ကာ သိုင်းကွက်သုံး၏ အယူသိုင်းကွက်ဖြစ်သည်။

သိုင်းကွက်နှစ်ကမူ သိုင်းကွက်တစ်၏ အယူသိုင်းကွက်ဖြစ်ပြီး သိုင်းကွက်သုံးသည် သိုင်းကွက်နှစ်၏ အယူသိုင်းကွက်ဖြစ်ကာ သိုင်းကွက်တစ်၏ အကူသိုင်းကွက်ဖြစ်သည်။

အယူသိုင်းကွက်ကို အကူသိုင်းကွက်က ဘက်ပေါင်းစုံမှ အားပေးထောက်ကူနိုင်ကာ သိုင်းစွမ်းရည် အထူးမြင့်မားထက်မြက်အောင် ဖန်တီးပေးနိုင်သည်။ အယူသိုင်းကွက်ကမူ အကူသိုင်းကွက်ကို အားပေး ထောက်ကူခြင်း မလုပ်နိုင်။ အယူသိုင်းကွက်နှင့်အကူသိုင်းကွက် အံဝင်ခွင်ကျရှိဖို့ အထူးလိုအပ်သည်။

ချင်ယုအင်း တတ်မြောက်ထားသည်မှာ မြွေနတ်ကညာသိုင်းကွက်တစ်ဖြစ်ကာ မြွေစိမ်းကညာ အမှတ်ခြောက်က မြွေနတ်ကညာသိုင်းကွက်သုံးကို လေ့ကျင့်ထားသည်။ သည်တော့ ချင်ယုအင်းက သိုင်းကွက်သုံး၏ အယူသိုင်းကွက်နှင့် သိုင်းကွက်နှစ်၏ အကူသိုင်းကွက် ဖြစ်နေသည်။ မြွေ



စိမ်းကညာခြောက်ကမူ သိုင်းကွက်တစ်၏ အကူသိုင်းကွက်နှင့် သိုင်းကွက်နှစ်၏ အယူသိုင်းကွက်ဖြစ်နေသည်။

အကယ်၍ ချင်ယုအင်းကို မြွေစိမ်းကညာအမှတ်ခြောက်က ကူညီပေးလျှင် သိုင်းစွမ်းရည် မြင့်မားထက်မြက်မည်ဖြစ်သော်လည်း ချင်ယုအင်းက သိုင်းကညာ အမှတ်ခြောက်ကို ထောက်ကူပေးသည့်အတွက် မလိုလားအပ်သည်များ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မြွေဆိုးဂိုဏ်းချုပ်သည် 'အကူသိုင်းကွက်' နှင့် 'အယူသိုင်းကွက်'တို့အကြား ချိတ်ဆက်မှုသဘောကို သိရှိကာ မြွေဟောက်ငါးကောင်တို့အား လက်တွေ့ လေ့ကျင့်ကြည့်စေခဲ့သည်။

မြွေဟောက်တစ်၊ မြွေဟောက်သုံးနှင့် မြွေဟောက်လေးတို့သည် မြွေနတ်ကညာသိုင်းကွက် ခုနစ်၊ ရှစ်၊ ကိုးတို့ကို လေ့ကျင့်တတ်မြောက်နေကြရာ သုံးယောက်သား 'အကူ' 'အယူ' အဆင်ပြေသွားခဲ့သည်။

မြွေဟောက်နှစ်နှင့် ငါးတို့ကမူ မြွေနတ်ကညာသိုင်းကွက် ခြောက်နှင့် ဆယ့်တစ်တို့ကို တတ်မြောက်ကြသည့်အတွက် အချိတ်အဆက် ဘက်ပဲ့နေကြလေသည်။

မြွေဆိုးဂိုဏ်းချုပ်အနေဖြင့် မြွေနတ်ကညာသိုင်းကွက်အကြား 'အကူ/အယူ' သဘောကို တွေ့သိခဲ့သော်လည်း ဘယ်သိုင်းကွက်နှင့်ဘယ်သိုင်းကွက်၊ ဘယ်လိုအချိတ်အဆက်ရှိသည်ကိုတော့ တိကျမှန်ကန်စွာ မခန့်မှန်းနိုင်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်ငါးကောင်တွင် သုံးယောက်သာ အဆင်ပြေပြေ ချိတ်ဆက်နိုင်ကြပြီး နှစ်ယောက်က ဖြစ်မလာသည့်အတွက်တော့ အားမရ။

ဤအတွက်ကြောင့် မြွေဟောက် ၁၊ ၃၊ ၄-တို့ထို့ မြွေစိမ်းကညာများ မလှုပ်နိုင်အောင် ဝိုင်းပိတ်တိုက်ခိုက်ရန်နှင့် မြွေဟောက် ၂-နှင့် ၅-တို့ကို လူဖမ်းရန် တာဝန်များခွဲဝေပေးပြီး တိုက်ပွဲဝင်စေခဲ့သည်။

မြွေစိမ်းကညာ ၆-ကောင်တို့ တစ်စုတစည်းတည်း ရှိနေမှုက မြွေဆိုးဝိုဏ်းအတွက် အခွင့်အရေးကောင်း ဖြစ်သွားခဲ့သည်။ မြွေစိမ်းကညာများသာ ခွဲဖြန့်လျက်ရှိနေလျှင် မြွေဟောက် ၅-ကောင်တို့လည်း တပေါင်းတည်း လှုပ်ရှားတိုက်ခိုက်နိုင်မည် မဟုတ်။

အခြေအနေ တစ်မျိုးပြောင်းသွားနိုင်သည်။

မကြာမီမှာပင် မြွေစိမ်းကညာ ၁-နှင့် ချင်ယုအင်းတို့ မြွေဟောက် ၂-နှင့် ၅-တို့၏ လက်တွင်း ကျရောက်သည်။ ဖက်ရာ ရသားသော မြွေစိမ်းကညာ ၂-ကို ဖမ်းယူရန် အားမျှမခက်တော့။

* * *

တယ်ခြေကို ရှေ့သို့လှမ်းတက်ကာ ညာလက်ဝါး ရိုက်ချက် တစ်ချက် ရိုက်ထုတ်သည်။ အားပြင်းကျစ်လျစ်သော အင်အားပေါ်ထွက်ကာ မျက်နှာတူရှုသို့ တန်းထွက်သွားသည်။



တစ်ဆက်တည်းမှာပင် ကိုယ်ကိုဆတ်ခနဲ နောက်လှည့်သည်။ ညာခြေကို အားပြုကာ ဘယ်လက်ဝါး ရိုက်ချက် တစ်ချက် ရိုက်ထုတ်သည်။ ပျော့ပျောင်းသော အင်အားကကားဖြန့်လွင့်ပျံ့ ပေါ်ပေါက်သည်။

"ကောင်းတယ်၊ မင်းက နှစ်ပင်လိမ် သိုင်းကွက်ကို ကောင်းကောင်း ပိုင်နေပြီကိုး"

စကားသံ ကြားရသည်။

လူကို မမြင်ရသေးသော်လည်း မျောက်ဖြူကြီး ရောက်လာကြောင်း ကျွန်းယမ်ရှောင်ရိ သိလိုက်သည်။

နှစ်ပင်လိမ်သိုင်းကွက် သိုင်းဟန်လှုပ်ရှားမှုတွင် အာရုံမစူးစိုက်ဘဲ အင်အား အရှိန်အဟုန် အကြမ်း အပျော့နှင့် တိုက်ချက် ဦးတည်လမ်းကြောင်း အပြောင်းအလဲတို့ကိုပို၍အလေးထားရသည့် အကြောင်းနှင့်ပတ်သက်၍ ချင်ယုအင်းက အတော်ပင် စိတ်ဝင်စားရှိလျက် မေးမြန်းခဲ့ရာတွင် ကျေနပ်လောက်အောင်အဖြေပေးနိုင်ခဲ့သည့်အတွက် ကျွန်းယမ်ရှောင်ရိ မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်ခဲ့သည်။

ထို့ကြောင့် နှစ်ပင်လိမ်သိုင်းကွက်ကို လေ့ကျင့်ရင်း စူးစမ်းမှုလည်း လုပ်နေရသည်။ သို့သော် ထွေထွေထူးထူး စာတ်သိမှု မရှိသေးပါ။ သည်အချိန်တွင် မျောက်ဖြူကြီး ရောက်လာသည့်အတွက် ကျွန်းယမ်ရှောင်ရိ အားတက်သွားရသည်။

www.burmeseclassic.com



နှစ်ပင်လိမ်သိုင်းကွက်အကြောင်း မိမိထက်ပိုသိမည် ဖြစ်သည့် မျောက်ဖြူကြီးထံ မေးမြန်းကြည့်နိုင်ပေသည်။

''ဟာ...ဦးလေးကြီးရောက်လာတာကိုး၊ အတော်ပဲ... အတော်ပဲ''

ကျွန်းယမ်ရှောင်ရို ရေရွှတ်လိုက်သည့်အချိန်မှာပင် သူ့ရှေ့မှောက်သို့ မျောက်ဖြူကြီး ရောက်လာသည်။

မျောက်ဖြူကြီး၏ အသွင်မှာ ခါတိုင်းလို ရွှင်ရွှင်ပျပျ မရှိလှ။

''ချင်ယုအင်းတို့အကြောင်း မင်း မသိသေးဘူး ထင်တယ်''

မျောက်ဖြူကြီးက ပြောသည်။

''ယုအင်းနဲ့ မြွေနတ်မယ်ဂိုဏ်းဝင်တွေ မြွေဆိုးဂိုဏ်းကို တိုက်ခိုက်ဖို့ ကျောက်စက်ရေစခန်းကို သွားကြပြီလေ၊ သူတို့ ဘာဖြစ်ကြလဲ''

''အင်း...ပြောရမှာတော့ မကောင်းဘူး''

''ဘာမကောင်းတာလဲ၊ မြွေနတ်မယ်ဂိုဏ်း အရေးနိမ့်သွားလို့လား''

''မြွေနတ်မယ်ဂိုဏ်း အရေးမနိမ့်ပါဘူး၊ မြွေဆိုးဂိုဏ်းတို့ ထွက်ပြေးသွားအောင် တိုက်ခိုက်နိုင်ခဲ့ပါတယ်၊ မြွေဆိုးဂိုဏ်းချုပ်ထောင်ဒဏ်ရာရသွားသေးတယ်၊ ဒါပေမယ့်...''

''ဒါပေမယ့်... ဘာဖြစ်လဲ ဦးလေးကြီး၊ မြန်မြန်ပြောစမ်းပါ''

ကျွန်းယမ်ရှောင်ရိုက လောဆော်မိသည်။



''မြွေစိမ်းကညာ ၆-ဖော်ကိုတော့ မြွေဆိုးဂိုဏ်းက ဖမ်းခေါ်သွားတယ်''

ချောင်းမြောင်းတိုက်ခိုက်မှု အရေးနိမ့်ကာ အကျအဆုံးများစွာနှင့် မြွေဆိုးဂိုဏ်း ဆုတ်ခွာထွက်ပြေးသွားရသော်လည်း မြွေဖောက် ၅-ယောင်က မြွေစိမ်းကညာ ၆-ဖော်ကို အရဖမ်းဆီး ခေါ်ဆောင်သွားနိုင်ခဲ့ကြသည်။

မြွေနတ်မယ်ဂိုဏ်းမှာ အနိုင်ရလိုက်သော်လည်း အရှုံးပေါ်သလို ဖြစ်သွားခဲ့သည်။

မိမိပေးခဲ့သည့် သတင်းနှင့်မပတ်သက်၍ ဘယ်လိုဖြစ်လာမည်ကို သိလိုသောကြောင့် မျောက်ဖြူကြီးသည် ကျောက်စက်ရေ စခန်းအနီးတွင် ပုန်းအောင်း စောင့်ကြည့်နေခဲ့သည်။

တိုက်ပွဲဖြစ်ပွားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

မျောက်ဖြူကြီးသည် သိုင်းလောက၏ အရှုပ်အထွေးများတွင် ပါဝင်ပတ်သက်လေ့မရှိဘဲ ခပ်ကင်းကင်းနေသည်က များသည်။ မြွေဆိုးဂိုဏ်းချုပ်ရှိမည့် နေရာနှင့်ပတ်သက်၍ သတင်းပေးခဲ့သည်မှာလည်း ကျွန်းယမ်ရှောင်ရိုနှင့် ချင်ယုအင်းတို့ နီးစပ်ပြေလည်ရေးအတွက် ဖြစ်သည်။

မြွေနတ်မယ်ဂိုဏ်းနှင့်အတူ ကျွန်းယမ်ရှောင်ရို ပါမလာသည့်အပြင် မြွေဆိုးဂိုဏ်းနှင့်မြွေနတ်မယ်ဂိုဏ်းတို့မှာလည်း သိုင်းမျိုးဆက် တစ်ခုတည်းမှ ဆင်းသက်လာကြရာ ဂိုဏ်းတွင်းရေး အရှုပ်အထွေးဖြင့် တိုက်ခိုက်ကြမှု ဖြစ်နေသောကြောင့် ပွဲကြည့်သာ လုပ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ယုအင်း အပါအဝင် မြွေစိမ်းကညာ ၆-ယောက်ကို မြွေဟောက် ၅-ကောင်က ဖမ်းဆီးခေါ်ဆောင်သွားသည်တွင် ကျွန်းယမ်ရှောင်ရိ အနေဖြင့် အစွမ်းအစ ပြနိုင်သည့် အခွင့်အရေးတစ်ခု ပေါ်လာပြီဟုပင် မှတ်ယူခဲ့သည်။

ထို့ကြောင့် မြွေစိမ်းကညာ ခြောက်ဖော်တို့ကိုဖမ်းဆီးခေါ်ဆောင်သွားရာ နေရာကို သိရအောင် စုံစမ်းမှုလုပ်ပြီးသည်နှင့် ကျွန်းယမ်ရှောင်ရိထံ အကြောင်းကြားရန် အမြန်ရောက်လာခြင်းဖြစ်သည်။

မြွေနတ်မယ်ဂိုဏ်းချုပ်နှင့် ဂိုဏ်းဝင်များကလည်း မြွေစိမ်းကညာ ခြောက်ဖော်တို့ ဖမ်းခေါ်သွားရာ နောက်သို့ ခြေရာခံလိုက်နေကြသည်။ မျောက်ဖြူကြီးလောက် မလျင်သောကြောင့် အချိန်တိုတိုနှင့် အကျိုးရှိအောင် မလုပ်နိုင်ကြ။

မြွေဆိုးဂိုဏ်းနှင့် တိုက်ခိုက်မှုဖြစ်ပွားသည့် သတင်းပင် ယာယီစခန်းနေရာသို့ ရောက်မလာသေး။ ယာယီစခန်းနေရာတွင် စခန်းအစောင့်လောက်သာ ကျန်နေလျက် စခန်းရှိ ဂိုဏ်းဝင်အားလုံးနီးပါး မြွေနတ်မယ်ဂိုဏ်းချုပ်နှင့် အတူ ပါရှိသွားရာ ယာယီစခန်းသို့ အရေးတကြီး အကြောင်းကြားရန်လည်း သိပ်မလွယ်အပ်ပေ။

လက်စားချေသောလုပ်ငန်းရပ်များကိုသာ မြွေနတ်မယ်ဂိုဏ်းချုပ်တို့က ဦးစားပေး လုပ်ဆောင်နေကြသည်။

* * *



မျောက်ဖြူကြီးက ဖြစ်ပျက်ခဲ့ပုံ အကြောင်း များကို အကျဉ်းချုပ်ကာ ကျွန်းယမ်ရှောင်ရိအား ပြောပြ လိုက်သည်။

"ကျွန်တော် ဘာလုပ်ရမလဲဟင်...ဦးလေးကြီး"

ကျွန်းယမ်ရှောင်ရိက မေးလိုက်သည်။

"မင်းကလဲကွာ ဧယ် အံ့ဩစရာကိုး၊ ဘာလုပ်ရမှာလဲ၊ ချင်ယုအင်းတို့ကိုလိုက်သွားပြီး ကယ်ထုတ်ပေါ့ကွ"

မျောက်ဖြူကြီးက စိတ်မရှည်သလို ပြောသည်။

သူသည် ကျွန်းယမ်ရှောင်ရိ၏ ဖြူစင် ရိုးသားမှုကို အတော်ကြီးသင်္ဘောကျ နှစ်ခြိုက် သော်လည်း အချို့ကိစ္စများတွင် ကွက်ကျော်မမြင်၊ အကင်းမပါးမှု တို့ကိုတော့ သဘောမတူ အားမရဖြစ်ရသည်။

"သူတို့ကို ဘယ်မှာသွားကယ်တင်ရမှာလဲ"

"ချင်ယုအင်းတို့ ဘယ်နေရာမှာ ရှိနိုင်မယ်ဆိုတာ ငါ သိပါတယ်"

"ဒါပေမယ်...ကျွန်တော်က"

"ဘာဖြစ်လို့လဲ"

"မြွေဆိုးဂိုဏ်းကို ကျွန်တော်က ဘယ်လိုလုပ် တိုက်ခိုက်နိုင်မှာလဲ"

"ဒီအတွက်လဲ မပူနဲ့၊ မင်းကို ငါကူညီ ပေးမယ်"

"ဟုတ်လား...ဒါဆိုသွားကြစို့"

ဤသို့ဆိုသော်လည်း ကျွန်းယမ်ရှောင်ရိက အမြန်သွားဘို့ မည်သည်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ…ဒီစခန်းမှာ ရှိနေတဲ့ လူတွေကို အကျိုး အကြောင်းပြောခဲ့ဦးမှပေါ့၊ သူတို့ကြည့်ရတာ ဘာသတင်း မှမရသေးဘူး ထင်တယ်"

"ဟုတ်တယ်…ဟုတ်တယ်…ပြောပြရဦးမယ်"

"တာဝန်ခံလုပ်တဲ့လူကို ပြောလိုက်ရင် ပြီးတယ်နော်"

"ဟုတ်ကဲ့…ကျွန်တော် သိပါတယ်"

ကျွန်းယမ်ရှောင်ရိတ စခန်းစောင့် တာဝန်ခံဆီသွား ရောက်ကာ အကျိုးအကြောင်း ပြောပြ၍ အသိပေးလိုက် သည်။

ထို့နောက် မျောက်ဖြူကြီးနှင့် အတူ မြွေနတ်မယ်ဂိုဏ်း ယာယီစခန်းမှ ထွက်ခွာလာခဲ့သည်။

မျောက်ဖြူကြီး၏ ထူးခြားသောစွမ်းရည်ကို ကျွန်းယမ် ရှောင်ရိ အံ့မခန်းပင် ကိုယ်တွေ့မျက်မြင် ကြုံရလေတော့ သည်။

သွက်လက် ဝေါ့ပါးစွာ လှုပ်ရှားနိုင်ခြင်း၊ တောကျွမ်း ခြင်း၊ တောတွင်း၌ဖြတ်လမ်းများကို ရှာဖွေသွားနိုင်ခြင်း မြေပြင်မှမဟုတ်ဘဲ သစ်ပင်များထက်မှ တစ်ပင်နှင့် တစ်ပင် လျင်မြန်စွာကူးကာ သွားလာ လှုပ်ရှားနိုင်ခြင်း စသည် မှာ ကျွန်းယမ်ရှောင်ရိ ကိုယ်တိုင်လည်း ထူးချွန်ကျွမ်းကျင် မှုများ၌ သိပ်မအံ့ဩပေ။

ကျွန်းယမ်ရှောင်ရိ အံ့ဩရသည်မှာ မျောက်ဖြူကြီး၏ အနံ့ခံနိုင်စွမ်းနှင့် ခန့်မှန်းတွက်ချက်မှု တော်လွန်းခြင်း ဖြစ် သည်။



ကျွန်းယမ်ရှောင်ရိသည် အနံ့ခံနိုင်မှုတွင်အတော်အသင့် အမြင့်ဆုံးဖြစ် ကောင်းသည်။ သို့သော် မျောက်ဖြူကြီးက သူ့ထက် အဆပေါင်းများစွာသာလွန်သည်။

မျောက်ဖြူကြီးသည် ပထမတန်းစား အမျိုးကောင်း ယပ် အမဲလိုက်ခွေး နီးပါးပင် အနံ့ခံ စွမ်းရည် ကောင်းလှပါ သည်။

ခန့်မှန်းတွက်ချက်နိုင်စွမ်းတွင်တော့ ကျွန်းယမ်ရှောင်ရိ မှာ မျောက်ဖြူကြီး၏ခြေဖျားကိုပင် မမီပေ။

သည်လို စွမ်းရည်မျိုးရှိနေသည့် မျောက်ဖြူကြီး အဖို့ မြွေဆိုးဂိုဏ်း လက်သို့ ပါသွားသော မြွေစိမ်း ကညာ ခြောက်ယောက်တို့ မည်သည့်နေရာတွင် ရှိနေသည်ကို သိနိုင်ဖို့ ဟာမှုမခက်တော့။

မြွေစိမ်းကညာများကို ဖမ်းဆီးထားရာ နေရာကိုလည်း အချိန်တိုတို အတွင်း အမြန်ဆုံးရောက်အောင် သွားနိုင်ခဲ့ သည်။

ထိုနေရာသို့ ရောက်ကြသောအခါ…

* * *

မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့ အတော်ကို ကျေနပ် အားရနေသည်။

သူတို့ဘက်မှ ဂိုဏ်းဝင်တို့ အထိအခိုက် အကျအဆုံးများ ကာ သူကိုယ်တိုင်လည်း မြွေနတ်မယ်ဂိုဏ်းချုပ် လက်ချက်

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲရရခဲ့သော်လည်း မြွေစိမ်းကညာ ၆-ဖော်တို့
အမိဖမ်းနေ၍နိုင်ခဲ့သည့်အတွက် အထိနာရ ကျိုးနပ်သည်
တွေးသည်။

မြွေဟောက် ၁၊ ၃-နှင့် ၄-တို့ တစ်ယောက်ချင်း
ဘယ်မြောက်ထားကြလေသော မြွေနတ်ကညာ သိုင်းကွက်
၃-ကွက်တို့အကြား ဆက်စပ်မှုလျှို့ဝှက်ချက်ကို ဖော်ထုတ်
နိုင်ခဲ့ရာတွင် အခြားထူးခြားချက်တစ်ခုကိုလည်း မြွေဆိုး
ဂိုဏ်းချုပ် တွေ့ရှိခဲ့သေးသည်။

သိုင်းကွက် ၃-ကွက်တို့အကြား 'အနည်းငယ်ကွဲပြား
သော လှုပ်ရှားဟန်'တို့သည် စာလုံးမရေးရာတွင် ထား
သည့် လက်ဟန်အနေအထားမျိုးဖြစ်နေသည်ကို အရှင်
စူးစမ်းမိခဲ့သည်။

ထို့နောက် ဆက်လက် စဉ်းစားကြည့်ကြည့်သောအခါ
'ဒုတိယ'နှင့် 'တောင်ကျွန်း'ဟူသော စာလုံးများကို ရေး
သားရာတွင် လှုပ်ရှားသည့် ရေးဟန်ဖြစ်သည်ကို တွေ့
လာသည်။

မြွေနတ်မယ်တော်စုံရှိရာကို သိနိုင်သည့် 'လမ်းညွှန်'
အစအနတွေ ဖြစ်လေမည်လားဟူ၍လည်း စဉ်းစားမိလာ
သည်။

မြွေနတ်မယ်ဂိုဏ်းဘက် ပါသွားခဲ့သော မြွေနတ်ကညာ
သိုင်းကွက် ၇-ကွက်ကို မြွေစိမ်းကညာ ၇-ဖော်တို့အား
တစ်ကွက်စီ လေ့ကျင့်သင်ကြားပေးထားကြောင်းကိုလည်း
သိထားသည့်အတွက် မြွေစိမ်းကညာ ၇-ဖော်တို့ကို အ



ဖမ်းကာ မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်လုံးအပြည့်
အစုံ လက်ဝယ်ပိုင်ပိုင်ရနိုင်ဖို့ မြွေဆိုးဂိုဏ်းချုပ် အကြံဖြစ်
လာခဲ့သည်။

မြွေစိမ်းကညာ ၇-ဖော်တို့ကိုအမိဖမ်းရေးမှာအန္တရာယ်
များဖြီး ခက်ခဲမည်မို့ သေသေချာချာ အကွက်ကျကျ လုပ်
ဆောင်နိုင်ရန် အချိန်ယူစီစဉ်နေခဲ့သည်။

မမျှော်လင့်ဘဲ မြွေစိမ်းနတ်မယ်ဂိုဏ်းနှင့် ရင်ဆိုင်တိုက်ပွဲ
ဖြစ်ကာ မြွေဟောက် ၅-ကောင်တို့က မြွေစိမ်းကညာ ၆-
ဖော်ကို အမိဖမ်းလာနိုင်သည်တွင် ကံကြမ္မာက မိမိတို့ဘက်
မျက်နှာသာပေးလေပြီဟု မြွေဆိုးဂိုဏ်းချုပ် သဘောထား
ထိုက်သည်။

လက်ရဖမ်းမိလာသော မြွေစိမ်းကညာများကို ပိုင်ပိုင်
နိုင်နိုင် ချုပ်ထိန်းလျက် လိုရာစေစားနိုင်ဖို့အတွက်ကတော့
မြွေဆိုးဂိုဏ်းတွင် နည်းလမ်းကောင်းတစ်ခုရှိနေသည်။ ထို
နည်းလမ်းမှာ 'ပေါ်ကြီးညှို့ချက်ပညာ' ဖြစ်သည်။

'ပေါ်ကြီးညှို့ချက်' ပညာသည် အဆင့်မြင့် အကြော
ထိုးသိုင်း၊ အဆင့်မြင့် အတွင်းအားတို့နှင့် ထိပ်တန်း စိတ်
ညှို့ပညာ၊ ထေမထန်း အိပ်မွေ့ချနည်းတို့ ပေါင်းစပ် ပါ
ဝင်သည်။

အာရုံကြောများ ထုံထိုင်းကုန်အောင် သွေးကြောကွက်
များကိုထိုးထောက်ပြီး စိတ်အာရုံကို ထိန်းချုပ်ထားသည်။

ထူးခြားနက်နဲလှသော ဆန်းကြယ်ရှုပ်ထွေးလှသည့်အတွက်
မြွေဆိုးတစ်ဂိုဏ်းလုံးတွင် ထိုပညာ တတ်မြောက်သူဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ် ဆားအောဘ်ပို့နှင့် လက်ရွေးစင် သိုင်းသမား ခေါင်းဆောင် အင်ကင်ခေတို့နှစ်ယောက်သာ တတ်မြောက်သည်။

ဖမ်းဆီးခေါ်ဆောင်လာသော မြွေစိမ်းကညာ ၆-ဖော်တို့နှင့်အတူ မြွေဆိုးဂိုဏ်းချုပ်တို့သူစု ခေတ္တ ပုန်းခိုနေကြသည့်နေရာမှာ ကျောက်စက်ရေစခန်းအနီးရှိ မြေအောက်ခန်းပျက်ကြီးထဲတွင်ဖြစ်သည်။

ကျောက်စက်ရေစခန်းသည် ရှေးဟောင်းစခန်းပျက်ကြီးတစ်ခုဖြစ်ကာ ထိုနေရာဝန်းကျင်တစ်ဝိုက်၌ အဆောက်အအုံ အပြိုအပျက် အဖော်များများရှိသည်။

ထိုမြေအောက်ခန်းကြီးကို မြွေဆိုးဂိုဏ်းချုပ်က ကံအားလျော်စွာ ရှာဖွေတွေ့ရှိကာ ယာယီစခန်းလုပ်ရန်ရည်ရွယ်ထားသည်။

၎င်းယာယီစခန်းတွင် လိုအပ်သည့်ပြင်ဆင်မှုများ သေသေချာချာလုပ်ပြီးနောက် မြွေစိမ်းကညာ ၇-ဖော်ကို ဖမ်းဆီးရန် အစီအစဉ်ရှိသည်။

မြွေစိမ်းကညာ ၇-ဖော်တို့ကို ဖမ်းဆီးနိုင်ပြီးလျှင် ချုပ်နှောင်ထားရှိရန် လျှို့ဝှက်နေရာတစ်ခုတို့လည်း ရွေးချယ်ထားခဲ့သည်။

အခြေအနေများ ပြောင်းလဲသွားမှုကြောင့်သာ ၎င်းမြေအောက်ခန်းကြီးတွင် လာရောက် ပုန်းအောင်းနေခြင်းဖြစ်သည်။



ယခုလောလောဆယ်တွင် မြွေစိမ်းကညာ ၆-ဖော်ကို ဖမ်းမိထားရာ ကျန်တစ်ယောက်ကိုအမြန်ဆုံးဖမ်းမိဖို့အထူးအရေးကြီးနေသည်။

ကျန်နေသေးသော မြွေစိမ်းကညာနှင့် ပတ်သက်သည့်သတင်းများ မြန်မြန်နှင့်မှန်မှန်သိရအောင် စပါးကြီးညို့ချက်ပညာကို အသုံးချရန် မြွေဆိုးဂိုဏ်းချုပ်က ဆုံးဖြတ်လိုက်သည်။

သူကိုယ်တိုင် ဒဏ်ရာရထားသည့်အတွက် ဖမ်းမိထားသော မြွေစိမ်းကညာများထံမှ သိလိုသည့်သတင်းများ စစ်မေးရယူရန်တာဝန်ကို လက်ရွေးစင် သိုင်းသမားခေါင်းဆောင် အင်ကင်ခေကို တာဝန်ပေးလိုက်သည်။

အင်ကင်ခေ၏ စပါးကြီးညို့ချက်ပညာအဆင့်ဆင့်သည် မြွေဆိုးဂိုဏ်းချုပ်လောက်မကောင်းသော်လည်း သူ့အဆင့်နှင့်သူတော့ စွမ်းဆောင်နိုင်ရည်ရှိသည်။

အင်ကင်ခေက စပါးကြီးညို့ချက်ပညာကို သုံးကာ မြွေစိမ်းကညာ ၅၊ နှင့် ၇-တို့ကို စစ်မေးရာ မြွေစိမ်းကညာအမှတ် ၆-သိုင်းလေ့ကျင့်ရင်း ဒဏ်ရာရသည့်အတွက်ယာယီစခန်းတွင် ကျန်နေရစ်ကြောင်းနှင့် မြွေနတ်မယ်ဂိုဏ်း၏ ယာယီစခန်းတည်ရှိရာနေရာများကိုပါ သိရှိခဲ့သည်။

မြေအောက်ခန်းကြီးထဲတွင် မြွေဆိုး ဂိုဏ်း ချုပ် ဆားအားအောဘ်ပို့နှင့်အတူ လက် ရွေး စင် သိုင်း သ မား သုံးယောက်၊ မြွေဟောက်ငါးကောင်၊ သာမန်ဂိုဏ်းဝင်သိုင်းသမား ငါးယောက်တို့ရှိနေကြရာ အင်ကင်ခေတို့လက်ရွေး

www.burmeseclassic.com

www.burmeseclassic.com



စင် သုံးယောက်နှင့် သာမန်ကိုတ်းဝင် ငါးယောက်တို့ကို မြွေစိမ်းကညာ အမှတ်ခြောက်ကို အမိဖမ်းဆီးရန် မြွေနတ်မယ်ကိုဏ်း ဃာယီစခန်းသို့ စေလွှတ်လိုက်သည်။

* * *

မျှော်လင့်မထားသော အဆင်ပြေမှုများ ဆက်ခုပြီးတစ်ခု ပေါ်ပေါက်လာကာ ချောချောမောမောရှိနေသည့်အတွက် မြွေဆိုးဂိုဏ်းချုပ်သည် သိပ်စောင့်မနေချင်တော့။

အက်လက်၍ ကံကောင်းထောက်မ နေလေဦးမည်ကု ယုံကြည်စိတ်ချလျက် မြွေစိမ်းကညာအမှတ်ခြောက်ကို သွားရောက ဖမ်းဆီးခေါ်လွှသည့် အင်ကင်ခေတို့ ပြန်ရောက်လာမှ ပြုလုပ်ရန် စိတ်ကူးထားသော မြွေစိမ်းကညာများကို မြွေဟောက်များနှင့် အတူတွဲကာ လက်တွေ့ သိုင်းလေ့ကျင့်စေမှုကို အနည်းအကျဉ်းစမ်း၍ ပြုလုပ်လေတော့သည်။

မိမိ၏ဒဏ်ရာကြောင့် ဆင်ခြင်ရမည်မှန်းသိသည့်အတွက် အင်ကင်ခေက စပါးကြီးညို ချက်ပြုညာဖြင့် စိတ်အာရုံများကို ထိန်းချုပ်ထား လက်စဖြစ်သော မြွေစိမ်းကညာအမှတ် ၅-နှင့် ၇-တို့ကိုသာ လက်တွေ့ သိုင်းလေ့ကျင့်စေသည်။

အင်ကင်ခေက ထိုမိန်းကလေး နှစ်ယောက်၏ အာရုံကြောများကို ထုံထိုင်းအောင်လုပ်ပြီး စိတ်အာရုံများကို ထိန်းချုပ်ထားသက်စ အရှိန်ကရှိနေသည်မို့ မြွေဆိုးဂိုဏ်



ချုပ် ဆားအောင်ပို့အနေဖြင့် အထွေအထူး အင်အားစိုက်ထုတ်ရန်လည်း မလို။

ခွဲခပ်ပေးပြီးသော ထမင်းဟင်းများကို အဆင်သင့်စင်စားသလို အလိုက်အထိုက် မျှော၍လုပ်သွားရန်သာ ရှိသည်။

ကံကလည်း ဆက်ကောင်းနေသည်ဟု ဆိုရမည်။

မြွေစိမ်းကညာ ၅-နှင့် ၇-တို့ လေ့ကျင့်တတ်ခြောက်ထားသည်မှာ မြွေနတ်ကညာသိုင်းကွက် ၁၀-နှင့် ၁၂-တို့ဖြစ်ကြပြီး သူတို့နှစ်ယောက်နှင့် အရင်ဆုံးပူးပေါင်း လေ့ကျင့်ကြည့်သည့် မြွေဟောက် ၂-က မြွေနတ်ကညာ သိုင်းကွက် ၁၁-ကို တတ်မြောက်ထား လေ ရာ စချင်းပင် အောင်မြင်ချောမောသွားသည်။

သုံးယောက်သား အပြန်အလှန် ယောက်ကူအားပေးမှုများ လုပ်နိုင်ကာ အံ့ခခန်းသော သိုင်းစွမ်းရည်များပေါ်ထွက်သည်။

ထို့ပြင် ထိုသုံးယောက်၏သိုင်းကွက် ပစ်ကွက်နှင့် ကာကွက် ကွဲပြားခြားနားမှုတို့မှ စာရေးဟန်ကိုပါ ဆားအောင်ပို့က ဖော်ထုတ်နိုင်ခဲ့သည်။

ကောင်းတယ်-သိပ်ကောင်းတယ်၊ မြွေစိမ်း ၅-ရဲ့ သိုင်းကွက်က မြွေဟောက် ၂-ရဲ့ သိုင်းကွက် အင်အားစွမ်းရည် အရှိန်မြင့်လာအောင် ထောက်ကူ ဖန်တီးပေးနိုင်တယ် မြွေဟောက် ၂-ရဲ့ သိုင်းကွက်က မြွေစိမ်း ၇-ကို ထောက်ကူ ပေးပြန်ရော၊ မြွေစိမ်း ၇-ရဲ့ သိုင်းကွက်ကတော့ မြွေ

www.burmeseclassic.com

www.burmeseclassic.com



စိမ်း ၅-ကို ပြန်အားပေးနိုင်ပြန်ရော၊ ဒီသုံးယောက် တစီတွဲပေါ့၊ ကောင်းလိုက်တာ၊ သုံးယောက်ရဲ့ သိုင်းဟန်လှုပ်ရှားမှု ခြားနား ကွဲပြားချက်လေးတွေကလဲ စာရေးဟန် ဖြစ်လာတယ်၊ ဒါတွေ... မြွေဖြူအရှေ့ဘက် ဆိုပါလား၊ ဟား...ဟား...ဟား"

အရှမ်းကို အဆင်ပြေ အောင်မြင်နေမှုကြောင့် ဝမ်းမြောက်ဝမ်းသာ အဖြစ်ကြီးဖြစ်နေသော ဆားအော်ပို့သည် အားရပါးရပင် ထုတ်ဖော်ဟစ်ကြွေးမိလေသည်။

"အင်ကာင်ခေက မြွေစိမ်း ၆-တို့ အမိဖမ်းပြီးခေါ်လာရင် မြွေစိမ်း ၇-ယောက်လုံး အစုံအညီ သိုင်းကွက်ဖေဝီလေ့ကျင့်ပြခိုင်းမယ်၊ ဒါဆို မြွေနတ်ဘညာသိုင်းကွက် ၁၂ ကွက်ရဲ့ အင်အားအပြည့် ဘယ်လို ဖော်ထုတ်ရမယ်ဆိုတာ သိလာပြီပေါ့၊ မြွေနတ်မယ်ဝတ်စုံရဲ့ လမ်းညွှန်ကိုလဲ အကုန်အစင်သိမယ်၊ အခု သိထားသလောက်နဲ့တောင် အတော်ကြီး ဟွတ်နေပြီ၊ မြွေဖြူအရှေ့ဘက်...ဒုတိယတောင်ကုန်း၊ ဟား...ဟား...ဟား"

စိတ်ဓာတ် အထူးတက်ကြွကာ အရမ်း ဝမ်း သာ ပြီး စိတ်လည်း မြူးနေသော ဆားအော်ပို့က တဟားဟား ရယ်သိုက်ပြောလိုက် လုပ်နေသည်။

* * *



"ဟောဟိုနေရာရဲ့အောက်ဘက် မြေအောက်ခန်းထဲမှာ ချင့်ယုအင်းတို့ မြွေစိမ်းဘညာတွေ ရှိတယ်၊ ငါ့အထင်တော့ အဲဒီအထဲမှာ လူ ၁၂-ယောက်လောက်ပဲ ရှိမှာဆိုတော့ မြွေဆိုးဂိုဏ်းချုပ်နဲ့ မြွေဟောက် ၅-တောင်လဲ ရှိလိမ့်မယ်၊ အခြား မြွေဆိုးဂိုဏ်းဝင် ရှိမယ်မထင်ဘူး၊ ရှိရင်လဲ တစ်ယောက် နှစ်ယောက်ပဲ"

မြေအောက်အခန်းနားသို့ ရောက်သောအခါ မျောက်ဖြူကြီးက ကျန်းယမ်ရှောင်ရိကို ခပ်တိုးတိုး ပြောသည်။

"မြေအောက်ခန်းထဲကို ဘယ်လိုလုပ်ဝင်မလဲ"

ကျန်းယမ်ရှောင်ရိကလည်း နှစ်ကိုယ်ကြား လေသံနှင့် ပြန်မေး၏။

"ငါတစ်ယောက်လုံး ရှိနေတာ ဘာမှပူမနေနဲ့၊ မြေအောက်ခန်းဝင်ပေါက်ကို ရှာဖို့လောက်ကတော့ အသေးအဖွဲ့ပါကွာ"

မျောက်ဖြူကြီး အကြွားပိုသည် မဟုတ်ပါ။

မြေအောက်ခန်းထဲသို့ဝင်သည့် လျှို့ဝှက် အပေါက်ကို အလွယ်တကူပင် ရှာတွေ့လေသည်။

အဆင်ပြေမှုများ တစ်ခုပြီးတစ်ခု တွေ့နေရသည့်အတွက် အပျော်ကြီးပျော်၊ အမြူးကြီးမြူးကာ မိမိကိုယ်မိမိ အရမ်းအထင်ကြီးနေသော ဆားအော်ပို့သည် မြေအောက်ခန်း ဝင်ပေါက်နှင့် အနီးပတ်ဝန်းကျင်တွင် ကင်းစောင့်ချထားခြင်းပင် မပြု။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျောက်ဖြူကြီးနှင့်ကျွန်းယမ်ရှောင်ရိ တို့နှစ်ယောက်မှာ တာအနှောင့်အယှက်အတားအဆီးမျှမရှိ စိတ်တိုင်းကျ လှုပ်ရှားနေနိုင်ကြသည်။

"မြေအောက်ခန်းထဲကို ရောက်ရင် မင်းတတ်ထားတဲ့ သိုင်းကွက်တွေကို အလျင်အမြန်ဆုံး လှုပ်ရှား တိုက်ခိုက်ပေတော့၊ မွေ့နှောက်နိုင်သမျှသာ မွေ့နှောက်ပစ်၊ ကျန်တာ ငါ့တာဝန်ထား"

မြေအောက်ခန်းထဲသို့ ဝင်မီ မျောက်ဖြူကြီးက ကျွန်းယမ်ရှောင်ရိကို တီးတိုးပြောဆိုမှာကြားသည်။

ထို့နောက် နှစ်ယောက်သား မြေအောက် ခန်းထဲသို့ အသာဝင်လာခဲ့ကြသည်။

မြေအောက်ခန်းထဲသို့ ဆင်းဝင်လာကြခိုက် ဆားအော်ပို့၏ ကျေနပ်အားရစွာ ရယ်မောပြောဆိုသံကို ကြားကြရသည်။

"မြေနုတ်မယ် သိုင်းဝတ်စုံရဲ့ ယမ်းညွှန်ကိုလဲ အကုန်အစင်သိမယ်၊ အခု သိထားသလောက်နဲ့တောင် အပေါ်ကြီးဟုတ်နေပြီ၊ မြေဖြူအရှေ့ဘက်၊ ဒုတိယတောင်ကုန်း၊ ဟား...ဟား...ဟား"

"ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေနဲ့၊ ရှင်တို့လို သိုင်းသမားဆိုးတွေ အသာရလိမ့်မယ်၊ နောက်ဆုံးအမှန်တရားအောက်မှာ ပျက်စီးကြေပြုန်းသွားရမှာပဲ"

အမျိုးသမီး တစ်ယောက်၏ ပြောသံဆိုဆက်ကြားလိုက်ရသည်။



မြေစိမ်းကညာ အမှတ်တစ်၏ အသံဖြစ်မည်ဟု ကျွန်းယမ်ရှောင်ရိဆင်မိသည်။

"နင်က ဒီအခြေအနေ ရောက်နေတာတောင် လေသံမာတုန်းပဲကိုး...ရတယ်...ရတယ်၊ အင်ကောင်ခေတို့ပြန်ရောက်လာရင် နင်တို့မြေစိမ်းမတွေ ဘာယ်လိုပျော်ကျ ကုန်ကြမယ်ဆိုတာ ကြည့်ရမသေးဘူးပေါ့၊ ဟား...ဟား...ဟား"

မြေစိမ်းဂိုဏ်းချုပ် အဘော်ကြီးကို အုမြူးနေသည်မှာ ထင်ရှားသိသာသည်။ မာဆန်ထန်နှင့် နှိမ့်ချပြောဆိုလာမှုကိုပင် ဒေါသမထွက်၊ တဟားဟားသာ ရယ်မောရွှင်နေသည်။

ကျွန်းယမ်ရှောင်ရိ တို့လည်း မြေအောက်ခန်း ထဲသို့ ရောက်လာကြသည်။

မီးတုတ် အတော်များများ ထွန်းထားသည်မို့ မြေအောက်ခန်းထဲတွင် အပြင်မှာ ထက်ပင် အလင်းရောင်အားကောင်းနေသည်။ ထိန်ထိန်လင်းနေသည်။

မြေစိမ်းကညာ အမှတ်-၅ နှင့်-၇ တို့သည် ငေးငေးငိုင်ငိုင်သွင်နှင့် ငူငူကြီးရပ်နေကြသည်။

ကျန်မြေစိမ်းကညာ လေးယောက်တို့ကမူ မြေအောက်ခန်းထောင့် တစ်နေရာတွင် ထိုင်နေကြသည်။ ခပ်ခွေခွေပျော့ပျော့ ဖြစ်နေကြသည့်အတွက် အကြောပိတ်ခံထားကြရကြောင်း အကဲခတ်သိရှိနိုင်သည်။

မြေအောက် ငါးကောင်တို့ကတော့ အေးအေး ဆက်သာအသွင်ဖြင့် ထိုင်သူထိုင်၊ ထသူထ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့ကမူ မြေအောက်ခန်း အလယ်လောက်တွင် ဟန်တစ်ခွဲသားနှင့် ထမ်းသလားကာ ရယ်မောပြောဆိုနေသည်။

ကျွန်းယမ်ရှောင်ရှိနှင့် မျောက်ဖြူကြီးတို့ မြေအောက် ခန်းထဲရောက်လာကြသည်ကိုပင် သိကြဟန်မတူ။

* * *

မြေအောက်ခန်းထဲ ရောက်သည်နှင့် ကျွန်းယမ်ရှောင်ရှိ က လုပ်ရှားတိုက်ခိုက်လေတော့သည်။

အရင်ဦးဆုံး မြွေဆိုး ဂိုဏ်းချုပ်ရှိရာသို့ ပြေးဝင်သည်။ နှစ်ပင်လိမ် သိုင်းကွက်ကို သုံးကာ ညာလက်ဝါး တစ်ချက် အားပြင်းပြင်းရိုက်ထုတ်သည်။

တစ်ဆက်တည်းပင် ကိုယ်ကိုတစ်ပတ်လှည့်ကာ နီးရာ မြွေဟောက်ကို ဘယ်လက်ဝါးဖြင့် လှမ်းရိုက်သည်။

ပြီးလျှင် နှစ်ပင်လိမ်သိုင်းကွက်ကိုပင်သုံးကာ မြွေဟောက် များအကြား အတင်းတိုးဝင် မွှေနှောက်တိုက်ခိုက် လိုက် သည်။

မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့နှင့် မြွေဟောက်ငါး ကောင်တို့ တစ်ယောက်ပြီးတစ်ယောက် ဆိုသလို တတိုင်း ဘိုင်းပစ်လဲကျသည်။

ကျွန်းယမ်ရှောင်ရှိမှာနှစ်ပင်လိမ်သိုင်းကွက်တို့ပင်အပြည့် အဝထုတ်မသုံးလိုက်ရ။



အချောင်လည်း အံ့သြသွားသည်။ သို့သော် မိမိသိုင်း ပညာ အစွမ်းကြောင့် မဟုတ်ဘဲ ဟိုတစ်ချိန် တုန်းကလို မျောက်ဖြူကြီးက အလွန်မြန်ဆန်သောလှုပ်ရှားမှုဖြင့်အလစ် ဝင်ကာ အင်္ဂိုက်ဖမ်း တိုက်ခိုက်သွားခြင်းဖြစ်ကြောင်းတွေး မိကာ ရှက်ပြုံးတစ်ချက်ပြုံးမိသည်။

မြွေဆိုးဂိုဏ်းဘက်မှ လူများသည် တကယ်ပင် အလစ် အငိုက်မိကုန်ကြခြင်းဖြစ်သည်။

သူတို့၏ သိုင်းပညာအစွမ်းနှင့် ဆိုလျှင် မျောက်ဖြူကြီး နှင့် ကျွန်းယမ်ရှောင်ရှိ တို့ကို ကောင်းကောင်း ယှဉ်နိုင် သည်။

ယခု အစစအဆင်ပြေ အောင်မြင် နေသည်ဟု စိတ်ချ လက်ချနှင့် စိတ်ရွှင်ရွှင်မြူးမြူး ရှိနေကြချိန် ကျွန်းယမ် ရှောင်ရှိခင်တို့က လာသောအခါ မြွေဆိုးဂိုဏ်းချုပ်နှင့်မြွေ ဟောက် ငါးကောင် တို့မှာ မှင်တက်မိ၊ ကြက်သေသေ လျက် ဘာလုပ်ရမည်ကို မသိဘဲ ဘာတွေ ဖြစ်သည်ကို လည်း နားမလည်။

သည်အခြေအနေတွင် ကိုယ်ဖော့ပညာကို အစွမ်းကုန် သုံးကာ သွက်လက်မြန်ဆန်စွာလှုပ်ရှားလျက် အနကြာထိုး ပိတ်လာသော မျောက်ဖြူကြီးက ကောင်းကောင်း အသာ ရသွားသည်။ မြွေဆိုးဂိုဏ်းဝင်များ အနကြာပိတ်ခံရလျက် ခွေပျော့လဲကျကုန်သည်။

ဆားအော်ပို့နှင့်မြွေဟောက် ၅-ကောင်တို့သည် အာ သိုင်းသမားများ ဖြစ်ကြသော်လည်း တစ်ချက် ဆော့ဆ

www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်နှင့် တစ်သက်တာ မှတ်သွားရလောက်အောင် ကောင်းကောင်းကြီး ခံလိုက်ကြရလေပြီ။

မျောက်ဖြူကြီးက ချင်ယုအင်းတို့ ၄-ယောက်၏ ပိတ်နေသော အကြောများကို ဖြေဖွင့်ပေးသည်။

စပါးကြီးညှိချက်ပညာဖြင့် အာရုံကြောများ ထုံထိုင်းစိတ်လွင့်ပါးအောင် အလုပ်ခံထားရသည့် မြွေစိမ်းကညာ အမှတ် ၅ နှင့် ၇-တို့ကိုမူ ဘယ်လို လုပ်ပေးရမည်ကိုမသိ။ သူ့အလိုအလျောက် စိတ်ဖုံမှန် ပြန်ဖြစ်လာသည်အထိ စိတ်ရှည်ရှည်နှင့် စောင့်ရန်သာရှိပေတော့သည်။

"ကိုင်း....ဒီက ထွက်ကြစို့"

ချင်ယုအင်းတို့အားအကြောဖြေဖွင့်ပေးပြီးသည့်နောက် မျောက်ဖြူကြီးက ပြောသည်။

"မြွေဆိုးမကြီးကို အဆုံးစီရင်ပြီး မြွေဟောက်တွေကို ဖမ်းခေါ်သွားကြမယ်"

မြွေစိမ်းကညာ အမှတ် ၁-က ပြောသည်။

ဓားဆွဲထုတ်ပြီး မြွေဆိုးဂိုဏ်းချုပ်ရှိရာသို့ ချဉ်းကပ်သွားရာ မျောက်ဖြူကြီးက ကမန်းကတန်းဝင်တားသည်။

"ဟော့....မလုပ်နဲ့လေ၊ မင်းတို့ကို ကယ်ထုတ်နိုင်ဖို့ ငါက သူတို့ကို အကြောပိတ်ထားတာ၊ မင်းတို့ ဂိုဏ်းနှစ်ဂိုဏ်းရဲ့ အတွင်းရေးကိစ္စတွေမှာ ဝင်စွက်ဖက်တာ မဟုတ်ဘူး။ ဒီတော့ သူတို့ကို ဘာအန္တရာယ်မှမပြုကြနဲ့"



"ဒီမြွေဟောက်တွေက ကျွန်မတို့ကိုသာမက တခြားသိုင်းသမားတွေကိုပါ ကောင်းကောင်းဒုက္ခပေးနိုင်တယ်၊ သူတို့ကို ဖမ်းဆီးပြီး ထိန်းထားဖို့လိုတယ်"

မြွေစိမ်းကညာ ၁-က စောဒကတက်လေသည်။

တကယ်တော့ မြွေဟောက် ၅-ကောင်တို့ကို ဖမ်းဆီးခေါ်ဆောင်သွားရန်ကြံခြင်းမှာ မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်လုံး အပြည့်အစုံရရှိလျက် မြွေနတ်မယ်ဝတ်စုံ၏ လမ်းညွှန်ကိုလည်း ဖော်ထုတ်ရန်ဖြစ်သည်။

"သူတို့ကို ဖမ်းထားချင်တယ်ဆိုရင် နောက်မှ မင်းတို့ဘာသာမင်းတို့ဖမ်းကြ၊ ကြိုက်သလိုလုပ်ကြ၊ အခုတော့ ငါအကြောပိတ်ထားတာကို မင်းတို့ အာမှဝင်လုပ်ဖို့ စိတ်မကူးနဲ့၊ သိုင်းလောက စည်းကမ်းတို့ မင်းတို့နားလည်ကြမှာပေါ့"

မြွေစိမ်းကညာ အမှတ် ၁-ဘာမျှ မပြောသာတော့ပါ။

"ညီမလေး အမှတ် ၆ ကို သူတို့က သွားဖမ်းဖို့လုပ်နေကြတယ်၊ ဒီတော့ မြွေဟောက်မ တစ်ယောက်ယောက်ကိုတော့ ကျွန်မတို့ ခေါ်ထားသင့်တယ်"

ချင်ယုအင်းက ဝင်ပြောသည်။

"မင်းတို့ညီမလေးကို ငါသွားကာကွယ်ပေးမယ်၊ ဘာမှ မပူကြနဲ့၊ မြန်မြန်သာ ထွက်ကြ"

မြွေစိမ်းကညာ အမှတ် ၅ နှင့် ၇-တို့ကို တွဲခေါ်ကာ ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လွှဲသာလို့ တိုက်ခိုက် အကြောပိတ်ခဲ့ရတာ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ နောက် နှစ်နာရီလောက်ကြာရင် အပိတ်ခံထားရတဲ့အကြောတွေ သူ့ဘာသာသူ ပြေပွင့်သွားကြပါလိမ့်မယ်"

မျောက်ဖြူကြီးက မြွေဆိုးဂိုဏ်းချုပ်ကို တောင်းပန်စကား ဆိုခဲ့သေးသည်။

* * *

မြွေနတ်မယ်ဂိုဏ်း ယာယီစခန်းနေရာသို့ မျောက်ဖြူကြီးက ဖြတ်လမ်းမှ အမြန်သွားရောက်၍ သတင်းပေး အကြောင်းကြားခဲ့ရာ ယာယီစခန်းတွင် ရှိနေကြသူများအားလုံး ကြိုတင်ရှောင်တိမ်းပုန်းအောင်းနေကြသည်။

အင်ကာင်ခေတို့လူစု ထိုယာယီစခန်းသို့ ရောက်သောအခါ လူသူ တစ်ဦးတစ်ယောက်မျှမရှိ။ ငြိမ်သက်တိတ်ဆိတ်နေသည်ကိုသာ တွေ့ရလေသည်။

သိုင်းလောကအတွေ့အကြုံ ရှိသူတစ်ယောက်မို့ သည်လို ငြိမ်သက်လူသူကင်းမဲ့နေခြင်းသည် သဘောရိုး မဖြစ်နိုင်ကြောင်း အင်ကာင်ခေ စဉ်းစားမိသည်။

မိမိတို့လာရောက်မည်ကို တစ်နည်းနည်းဖြင့် ကြိုတင်သိကာ ရှောင်တိမ်းနေခြင်း ဖြစ်နိုင်သလို စခန်းပြောင်းသွားခြင်းလည်းဖြစ်နိုင်သည်။



လက်ရှိအခြေအနေအရ စခန်းပြောင်းသွားခြင်းထက် ရှောင်တိမ်းနေခြင်းက ပိုဖြစ်နိုင်မည်ဟုတွေးသည်။

မိမိတို့၏သတင်းကို ကြိုတင်ရ၍ ရှောင်တိမ်းသွားသည်ဆိုလျှင် ကျောက်စက်ရေစခန်းအနီးရှိ မြေအောက်ခန်းကြီးထဲတွင်ရှိနေသော ဂိုဏ်းချုပ်နှင့် မိမိတို့၏လူများအတွက် အန္တရာယ်ရှိနိုင်သည်ဟုလည်း မှန်းဆမိသည်။

လျှို့ဝှက် ကောင်ချောက်များလည်း ဆင်ထားကောင်းဆင်ထားနိုင်သည်မို့ အင်ကာင်ခေသည် မြွေနတ်မယ်ဂိုဏ်း ယာယီစခန်းအတွင်းဘက်သို့ရောက်အောင်ပင် မဝင်တော့။ အစွန်အဖျားပိုင်းနားတစ်ဝိုက်ကိုသာ အကဲခတ်ကြည့်ရှုပြီး နောက်ကြောင်းပြန်လှည့်သည်။

မြွေဆိုးဂိုဏ်းချုပ်တို့လူစု ကျန်နေခဲ့ရာ မြေအောက်ခန်းဆီသို့ အပူတပြင်းပင် ပြန်လေတော့သည်။

လမ်းခုလတ် တောလမ်းတစ်နေရာသို့ အရောက် သူတို့ရှေ့တည့်တည့်မှ ခပ်သုတ်သုတ်လာနေကြသော လူတစ်စုကို လှမ်းမြင်ရသည်။

ကျွန်းယမ်ရှောင်ရိနှင့် မြွေစိမ်းကညာ တစ်စုဖြစ်သည်။

မမျှော်လင့်ဘဲ ပက်ပင်းတိုးမိကြသလိုမို့ နှစ်ဖက်လုံးပင် အံ့အားသင့်ကာ ခြေလှမ်းတို့ရပ် ကုန်ကြသည်။ မြွေစိမ်းကညာများ လွတ်မြောက်လာခြင်းကြောင့် မိမိ၏လူများ အခြေအနေ မကောင်းကြောင်း အင်ကာင်ခေ ချက်ချင်းသဘောပေါက်သည်။

www.burmeseclassic.com

မြွေစိမ်းကညာများကို အမိဖမ်းမြန်ခေါ်ရန် ဧချိပိုင်း ဖြတ်သည်။ ထို့ပြင် ငေးငေးငိုင်ငိုင် ဖြစ်နေကြသော မြွေစိမ်းကညာ အမှတ် ၅-နှင့် ၇-တို့ကို သတိပြုမိသည်တွင် ဤမိန်းကလေးနှစ်ယောက်ကို လွှမ်းမိုးစေစားလျက် မြွေစိမ်းကညာများအကြား ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် လုပ်ပြီး အနိုင်ယူအမိဖမ်းဖို့ စိတ်ကူးပေါ်သည်။

မြွေစိမ်းကညာများနှင့် အင်ကင်ခေတို့မှာ ပေတစ်ရာကျော်ကျော်လောက် အလှမ်းဝေးနေသည်။ မြွေဆိုးဂိုဏ်းချုပ် ကိုယ်တိုင်ဆိုလျှင်တော့ သည်မျှလောက် အကွာအဝေးကို အရေးထားမည် မဟုတ်။ စိတ်အာရုံ ထိန်းချုပ်မှုကို ထိထိမိမိ လုပ်နိုင်ပေလိမ့်မည်။

အင်ကင်ခေ၏ ပေါ်းကြီးညို ချက် ပညာသည် မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့လောက် အဆင့်မမြင့်သည့်အတွက် ပေတစ်ရာကျော်ကျော်လောက် အကွာအဝေးမှ စိတ်အာရုံ စေစားမှု ထိထိရောက်ရောက် မလုပ်နိုင်။

ထို့ကြောင့် ရှေ့သို့ခုန်လွှား ပြေးတက်သည်။

"အမှတ် ၃-နဲ့ ၄၊ ညီမလေးတွေကိုစောင့်ရှောက်ပြီး ခေါ်သွား၊ အမှတ် ၂-က ငါနဲ့အတူလုပ်ရှား"

မြွေစိမ်းကညာ အမှတ် ၁-က အလောတကြီး အမိန့်ပေးညွှန်ကြားသည်။

ချင်ယုအင်းသည် အင်ကင်ခေတို့ကို ရင်ဆိုင်တိုက်ခိုက်ချင်သည်မှာ လက်ယားနေပြီ နေသည်။ သို့ရာတွင် အရေး မကြီးသည့် အခြေအနေတွင် ခေါင်းဆောင်၏ အမိန့်ကို နာခံရမည်မို့ စိတ်ထင်တိုင်းမလုပ်။

ပုံမှန်စိတ်မရှိဘဲ ငေးငိုင်နေကြသည့် မြွေ စိမ်း က ညာ ၅-နှင့် ၇-တို့ကို ကာကွယ်စောင့်ရှောက် ပေးဖို့ကလည်း အရေးကြီးကြောင်း နားလည်သည်။ မြွေစိမ်းကညာအမှတ် ၁-၏ အမိန့်ကို မြွေစိမ်းကညာ အမှတ် ၄-နှင့်အတူ နာခံသည်၊ အမြန်လှုပ်ရှား ရှောင်ထွက်သည်။

ကျန်းယမ်ရှောင်ရိကတော့ ဘာ လုပ် ရ မည် ကို မသိ။ ချင်ယုအင်းနောက်သို့သာ အလိုအလျောက် လိုက်ပါသွားလေတော့သည်။

မြွေစိမ်းကညာ အမှတ် ၁-သည် အမိန့်ပေးပြီးသည်နှင့် အနေရှးပေါ် အချက်ပေးမီးကျည်ကို အမြန်ပစ် လွှတ်တင်၏။ အချက်ပေးမီးကျည် ကောင်းကင်ထက် ထိုးတက်သွားချိန်မှာပင် သူမရှေ့မှောက်သို့ အင်ကင်ခေရောက်လာသည်။ မြွေစိမ်းကညာ အမှတ် ၁-က ဓားရှည်ကို ဝှေ့ယမ်းကာ အင်ကင်ခေကို ဆီး၍တိုက်ခိုက်သည်။

မြွေစိမ်းကညာ အမှတ် ၂-လည်း ဓားဆွဲကာ တိုက်ပွဲဝင်လာသည်။ ကျန်မြွေဆိုးဂိုဏ်းဝင်များကလည်း တိုက်ပွဲတွင်းသို့ ဝင်လာကြလေပြီ။

မြွေစိမ်းကညာ အမှတ် ၁-နှင့် ၂-တို့က မြွေဆိုးဂိုဏ်းသားများကို မာမာတင်းတင်း တောင့်ခံတိုက်ခိုက်ရန် စိတ်မကူး။ ချင်ယုအင်းတို့လူစု ရှောင်တိမ်း သွားနိုင်အောင် ထိန်းပေးရုံသာ တိုက်ခိုက်ဖို့ ကြံစေားသည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြွေကိုးဂိုဏ်းသားများအကြားတွင် လွတ်လပ်စွာ ပြေးလွှားကာ ထိုးဖောက်လှုပ်ရှား တိုက်ခိုက်သည်။ မြွေဆိုးဂိုဏ်းသားများကတော့ မြွေစိမ်းကညာ အမှတ် ၁-နှင့် ၂-တို့က ဝိုင်းပိတ်အမိဖမ်းရန် ကြိုးစားကြသည်။

အပြန်အလှန် တိုက်ခိုက်နေလျှင် မိမိတို့ နှစ်ယောက် မြွေဆိုးဂိုဏ်းသားများ၏ ဝိုင်းပိတ်မှုအကြားသို့ ရောက်ရမည်ကို မြွေစိမ်းကညာတို့ သိကြသည်။ ထို့ကြောင့် အသာမွေ့နှောက် တိုက်လိုက်ပြီးနောက် မီးခိုးဗုံးပစ်ဖောက်ကာ မြင်ကွင်းဝေဝါးအောင် ဖန်တီးပြီး ရှောင်တိမ်းထွက်ပြေးသည်။

ထွက်ပြေးရာတွင် နှစ်ယောက်သား တကွဲတပြားစီ လူခွဲကာ ပြေးကြသည်။

အင်ကင်ခေက သူ့လူများတို စုခေါ်ကာ နောက်မှလိုက်သည်။ မြွေစိမ်းကညာ အမှတ် ၁-နှင့် ၂-တို့နောက် သို့မဟုတ်...ချင်ယုအင်းတို့ ထွက်ပြေးရာလမ်းကြောင်းနောက်သို့ အတင်းလိုက်ကြခြင်း ဖြစ်သည်။

မြွေစိမ်းကညာ ၁၊ ၂-တို့နှင့် တိုက်ခိုက်ရင်း အင်ကင်ခေက ချင်ယုအင်းတို့ ထွက်သွားကြသည့် လမ်းကြောင်းကို လှမ်းကြည့် မှတ်ထားလိုက်သည်။

ပုံမှန်စိတ် အခြေအနေတွင် ရှိမနေကြသော မြွေစိမ်းကညာ အမှတ် ၅-နှင့် ၇-တို့ လှုပ်ရှားမှုတုံ့နှေးနေသောကြောင့် ချင်ယုအင်းတို့မှာ ခရီးမတွင်နိုင်။



အတော်လေး ကသိကအောက် ဖြစ်နေသည်။

"ဒီအတိုင်းဆို အမိခံရလိမ့်မယ်၊ သူတို့ကို ကျောပိုးပြီး ပြေးကြရအောင်"

ချင်ယုအင်းက မြွေစိမ်းကညာအမှတ် ၄-ကို လှမ်းပြောလိုက်သည်။

ထိုအချိန်မှာပင် သူတို့အနားသို့ အင်ကင်ခေနှင့် မြွေဆိုးဂိုဏ်း လက်ရွေးစင် သိုင်းသမားနှစ်ယောက်တို့ ပြေးလွှားရောက်လာကြသည်။

"ပြေးလို့လွတ်မယ် ထင်သလား"

အင်ကင်ခေက လှမ်းအော်ပြောသည်။

ချင်ယုအင်းနှင့် မြွေစိမ်းကညာ အမှတ်လေးတို့မှာ မြွေစိမ်းကညာ အမှတ် ငါးနှင့် ခုနစ်တို့ကို ကျောမပိုး နိုင်ကြတော့။ အင်ကင်ခေတို့ကို ရင်ဆိုင်တိုက်ခိုက် ကြရလေတော့သည်။

တိုက်ပွဲ အတွေ့အကြုံနုလှသေးသောကျန်းယမ်ရှောင်ရိမှာမူ မြွေစိမ်းကညာအမှတ်ငါးနှင့် အမှတ်ခုနစ်တို့ အနားတွင် ရပ်လျက်သားကျန်နေခဲ့သည်။

မြွေဆိုးဂိုဏ်းလက်ရွေးစင် သိုင်းသမား နှစ်ယောက်က ချင်ယုအင်းနှင့် မြွေစိမ်းကညာ အမှတ်လေးတို့ကို ရင်ဆိုင်တိုက်ခိုက်ကြသည်။

အင်ကင်ခေ ကိုယ်တိုင်ကတော့ ချင်ယုအင်းတို့ကို တော့ ဆိုင်ဆိုင်တိုက်ခိုက်ခြင်းမပြု။ ရှောင်ကွင်းကာ မြွေစိမ်းကညာ အမှတ်ငါးနှင့်ခုနစ်ရှိရာသို့ဦးတည်ပြေးဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ရိ...ညီမလေး နှစ်ယောက်ကို ကာကွယ် ပေးပါ"

ချင်ယုအင်းက လှမ်းအော်ပြောသည်။

ဘာလုပ်ရမည်မသိဘဲ ကြောင်အမ်းအမ်းနှင့် ရပ်နေသော ကျန်းယမ်ရှောင်ရိမှာ ချင်ယုအင်း၏ လှမ်းအော်ပြောတော့မှပင် အသိပင်လာလျက် အင်ကင်ခေကို ဆီးကြိုတိုက်ခိုက်ရန် တောလည် သိုင်းကွက်ပုံစံဖြင့် သိုင်းကွက်နင်း၍ အသင့်ပြင်သည်။

အင်ကင်ခေသည် ကျန်းယမ်းရှောင်ရိနှင့် တိုက်ခိုက်ရန် လက်လှမ်းမီသည့် နေရာအထိ ရောက်အောင်မသွား။

ဆယ်လှမ်း ကျော်ကျော်လောက် အကွာတွင် တုံ့ရပ်သည်။ ဩဇာသံဖြင့် အမိန့်ပေးသည်။ မောသံ အနည်းငယ်တော့ ရောစွက်နေသည်။

အင်ကင်ခေ ဘာလုပ်သည်ကို ကျန်းယမ်ရှောင်ရိမသိ။ အတွေးရခက်နေခိုက် မြွေစိမ်းကညာ အမှတ် ခုနစ်က သူ့ကိုလက်ဝါးတစ်ချက် လှမ်းရိုက်သည်။

စပါးကြီးညို့ချက် ဗညာ၏ လွှမ်းမိုးမှု မပျက်ပြယ်ချင်သေးသော မြွေစိမ်းကညာအမှတ်ငါးနှင့် အမှတ်ခုနစ်တို့ကို အင်ကင်ခေက ဩဇာပေးစေခိုင်းလိုက်ခြင်း ဖြစ်ကြောင်း ချင်ယုအင်းတို့ကတော့ နားလည်ကြသည်။

စိုးရိမ်စိတ်ထွေဖြစ်ရကုန်ကြသည်။

ချင်ယုအင်း ကတော့ ညီမငယ် နှစ်ယောက် အတွက် အပြင် ကျန်းယမ်ရှောင်ရိ အတွက်ပါ စိုးရိမ်ပူပန်မိသည်။



စိုးရိမ်သော့ကတို့ဖြင့် စိတ်လှုပ်ရှားလျက် အာရုံ ထွေပြားသွားရာ ဟာကွက်လွတ်ကွက်များပေါ်လျက် တစ်ဖက်လူ၏ လက်ဝါးရိုက်ချက်အထိခံရသည်။

ချင်ယုအင်း၏ညာလက်မှ ဓားရှည်လွတ်ကျသည်။ လူမှာလည်း တစ်ပတ်လည်ကာလဲပြိုကျသည်။

ကျန်းယမ်ရှောင်ရိ မှာလည်း မြွေစိမ်းကညာ အမှတ်ခုနစ်၏လက်ဝါးရိုက်ချက် အထိခံလိုက်ရသည်။ ဆွေးကြောကွက်နေရာပေါ်တွင် ကျကျနန အထိခံရခြင်း မဟုတ်သည့်အပြင် လက်ဝါး ရိုက်ချက်အား ကလည်း သိပ်မပြင်းလှသောကြောင့် တစ်ခါတည်း လဲပြို ကျသွားခြင်းတော့ မဖြစ်နိုင်။ ကိုယ်ခန္ဓာယိမ်းယိုင်၍သွားတော့သည်။

အင်ကင်ခေ၏ စပါးကြီး ညို့ချက်ပညာသည် အဆင့်မမြင့်လှသည့်အပြင် လူမှာလည်း ပြေးလွှားလှုပ်ရှားအားရုံများ၍ နေရာ စိတ်အင်အား စုစည်းမှုအပြည့်အဝ မလုပ်နိုင်ချေ။

ထို့ကြောင့် သူ၏စပါးကြီးညို့ချက်ပညာနှင့် လွှမ်းမိုးထားမှု အရှိန် ကျန်ရှိနေသေးသော မြွေစိမ်း ကညာ နှစ်ယောက်ကို အပြည့် အဝ ဩဇာ မပေးနိုင်၊ မစေစားနိုင်ပါချေ။

မြွေစိမ်းအမှတ် ခုနစ်သာ အနည်းငယ်နာခံကာ တော်ကျောတန်းကျေ သူဘောမျိုးလှုပ်ရှားတိုက်ခိုက်သည့်အတွက် ကျန်းယမ်ရှောင်ရိမှာ ကောင်းကောင်း အငိုက်မိ သွားသော်လည်း ထိချက်ဒဏ်မပြင်းထန်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ဩဇာပေးစေခိုင်းမှု သိပ်အကျိုး မသက်ရောက်ကြောင်းတွေ့ရသောအခါ အင်ကင်ခေ ရှေ့သို့လှမ်းဘက်သည်။ ပါးစပ်မှလည်း ဩဇာပေးစေခိုင်း လိုက်လေသေးသည်။

"တိုက်လေ....တိုက်....တိုက်"

ဩဇာလည်းပေး လက်ကလည်း လှုပ်ရှားကာ ကျန်းယမ်ရှောင်ရိုကို လက်ဝါးနှင့် ဆင့်ကဲရိုက်ချသည်။

အင်ကင်ခေက ဩဇာ ပေးလိုက်ခြင်းမှာ ကျန်းယမ်ရှောင်ရိုကို လှည့်စားလိုက်မှုသာ ဖြစ်သည်။ မြွေစိမ်းကညာ အမှတ်ငါးနှင့်ခုနစ်တို့က ဩဇာနာခံတိုက်ခိုက်မည်ဟုတော့ မျှော်လင့်ထားခြင်းမရှိ။

သို့ရာတွင်....

သည်တစ်ခါတွင်တော့ မြွေစိမ်းကညာ အမှတ်ငါးရောအမှတ်ခုနစ်ပါ အင်ကင်ခေ၏ ဩဇာကို နာခံကြသည်။ ကျန်းယမ်ရှောင်ရိုကို မိန်းကလေး နှစ်ယောက်က ဝဲယာတစ်ဖက်စီမှ ဝိုင်းညှပ်တိုက်ခိုက်ကြသည်။

အင်ကင်ခေကလည်း ရှေ့တည့်တည့်မှ ဝင်တိုက်ခိုက်နေလေရာ ကျန်းယမ်ရှောင်ရိုမှာ သုံးဖက် သုံးတန်မှ ညှပ်ပူးညှပ်ပိတ် အတိုက်ခံရသည့် အခြေအနေသို့ ရောက်သွားရသည်။ အငိုက်မိ ခံရမှု မရှိတော့သော်သည်း ကျန်းယမ်ရှောင်ရို အကျဉ်းအကျပ်တွေ့ရသည်။

အတင်းကြိုးစားကာ ရှောင်တိမ်း ထွက်သည်။ လွတ်လွတ်ကျွတ်ကျွတ် ရှောင်တိမ်းမထွက်နိုင်။ ဝိုင်းတိုက်သူသုံး



ယောက်လုံး၏ တိုက်ချက်များ အထိခံရသည်။ အရေးကြီးသော သွေးကြောကွက်နေရာကို အထိအရိုက် မခံရသောကြောင့် တစ်ခါတည်း တုံးခနဲ လဲကျမှုတော့မရှိ။

အပြင်အပဒဏ်ရာများရသည်။ အတော်လည်း နာနာကျင်ကျင်ဖြစ်သည်။ ကိုယ်ဟန်ကိုပင် ကောင်းကောင်းမထိန်းနိုင်၊ ယိမ်းယိုင်၍နေသည်။

အင်ကင်ခေက အခွင့်ကောင်းကို မိမိရရအသုံးချသည်။ ကျန်းယမ်ရှောင်ရို၏ ပျော့ခွေကြောကို အပိုင်ထိုးပိတ်လိုက်သည်။

ကိုယ်ဟန်ပျက်ကာ ယိမ်းယိုင် နေလေသော ကျန်းယမ်ရှောင်ရို မရှောင်နိုင်။ ပျော့ခွေကြော ထိုးပိတ် ခံရလျက် လဲကျသွားလေတော့သည်။

မြွေစိမ်းကညာ အမှတ်လေးသာ မတ်မတ် ရပ်လျက်တိုက်ပွဲဝင်နိုင်တော့သည်။ သို့သော် သည် မိန်းကလေးမှာ ထိထိမိမိတိုက်ခိုက်နိုင်စွမ်း မရှိတော့။

သိုင်းကွက်သိုင်းဟန်များ အသိန်းအချုပ်ခံနေရပြီ။

ဒဏ်ရာရကာ လဲကျသွားသော ချင်ယုအင်းမှာလည်း မြွေဆိုးကိုက်၊ လက်ရွေးစင်သိုင်းသမား၏ အကြောဆိုးပိတ်မှုကိုခံရလျက် မလှုပ်နိုင် မရှားနိုင်တော့။

အင်ကင်ခေသည် ကြိုးစားကာ တတ်နိုင်သမျှ လှုပ်ရှားတိုက်ခိုက်နေသော မြွေစိမ်းကညာ အမှတ် ၄-ကို အကြောထိုးပိတ်နိုင်ရန် လွှားခနဲ ခုန်၍ချဉ်းကပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေစိမ်းကညာ အမှတ် ၄-မှာ သူမနှင့် ရင်ဆိုင်နေရသော မြွေဆိုးဂိုဏ်းလက်ရွေးစင်သိုင်းသမားကိုအသေအလဲပင် ခုခံတိုက်ခိုက်နေရလေရာ အင်ကင်ခေ ခုန်လွှားဝင်လာသည်ကို တွေ့သော်လည်း ဘာမျှမတတ်နိုင်။

မြွေစိမ်းကညာ လေးဖော်တို့သာမက မြွေဆိုးဂိုဏ်းချုပ် အထူးအလိုရှိနေသော 'လူရွယ်လေး'ကိုပါ အမိဖမ်း ခေါ်သွားနိုင်မည့်အခြေအနေမို့ အင်ကင်ခေအရေးကို ဝမ်းသာအားတက်နေသည်။

မြွေစိမ်းကညာအမှတ် ၄-၏ အနီးသို့ ရောက်သည်နှင့် လျှင်မြန်စွာ အကြောထိုးပိတ်လိုက်သည်။ မြွေစိမ်းကညာ ၄-မှာ အကြောထိုးပိတ်လာမှန်း သိသော်လည်း ပြိုင်ဘက် မြွေဆိုးဂိုဏ်း လက်ရွေးစင်သိုင်းသမား၏ ထိန်းချုပ်မှုအောက်တွင် အလူးအလဲခုခံနေရသည်မို့ ဘယ်လိုမှမရှောင်နိုင်၊ မခုခံနိုင်။

အကြောထိုးပိတ်ခံရကာ ပျော့ခွေလဲကျသွားလေတော့သည်။

''ဟား....ဟား....ဟား....အလို''

အင်ကင်ခေသည် ကျေနပ်အားရစွာ ရယ်မောနေရာမှ ရယ်သံရပ်ကာ အာမေဋိတ်သံ တစ်ချက်ပြုမိသည်။

* * *



မြွေနတ်မယ်ဂိုဏ်းချုပ် တိန့်ထင်ကြိုင် ဦးဆောင်သော ဂိုဏ်းဝင်တစ်စု ရုတ်တရက် ရောက်လာသောကြောင့် တိုက်ပွဲအခြေအနေ တစ်မျိုးပြောင်းသွားသည်။

''တိုက်ကြ၊ တိုက်ကြ၊ အတင်းဝင်တိုက်ကြ''

အင်ကင်ခေက မြွေစိမ်းကညာ အမှတ် ၅-နှင့် ၇-တို့ကို ဩဇာပေး တိုက်ပွဲဝင်ခိုင်းကာ အခြေအနေကို ထိန်းရန် ကြိုးစားသည်။

မြွေစိမ်းကညာ အမှတ် ၅ နှင့် ၇-တို့ကလည်း အင်ကင်ခေ ဩဇာပေးမှုကို နာခံကြသည်။ လှုပ်ရှားတိုက်ခိုက်ကြသည်။

သို့သော် သူတို့တိုက်ခိုက်သည်က မြွေနတ်မယ်ဂိုဏ်းဝင်တွေကို မဟုတ်။

အင်ကင်ခေ၏အနားတွင် ရှိနေကြသော မြွေဆိုးဂိုဏ်း၏ လက်ရွေးစင် သိုင်းသမားနှစ်ယောက်ကို ဖြစ်သည်။ မမျှော်လင့်သောတိုက်ခိုက်မှုကြောင့် အငိုက်မိကုန်ကြသော မြွေဆိုးလက်ရွေးစင် သိုင်းသမားနှစ်ယောက်မှာ အသေနာလဲကျကုန်သည်။

အင်ကင်ခေကိုယ်တိုင်လည်း အံ့ဩသွားသည်။

မိမိတစ်ယောက်တည်းသာ ကျန်နေတော့သည်မို့ အင်ကင်ခေသည် တိုက်ခိုက်ဖို့စိတ်မကူးတော့ဘဲ တစ်ကြိုးတည်း သုတ်ခြေတင် ထွက်ပြေးသွားလေတော့သည်။

မြွေစိမ်းကညာအမှတ် ၁-ပစ်လွှတ်လိုက်သော အရေးပေါ် အချက်ပေးမီးကျည်ကိုလှမ်းတွေ့သည့်အတွက် မြွေနတ်

www.burmeseclassic.com

www.burmeseclassic.com



မယ်ဂိုဏ်းချုပ်တို့အဖွဲ့ အပြေးအလွှားရောက်လာတာ ချင်ယုအင်းကို ယက်မတင်လေးဆိုသလို ကာကွယ်ပေးလိုက်နိုင်ခြင်းဖြစ်သည်။

အင်ကင်ခေ ထွက်ပြေးသွားသည်တွင် မြွေစိမ်းကညာ အမှတ် ၅ နှင့် ၇ တို့လည်း ငြိမ်သွားကြသည်။

တိန်ထင်ကြိုင်က အကြောပိတ် ခံထားရသော ချင်ယုအင်း၊ ကျန်းယမ်ရှောင်ရိန္ဒင့် မြွေစိမ်းကညာ အမှတ် ၄ တို့ကို အကြောဖြေဖွင့်ပေးသည်။

ချင်ယုအင်းက ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံတို့ ပြန်ပြောပြသည်။

"မြွေအောက်ခန်းထဲမှာ အကြောပိတ်လျက် ကျန်နေခဲ့ကြတဲ့ မြွေဆိုးဂိုဏ်းချုပ်နဲ့ မြွေတောက်ငါးကောင်တို့ကိုသွားပြီး ဖမ်းခေါ်ရင် ငါတို့အတွက် အများကြီးတော့ အကျိုးရှိနိုင်ပါတယ်၊ ဒါပေမယ့် သူတို့ကို မျောက်ဖြူကြီးက အကြောပိတ်ခဲ့တာဆိုတော့ ငါတို့က အမြတ်ဝင်ထုတ်သလိုမျိုးလုပ်ဖို့ မကောင်းဘူး၊ ကဲ...စခန်းကိုပြန်ကြမယ်"

အကြောင်းစုံသိရသောအခါ မြွေနတ်မယ်ဂိုဏ်းချုပ်က ပြောသည်။

ယာယီစခန်းသို့ အပြန်လမ်းတွင် မြွေစိမ်းကညာအမှတ် ၁ နှင့် ၂-တို့ ဆုံမိကြသည်။ အခြားသော မြွေနတ်မယ်ဂိုဏ်းဝင် အစုလေးများနှင့်လည်းဆုံမိလေသည်။ အင်ကင်



ခေနှင့်ပါလာသော မြွေဆိုးဂိုဏ်းဝင်များကို တိုက်ခိုက်ချေမှုန်းပစ်ခဲ့သည့် သတင်းများကိုလည်းရသည်။

ယာယီစခန်းသို့ ပြန်ရောက်သောအခါ အစစအရာရာ အခြေအကျဖြစ်အောင် စီမံလုပ်ဆောင်ပေးပြီးနောက် တိန်ထင်ကြိုင်သည် မည်သူမှမသိအောင် တိတ်တဆိတ်ထွက်ခွာလျက် ကျောက်စက်ရေစခန်းဘက်သို့ လာခဲ့သည်။

မြွေဆိုးဂိုဏ်းချုပ်တို့ကို ဖမ်းဆီးဖို့တော့မဟုတ်။ အခြေအနေတို့ အကဲခတ် စူးစမ်းကြည့်ရန်ဖြစ်သည်။

မြေအောက်ခန်းထဲတွင် မည်သူမျှမရှိ။ အလောတကြီး ထွက်ခွာသွားကြသည်။ ခြေရာလက်ရာ အစအနများကိုသာ တွေ့ရသည်။

မြွေနတ်မယ်ဂိုဏ်းချုပ်သည် ယာယီစခန်းသို့ အသာပြန်လာခဲ့သည်။

ယာယီစခန်းမှ မြွေနတ်မယ်ဂိုဏ်းချုပ်ထွက်သွားသည်ကို မည်သည့်ဂိုဏ်းဝင်မျှမသိကြသလို ယာယီစခန်းသို့ပြန်ရောက်လာသည်ကိုလည်း မသိကြပေ။

သိသူတစ်ယောက်ကတော့ရှိသည်။

ထိုသူမှာ မျောက်ဖြူကြီးပင်ဖြစ်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကျန်းယမ်ရှောင်ရှိ နှစ်ပင်လိမ်သိုင်းကို ဇာစ်ယောက်တည်း လေ့ကျင့်နေသည်။

အမှန်အတိုင်း ပြောရလျှင် နှစ်ပင်လိမ်သိုင်းကွက်ကို ကျန်းယမ်ရှောင်ရှိ ပိုင်နိုင်တတ်မြောက်နေပြီ ဖြစ်သည်။ သိုင်းဟောန်လှုပ်ရှားမှုတွင် စိတ်အာရုံမထားဘဲ သိုင်းကွက်ကြောင့် ပေါ်ပေါက်လာသည့် အင်အား အရှိန်အဟုန်နှင့် တိုက်ကွက် ဦးတည်လမ်းကြောင်းတို့ကိုသာ စူးစိုက်ရသည့် နှစ်ပင်လိမ်သိုင်းကွက်၏ သဘောတရားကို ချင်ယုအင်းအား သေသေချာချာရှင်းပြနိုင်ရန်အတွက် အပတ်တကုတ် ကြိုးစားသေ့ကျင့်နေခြင်းဖြစ်သည်။

ချင်ယုအင်းသည် အရေးကြီးသော ကိစ္စများ တိုင်ပင်ဆွေးနွေးလုပ်ဆောင်ရန် ဂိုဏ်းချုပ်တိုနံ့ထင်ကြိုင်ထံ သွားရောက်နေရာ ကျန်းယမ်ရှောင်ရှိမှာ တစ်ယောက်တည်းလို



ရှိနေရာ သိုင်းလေ့ကျင့်မှု မလုပ်လျှင်လည်း သူ့အတွက် အခြားမည်မည်ရရ လုပ်ဆောင်စရာ ဘာမျှမရှိပေ။

"ကောင်လေး၊ ငါ ရောက်လာပြန်ပြီ"

စကားသံတစ်သံကြားရသည်။

မျောက်ဖြူကြီး၏ အသံဖြစ်ကြောင်း သိသောကြောင့် ကျန်းယမ်ရှောင်ရှိလည်း သိုင်းလေ့ကျင့်မှုကိုရပ်ကာ နှုတ်ဆက်စကားဆိုလိုက်သည်။

"ဩော်...ဦးလေးကြီး၊ လာပါ"

နှုတ်ဆက်စကားအဆုံးတွင် ကျန်းယမ်ရှောင်ရှိ ရှေ့မှောက်သို့ မျောက်ဖြူကြီး ဘွားခနဲရောက်လာသည်။

"ဦးလေးကြီး ရောက်လာတာ အတော်ပဲ၊ ဦးလေးကြီးကို မေးစရာရှိတယ်"

"ဘာလဲ၊ နှစ်ပင်လိမ် သိုင်းကွက်အကြောင်း မေးချင်တာလား"

လူကဲခတ်ကောင်းသော မျောက်ဖြူကြီးက ဒက်ခနဲပင် မေးချလိုက်သည်။

"ဟုတ်တယ်၊ ဟဲ...ဟဲ...ဟဲ"

ကျန်းယမ်ရှောင်ရှိမှာ မိမိကိုယ်မိမိ စိတ်မလုံသလိုရှိသည့်မို့ ရယ်ကျဲကျဲလုပ်လိုက်သည်။

"ငါတတ်သိသလောက် မင်းကိုသင်ပေးပြီးပြီ၊ မင်းကလဲ အောင်မြင်ပြည့်စုံအောင် လေ့ကျင့်ပြီးပြီ၊ နှစ်ပင်လိမ် သိုင်းကွက်နဲ့ပတ်သက်ပြီး ငါ့အနေနဲ့ ဘာမှထပ်ပြောပြ ရှင်းပြစရာ မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဖြူကြီးက စကားပိတ် ပြောလိုက်သလို့မို့ ကျန်း ယမ်ရှောင်ရှိမှာ ဘာဆက်ပြောရမှန်း မသိအောင် ဖြ သွားရသည်။

"မင်းကို့ သတင်းတစ်ခု ပြောရဦးမယ်"

မျောက်ဖြူကြီးက စကားစလိုက်ရာ ကျမ်းယမ်ရှောင် ထင့်ခန့် ဖြစ်သည်။

"ဘယ်သူတွေ ဘာဖြစ်ပြန်လို့လဲဟင်"

ကမန်းကတန်းလည်း မေးမိသည်။

"ဘာမှမဖြစ်ပါဘူး၊ မင်းနဲ့ မိန်းကလေးယုအင်းတို့ ပတ်သက်ပြီး တိန့်ထင်ကြိုင်ကို ငါသွားအသိပေးတ အကြောင်း ပြောမလို့ပါ"

"ဟာ...ဦးလေးကြီးကလဲ၊ လျှောက်လုပ်နေပြီ"

"လျှောက်လုပ်တာ မဟုတ်ဘူး၊ အောင်သွယ်ခနေဘဲ တရားဝင် သွားပြောတာပါ၊ တိန့်သင်ကြိုင်ကလဲ ဒီကိစ္စ မကန့်ကွက်ပါဘူး"

"ဟင်...တကယ်ပဲလား"

သည်လိုဆိုပြန်တော့လည်း ကျန်းယမ်ရှောင်ရှိ ဝမ်းသာ သည်။

"ဒါပေမယ့် သူတို့ မြွေနတ်မယ်ဂိုဏ်းရဲ့ မိသားစု ထုံး တမ်းစဉ်လာတွေ ရှိနေတာကြောင့် စေ့စပ်ကြောင်းလမ်း တာကို အခုလောလောဆယ် မလုပ်နိုင်သေးဘူးတဲ့၊ အင်း... သူတို့ရဲ့ မိသားစု ထုံးတမ်းစဉ်လာတွေကလဲ တော်တော် တင်းကျပ်ရှုပ်ထွေးတာကွ"



ကျန်းယမ်ရှောင်ရှိမှာ သည်လိုကိစ္စမျိုးနှင့်ပတ်သက်သည့် သာမန် ထုံးတမ်းဓလေ့များကိုပင် မသိ။ မြွေနတ်မယ်ဂိုဏ်း ၏ ထူးခြားရှုပ်ထွေးသော မိသားစုအစဉ်အလာတို့ကိုတော့ တာမျှနားမလည်။

ချင်ယုအင်းတို့ဘက်မှ ထုံးတမ်းစဉ်လာများကို လိုက် နာဖို့ လိုအပ်သည်ကိုတော့ သဘောပေါက်သည်။

"ဟို...အင်း...ဘယ်တော့လောက်...ဟို..."

စေ့စပ်ကြောင်းလမ်းမည့် နေ့ရက်အချိန်အခါကို မေး လိုသော်လည်း ရှက်စိတ်ဖြင့် နှုတ်မရဲဘဲ အထစ်ထစ်အငေါ့ ငေါ့ ဖြစ်နေသည်။

"သူတို့ဂိုဏ်းမှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေတာ ပြီး ပြတ်အောင် လုပ်ပြီးရင် စေ့စပ် ကြောင်းလမ်းမယ်၊ မြွေ နတ်မယ်ဂိုဏ်း မိသားစုထုံးတမ်းစဉ်လာတွေကို မင်းအခန့် နဲ့ ကောင်းကောင်း နားလည်အောင် ပြောပြပေးမယ်၊ အဲဒီနောက်တော့ မင်္ဂလာလဲ ဆောင်ပေးမယ်၊ မင်းဘယ် လို သဘောရလဲ"

"ကောင်းပါတယ် ဦးလေးကြီး၊ စောင့်ရမှာပေါ့"

"ဟုတ်ပြီ၊ သူပြောတာတွေကို ငါတို့ဘက်က လက်ခံတဲ့ အကြောင်း တိန့်ထင်ကြိုင် အခုပဲအကြောင်းပြန်လိုက်တယ်၊ ပြီးရင် ငါတို့သွားကြမယ်"

"ဟင်...ဘယ်ကိုသွားကြမှာလဲ"

"မင်းကတော့ စိမ်းလဲမြိုင်စံအိမ်ကို ပြန်ပေါ့၊ ငါက ထုံးစံအတိုင်း နေရာအနှံ့ ဆက်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟို...ဟို...ကျွန်တော်က ဘာကြောင့်ပြန်ရမှာလဲ၊ သူတို့နဲ့ အခုလိုအတူလိုက်နေသွားလို့ မရဘူးလား"

မျောက်ဖြူကြီးက တဟားဟား ရယ်မောလိုက်ကာ—

"မင်းနဲ့ ချင်ယုအင်းကို သဘောတူလိုက်ပြီးပြီလေ၊ သူတို့ဂိုဏ်းရဲ့မိသားစုစည်းကမ်းက ကရားဝင်စေ့စပ်ကြောင်းလမ်းပြီးမှ ဂိုဏ်းနဲ့အတူ လိုက်ပါခွင့်ရတယ် ဆိုလားပဲ၊ ဒီတော့ မင်း စိမ်းလဲမြိုင်စံအိမ်ကိုပြန်တာ အကောင်းဆုံးပဲပေါ့၊ ဒါမှတော့ ငါနဲ့အတူတူလိုက်ချင်လဲ လိုက်ခဲ့လေ"

ကျန်းယမ်ရှောင်ရိကတော့ မြွေနတ်မယ် ဂိုဏ်းနှင့်အတူ လိုက်ပါနေလိုသည်။ သို့သော် သူတို့၏မိသားစုစည်းကမ်း သတ်မှတ်ချက် ရှိနေသည်ဆိုသည့်အတွက် ဘာမျှ စောဒက မတက်ရဲတော့။

မျောက်ဖြူကြီးနှင့် အတူလိုက်သွားလျှင် မိမိအတွက် အသိအမြင်ကျယ်ကာ ဗဟုသုတ တိုးပွားမည်ကိုတော့ သိသည်။ သို့သော် ချင်ယုအင်းနှင့် ဝေးဝေးလံလံရောက်သွားမည်ကိုတော့ စိုးရိမ်သည်။

"ဦးလေးကြီးက ဘယ်ကိုသွားမှာလဲ"

"ဘယ်ကိုသွားမယ်ဆိုတာ ငါကိုယ်ငါတောင် မပြောနိုင်ဘူး၊ ငါက စိတ်ကူးပေါက်ရင် ပေါက်သလို ထသွားနေတာ မင်းလဲအသိသားပဲ၊ မြွေနတ်မယ်ဂိုဏ်းအနီးအနားမှာ ဖြစ်ချင်ဖြစ်မယ်၊ မြွေနတ်မယ်ဂိုဏ်းနဲ့ အဝေးကြီးကိုလဲ ရောက်ချင်ရောက်မယ်"



"ကျွန်တော်က ဦးလေးကြီးနဲ့လဲ မလိုက်၊ စိမ်းလဲမြိုင်စံအိမ်ကိုလဲ မပြန်ဘဲ ချင်ယုအင်းတို့နဲ့ပတ်သက်တဲ့ သတင်းတွေ သိနိုင်မယ့် နေရာတွေမှာ သွားလာ လှုပ်ရှားနေလို့ မရဘူးလား"

"ဟား...ဟား...ဟား— ရတာပေါ့ကွ၊ မင်းသဘောပဲ၊ မင်းသွားချင်တဲ့နေရာ သွားနိုင်တယ်၊ နေချင်တဲ့နေရာ နေနိုင်တယ်၊ မြွေနတ်မယ်ဂိုဏ်းနဲ့ အတူတူမဖျက်ရင် ပြီးတာပဲ၊ သူတို့ဂိုဏ်းရဲ့စည်းကမ်းတွေကိုတော့ မင်းအနေနဲ့ လိုက်နာရလိမ့်မယ်"

"မှတ်တဲ့—ကျွန်တော် သိပါပြီ"

ဤသို့ဖြင့် ကျန်းယမ်ရှောင်ရိသည် မြွေနတ်မယ်ဂိုဏ်း ယာယီစခန်းမှ ထွက်ခွာလာခဲ့ရသည်။

ချင်ယုအင်းကနှုတ်ဆက်လက်ဆောင်အဖြစ် တစ်ခုခုပေးလိုက်ချင်သော်လည်း စေ့စပ်ကြောင်းလမ်းရန် သဘောတူညီမှု အမှတ်တရ ပစ္စည်း သဘောမျိုး ဖြစ်သွားနိုင်သောကြောင့် စိတ်ကိုချုပ်တည်း ဆင်ခြင်လိုက်ရသည်။

ကျန်းယမ်ရှောင်ရိရှာဖွေခူးပေးသော ရွှေနဂါးမျက်လုံး သစ်ခွပန်းပင်မှ ပန်းခက် တစ်ခိုင်ကိုသာ ပေးလိုက်ရလေသည်။

ထိုသစ်ခွပန်းပင်ကို ကျန်းယမ်ရှောင်ရိက ခူးယူပေးခဲ့ပြီး နှစ်ယောက်ခွဲခွာမှကာ ယူလိုက်ကြသည့် သဘောမျိုးမို့ ချင်ယုအင်းအနေဖြင့် မြွေနတ်မယ်ဂိုဏ်း၏ တင်းကျပ်သော

www.burmeseclassic.com

www.burmeseclassic.com



မိသားစု ထုံးတမ်းစဉ်လာကို ဖောက်ဖျက်ရာ မရောက်တော့ပါ။

* * *

မျောက်ဖြူကြီးသည် ကျွန်းယမ်ရှောင်ရိနှင့် အတူတူ မြွေနတ်မယ်ဂိုဏ်း ယာယီစခန်းမှ ထွက်လာခဲ့သော်လည်း ချက်ချင်း ဆိုသလိုပင် နှုတ်ဆက်တာ လူစုခွဲ ထွက်လာခဲ့သည်။

ဝေးဝေးလံလံသို့မူ ထွက်မသွားဖြစ်ပါ။

သူသည် ကျွန်းယမ်ရှောင်ရိအပေါ် ခင်မင်သံယောဇဉ် ရှိနေလျက် မြွေနတ်မယ် ဂိုဏ်းအနေဖြင့် မြွေနတ်ကညာ သိုင်းကွက်များ၏ ဆက်စပ်မှုလျှို့ဝှက်ချက်နှင့် မြွေနတ်မယ် သိုင်းစွယ်စုံအတွက် လမ်းညွှန်တို့ကို ဖော်ထုတ်နိုင်မှု ရှိမရှိ သိလိုသည့်ဆန္ဒလည်း ရှိနေရာ ထိုအကြောင်းတို့က သူ့ကို ဝေးဝေးသို့ ထွက်မသွားအောင် ဆွဲဆောင် ထားကြလေသည်။

ကျွန်းယမ်ရှောင်ရိ တစ်ယောက် မြွေနတ်မယ်ဂိုဏ်းနှင့် လက်လှမ်းမီသည့်နေရာတို့တွင်ရှိနေမည်ကို အတပ်သိနေရာ မျောက်ဖြူကြီး ကိုယ်တိုင်လည်း မြွေနတ်မယ်ဂိုဏ်းလှုပ်ရှားမှုများကို သိနိုင်သည့် နေရာဝန်းကျင်တို့တွင်သာ လှည့်ပတ်သွားလာနေခဲ့သည်။



ကျွန်းယမ်ရှောင်ရိတို့ ထွက်ခွာသွားကြသည့် နေ့မှာပင် မြွေနတ်မယ်ဂိုဏ်းလည်း ယာယီစခန်းကိုစွန့်ခွာကာ မြွေဖြူရွာသို့ပြန်သည်။

ခွဲဖြန့်ထားသော ဂိုဏ်းဝင်များကို ပြန်လည် ခေါ်ယူစုစည်းရင်း မြွေဆိုးဂိုဏ်း အကြောင်းလည်း စုံစမ်းလျက် ခပ်ဖြည်းဖြည်းသွားကြသည်။

မျောက်ဖြူကြီးနှင့် ကျွန်းယမ်ရှောင်ရိတို့လည်း မြွေနတ်မယ်ဂိုဏ်း၏ ခရီးလမ်းကြောင်းအတိုင်းနောက်မှခပ်ဖြည်းဖြည်းလိုက်ကြသည်။

ကျွန်းယမ်ရှောင်ရိတစ်ယောက် ဘယ်နေရာတွင် ရှိပြီး ဘာတွေ လုပ်နေသည်ကို မျောက်ဖြူကြီးက သိနေသော်လည်း ကျွန်းယမ်ရှောင်ရိကမူ ချင်ယုအင်းထံ စိတ်အာရုံရောက်နေသောကြောင့် သူ့အနီးအနားတွင် မျောက်ဖြူကြီးရှိနေသည်ကိုပင် သတိမမူမိခဲ့ပေ။

လမ်းခရီးတစ်လျှောက် ဘာထူးခြားချက်မျှမဖြစ်။ မြွေနတ်မယ်ဂိုဏ်းကလည်း ဂိုဏ်းဝင်အားလုံး ပြန်စုစည်းမိပြီးသည့်တိုင် ခပ်ဖြည်းဖြည်း ခပ်နှေးနှေးသာ သွားနေရာ လှုပ်လှုပ်ရှားရှားရှိမှုကို နှစ်သက်သော မျောက်ဖြူကြီးမှာ စိတ်ပျက်သလိုလို ဖြစ်လာသည်။

မြွေနတ်မယ်ဂိုဏ်းနောက်သို့ ဆက်မလိုက်တော့ဘဲ မိမိဘာသာထွက်သွားရန်ပင် စိတ်ကူးမေါ်မိသည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



မြို့ဖြူရွာသို့ရောက်ရန် နေ့ဝက် ခရီးသာသာမျှ ကွာလှမ်းတော့သော နေရာ(ခပ်ဖြည်းဖြည်း နှေးနှေးသွားနေမှုနှင့်ဆိုလျှင်တော့ တစ်ရက်ကျော်ကျော်လောက် ထပ်သွားရပေဦးမည်) မျောက်ဖြူကြီးအကြိုက် လှုပ်ရှားစရာအဖြစ် တစ်ခုကို ကြုံတွေ့ရလေတော့သည်။

မျောက်ဖြူကြီးသည် ကျန်းယမ်းရောင်ရိလို မြနတ်မယ်ကိုတား သွားရာနောက်သို့ ခပ်ခွာခွာမှ နေ၍ နောက်ယောင်ခံလိုက်သလိုမျိုး လိုက်နေခြင်းမဟုတ်။ အနီးဝန်းကျင်အနှံ့လည်း အခွင့်သင့်သလို ခြေဆန့်နေခဲ့သည်။

ထိုနေ့ကလည်း ခရီးအတော်ဝေးဝေးသို့ ခြေဆန့်သွားမည်အလုပ် တဖည့်ကျော် ပထမမျောက်လောင်း မျောက်ဖြူကြီးထံရောက်လာခဲ့သည်။

မျောက်လောင်း သုံးကောင်သည် သတင်းထူးရှိမှသာ သူ့ထံရောက်လာကြမြဲဖြစ်ရာ ပျင်းရိသလိုလို ဖြစ်နေသော မျောက်ဖြူကြီးအတွက် ဝမ်းသာစရာဖြစ်သွားသည်။

"ဘာထူးခဲ့လဲ ဟေ"

မျောက်ဖြူကြီးက မေးလိုက်သည်။

"စိတ်ပုပ်လောဘတိုက်သမားတော်ကြီး စူးခိုင်ထုံး မက်မုံပင်တောအုပ်အစပ်နားမှာ တစ်ကိုယ်တော် သိုင်းသမား လှကြည်ချမ်းနဲ့ တိုက်ဆိုင် တွေ့ဆုံဖို့ သွားနေပါတယ်၊ သူတို့ကညီလာနဲ့ညီလား စောင့်ကြည့်နေပြီး ကျွန်တော်က ဆရာကြီးကို အမြန်လာအကြောင်းကြားတာပါ"

ပထမမျောက်လောင်းက ပြောသည်။



လှကြည်ချမ်းနှင့် စူးခိုင်ထုံး တို့၏ အကြံအစည်ကြီး အကြောင်း သိရပြီးသည့် နောက်တွင် သူ့တပည့်ကျော် မျောက်လောင်း သုံးကောင် စောင့်ကြည့်ရမည့် လူများ စာရင်းတွင် ထိုသူနှစ်ယောက်ကို မျောက်ဖြူကြီးက ထည့်ပေးထားခဲ့သည်။

"ဟေ...ဟုတ်လား၊ ငါကိုယ်တိုင် လိုက်ကြည့်မယ်"

မျောက်ဖြူကြီးသည် ပထမ မျောက်လောင်းနှင့်အတူ မက်မုံပင်တောအုပ်သို့ အမြန်လိုက်သွားသည်။

* * *

ကိုယ်တော်ပညာသုံးကာ မြတ်လမ်းမှ အမြန်လာခဲ့ကြသော အချိန်တိုတိုအတွင်းမှာပင် မက်မုံပင်တောအုပ်သို့ ရောက်သည်။

လှကြည်ချမ်းနှင့် စူးခိုင်ထုံးတို့နှစ်ယောက် တွေ့ဆုံမှုကတော့ ပြီးသွားခဲ့လေပြီ။ ပြန်သွားကြလေပြီ။

သို့သော် စောင့်ကြည့်နေကြသော ဒုတိယ မျောက်လောင်းထံမှ သတင်းအပြည့်အစုံရသည်။ တတိယမျောက်လောင်းကတော့ လှကြည်ချမ်းနောက်သို့ နောက်ယောင်ခံ လိုက်သွားသည်။

ဒုတိယမျောက်လောင်း ပြောပြသည်တို့ကား တကယ့်ကို စိတ်ဝင်စားစရာကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကြည်ချမ်းနှင့်ရုးခိုင်ထုံးတို့ သူတို့၏ အကြံအစည်ကြီးကို လက်တွေ့ အကောင်အထည်ဖော်တော့မည့် သတင်းပင်ဖြစ်သည်။ ဆေးဖော်လုပ်ကြံမည့် အစီအစဉ်များကိုပါ နှစ်ယောက်သား ပြောဆိုတိုင်ပင်ခဲ့ကြသည်တို့ကို ဒုတိယ မျောက်လောင်းက အသေးစိတ်ပြန်ပြောပြသည်။

အပိုင်အနိုင်မြှုနိုင်ရန် ဆေးခတ်လုပ်ကြံမည့်နေရာက သွေးနက်ချောင်းကွေ့ဟုလည်း အတိအကျသိရသည်။

"မင်းတို့နှစ်ယောက် သွေးနက်ချောင်းကွေ့ကို သွားကြ၊ လုံကြည်ချမ်း ဘာတွေကို ဘယ်လို လုပ်ကြံဖန်တီးထားတယ်ဆိုတာကို သိနိုင်သမျှသိအောင်စုံစမ်း၊ ဘာကိုမှတော့ ဖျက်ဆီးမပစ်နဲ့၊ သူစီမံထားတဲ့အတိုင်း ခြေရာလက်ရာမပျက် ရှိနေပါစေ၊ ပြီးရင် အဲဒီမှာပဲ ပုန်းအောင်းစောင့်ကြည့်နေကြ"

မျောက်ဖြူကြီးက ပထမနှင့် ဒုတိယမျောက်လောင်းတို့ကို ညွှန်ကြားအမိန့်ပေးပြီး အမြန်ပင်ပြန်လာခဲ့သည်။

မြွေနှုတ်မယ်ဂိုဏ်း ယာယီစခန်းချထားရာသို့ ပုန်းလျှိုးကွယ်လျှိုးဝင်ရောက်သည်။

ဂိုဏ်းချုပ်တိန့်ထင်ကြိုင်ကို တိတ်တဆိတ်တွေ့ဆုံသည်။

မိုးပေါ်ကကျလာသလို ရုတ်တရက် ပေါ်ပေါက်လာသည့်အတွက် မြွေနှုတ်မယ်ဂိုဏ်းချုပ်မှာ ထိတ်လန့်သလိုလို ရှိသော်လည်း သည်လိုအလုပ်မျိုးတွင် မျောက်ဖြူကြီးအလွန်ကျွမ်းကျင်ကြောင်းသိထားသဖြင့် အံ့သြခြင်းတော့မဖြစ်။



"အခုလိုလာတွေ့ရတာကိုခွင့်လွှတ်ပါ၊ ကျော်မကောင်းကြားမကောင်း ဖြစ်စေမယ့် ဆေးခတ်လုပ်ကြံမှုကြီး တစ်ခုအကြောင်း သတင်း အတိအကျရပါတယ်၊ အဲဒီ လုပ်ကြံမှုကြီးကို ပျက်ပြားသွားအောင် ဟန့်တားကာကွယ်ဖို့ ချင်ယုအင်းရဲ့ အကူအညီလိုပါတယ်၊ ဒါကြောင့် ချင်ယုအင်းကို ခေါ်သွားဖို့ ခွင့်ပြုပါ၊ ချင်ယုအင်းကိုရော မြွေနှုတ်မယ်ဂိုဏ်းကိုပါ ထိခိုက်အန္တရာယ် မဖြစ်စေရပါဘူးလို့ ကျုပ် တာဝန်ယူပါတယ်"

မျောက်ဖြူကြီးက ဦးညွှတ် အရိုအသေပြုပြီး ပြောသည်။

ပြောပြီးသည်နှင့် ချာခနဲလှည့်၍ လျင်မြန်စွာ ထွက်ခွာသွားရာ တွိုယ်ယောင်ဖျောက်သလို ရုတ်ခြည်းပျောက်ကွယ်သွားသည်။

မြွေနှုတ်မယ်ဂိုဏ်းချုပ် တိန့်ထင်ကြိုင်သည် မျောက်ဖြူကြီးနှင့် ရင်းနှီးခင်မင်ခြင်းမရှိလှသော်လည်း မျောက်ဖြူကြီးအကြောင်းကိုတော့ ကောင်းကောင်း သိထားသည်။ မျောက်ဖြူကြီးပြောသွားသည့်စကားများကိုလည်း အပြည့်အဝပင် ယုံကြည်သည်။

မျောက်ဖြူကြီး ယခုလို လုပ်ဆောင်သွားပုံကိုတော့ သဘောကျသည်။

သူတို့ လာရောက်အသိပေးအကြောင်းကြားတာ သူ့မထံမှ စကားအပြန်ကိုပင် မစောင့်ဘဲ ထွက်ခွာသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဤကိစ္စနှင့်ပတ်သက်၍ သူမအနေဖြင့် သဘောတူသည် မတူသည်ကို တရားဝင်ပြောရန်ပင်မလိုတော့။

တရားဝင် သဘောတူညီမှုလည်း ပေးစရာမလို။

မသိလိုက်မသိဘာသာ နေလိုက်ရုံသာ ရှိပေတော့သည်။

* * *

ချင်ယုအင်းထံသို့ မျှောက်ဖြိုးကြီး ရောက်ရှိလာသည်။

"တော... ဦးလေးကြီးပါလား၊ ဘာကိစ္စများရှိလို့လဲ"

မျှောက်ဖြိုးကြီးအကြောင်း အစော်လေး ကိုယ်တွေ့ကြုံသိရှိထားသည်မို့ ချင်ယုအင်းသည် စိတ်လှုပ်ရှား အံ့ဩခြင်းမဖြစ်။ တည်ငြိမ်စွာပင် နှုတ်ဆက်စကားဆိုသည်။

"ကိစ္စကတော့ အတော်ကို အရေးကြီးတယ်၊ လူကြည်ချမ်းနဲ့စူးခိုင်ထုံးတို့က သူတို့ရဲ့အကြံအစည်ကြီးကိုလက်တွေ့အကောင်အထည် ဖော်ကြတော့မယ်"

မျှောက်ဖြိုးကြီး၏စကားကိုကြားရတော့မှ ချင်ယုအင်း အံ့ဩထိတ်လန့်ကာ မျက်လုံးအပြူးသားဖြစ်သွားသည်။

ဆိုးဝါးယုတ်မာသော ထိုအကြံအစည်ကြီးကို တားဆီးချေမှုန်းပစ်ရန် ချင်ယုအင်းဆန္ဒရှိသည်။ ဆေးခတ်လုပ်ကြံခံရမည့်လူကို သွားရောက်ပြောပြအသိပေးရန်စိတ်ကူးမိသေးသည်။



သို့ရာတွင် သက်သေအခိုင်အလုံမရှိသည့်အပြင် ဆေးခတ်လုပ်ကြံရန် ကြံစည်ခြင်းခံရသူမှာလည်း ဆက်ဆက်ကြဲဘစ်ယောက်ဖြစ်ပေရာ ယုံကြည်လျှင်တောင်သေးသည်။ မယုံကြည်ဘဲ သူ့ကို စော်ကားမော်ကား ရိုပါးပြောဆိုလာသည်ဟု ဆူဆလျှင် စေတနာက ဝေဒနာဖြစ်လျက် ပြဿနာတွေ တက်ကုန်နိုင်သောကြောင့် အသာဆင်ခြင် ထိန်းသိမ်းနေရသည်။

ထို့ပြင် မြွေဆိုးဂိုဏ်းနှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့ရမှုများ ဖြစ်ပွားပြီး မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်အကြား ဆက်စပ်မှုလျှို့ဝှက်ချက်များနှင့် မြွေနတ်မယ်သိုင်းဖတ်စု၏ လမ်းညွှန်တို့ကို ဖော်ထုတ်နိုင်မည့် လမ်းစများသည်။ ပေါ်လာရာ မြွေနတ်မယ်ဂိုဏ်းတစ်ခုလုံး လှုပ်ရှား အလုပ်များနေရာ လူကြည်ချမ်းတို့၏ အကြံရိုင်းကြီးကို တားဆီးချေမှုန်းနိုင်မည့် နည်းလမ်းများကိုပင် စဉ်းစားဖို့ အချိန်မရတော့ပေ။

လူကြည်ချမ်းတို့က ထို အကြံ"ရိုင်းကြီး ကို တကယ်ပင် အကောင်အထည်ဖော်တော့မည်ဟု သိရသောအခါ ချင်ယုအင်းတစ်ယောက် တကယ်ပင် အံ့ဩတုန်လှုပ်သွားရလေသည်။

"သူတို့ရဲ့အကြံ မအောင်မြင်အောင် ဟန့်တားချေမှုန်းဖို့ မင်းရဲ့အကူအညီ လိုတယ်၊ ဒါကြောင့် မင်းကိုလာခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဖြူကြီးက ဆက်ပြောသည်။

ချင်ယုအင်း အံ့ကျပ်တွေသွားသည်။

လူကြည့်ချမ်းတို့၏ အကြံရိုင်းကြီးကိုလည်း ထားဆီး ချေဖျက်ပစ်ချင်သည်။ ယခုလောလောဆယ်တွင် မြွေနတ် အညာသိုင်းကွက် ၁၂-ကွက်၏ ဆက်စပ်မှုလျှို့ဝှက်ချက်များ ကို ရှာဖွေဖော်ထုတ်နေရာတွင် ချင်ယုအင်းသည် အစိထ နေရာမှ ဝါဝင်နေလေရာ အပြင်သို့ထွက်ခွာရန် ဂိုဏ်းချုပ် က ခွင့်မပြုနိုင်မဟုတ်။

အပြင်ထွက်သွား၍လည်း မဖြစ်ကြောင်း ချင်ယုအင်း သိသည်။

"ဟို...အခု...ကျွန်မ"

မိမိအနေဖြင့် အပြင်သို့ထွက်၍မဖြစ်ကြောင်း ရှင်းပြမည် ပြုသည်။

မျောက်ဖြူကြီးက ချင်ယုအင်း၏စကားကို ဆုံးအောင် နားမထောင်။

"လာ...သွားကြမယ်"

စကားမဆုံးမီ ဖြတ်ပြောသည်။

ချင်ယုအင်းကို လျှင်မြန်စွာ အကြောထိုးပိတ်သည်။

မလှုပ်မရှားနိုင်။ အသံလည်းမပြုနိုင်ဘဲ ပျော့ခွေသွား သော ချင်ယုအင်းကို ကျောပိုးကာ လျှင်မြန်စွာ လှုပ်ရှား ပြေးထွက်သွားသည်။

* * *



"အရေးတော့ ပေါ်လာပြီဟေ့"

စကားသံနှင့်အတူ ကျွန်းယမ်ရှောင်ရှိ အချိန်အခါနှင့် တစ်ယောက် ရောက်လာသည်။ ည်။ အတိအကျ

စကားသံက မျောက်ဖြူကြီး၏ ဇ ည်း မျောက်ဖြူ

သိရာတွင် သူ့အားနားသို့ ပေ့ကို လက်တွေ့သိခဲ့

ချင်ယုအင်းဖြစ်နေရာ ကျွန်းယမ်ငယ်ယုအင်းတို့က ဘာမျှ

လန့်ဖျပ်ကာ ခုန်၍ပင် ထမိလေ

ချင်ယုအင်းမှာ မလှုပ်မယှက်ချမ်းတို့အကြံရိုင်းကို တား

ရှောင်ရှိ စိုးရိမ်ပူပန်သွားရ၊ အစီအစဉ်များကိုလည်း

"မာင်...ယုအင်း ဘယ်ပင်ပေးသည်။

ခြေမကိုင်မိ လက်မကိုင်း အတိအကျ ရထားတဲ့အပြင်

ထိုအချိန်မှာပင် မေ့တွကိုလဲ အကွက်စေ့စေ့ စီစဉ်

သလို သွားခန်ပေါ်လ ကျွန်မတို့နှစ်ယောက်လုပ်တာထက်

"ဘာမှမဖြစ်ဘူးပုပ်လိုက်ရင် မိုပြီး ထိရောက်နိုင်လျက်

မျောက်ဖြူကြီးကျွန်မကို မရမက ခေါ်လာရတာ

"ဦးလေးကြီးက

တာလဲ" ပြောလိုက်မိသေးသည်။

"ဒီလို အနကြပ်ဖို့ မသင့်လျော်တဲ့အကြောင်းတွေ ရှိ လာမှာ မဟုတ်လို့

ထိုသို့ပြောရင်း မချိပြုံး တစ်ချက်ပြုံးပြီး ပြော

ခဲ့ထားရသော အ

"သူ့ကို ဘာ

ကျွန်းယမ်ရှေ

★

www.burmeseclassic.com

www.burmeseclassic.com



မ်းနဲ့ စူးခိုင်ထူးတို့က သူတို့ရဲ့ အကြံရှိင်း
မျှောက်ဖြူကလုပ်ဆောင်ကြတော့မယ်၊ အဲဒါကျွ ကာ
ချင်ယှုအင်ဦး မင်းနဲ့ ချင်ယုအင်းတို့ နှစ်ယောက် ပူး
လုကြည်ချမ်းဘာမှဖြစ်မယ်၊ ဒါကြောင့် သူ့ကို အရ
ချေဖျက်ပစ်ချင်သည

ကညာသိုင်းကွက် ၁ ဘာနေဖြင့် မျှောက်ဖြူကြီးတို့ အပြစ်
ကို ရှာဖွေ ဖော်ထုတ်

နေရာမှ ပါဝင်နေလေရာ မကောင်းပါဘူး၊ ကျွန်မက
က ခွင့်ပြုမည်မဟုတ်၊ ကြီးကို တားဆီးတိုက်ဖျက်ပေး
အပြင်ထွက်သွားရှုလည် မမှာလဲ...''
သိသည်။

''ဟို...အခု...ကျွန်မ'' သာ ချင်ယှုအင်းက ပြော
မိမိအနေဖြင့် အပြင်သို့ထွက်း းမိ မျှောက်ဖြူကြီးက
ပြုသည်။

မျှောက်ဖြူကြီးက ချင်ယုအင်းမ လုပ်များပြီး ပင်းလဲ
နားမထောင်။ တယ် မိန်းကလေး၊
''လာ...သွားကြမယ်'' ခထော့ အပြင်ထွက်
စကားမဆုံးမီ ဖြတ်ပြောသည်။ ဘယ်၊ ဒီအတွက်
ချင်ယုအင်းကို လျင်မြန်စွာ အပြေ စိတ် မတင်စေရပါ
မလှုပ်မရှားနိုင်။ အသံလည်းမပြု ကြံရှိင်းကြီး ကို
သော ချင်ယုအင်းကို ကျောပိုးကာ ရှစိတ် မူလကပင်
ပြေးထွက်သွားသည်။ အပြင်သို့ရောက်
ဆန်မနေတော့။

* *



လုကြည်ချမ်းတို့ ဆေးခတ်လုပ်ကြံကြမည့်အချိန်အခါနှင့်
နေရာတို့ကို မျှောက်ဖြူကြီးက ပြောပြသည်။ အတိအကျ
ပြောနိုင်သည့်အတွက် အံ့ဩမိရသော်လည်း မျှောက်ဖြူ
ကြီး၏ သတင်းစုံစမ်းမှု တော်လွန်းလှပုံကို လက်တွေ့သိခဲ့
ရပြီးပြီမို့ ကျန်းယမ်ရွှေခင်ရှိနှင့် ချင်ယုအင်းတို့က ဘာမျှ
ယုံသယ ဖြစ်မနေတော့။

မျှောက်ဖြူကြီးက လုကြည်ချမ်းတို့အကြံရှိင်းကို တား
ဆီးချေဖျက်နိုင်မည့် နည်းလမ်း အစီအစဉ်များကိုလည်း
သေသေချာချာ ပြောပြသွန်သင်ပေးသည်။

''ဦးလေးကြီးက သတင်းအတိအကျ ရထားတဲ့အပြင်
ဘယ်လိုလုပ်ရမယ်ဆိုတာတွေကိုလဲ အကွက်စေ့စေ့ စီစဉ်
ထားပြီးသားပါလား၊ ကျွန်မတို့နှစ်ယောက်လုပ်တာထက်
ဦးလေးကြီးကိုယ်တိုင်လုပ်လိုက်ရင် ပိုပြီး ထိရောက်နိုင်လျက်
သားနဲ့ ဘာကြောင့် ကျွန်မကို မရမက ခေါ်လာရတာ
လဲ''

ချင်ယှုအင်းက ပြောလိုက်မိသေးသည်။

''ငါကိုယ်တိုင်လှုပ်ဖို့ မသင့်လျော်တဲ့အကြောင်းတွေ ရှိ
လို့ပေါ့ကွာ''

မျှောက်ဖြူကြီးက မချိပြုံး တစ်ချက်ပြုံးပြီး ပြော
သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ညနေစောင်းစအချိန်။

မကိုမ့ ဖင်တောစပ်သို့ မိန်းမပျိုလေးတစ်ယောက် မြင်း ကို အသားကျစီးရင်း ရောက်လာသည်။

မိန်းမပျိုလေးသည် အသက် ၂၀-ကျော်ကျော်အရွယ် ဖြစ်သည်။ ရုပ်ရည်ချောမောသည်။ တည်ကြည်ရင့်ကျ ဟန်လည်းရှိနေရာ နုငယ်သည့် အသက်အရွယ်နှင့် မလိုက် အောင် ကြန့်ကြီးသည်ဟုဆိုနိုင်သည်။

အပြာရောင်ချည်သားဝတ်စုံကို ခပ်ရိုးရိုး ဝတ်ထား၏ သို့သော် သာမန်ကျေးတောသူတစ်ယောက်မဟုတ်သည်က တော့ မြင်ရုံနှင့် သိသာနိုင်သည်။

လှုပ်ရှားဟန်သွက်လက်သည်။ ကြံ့ခိုင်ကြီးလျက် မိမိကိုယ် မိမိ ယုံကြည်သည့်ဟန်အပြည့်ရှိသည်။ လူသူမြတ်လတ်သော



တောစပ်သို့ တစ်ယောက်တည်း မြင်းတစ်စီးဖြင့်ရောက်လာ သည်ကိုလည်း ထိတ်လန့်ဘည့်အသွင်မရှိ။

သာမန် ကြေးကြီးတန်သာများ ဆင်ထားသော်လည်း မိန်းမပျိုလေးစီးလာသည့်မြင်းကြီးကတော့ ဘကယ့် မြင်း ကောင်း မြင်းသန့်ကြီး၊ မြင်းချော မြင်းလှကြီး။

ထိုမိန်းမပျိုမှာ ကြီးကြောဂိုဏ်း၏ အပျိုစင်ဂိုဏ်းချုပ် ပိုးစောယောင်ဖြစ်သည်။

သည်နေ့ နေ့လယ်ပိုင်းတွင် ပိုးစောယောင်ထံသို့ စာ တစ်စောင်ရောက်လာသည်။ စာအိတ်ပေါ်တွင် တိမ်တံခွန် ဂိုဏ်း၏ ချိပ်တံဆိပ်ခတ်နှိပ်ထားသည်။ စာအိတ်ထဲတွင် ပါ လာသည့်စာကတော့ တစ်ကိုယ်တော်သိုင်းသမား လုကြည် ချမ်း၏ လှို့ဝှက်ချိန်းဆိုစာဖြစ်သည်။

တစ်ကိုယ်တော်သိုင်းသမား လုကြည်ချမ်းကို ပိုးစော ယောင်က သိုင်းလောက လူရုပ် တစ်ယောက်အဖြစ်သာ သဘောထားသည်။ အထင်ကြီးစိတ်လည်း မရှိ။ အဆက် အသွယ်လည်း တစ်ကြိမ်တစ်ခါ မျှမလုပ်ဖူး။ သာမန်အတိုင်း သာဆိုလျှင် လုကြည်ချမ်း၏ လှို့ဝှက်ချိန်းဆိုချက်ကို ပိုး စောယောင် အနေဖြင့် ဘာမျှ အရေးတယူ လုပ် ရန် အကြောင်းမရှိ။

လုကြည်ချမ်းထံမှ စာဆိုလျှင် ဖွင့်၍ပင် ကြည့်မိမည် မဟုတ်။ တိမ်တံခွန်ဂိုဏ်း၏ ချိပ်တံဆိပ် ခတ်နှိပ်ထားသော ကြောင့်သာ ဖွင့်ဖောက်ဖတ်ကြည့်မိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချိန်းဆိုစာတွင်ပါရှိသော ငှက်သည်းခြေဂမုန်းနှင့်ပတ်သက်သည့် သတင်းပေးလိုက်၍ ဟူသော စာကြောင်းက ပိုးစောယောင်ကို ဆွဲဆောင်နိုင်ခဲ့သည်။

ကြိုးကြာဂိုဏ်းတွင် အဆင့်မြင့် အစွမ်းထက် သိုင်းကျမ်းတစ်ဆူရှိနေလျက် ဂိုဏ်းချုပ်အစဉ်အဆက် လေ့ကျင့်ခဲ့ကြရာ ကြိုးကြာဂိုဏ်း၏ အတွင်းအားသည် ထိုသိုင်းကျမ်းပါ အဆင့်မြင့် အစွမ်းထက်သိုင်းပညာများနှင့် လျော်ဆက်စပ်မှုအပြည့်မရှိဘဲ အနည်းငယ် လွဲမှားချော်နေရာ သိုင်းကျမ်းဝါ သိုင်းပညာကို အပြည့်အဝ အောင်မြင်အောင် လေ့ကျင့်နိုင်ခြင်းမရှိခဲ့ကြပေ။

ဆယ်ပုံခုနစ်ပုံခန့်သာ လေ့ကျင့်အောင်မြင်ကြလျက် သို့ လေ့ကျင့် အောင်မြင်ခဲ့သမျှနှင့်ပင် ကြိုးကြာဂိုဏ်းချုပ်တို့ သိုင်းလောကတွင် လက်မထောင်နိုင်ခဲ့ကြသည်။

သိုင်းကျမ်းပါ သိုင်းပညာများနှင့် ကြိုးကြာဂိုဏ်း၏ အတွင်းအားတို့ ဆီလျော်စွာ လိုက်လျောညီထွေစေမည့် နည်းလမ်းကို ရှာကြံခဲ့ရာ ငှက်သည်းခြေ အတွင်းအားတိုး ဆေးကို ဖော်စပ်သောက်သုံးလျှင် ဖြစ်မြောက်နိုင်ကြောင်း ပိုးစောယောင်၏ဖခင် ၁၄-ဆက်မြောက် ကြိုးကြာဂိုဏ်းချုပ်ကြီး ပိုးဖိမိန်က တွေ့ရှိခဲ့သည်။

ငှက်သည်းခြေအတွင်းအားဆေးလုံး ဖော်စပ်ရန် အပ်သည့် ဆေးအမည်များကို ရယူစုဆောင်းနိုင်ခဲ့သော်လည်း ဆေးလုံးအဖြစ် အပြီးသတ် ရောနှောဖော်စပ်ရာတွင် ဆေးအမည်အသီးသီးတို့၏ အာနိသင်များ အဆင်ပြေ



အလိုက်ဆင့် ပေါင်းစပ်မိစေအောင် ပြုလုပ်ပေးရသည့် ငှက်သည်းခြေဂမုန်း ရှာမရနိုင်သောကြောင့် အာနိသင်ပြည့်စုံသော ဆေးလုံး မဖော်စပ်နိုင်ဘဲရှိနေခဲ့သည်။

ငှက်သည်းခြေဂမုန်းမှာလည်း ထူးဆန်းလှသလို အရမ်းလည်း ရှားပါးလေရာ ကြိုးကြာဂိုဏ်း ၁၄-ဆက်မြောက် ဂိုဏ်းချုပ်ကြီးပိုးဖိမိန်သေဆုံးသွားသည့်တိုင် ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပေ။

ဖခင်၏အရိုက်အရာကိုဆက်ခံကာ ကြိုးကြာဂိုဏ်း ဆယ့်ငါးဆက်မြောက်ဂိုဏ်းချုပ် ဖြစ်လာသော ပိုးစောယောင်လည်း ဇွဲသန်သန်နှင့်ပင် ငှက်သည်းခြေဂမုန်းကို ကြိုးစားပမ်းစားရှာဖွေနေခဲ့သည်။

ဤသို့ဖြင့် ငှက်သည်းခြေ ဂမုန်းသည် ကြိုးကြာဂိုဏ်းအတွက်ရော ပိုးစောယောင်အတွက်ပါ အလွန်ပင် အရေးပါ အရာရောက်သော ဆေးဖက်ဝင် အပင်တစ်ပင်ဖြစ်နေသည်။

လုကြည်ချမ်းသည် ကောက်ကျစ်ညာဏ်များကာ သူတစ်ပါးမျက်ခုံးမွေးပေါ် စကြံ့ လျှောက်သည့် အလုပ်တွေ လုပ်တတ်ကြောင်းကို ပိုးစောယောင် ကြားသိထားလေသည်။

သို့ရာတွင်ငှက်သည်းခြေဂမုန်းနှင့်ပတ်သက်သည့်သတင်းအစအနကိုတော့ ပိုးစောယောင်အနေဖြင့် ဘယ်လိုမျှလက်လွှတ်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကောက်ရှိ မဖွတ်သေခိုရှိ နားထောင်မည်သာ ဖြစ်သည်။

ချိန်းဆိုထားသည့် မက်မုံပင် တောစပ်ဆိုသည်ကလည်း ကြိုးကြာဂိုဏ်းဌာနချုပ်စခန်းနှင့် ဘာမျှမဝေး။ ဆို့ကြောင့် သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်ကာ ချိန်းဆိုထားသည့် အချိန်အမီ ပိုးစောယောင်ရောက်ရှိလာခဲ့သည်။

ချိန်းဆိုထားမှု၏ နောက်ကွယ်တွင် ရှိနေသောမြုပ်ကွက်များကိုမူ ပိုးစောယောင်မသိပေ။

မြောက်ဘက်နယ်စပ်ဒေသ တစ်လွှားတွင်ကြိုးကြာဂိုဏ်း၏ ဟုန်ဟိုက်ကျော်ကြား အထောက်ပင်ကြီးပေရာ လုကြည်ချမ်းအကြောင်း မိမိအခေါ် အကောက်ကြံဝံ့မည်ဟုသည်း ပိုးစောယောင်ကမထင်ပေ။

* * *

ချိန်းဆိုထားသော နေရာတွင် တစ်ကိုယ်တော် သိုင်းသမားလုကြည်ချမ်းက ပိုးစောယောင်ကို အသင့်စောင့်ကြိုနေသည်။

"အပျိုစင်ဂိုဏ်းချုပ် ရောက်လာပြီကိုး၊ အချိန်မှန်သားပဲ၊ ကြိုဆိုပါတယ်ဗျာ...ကြိုဆိုပါတယ်"

လုကြည်ချမ်းက ဂါရဝပြုနှုတ်ဆက်ပြောဆိုသည်။



ဂါရဝပြုဟန်က လွန်ကဲနေပြီး ပြောပုံဆိုပုံ ကလည်း ရိသဲ့သဲ့သဘောမျိုး ရှိနေသည်ဟု ပိုးစောယောင်၏စိတ်ထဲတွင် ထင်မိသည်။

"ငှက်သည်းခြေဂမုန်းနဲ့ ပတ်သက်ပြီး ဘာသတင်းတွေများ ပေးနိုင်သလဲ"

ပိုးစောယောင်က မျက်နှာထား ခပ်တည်တည်နှင့်မေးလိုက်သည်။

"ငှက်သည်းခြေဂမုန်းရှိတဲ့ နေရာကို ကျွန်တော်ညွှန်ပြပေးနိုင်တယ်"

လုကြည်ချမ်းက တိုးတိုးနှစ်ကိုယ်ကြား ပြောဆိုသည်။

ဤစကားများကို ကြားရသောအခါ ပိုးစောယောင်မှာ မယုံသင်္ကာဖြစ်စိတ် ဖြစ်သည်။ မျက်မှောင်လေးမသိမသာကြုတ်သွားသည်။

"ငှက်သည်းခြေဂမုန်း ဘယ်နေရာမှာရှိနေပါပြီး ဘယ်လိုအသုံးကျတယ်ဆိုတာကိုတော့ မှန်းသိမယ် ထင်တယ်"

"ဟာ...သိတာပေါ့၊ ကျွန်တော်လဲ သိုင်းလောကမှာ ထဲထဲဝင်ဝင် လှုပ်ရှားနေတဲ့ သိုင်းသမားတစ်ယောက်ပဲ"

"အဲဒီလိုသိရင် ဘာဖြစ်လို့ ရှင်ရှာမတွေ့သေးတဲ့ ငှက်သည်းခြေဂမုန်းကို ရှင့်ဘာသာနှုတ်ယူပြီး ကိုယ်တိုင်အသုံးမပြုတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အပျိုစင်ဂိုဏ်းချုပ် ဒီဂမုန်းကိုအလိုရှိတယ်ကြားလို့စောင့်နေတာလေ အရှေ့ကသားပြီး ဖြည့်ဆည်းပေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ..."

ပိုးစောယောင်၏ မျက်နှာထားသည်း တင်းမာလာသည်။

"ကျွန်တော်က နောက်ထိတာပါ၊ စိတ်မဆိုးပါနဲ့၊ ငှက်သည်းခြေဂမုန်းကို သိုင်းသမားတွေလိုချင်ကြတာပဲ၊ ကျွန်တော်လဲ လိုချင်တာပေါ့၊ ဒါပေမယ့် ငှက်သည်းခြေဂမုန်းက အန္တရာယ်ကို ဖိတ်ခေါ်နေတဲ့ ဆေးပင် မဟုတ်လား....

"ကျွန်တော် လက်ထဲ ငှက်သည်းခြေဂမုန်း ရောက်လာရင် လုယူရန်ပြုကြမယ့် သိုင်းသမားတွေ တစ်ယောက်ပြီးတစ်ယောက်ပေါ်လာမှာသေချာတယ်၊ မရှက်တမ်းပြောရရင် ကျွန်တော် မှာ ဒီလိုရန်ပြုလာကြ တာတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့အစွမ်းအစမရှိပါဘူး....

"အမျိုးစင်ဂိုဏ်းချုပ်လို ကိုယ်တိုင်က သိုင်းပညာ စွမ်းထက်မြက်၊ မိတ်ကောင်းဆွေကောင်းတွေရှိပြီး အင်အားကြီးမားတဲ့ သိုင်းဂိုဏ်းတစ်ခုကိုလဲ ဦးဆောင်ရှေ့ရှုလုပ်နေတဲ့ သိုင်းအကျော်အမော်တစ်ယောက်မှသာ ငှက်သည်းခြေဂမုန်းကြောင့် ပေါ်ပေါက်လာမယ့် အန္တရာယ်တွေကို တွန်းလှန်ချေမှုန်းပစ်နိုင်မှာပါ....

"ဒါကြောင့် ငှက်သည်းခြေဂမုန်းရှိနေတဲ့ နေရာကို အမျိုးစင်ဂိုဏ်းချုပ် တစ်ယောက်တည်းကိုသာ အသိပေးဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တာပါ"



"ကောင်းပြီ... အဲဒီလို သတင်းပေးတဲ့ အတွက် ရှင့်ကို ကျွန်မက ဘာတုံ့ပြန်ရမှာလဲ၊ သိပ်တော့ မျှော်လင့်မထားနဲ့နော်"

ငှက်သည်းခြေဂမုန်းကိုအရမ်းပင်လိုချင်နေသော်လည်း လူကြည်ချမ်းရောင့်တက်လာမည် စိုးသောကြောင့် ပိုးစောယောင်က ခပ်တင်းတင်းပင်ပြောသည်။

"အခွင့်အရေးတွေ ဘာတွေ မတောင်းဆိုရဲပါဘူး။ အဲ...ဆုငွေလောက်တော့ မျှော်လင့်ပါတယ်"

"ငှက်သည်းခြေဂမုန်းအစစ်အမှန်သာရရင် ရှင့်ကို ငွေဆယ်သိန်းဆုချမယ်"

"ကျေးဇူးပါပဲ...ကျေးဇူးပါပဲ"

လူကြည်ချမ်းက အလွန် ဝမ်းသာဟန်ဖြင့် (ပိုပိုကဲကဲလေး)လုပ်လိုက်သည်။

"ငှက်သည်းခြေဂမုန်း ဘယ်နေရာမှာရှိတာလဲ"

ပိုးစောယောင်က ခပ်မြတ်မြတ်မေးသည်။

"ကျွန်တော်ကိုယ်တိုင် လမ်းပြပြီး လိုက်ပို့ပေးပါမယ်"

"ခရီးဝေးသလား"

"မဝေးပါဘူး၊ မြင်းကို ခပ်သွက်သွက် စီးသွားရင် တစ်နာရီလောက်အတွင်း ရောက်သွားမှာပါ"

မိမိတို့ ကြိုးကြာဂိုဏ်း လက်လှမ်းမီသည့် အနီးတစ်ဝိုက်တွင်ပင် ရှိနေရာ မိမိတို့ ရှာ၍မရသည်ကို ခံပြင်းသည်။ သို့သော် ငှက်သည်းခြေဂမုန်းအကြောင်း သိရသည်မို့ မိမိကိုယ်မိမိတော့ အပြစ်မတင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ငှက်သည်းခြေဂမုန်း ပေါက်ရောက်သည့် ရာသီဥတု သဘာဝဝန်းကျင်ဟူ၍ သီးသီးခြားခြားမရှိ။ အေးမြသော နှင်းတောထဲတွင် ဖြစ်စေ၊ ပူပြင်းခြောက်သွေ့သော လွင်တီးခေါင်တွင်ဖြစ်စေ၊ မိုးထိတောင်ကြီး၏ထိပ်တွင်ဖြစ်စေ၊ လျှို့မြောင်နက်ထဲတွင် ဖြစ်စေ ဘယ်နေရာမဆို ပေါက်နိုင်သည်။

မှိုပွင့်များလို သီးထွက်ပေါက်လာပြီး သုံးရက်မှငါးရက် အတွင်းသာခံလျက် ညှိုးရော်ခြောက်သွေ့ပြီး သေသွားလေ့ရှိသည်။ မိမိ၏ခြံဝင်းထဲတွင် ပေါက်နေသည့်တိုင် သတိမမူ ဂရုမပြုမိသလို မသိမမြင်လိုက်ဘဲ ညှိုးခြောက်သေသွားမှုပင် ရှိနိုင်သည်။

ဤသို့ထူးဆန်းသော ပေါက်ရောက်မှု သဘာဝကြောင့် ငှက်သည်းခြေဂမုန်းကို ရှာမတွေ့နိုင်အောင် ရှားပါးနေခြင်း ဖြစ်သည်။

သိုင်းလောက၏ လက်စွဲ ဆေးကျမ်းများထဲတွင် ငှက်သည်းခြေ ဂမုန်းအကြောင်းကို ပုံနှင့်တကွ ရေးသားဖော်ပြထားရာ သိုင်းသမား အားလုံးလိုလိုပင် ငှက်သည်းခြေဂမုန်း၏ ပုံသဏ္ဍာန်ကို သိကြသည်။

သို့ရာတွင် ဘယ်နေရာတွင် ဘယ်လိုအချိန်၌ပေါက်သည် ဆိုခြင်းကိုတော့ မည်သည့်သိုင်းသမားမျှ မခန့်မှန်းနိုင်ကြ မသိကြ။

ပေါက်လာသော ငှက်သည်းခြေဂမုန်းကို အကြောင်းတိုက်ဆိုင်စွာ တွေ့မြင်သတိပြုမိသည့်အခါမှပင် နုတ်ယူရရှိ



နိုင်မည့် အခြေအနေရှိနေသည်။ ကံထိုက်မှ ရမည်ဟုပင် ပြောကြလေ့ရှိသည်။

"လမ်းပြပါ"

အချိန်မဆိုင်းစေလိုသည့် စိတ်ဖြင့် ပိုးစောယောင် က ခပ်လောလော ပြောလိုက်သည်။

လုကြည်ချမ်းတို့ ဆင်ထားသည့် ပရိယာယ် ထောင်ချောက်ထဲသို့ ကြိုးကြာဂိုဏ်း၏ အမျိုးစင်ဂိုဏ်းချုပ် တိုးဝင်မိသွားလေပြီ။

* * *

တစ်နာရီခန့်အကြာတွင် အမျိုးစင်ဂိုဏ်းချုပ် ပိုးစောယောင်နှင့် တစ်ကိုယ်တော် သိုင်းသမား လုကြည်ချမ်းတို့ သွေးနက်ချောင်းကျေးသို့ ရောက်လာကြသည်။

"ဟောဟိုမှာပါဲ"

သွေးနက်ချောင်းမှ အလယ်ပိုင်းလောက်ရှိ ကိုင်းတောအစပ်သို့အရောက်တွင် လုကြည်ချမ်းက မြင်းဇက်ကို ဆွဲတုံ့ရပ်ကာ လက်ညှိုးညွှန်ပြပြီး ပြောသည်။

လုကြည်ချမ်းညွှန်ပြရာသို့ ပိုးစောယောင် လှမ်းကြည့်ရာ ကိုင်းတောအစပ်နားရှိ ကိုင်းပင်ပေါက်လေးများအကြားတွင် ဖယ်ပေါက်လို မြေကြီးမှ တိုးထွက်လျက်ရှိသည့် ထူးဆန်းသော အပင်ငယ်လေးတစ်ပင်ကို တွေ့မြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းသဏ္ဍာန်က ပဲပင်ပေါက်နှင့် ဆင်ဆင်တူသော်လည်း အရွယ်အစားက ပဲပင်ပေါက်ထက် ကြီးသည်။

အမြင့်တစ်ထွာသာသာ ခန့်ရှိလျက် ပင်စည်က လက်သန်းလုံး တစ်ဝက် မရှိတရှိသောက် တုတ်သည်။

ပဲပင်ပေါက်လိုပင် ပင်စည့်တွင် ဘာအကိုင်းအခက်မျှ မရှိ။ ပဲပင်ပေါက်လို ပင်လုံးချောမွတ်ကာ ဖြောင့်တင်းလျက် သစ်ခေါက်ကလည်း ပါးသည်။ ပင်စည်ထိပ်တွင် ပဲပင်ပေါက်ကဲ့သို့ အညှောက်နှင့် အတော်တူသော အရွက်ငယ်လေးနှစ်ခု ခွလျက်ရှိနေသည်။

အရွက်ငယ်လေးနှစ်ခုသည် ပဲကြီးအခွံသာသာ အရွယ်အစားရှိကာ စိမ်းဖန့်ဖန့်အရောင်လဲ နေ၏။ ပင်စည်ကတော့ အနက်ကဲသယောင်ရှိသော အစိမ်းရင့်ရောင်။

ပိုးစောယောင် သေသေချာချာ မှတ်မိနေသော ငှက်သည်းခြေ ဂမုန်းပင်၏ အသွင်အပြင် လက္ခဏာ အားလုံး ပြည့်စုံနေသည်။

ကိုင်း ပင် ပေါက် များ နှင့် မြက်ပင်များ အကြားတွင် ပေါက်နေရာ သေသေချာချာ ညွှန်ပြမည့်သူမရှိလျှင် အနားမှ ကပ်ကာ ဖြတ်လျှောက်သွားသည့်တိုင် သိမြင်မိမည်မဟုတ်။ တက်၍ပင် နင်းမိချင် နင်းမိပေလိမ့်မည်။

ပိုးစောယောင် အရမ်းဝမ်းသာသည်။

"ဗျာ....ငှက်သည်းခြေဂမုန်း"

ပါးစပ်မှလည်း အသံထွက်ရေရွတ်မိသည်။



ပိုးစောယောင်၏အသွင်သည် ချစ်သူရည်းစား ရခါစ အပျိုပေါက်မလေးလို ရွှင်မြူးတက်ကြွလာသည်။

"အဲဒါ.... ငှက်သည်းခြေဂမုန်း အစစ်အမှန်ပဲ မဟုတ်လား"

"ဟုတ်တယ်....ဟုတ်တယ်"

လုကြည်ချမ်း၏ အမေးကိုလည်း အမြန်ပင်ပြန်ဖြေလိုက်မိသည်။

"ဒါဆို ဂုဏ်ပြုလိုက်ကြရအောင်"

ပိုးစောယောင်ခေါင်းငဲ့ကာကြည့်လိုက်ရာ လုကြည်ချမ်းသည် မြင်းအောက်သို့ရောက်နေကာ အရက်အိုးငယ်လေးနှစ်ခုကိုင်လျက်သား ရပ်နေသည်ကို တွေ့ရသည်။

ကုန်းတောစပ်ရှိ အပင်ငယ်လေးကို အာရုံရောက်နေသည့်အတွက် လုကြည်ချမ်း ဘယ်အချိန် မြင်းပေါ်မှဆင်းကာ အရက်အိုးငယ်လေးများ ထုတ်ယူ လိုက်သည်ကိုပင် ပိုးစောယောင် မသိလိုက်ပေ။

အရက်အိုးငယ်လေးများသည် တစ်ခွက်စာသာသာခန့်သာ ဆံ့သည့် အိုးပုတ်သာသာ အရွယ်အစား ဖြစ်သည်။

"ဘာကိုဂုဏ်ပြုမှာလဲ"

ပိုးစောယောင်က မေးလိုက်သေးသည်။

"ငှက်သည်းခြေဂမုန်းရသွားတဲ့ အပျိုစင် ဂိုဏ်းချုပ်အတွက်၊ ပြီးတော့ ဆုငွေဆယ်သိန်းရတော့မယ့် ကျွန်တော့်အတွက်ရယ်ပေါ့"

www.burmeseclassic.com

လုကြည့်ချမ်းက ပြောပြောဆိုဆို ညာလက်ရှိအရက်အိုးငယ်လေးကို ကမ်းပေးသည်။

ပိုးစောယောင်လည်း မြင်းပေါ်မှ ခုန်ဆင်းကာ လုကြည့်ချမ်းကမ်းပေးသော အရက်အိုးငယ်လေးကို အလိုက်သင့် လှမ်းယူသည်။

အရက်အိုးငယ်လေးသည် အဖုံးဖွင့်ထားပြီး သောက်ရန်အသင့်ရှိနေသည်။

"ဂုဏ်ပြုပါတယ်"

လုကြည့်ချမ်းက ပြောသည်။

"ကျေးဇူးတင်ပါတယ်၊ ရှင့်ကိုလဲ ဂုဏ်ပြုပါတယ်"

ပိုးစောယောင်က ပြန်ပြောသည်။

ထို့နောက် နှစ်ယောက်သား ပြိုင်တူဝင် အရက်အိုးငယ်လေးများထဲမှ တစ်ခွက်သာသာ အရက်များကို ကျိုက်ခနဲ မော့သောက်ချလိုက်သည်။

မိမိ သောက်ချလိုက်သောအရက်ထဲတွင် သွေးဆားများကို ဆူပွက်ကြွစေနိုင်သောဆေးခတ်ထားသည်ကိုတော့ အပျိုစင်ဂိုဏ်းချုပ် မသိပေ။

လုကြည့်ချမ်း ဆေးခတ်လိုက်သည်ကလည်း တကယ့်ကို ရိုးစင်သည်။

ပိုးစောယောင်သည် ပေါ့ပေါ့ဆဆ လုပ်တတ်သူမဟုတ်။ အစစအရာရာ သတိရှိသည်။

ယခုအခါတွင်မူ သူမ၏မင်းခင် လက်ထက်မှနေ၍ သူမ ဂိုဏ်းချုပ်ဖြစ်လာသည့်အချိန်တိုင်အောင် ကြိုးစားရှာဖွေ



နေခဲ့သော ငှက်သည်းခြေဂမုန်းရရှိပြီဟု အလွန် ဝမ်းသာကာ စိတ်ရွှင်လန်းတက်ကြွနေချိန်မို့ သတိထစ်ချက်လွတ်ကာ ပေါ့ဆစွာ မြူမူမိလိုက်သည့်တွင် လုကြည့်ချမ်း၏ ဆေးခတ်ခြင်းကို တျကျနနခံလိုက်ရခြင်းဖြစ်သည်။

လုကြည့်ချမ်းညွှန်ပြခဲ့သော အပင်ငယ်မှာ ငှက်သည်းခြေဂမုန်းပင်အစစ်မဟုတ်ပေ။ စူးခိုင်ထုးက အစစ်နှင့်မခြားအောင် သေသေချာချာ ဖန်တီး မြုံလုပ်ပေးထားသော အတုသာဖြစ်သည်။

လုကြည့်ချမ်းနှင့် စူးခိုင်ထုးတို့၏ လုပ်ကြံမှု အစီအစဉ်များသည် အထောက်ပင်ပြည့်စုံကာ ပီပြင်စွာ ရှိသည်။ ပိုးစောယောင်က ဆေးခတ်ထားသောဂုဏ်ပြုအရက်ကိုမသောက်ဘဲ ငြင်းဆန်ပြီး အပင်ငယ်ကိုသာ သွားရောက် နုတ်ယူမည်ဆိုလျှင် အပင်ငယ်တို့ နုတ်လိုက်သည်နှင့် ဆေးငွေ့များ ထွက်လာကာ ရှူမိသွားအောင်လည်း ကြိုတင်လုပ်ဆောင်ထားသည်။

ယခု ပထမအစီအစဉ်တွင်ပင် အပျိုစင်ဂိုဏ်းချုပ် ဆေးမိသွားအောင် လုပ်ဆောင်နိုင်ခဲ့လေပြီ။

ဆေးမိနေပြီဖြစ်သော ပိုးစောယောင်ကို အပိုင် သိမ်းပိုက်ဖို့သာ ကျန်တော့သည်။

လုကြည့်ချမ်းက ပိုးစောယောင်အနားသို့ အသာတိုးကပ်သွားသည်။

* * *

www.burmeseclassic.com



ကျန်းယမ်ရှောင်ရိုနှင့် ချင်ယုအင်းတို့သည် လုကြည်ချမ်းနှင့် ပိုးစောယောင်တို့ထက်အချင် အချိန်အနည်းငယ်စောကာ သွေးနက်ချောင်းကွေ့သို့ ရောက်ရှိနေကြသည်။

သူတို့နှစ်ယောက်သည် ငှက်သည်းခြေဂမုန်းအတု ဖြုလုပ်ထားသည့်နေရာကို တိတိကျကျမသိ။ လုကြည်ချမ်းတို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေကြသော မျောက်လောင်းများကတော့ သိကြသော်လည်း သူတို့ဆရာက ကျန်းယမ်ရှောင်ရိုတို့ ရောက်လာလျှင် အသာစောင့်ကာကြည့်နေပြီး လိုအပ်မှသာ ဝင်ရောက်စွက်ဖက်ရန် အမိန့်ပေး မှာကြားထားသည့်အတွက် အသာပင် သည်းအတိုင်းကြည့်နေကြသည်။

သည်တော့ ကျန်းယမ်ရှောင်ရိုနှင့် ချင်ယုအင်းတို့နှစ်ယောက်သည် သွေးနက်ချောင်းကွေ့ တစ်ခုလုံးကို မြင်နိုင်သည့် ကိုင်းတောတစ်နေရာတွင် ပုန်းအောင်းလျက် လုကြည်ချမ်းနှင့် ပိုးစောယောင်တို့ရောက်အလာကို စောင့်နေကြသည်။

မျောက်ဖြူကြီးပြောသည့်အချိန်မှာပင် လုကြည်ချမ်းနှင့် ပိုးစောယောင်တို့ ရောက်ရှိလာကြသည်။

ကျန်းယမ်ရှောင်ရိုနှင့် ချင်ယုအင်းတို့နှစ်ယောက်လည်း ပါဝင်လှုပ်ရှားရမည့် အချိန်တို့စောင့်ရင်း အစစ ပြင်ဆင်ထားကြသည်။

ငှက်သည်းခြေဂမုန်းအတု ဖန်တီးထားရှိရာနေရာကို အတိအကျမသိသေးသောကြောင့် ကျန်းယမ်ရှောင်ရိုနှင့်



ချင်ယုအင်းတို့ ပုန်းအောင်းစောင့်ဆိုင်းနေသည့်နေရာသည် ငှက်သည်းခြေဂမုန်းရှိရာနေရာနှင့် အတန်ငယ်ဝေးသည်။

သို့သော် လုကြည်ချမ်းနှင့် ပိုးစောယောင်တို့၏ လှုပ်ရှားမှုများကိုတော့ ကောင်းကောင်း မြင်နိုင်သည်။ သူတို့နှစ်ယောက် ပြောဆိုနေကြသည့် စကားများကိုလည်း သေသေချာချာပင်ကြားနိုင်သည်။

သည်တော့....

ဖြစ်ပျက်သွားသည်များကို အကုန်အစင်ပင် တွေ့မြင်ကြရသည်။

ကျန်းယမ်ရှောင်ရိုမှာ ရိုးသားကာ ရိုးရိုးသာ တွေးတတ်ပြီး သိုင်းလောကအတွေ့အကြုံလည်း မရှိသလောက်ပင် နည်းပါးလှသောကြောင့် လုကြည်ချမ်းနှင့် ပိုးစောယောင်တို့နှစ်ယောက် ဂုဏ်ပြုအရက်အတူသောက်ကြသည်ကို တွေ့သည့်တိုင် ဆေးခတ် လုပ်ကြံမှု ရှိနေကြောင်းကို ရိပ်မိ။ ပွား

ချင်ယုအင်းကတော့ အခြေအနေ မဟန်တော့ကြောင် ကဲခတ်မိသည်။ ဘုံ လွတ်

သို့ရာတွင် အတော်အလှမ်းဝေးနေသည့် အပြင်ရောက် စွက်ဖက်လှုပ်ရှားရမည်လား၊ ဆက်လက် ကြည့်ရမည်လား ဝေခွဲမရနိုင်ဘဲ တွေဝေနေသောသော ပိုး စောယောင်ကို ဆေးခတ်ထားသော ဂုဏ်ပြုအရက်ကို မလှုပ် သောက်ရန် အချိန်မီတားမြစ်ခြင်း မပြုနိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆေးခတ်ထားသော ဂုဏ်ပြုအရက်ကို ပိုးစောယော
အကုန်အစင် သောက်ချပြီးသောအခါမှပင် ဝင်ရောက်စွ
ဖတ်တားဆီးရန် စိတ်ပိုင်းဖြတ်ကာ ပုန်းအောင်းနေရာ
မှ ထွက်လာခဲ့သည်။

* * *

ဆေးခတ် ထားသော အရက်ကို ပိုးစောယောင်
ဂုဏ်ပြုအရက်အဖြစ်မှတ်ယူကာ အကုန်အစင် သောက်
လိုက်ပြီးသောအခါ မိမိတို့အကြံအစည်ကြီးအောင်မြင်
ပြီဟု လုကြည်ချမ်းကထွက်လိုက်သည်။

ပွဲသိမ်းအပိုင်ကွက်ပြုလုပ်နိုင်ရန် ပိုးစောယောင်အနီး
တိုးကပ်သွားသည်။

ဆေးမိနေလေပြီဖြစ်သောကြိုးကြာဂိုဏ်းအပျိုစင်ဂိုဏ်း
ချုပ်ပိုးစောယောင်မှာလည်း လုကြည်ချမ်း၏လက်ခုပ်
ပိုးစော၏အာဝ ရောက်နေပြီး လုကြည်ချမ်းပြုသမျှ နုရ
ကျန်။

ပါဝင်လှုပ်ရှားကြည်ချမ်းက အပိုင်သိမ်းပိုက်တော့မည့်အချိန်မှ
ထားကြသည်လိုမှ ထင်မထားသော အနှောင့်အယှက်ပေါ
ပေါ်လာ

အတိအကျမှာ...ရပ်လိုက်...မလုပ်နဲ့

ဟစ်ဟန့်တားသံကို အရင်ကြားရသည်။



ထိုနောက် ကိုင်းတောထဲမှ မိန်းကလေး တစ်ယောက်
ပြေးထွက်လာသည်ကိုတွေ့ရသည်။

ယင်းမိန်းမပျိုကို လုကြည်ချမ်းမသိ။ သူသိသည်ကတော့
မြွေနတ်မယ်ဂိုဏ်း၏ သိုင်းဝတ်စုံဖြစ်သည်။

လုကြည်ချမ်းကပြေးဝင်လာသော ဂိုဏ်းဝင် မိန်းမပျို
ကို ဆီးကြိုတိုက်ခိုက်ဖို့ကြံသေးသည်။

သို့သော် ယခုလက်ရှိအခြေအနေတွင် ဆေးမိနေသော
ကြိုးကြာဂိုဏ်း၏ အပျိုစင်ဂိုဏ်းချုပ် ပိုးစောယောင်ကို
အပိုင်သိမ်းပိုက်ဖို့အရေးကြီးကြောင်း စဉ်းစားမိသည်တွင်
ပြေးဝင်လာသော မြွေစိမ်းမိန်းမပျိုကိုတိုက်ခိုက်ဖို့ စိတ်ကူး
များကို စွန့်လွှတ်ပစ်လိုက်သည်။

ပိုးစောယောင်ကိုပွေ့ချီကာ မြင်းပေါ် ခုန်တက်သည်။
မြင်းကိုအပြင်းစိုင်းနှင်ထွက်သည်။

ဆေးမိနေသော ကြိုးကြာဂိုဏ်း အပျိုစင် ဂိုဏ်းချုပ်ညို့
သည် လုကြည်ချမ်းပွေ့ချီခေါ်ဆောင်ရာနောက်သို့ အသ
တကြည်ပင်လိုက်သည်။ ။သွား

ကျွန်းယမ်ရှောင်ရိနှင့်ချင်ယုအင်းတို့နှစ်ယောက်
ပွဲတွင် အကျဉ်းအကျပ်ကြုံလျှင် ဝင်ရောက် ကူညီဆို လွတ်
အမိန့်ရှိထားသော မျောက်လော့င်းများမှာလည်း
ချမ်းက ချင်ယုအင်းနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်းမ
စီးကာ ရှောင်တိမ်းထွက်သွားသည်တွင် ဘာလုပ်ရသော ကြိုး
မသိတော့အောင်ဖြစ်ကုန်ကြသည်။ ပတ်ကာ မလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ယုအင်း ရုတ်တရက်ပြေးထွက်သွားသည်တွင် ကျန်းယမ်ရှောင်ရိမှာ သည်အတိုင်းရပ်၍ကျန်နေခဲ့သည်။

အခြေအနေတွေ ပြောင်းလဲ ရှုပ်ထွေးကုန်ပြီမို့ ပုန်းအောင်းနေရာမှထွက်ကာ အတင်းဝင်တိုက်မှဖြစ်တော့မည်ဟု အတွေးပေါက်လျက် ပြေးထွက်ရန် ဟန်ပြင် လိုက်ချိန်တွင် လုကြည်ချမ်းသည် ပိုးစောယောင်ကို မြင်းပေါ်တင်ကာ အပြင်းစိုင်းနှင်ထွက်သာလေပြီ။

လုကြည်ချမ်းသည် စီးမြင်းကို ကျန်းယမ်ရှောင်ရိ ပုန်းအောင်းနေသည့် နေရာဘက်သို့ ဦးတည်ကာ ဒုန်းစိုင်းစီးလာသည်။

အရေးပေါ် အခြေအနေတွင် ကမန်းကတန်း လုပ်ရသည့်အတွက် ဦးတည်ရာ မည်မည်ရရမရှိ။

အဆင်ပြေသလို စိုင်းနှင်လာခြင်းဖြစ်သည်။

ဤတွင် ပြေးထွက် လာသော ကျန်းယမ်ရှောင်ရိနှင့် မြင်းကိုဒုန်းစိုင်းစီးလာသော လုကြည်ချမ်းတို့ ဆုံမိကြမလို ဖြစ်သည်။ ကျန်းယမ်ရှောင်ရိ၏ ရှေ့မှကပ်၍ဖြတ်ကာ လုကြည်ချမ်းက မြင်းကိုစိုင်းနှင်သွားသည်။

ပိုးစောယောင်သည်လူကိုအလွတ်ပေးလိုက်၍ မဖြစ်ဟူသောအသိဖြင့်

ကျန်းယမ်ရှောင်ရိသည် အလွန် မြန်ဆန်စွာ ပါဝင်လှုပ်ကာ လုကြည်ချမ်းကို ကြိုးကွင်းနှင့်ဆတ်ခနဲလှမ်းထားလိုက်သည်။

ငှက်သားယမ်ရှောင်ရိဆိုသည်မှာ အလွန်ကျွမ်းကျင် သွက်လက် အတိအကျမှန်သော မျောက်ဖမ်းသမားတစ်ယောက်၊ သစ်ပင်မြင့်ကြီးများထက်တွင်ပင် တစ်ပင်ကိုတစ်ပင် သွက်လက်မြန်ဆန်စွာကူးလာသောမျောက်များကို မလွတ်တမ်း ကြိုးကွင်းစွပ်အမိဖမ်းနိုင်သည်။



သူ၏ ကြိုးကွင်းပစ်မှုသည် ညက်သည်။ ပညာလည်းပြည့်သည်။

မျက်စိ ရှင်လှသလို လှုပ်ရှားမှုလည်း မြန်လှသော မျောက်တွေကိုပင် မလွတ်တမ်း ပစ်ဖမ်းနိုင်ခဲ့သော ကျန်းယမ်ရှောင်ရိ၏ ကြိုးကွင်းက အပြင်းစိုင်းနှင် သွားသော မြင်းကျောပေါ်ရှိ လုကြည်ချမ်းကို မိမိရရပင် စွပ်မိသွားသည်။

ကျန်းယမ်ရှောင်ရိသည်ကျင်လည်စွာပင်စွပ်မိသွားသော ကြိုးကွင်းကိုတုံ့ပြန်ဆွဲသည်။

မြင်းကုန်းနှီးပေါ်မှ လုကြည်ချမ်း ကြိုးစွပ်လျက်သားဖြင့် အောက်ပြုတ်ကျသည်။ သူ ပွေ့ဖက် ခေါ်လာသည့် ပိုးစောယောင်လည်းအတူပါသည်။

စီးသူမဲ့သည့်မြင်းကတော့ ကဆုန်ပေါက်ဆက်ပြေးသွားပြီး အတော်ဝေးဝေးတွင်ရပ်သည်။

"ဟုတ်ပြီ ရှောင်ရိ... ကောင်းတယ်၊ ဟိုလူကို လွတ်ထွက် မသွားစေနဲ့၊ ပိုင်အောင် ဖမ်းထား"

ချင်ယုအင်းက လှမ်းအော်ပြောသည်။

ကျန်းယမ်ရှောင်ရိလည်း စွပ်မိထားလေသော ကြိုးကွင်း၏ ကြိုးစနှင့်ပင် လုကြည်ချမ်းကို ရစ်ပတ်ကာ မလှုပ်နိုင်အောင် တုပ်နှောင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဖမ်းသည့် ထုပ်နှောင်နည်းအတိုင်း တုပ်နှောင်ထိုက်ခြင်းဖြစ်ရာ လုပ်ဆောင်မှုကလည်း အလွန်ပင် လျင်မြန် သွက်လက်သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသော အချိန်ပိုင်းလေး အတွင်းမှာပင် သေသပ်ပိရိစွာ တုပ်နှောင်ပြီး ဖြစ်သည်။

ထို့နောက် ဘေးနားတွင် လဲကျနေသော ပိုးစောယောင်ကို အသာဆွဲပွေ့ထူသည်။

"အိုး...ခစ်...ခစ်...ခစ်"

ဆေးမိသွားသည့် အာနိသင်ကလည်း အစွမ်းပြလာရာ ပိုးစောယောင်သည် အသံလွင်လွင်ကလေးနှင့် ရယ်မောကာ ကျွန်းယမ်ရှောင်ရှိ၏ ရင်ခွင်ထဲ အတင်းတိုးဝင်သည်။ ကျွန်းယမ်ရှောင်ရှိကို တင်းကျပ်စွာ သိုင်းဖက်သည်။

ကျွန်းယမ်ရှောင်ရှိ အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သည်။

* * *

အမျိုးစင်ဂိုဏ်းချုပ် ပိုးစောယောင်၏ ကလက်တက်တက် အမူအရာနှင့် ရဲတင်းလွန်းလှသော အပြုအမူကို လှမ်းမြင်ရသော ချင်ယုအင်းလည်း အံ့ဩတုန်လှုပ်သွားသည်။

လူကြည်ချမ်းတို့ ခတ်လိုက်သော ဆေး၏အစွမ်း ပြနေပြီ ဖြစ်ကြောင်းလည်း ချက်ချင်းသဘောပေါက်သည်။ အလွန်



အကျဉ်းတွေ ဖြစ်စေကာမူ အချိန်မီ ထိန်းထိန်းသိမ်းသိမ်း လုပ်မှုဖြစ်ဘောမည်ဟုလည်း နားလည်သည်။

"သူ့ကို အကြောပိတ်လိုက်...မြန်မြန်"

ချင်ယုအင်းက ကျွန်းယမ်ရှောင်ရှိကို လှမ်းအော်ပြောလိုက်သည်။

ချင်ယုအင်းပြောသည်မှာ တကယ်တော့ နည်းလမ်းကျနသည်။ ယခုလို အခြေအနေမျိုးတွင် ပိုးစောယောင်ကို မလှုပ်ရှားနိုင်အောင် အကြောပိတ်ပစ်ခြင်းသည် အကောင်းဆုံး ဖြစ်သည်။

မလှုပ်မရှားနိုင်အောင် ငြိမ်သွားတော့မှ ဆေးသင့်နေမှ မပျောက် ပျောက်မြိုင်အောင် ဖြေဆေးတိုက် ကုသပေး၍ အဆင်ပြေမည်။

မျောက်ဖြူကြီး၏ အကြံပေးစီစဉ်မှုဖြင့် ဖြေဆေးလည်း ချင်ယုအင်းထံတွင် အရန်သင့်ရှိနေသည်။

ကျွန်းယမ်ရှောင်ရှိ အကြောပိတ်ပညာ မတတ်တော့တစ်ပါ ပေါ်ပေါက်လာတော့ ဖြစ်သွားသည်။

ကျွန်းယမ်ရှောင်ရှိသည် မျောက် ဖြူ ကြီး သင်ပြပေးထားသည့် သိုင်းကွက်သုံးကွက်သာ တတ်မြောက်သည်။

သိုင်းပညာကို စနစ်တကျ အဆင့်ဆင့် သင်ယူမှုလည်း မလုပ်ဖူးပေ။

မျောက်ဖြူကြီး သင်ပေးထားသော သိုင်းကွက်သုံးကွက်မှာ အတော်လေးအဆင့်မြင့်လျက် ရင်ဆိုင်တိုက်ခိုက်မှုများ တွင်လည်း ထက်ထက်မြက်မြက် ရှိသော်လည်း ချင်ယုအင်းက

www.burmeseclassic.com

အခြေခံသိုင်းပညာ တစ်ခုဖြစ်သော သွေးကြော လည်ပတ်မှုကိုလည်း ကျန်းယမ်ရှောင်ရိ တာမြောက်ပြီး ဖြစ်ထိမ့်မည်ဟု ထင်သည်မှာ အဖြစ်မဆိုသာပေ။

သွေးကြောဆိုးစိတ်ရမည့်လှုဏာလည်း သူ့ရင်ခွင်ထဲတွင် ဖက်ဖက်မွှေ့မွှေ့ရှိနေရာ ဘာမျှအခက်အခဲမရှိ။ အလွယ်လေးပင် ပျော့ခွေကြော ထိုးပိတ်ပစ်နိုင်သည့် အခြေအနေရှိနေပေသည်။

မျောက်ဖြူကြီး၏ စီစဉ်မှုကြားမှုများကို ချင်ယုအင်းနှင့် အတူ နားထောင် လုပ်ဆောင်ခဲ့သည့် အတွက် အကယ်၍ ပိုးစောယောင် ဆေးမိသွားလျှင် ဖြေဆေးတိုက်ကာ အမြန်ကုသပေးရမည်ကို ကျန်းယမ်းရှောင်ရိ သိနေပါသည်။

ဆေးမိနေမှု ပျက်ပြယ်သွားအောင် ဖြေဆေးတိုက် ကုသပေးနိုင်ရန် ပိုးစောယောင်ကို မလှုပ်မရှား ငြိမ်ငြိမ်ဝပ်ဝပ် ရှိနေအောင် လုပ်ပေးထားဖို့ လိုအပ်ကြောင်းလည်း နားလည်သည်။

သို့သော် အကြော မပိတ်တတ်သောကြောင့် သူလုပ်တတ်သလိုသာ လုပ်လေတော့သည်။ သူ လုပ်ပုံကတော့ ရိုးရိုးစင်းစင်းလေး။

ပိုးစောယောင်ကို မလှုပ်နိုင်အောင် တင်းတင်း ကျပ်ကျပ် ဖက်ပွေ့ ချုပ်ပေးထားလိုက်ခြင်း ဖြစ်သည်။

''ဖြေဆေး... မြန်မြန်လာတိုက်''

ချင်ယုအင်းကိုလည်း အလောတကြီး အော်ပြောသည်။



တင်းကျပ်စွာဖွေ့ဖက်လိုက်မှုသည်ဆေးမိထားမှုကြောင့် ဆူပွက်နေသော ပိုးစောယောင်၏ သွေးသားတို့ကို ဗိုရှ်ဆူပွက်အောင် လုပ်ပေးလိုက်သလို ဖြစ်သည်။

ပိုးစောယောင် ပိုသောင်းကျန်းလာ၏။

ကျန်းယမ်ရှောင်ရိကလည်း ပို၍ တင်းကျပ်စွာ ဖက်ပြီး ချုပ်ပေးသည်။ ပိုဖက်လေ ပိုးစောယောင်က ပိုသောင်းကျန်းလေလေ။

ကျန်းယမ်ရှောင်ရိက ပိုးစောယောင်ကို အကြော မပိတ်ဘဲ တင်းတင်းကျစ်ကျစ် ဖက်ပွေ့နေသည့် အတွက် ချင်ယုအင်းမှာလည်း ဘာလုပ်ရမည် မသိတော့။

ကြောင်အမ်းအမ်း ဖြစ်နေသည်။

တို့ ဆိုင်းနေသည်။

ကျန်းယမ်ရှောင်ရိက ဖြေဆေး အမြန် လာ တိုက် ရန် အလောတကြီး အော်ပြောသက ချင်ယုအင်းကို တပ်လှန့်လိုက်သလို ဖြစ်သည်။

ဟုတ်သည်။ ဖြေဆေးအမြန်တိုက်ရမည်။

ကျန်းယမ်ရှောင်ရိနှင့် ပိုးစောယောင်တို့ နှစ်ယောက် ပွေ့ပွေ့ဖက်ဖက် ရှိနေရာသို့ ချင်ယုအင်း ခုန်လွှားသွားသည်။ ဖြေဆေးဖြစ်သော ရွှေနဂါးမျက်လုံး သစ်ခွပွင့်ကလည်း ဘယ်လက်ထဲတွင် အဆင်သင့်။

ညာလက်ဖြင့်ပိုးစောယောင်၏ပါးစပ်ပွင့်ဟလာအောင် လုပ်ကာ ရွှေနဂါးမျက်လုံး သစ်ခွပွင့်ကို ဟသွားသော ပါးစပ်ထဲ ထည့်သွင်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယမ်ရှောင်ရိုက ဖိုးစောယောင်ကို တင်းကျပ်စွာ ပွေ့ဖက်ချုပ်ပေးထားရှာ ချင်ယုအင်းအနေဖြင့် အခက်အခဲမတွေ့ရဘဲ ရွှေနဂါးမျက်လုံး သစ်ခွပွင့်ကို ဖိုးစောယောင်၏ ပါးစပ်ထဲသို့အောင် ထည့်သွင်းကိုက်ကျွေးနိုင်ခဲ့သည်။

"ဝါးစားလိုက်"

ချင်ယုအင်းက ပြောဆိုတိုက်တွန်းသည်။

ဖိုးစောယောင်က ဝါးမစားသည့်အပြင် ပါးစပ်ထဲရောက်နေသော ရွှေနဂါးမျက်လုံးသစ်ခွပွင့်ကို ထွေးထုတ်မည်ပင် ပြုသည်။

"သူ့ကို ဝါးစားဖို့ ပြောလိုက်လေ"

ဆေးမိနေသော ဖိုးစောယောင်အနေဖြင့် မိမိ၏စကားထက် ကျွန်းယမ်ရှောင်ရိုပြောသည်ကို နားထောင်မည်ဖြစ်ကြောင်း တွေးမိသောကြောင့် ချင်ယုအင်းက ကျွန်းယမ်ရှောင်ရိုကို ကမန်းကတန်း ပြောလိုက်သည်။

"ဝါးစားလိုက်လေ...ဝါးစားလိုက်"

ကျွန်းယမ်ရှောင်ရိုက ပြောလိုက်သည်။

သည်တော့မှ ဖိုးစောယောင်လည်း ရွှေနဂါးမျက်လုံးသစ်ခွပွင့်ကို ဝါးစားလေတော့သည်။

ဖြေဆေးကို ဝါးစားချလိုက်ပြီ ဖြစ်သော်လည်း ဆေးမိနေမှု ပျောက်ပြယ်ခြင်းရှိမရှိ သေသေချာချာ မသိနိုင်သေးသောကြောင့် လိုရမည်ရသဘောမျိုးဖြင့် ကျွန်းယမ်ရှောင်ရိုက ဖိုးစောယောင်ကို ဆက်လက်၍ ဖက်မြဲဖက်ထားသည်။

* * *



ရွှေနဂါးမျက်လုံး သစ်ခွသည် တကယ်ပင် အဆိပ်ပြေးစေကို နိုင်နင်းသည်။ စူးခိုင်ထုံးစိမ့်ဖော်စပ်သော ဆေးသားဆူးစေတက်ကြွစေသော အဆိပ်ဆေးကိုလည်း ကောင်းကောင်းနိုင်နင်းကာ ကောင်းကောင်း ချေဖျက်နိုင်စွမ်းရှိသည်။

ဖိုးစောယောင်ကိုယ်တိုင်လည်း အတွင်းအားအခြေခံကောင်းမွန်နက်ရှိုင်းပြီး အဆိပ်ခြေဖျက်နိုင်အား အစောင်လေးရှိနေသည်။ ထို့ပြင် သူမ ဆေးမိသည့် အချိန်ကာလ ပြီးသိပ်မကြာလှသေး။

ဤသည်တို့ကြောင့် ရွှေနဂါးမျက်လုံးသစ်ခွပွင့်ကို ဝါးစားချလိုက်ပြီးသည်နှင့် ချက်ချင်းဆိုသလိုပင် ဆေးမိနေမှုပျောက်ပြယ်သည်။

ဖိုးစောယောင်၏ ပင်ကိုစိတ် ပြန်ဝင်လာသည်။ အာရုံတော့ သိပ်မကြည်လင်သေး၊ ဝိုးတိုးဝါးတားရှိနေသည်။

ပင်ကိုစိတ်ပြန်ဝင်လာသည်နှင့် ဖိုးစောယောင် အာရုံခံသိလိုက်သည်မှာ မိမိသည် ယောကျ်ားပျိုတစ်ယောက်၏ ရင်ခွင်ထဲရောက်နေလျက် တင်းတင်းကျပ်ကျပ်အဖက်ခံထားရခြင်းဖြစ်သည်။

အပျိုရိုင်းစိတ်ဖြင့် ရှက်ခြည်းရုန်းထွက်သည်။

အခြေအနေဘယ်လိုရှိမှန်း သေသေချာချာ မသိသေးသော ကျွန်းယမ်ရှောင်ရိုကလည်း အလွတ်မပေးရ။ တင်းကျပ်စွာ ဆက်ဖက်ထားသည်။

"အို...လွှတ်"

www.burmeseclassic.com

www.burmeseclassic.com



ပိုးစောယောင်ကာ ပါးစပ်မှပြောရင်း အဘင်းရုန်းထွက်သည်။

မိန်းမပျိုတစ်ယောက်၏ မလိုလားရှက်ရွံ့စွာ ပြောသံနှင့် ရုန်းကန်ထွက်မှုကို အလိုလို ခံစားနားလည်လိုက်သော ကျွန်းယမ်ရှောင်ရီလည်း ဖက်ထားသော လက်များကို ကပျာကယာဖယ်ရှားပြီး နောက်ဆုတ်သွားသည်။

ထိုသို့ အဖက်အဖွေ့မှ လွတ်ထွက်အသွားတွင် ပိုးစောယောင်သည် မိမိ၏အဝတ်အစားများ မလုံ့မလဲနှင့် ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့သိသွားခဲ့ပြန်သည်။

"ဟင်...ရှင် ရှင်"

ပိုးစောယောင် အရမ်းရှက်သည်။ ရှက်သည်နှင့်အတူ ဒေါသလည်းအကြီးအကျယ်ထွက်သည်၊ အကျိုးအကြောင်း မေးမြန်းစုံစမ်းခြင်းမလုပ်နိုင်။

ပါးစပ်မှ အထစ်ထစ်အငေါ့ငေါ့ ရေရွတ်သံ တစ်ချက်နှစ်ချက်ထွက်သည်။

ထို့နောက် ရှက်ဒေါသစိတ်ဖြင့် ပိုးစောယောင်က ကျွန်းယမ်ရှောင်ရီ၏ပါးကို ညာလက်ဖြင့် ရိုက်ချလိုက်သည်။

"ဖြန်း"

ကျွန်းယမ်ရှောင်ရီမှာလည်း အတော်ကြီးကို စိတ်လှုပ်ရှားလျက် သည်လိုမျိုး လက်မြန်ခြေမြန်နှင့် ပါးနားရိုက်လာမည်ဟုလည်း ထင်မထားသောကြောင့် ဘယ်လိုမျှ မရှောင်တိမ်းနိုင်။



ဘယ်ဘက်ပါးကို ကျကျနနအရိုက်ခံရသည်။

ကျွန်းယမ်ရှောင်ရီမှာ တစ်ပတ် ပြည်ထွက်သွားသည်။

ပိုးစောယောင်က မိန်းမပျိုတစ်ယောက်၏ ရှက်ဒေါသ ပေါက်ကွဲမှုကြောင့် ရုတ်တရက် ပါးရိုက်ချလိုက်ခြင်းဖြစ်၍ သိုင်းဟန်မပါ။ အတွင်းအားလည်း မပါ။

ကျကျနန အရိုက်ခံရသော်လည်း ကျွန်းယမ်ရှောင်ရီမှာ သာမန် နာကျင်မှုကိုသာ ခံစားရသည်။ သိုင်းဟန်ပါ၍ အတွင်းအား ထည့်ထားသော လက်ဝါး ရိုက်ချက်မျိုးသို့ သွေးကြောများကို ထိခိုက်သွားမှု မရှိ။

သို့သော် ရိုက်ချက်အားပြင်းမှုကြောင့် ဘယ်ဘက်ပါးတွင် လက်ချောင်းရာများ အထင်းသား ဖြစ်သည်။ ချက်ချင်း လိုလိုပင် ဘယ်ဘက်ပါး ဖူးရောင်သည်။ ခေါင်းသည်လည်း ပြာခနဲ မိုက်ခနဲဖြစ်သည်။

လဲကျမသွားသော်လည်း ဒယီးဒယိုင်တော့ဖြစ်သည်။

ထိုအချိန်မှာပင် လူကြည်ချမ်း တစ်စခန်းထသော၏။

"သူတို့က ငှက်သည်းခြေဂမုန်းကိုအပိုင်စီးပြီး အပျိုစင် ဂိုဏ်းချုပ်ကိုလဲ အရသိမ်းမိုက်ဖို့ ကြံကြတာ၊ လူဆိုးလူယုတ်မာတွေ...."

ပိုးစောယောင်၏ ပျောက်ကွက်ကို ကိုင်ကာ လုပ်ကြံ၍ လီဆယ်ပြောချလိုက်သော လူကြည်ချမ်း၏ စကားများသည် တကယ်ကို ထိရောက်သည်။

သူမ၏ မျက်လုံးများ မီးဝင်းဝင်းတောက်သည်။ မျက်နှာထားလည်း တင်းမာခက်ထန်သည်။

www.burmeseclassic.com

www.burmeseclassic.com



''မ....မ....ဟွတ်''

ကျွန်းယမ်ရှောင်ရိကာ ရှင်းပြရန် ကြိုးစားသေးသည်။

လတ်တလော ပါးရိုက်ခံထားရသည့် အပြင် စိတ်ကလည်း အရှိမ်း လှုပ်ရှားကာ အားရုံ ထွေပြားနေသည်မို့ စကားကိုပင် ချောချောမောမော မပြောနိုင်။ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။

လုကြည်ချမ်း၏ လုပ်ကြံကုန်းချောစကားကို အဟုတ်မှတ်ကာ ယုံကြည်သွားသော ပိုးစောယောင်ကတော့ ထိမိသော လှုပ်ရှားမှုများကို ဆက်တိုက်လုပ်လိုက်လေပြီ။

ဂိုဏ်းချုပ် တစ်ယောက် ဖြစ်သောကြောင့် လှုပ်ရှားလုပ်ဆောင်မှုများသည် အကွက်ကျ ပိုင်နိုင်သည်။

ကျွန်းယမ်ရှောင်ရိအား ညာလက်ဝါးဖြင့် ခပ်ကြမ်းကြမ်း ရိုက်သည်။ ဘယ်လက်ဖြင့် ခါးပတ်တစ်ချောင်းကို လုကြည်ချမ်း ရှိရာသို့ ပစ်လွှတ်သည်။ ထို့နောက် ညာလက်ဖြင့် မီးကျည်တစ်ခု ဖမြန်ဆွဲထုတ်ကာ ပစ်ဖောက်လိုက်သည်။

''ဖုန်း''

လက်ဝါးရိုက်ချက်က ကျွန်းယမ်းရှောင်ရိ၏ ရင်ဘတ်ကို ကျကျနနထိမိသည်။

''အင့်''

သိုင်းကွက်နင်းကာ အတွင်းအားအပြည့် ထည့်ကာ ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်မို့ ထိချက်ကပြင်း၏



ကျွန်းယမ်ရှောင်ရိမှာ တစ်ချက်သာ ညည်းတွားနိုင်လျက် လွင့်စဉ်ထွက်သွားသည်။

ပစ်လွှတ်လိုက်သော ခါးပတ်က လုကြည်ချမ်းတို့စုပ်နှောင်ထားသော ကြိုးများကို ဖြတ်တောက်ပစ်လိုက်သည်။ လုကြည်ချမ်း အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီ။

''ရှူး....ဒိုင်း''

အချက်ပေး မီးကျည်ကထည်း မိုးကောင်ကင်ထက်သို့ ထိုးတက် ပေါက်ကွဲသည်။

★

www.burmeseclassic.com

## အခန်း (၆)

ဘိုးတော်ယောင်သည် အသက်ငယ်ရွယ်သေးသော်လည်း ကြိုးကြာဂိုဏ်းလို အင်အားရှိသော ဂိုဏ်းတစ်ခုကို ဂိုဏ်းချုပ်အဖြစ် ဦးစီးရွေ့ဆောင်နေရာ လုပ်ရည်ကိုင်ရည်ပြည့်ဝသည်။ အမြော်အမြင်ရှိသည်။

လုကြည်ချမ်း၏ ချိန်းဆိုချက်အရ မက်မုံပင်တောအုပ်သို့ တစ်ယောက်တည်းထွက်လာခဲ့သော်လည်း အရေးပေါ်ကြုံတွေ့ရလျှင် မိမိကိုအကူအညီပေးနိုင်မည့် အစီအမံများ စနစ်တကျ ကြိုတင်ပြင်ဆင်ထားခဲ့သည်။

ကြိုးကြာဂိုဏ်း ကင်းလှည့်အဖွဲ့သုံးဖွဲ့ကို မက်မုံတောအုပ်နှင့် အနီးဝန်းကျင်တစ်ဝိုက်တွင် ဖြန့်ကြက်ချထားခဲ့သည်။ ထိုကင်းလှည့်အဖွဲ့များကို မည်သို့သောအခြေအနေများ ဖြစ်ပေါ်လာသည်ဖြစ်စေ၊ မိမိထံမှ အချက်ပေးမီး



ကျည် မပစ်လွှတ်သမျှ ဘာမျှဝင်လုပ်ရှားခြင်း မရှိဘဲ ပုန်းလျှိုးကွယ်လျှိုးနေကြရန် သေသေချာချာညွှန်ကြားချက်ပေးထားခဲ့သည်။

ကံအားလျော်စွာပင် ကင်းလှည့်အဖွဲ့တစ်ဖွဲ့သည် သွေးနက်ချောင်းကျေးအနီးတွင် ရှိနေခဲ့သည်။

ထိုကင်းလှည့်အဖွဲ့က လုကြည်ချမ်းနှင့် ဘိုးတော်ယောင်တို့ နှစ်ယောက် သွေးနက်ချောင်းကျေးသို့ မြင်းကိုယ်စီဖြင့် သွားကြသည်ကို တွေ့ကြမြင်ကြသည်။ သို့သော် ဂိုဏ်းချုပ်၏ အထူးအမိန့်အရ ဘာမျှမလှုပ်ရှားကြဘဲ အသာပင် ပုန်းအောင်းနေကြသည်။

အရေးပေါ် အချက်ပေးမီးကျည် ထိုးတက်လာသည်ကို မြင်သည်နှင့် ထိုအဖွဲ့သည် လျှင်မြန်စွာ လှုပ်ရှားလေတော့သည်။

ကျန်ကင်းလှည့်အဖွဲ့ နှစ်ဖွဲ့ကလည်း အရေးပေါ်အချက်ပေးမီးကျည်ထွက်ပေါ်လာသည့် နေရာဆီသို့ ရှေးရှုကာ လာကြလေသည်။

ကင်းလှည့်အဖွဲ့ တစ်ဖွဲ့ကဆိုလျှင် အရေးပေါ် အခြေအနေကြုံရကြောင်း သတင်းပို့ အကြောင်းကြားရန် ကြိုးကြာဂိုဏ်း ဌာနချုပ်သို့ မြင်းလျင်ဆက်သား တစ်ယောက်ကိုပင် စေလွှတ်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ချင်ယုအင်းမှာ စိတ်အာရုံတွေရှုပ်ထွေးကုန်သည်။ သူမသည် ဉာဏ်ကောင်းကာ လုပ်ရည်ကိုင်ရည်လည်း အတော် ထက်မြက်သော်လည်း ခေါင်းဆောင်မှုအတွေ့အကြုံ ကောင်းကောင်း မရှိသေးသောကြောင့် အရေးကြီးသည့်အခါတွင် လျင်မြန်စွာ ဆုံးဖြတ်လုပ်ဆောင်ဖို့ ခက်နေသည်။

ကျွန်းယမ်ရှောင်ရိကို သွားကူညီ ပေးရမည်လား၊ လုကြည်ချမ်းကို တားဆီးချုပ်ဖမ်းရမည်လား၊ ပိုးစောယောင်နှင့်လည်းအောင် ရှင်းပြရမည်လား။ ဘာကိုမျှ ယတိပြတ် မဆုံးဖြတ်နိုင်ဘဲ ဝေခွဲကြောင်သလို ဖြစ်နေသည်။

လျင်မြန်စွာ ဆုံးဖြတ်ကာ သွက်လက်စွာ လှုပ်ရှားနိုင်သော ပိုးစောယောင်ကမူ ကျွန်းယမ်ရှောင်ရိကို လက်ဝါးနှင့် ရိုက်ချပြီးနောက် ချင်ယုအင်းကို ဆက်လက်တိုက်ခိုက်ရန် ဝင်လာလေပြီ။

"အဖျိုးစင်ဂိုဏ်းချုပ်တို့ လှည့်စားတာက လုကြည်ချမ်းပါ၊ သူပြောတာတွေ မဟုတ်ဘူး၊ သူဖန်တီးထားတဲ့ ငှက်သည်းခြေ ဂမုန်းပင်အတုကြီး ဒီမှာ ရှိနေသေးတယ်"

ချင်ယုအင်းကို တိုက်ခိုက်ရန် ပိုးစောယောင်က ပြေးဝင်မှာပင် အော်ဟစ်ဟန့်တားသံတစ်ခု ပေါ်လာသည်။

အသက် ငယ်ရွယ်သေးသော်လည်း ကြီးကြားဂိုဏ်းခေါင်းဆောင်အားတောင့်တင်းသော သိုင်းဂိုဏ်းတစ်ခုကို ဦးစီးရှေ့ဆောင်နေသည်မို့ အဖျိုးစင်ဂိုဏ်းချုပ် ပိုးစောယောင်



မှာ ဆုံးဖြတ်မှုမြန်သလို ချင့်ချိန် စဉ်းစား တတ် မှု လည်း အပြည့်ရှိသည်။

ကမ္ဘာ့ရှုံးထိုး မလုပ်တတ်။

ပြေးဝင်လာရင်း ဖျတ်ခနဲလှမ်းကြည့်သည်။

ငှက်သည်းခြေဂမုန်း (အတု)ကို ခြေရာလက်ရာမပျက်မြင်ရသည်။ မည်သူမျှ ခိုးယူသွားခြင်းမရှိကြောင်း သိသာထင်ရှားနေပြီ။

သတိပေးဟန့်တားသူ မည်သူမည်ဝါဟု မသိနိုင်သေးသော်လည်း လုကြည်ချမ်း၏စကားများက အလိမ်အညာ ဖြစ်ကြောင်းတော့ ပိုးစောယောင် ချက်ချင်း သဘောပေါက်သည်။

လုကြည်ချမ်းလို လူရှုပ်တစ်ယောက်၏ စကားကို ရုတ်တရက် ယုံမိကာ အရမ်းမဲ့လုပ်သလို ဖြစ်သွားသည်ကိုတော့ နားလည်သွားသည်။

မိမိလုပ်ဆောင်မှုများ မှားနေကြောင်း သိသည်နှင့် ပိုးစောယောင်သည် ချက်ချင်းပင် တုံ့ရပ်လိုက်သည်။ ချင်ယုအင်းကို မတိုက်ခိုက်တော့။

မိမိကို လှည့်စားလိုက်သလိုဖြစ်လျှင် ပေါက်လွတ် ထွက်ပြေးသွားမည့် လုကြည်ချမ်းကို ပြန်အမိဖမ်းဖို့သည်းတွေ့သည်။

ထိုအချိန်မှာပင် လုကြည်ချမ်းသည် ပိုးစောယောင်လက်လှမ်းမမီနိုင်တော့သည့် နေရာသို့ရောက်နေလေပြီ။ လူမှာလှမ်းမြင်နေရသေးသော်လည်း ဖမ်းဆီးဖို့ မဖြစ်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ချင်ယုအင်းကို စင်တိုက်တော့မည့် ပိုးစောယောင်အား လှမ်းအော် သတိပေးလိုက်သူမှာသည်း ပထမ မျောက်လောင်းဖြစ်သည်။ ကျန်းယမ်ရှောင်ရှိ လက်ဝါးရိုက်ချက် အထိခံရပြီး ချင်ယုအင်းသည်း ပိုးစောယောင်၏ တိုက်ခိုက်မှု ခံရတော့မည့် အခြေအနေရောက်လာသည့်အတွက် ပုန်းအောင်းနေကြသော မျောက်လောင်းတို့ ထွက်ပေါ်လာခဲ့ကြလေပြီ။

သူတို့ဆရာမျောက်ဖြူကြီးက ကျန်းယမ်ရှောင်ရှိနှင့် ချင်ယုအင်းတို့ အန္တရာယ်ကြုံလျှင် ဝင်ကူပေးဖို့သာ အမိန့်ပေးထားရာ ချင်ယုအင်းတို့အား တိုက်ခိုက် ရန်ပြုခြင်းမရှိဘဲ ထွက်ပြေးရှိသလာသော လုကြည်ချမ်းကိုတော့ မျောက်လောင်းသုံးကောင်တို့က အြားဖြတ်ဟန့်တား ဖမ်းဆီးခြင်း မလုပ်ကြပေ။

ရှုပ်ထွေးပြောင်းလဲသွားသော အခြေအနေတို့ကြောင့် လုကြည်ချမ်း လက်လွတ် ထွက်ပြေးသွားနိုင်တော့မလို ဖြစ်နေသည်။

သို့သော်....

လူမိုက် လူယုတ်မာတို့၏ ဇာတ်သိမ်းကား ကောင်းရိုးထုံးစံမရှိ။

* * *



လုကြည်ချမ်း ခြေကုန်သုတ် ထွက်ပြေးရာအရပ်ဆီမှ မြင်းစီးသမား ၅-ယောက်ကိ မြင်းများကို ကဆုန်စိုင်းစီးကာပေါ် ထွက်လာသည်။

အရေးပေါ် အချက်ပေးမီးကျည်ကြောင့် အမြန်ရောက်လာကြသော ဆွေးနက်ချောင်းတွေ့ အနီးတွင် ရှိနေသည့် ကြိုးကြာဂိုဏ်း ကင်းလှည့်အဖွဲ့ဖြစ်သည်။

“သူ့ကို ဖမ်းထားလိုက်”

မိမိထံလာနေသော ကင်းလှည့်အဖွဲ့ကို လှမ်းမြင်သည်နှင့် ပိုးစောယောင်က အော်ဟစ်အမိန့်ပေးသည်။

လုကြည်ချမ်း ဘယ်ဇို့မှမပြေးနိုင်တော့ပါ။

ကင်းလှည့်အဖွဲ့ခေါင်းဆောင်၏ လက်ထဲတွင် ကွမ်းခံနေအောင်ပင် အဖမ်းခံလိုက်ရလေသည်။

လုကြည်ချမ်း အဖမ်းခံလိုက်ရသည့် အချိန်မှာပင် ပိုးစောယောင်အနီးသို့ မျောက်လောင်းသုံးကောင်တို့အပြေးရောက်လာကြသည်။

“လုကြည်ချမ်းက ငှက်သည်းခြေဂမုန်းအတု ဖန်တီးလှည့်စားပြီး အပျိုစင်ဂိုဏ်းချုပ်ကို ဆေးခတ်ဖမ်းပြကြတာပါ၊ အဲဒါကို ကျန်းယမ်ရှောင်ရှိနဲ့ ချင်ယုအင်းတို့က ကူညီကာကွယ်ပေးကြတာပါ၊ သူတို့က အပျိုစင်ဂိုဏ်းချုပ်ကြောင့်ဘာမှ မကောင်းကြံပါဘူး”

ပထမမျောက်လောင်းက ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငှက်သည်းခြေဂမုန်းအတုလို့ ပြောလိုက်တာလား" ပိုးစောယောင်က မေးသည်။

"ဟုတ်ပါတယ်၊ အတုကြီးပါ၊ အဲဒီ ဂမုန်းပင်အတုကို နှုတ်လိုက်ရင် ဆေးငွေ့တွေပန်းထွက်လာပြီး ဆေးမိသွားအောင်လို့ လုပ်ထားပါသေးတယ်"

"မင်းတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီကိစ္စတွေကို သိနေတာလဲ"

"ကျွန်ုပ်တော်တို့ဟာ မျောက်ဖြူကြီးရဲ့တပည့် မျောက်လောင်းသုံးကောင်ပါ"

ပထမမျောက်လောင်းက မိမိတို့ မည်သူမည်ဝါ ဖြစ်သည်ကိုသာ အဖြေပေးသည်။ သည်ကိစ္စများ မည်သို့ သိလာကြောင်းကိုတော့ ပြောမပြ။

မျောက်ဖြူကြီး၏တပည့် မျောက်လောင်းသုံးကောင်တို့ အစုံအစမ်း အထောက်အလှမ်း တော်လှကြောင်းကို သိထားသော ပိုးစောယောင်အတွက်လည်း ဤအဖြေက လုံလောက်သည်။

သို့ရာတွင် မျောက်ဖြူကြီးနှင့်တပည့်များ ယခုကိစ္စတွင် ပါဝင်ပတ်သက်လာနေသည်ကိုတော့ ပိုးစောယောင် နားမလည်။ မျောက်လောင်းသုံးကောင်တို့သည် သတင်းစုံစမ်းရာတွင် တော်ကြသော်လည်း သူတစ်ပါး၏ အရေးကိစ္စများတွင် ပါဝင်စွက်ဖက်ကြလေ့မရှိ။



ထို့ကြောင့် တီးခေါက်မေးမြန်းကြည့်မည်အပြု ချင်ယု အင်း၏ စိုးရိမ်တကြီး ရေရွတ်လိုက်သံကြောင့် မမေးဖြစ်တော့ပေ။

"ဟာ....ဒုက္ခပါပဲ"

* * *

ပိုးစောယောင်နှင့် ပထမမျောက်လောင်းတို့ အပြန်အလှန် စကားပြောဆိုနေကြစဉ် ချင်ယုအင်းသည်ကျန်းယမ် ရှောင်ရှိ လဲကျနေရာဆီသို့ ခပ်သုတ်သုတ်လျှောက်လှမ်းသွား သည်။

ထိုနားသို့ ရောက်၍ ကျန်းယမ်ရှောင်ရှိ တစ်ယောက် မလှုပ်မယှက် ခွေခွေလေးရှိနေသည်ကို တွေ့ရသောအခါ စိုးရိမ်စိတ်ဖြင့် ရေရွတ်မိသည်။

"သူ့ကို ငရဲကြီးကြာသိုင်းနဲ့ တိုက်ခိုက်လိုက်မိတာပါ။ အထင်မှားပြီး မဆင်မခြင်လုပ်လိုက်မိတာပါ၊ ပေးတဲ့အပြစ် ကို ခံယူပါမယ်"

ပိုးစောယောင်က လှမ်းပြောသည်။ တောင်းပန်စကား ဆိုသည်။

ချင်ယုအင်း ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

ငရဲကြီးကြာသိုင်း သည် ရက်စက်သော သိုင်းပညာ တစ်ခုဟုဆိုနိုင်သည်။ အဘွင်းအားဖြင့် သိုင်းပညာတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကြမ်းတမ်းရက်စက်သောကြောင့် ကြိုးကြာဂိုဏ်းသည် တော်ရုံတန်ရုံ အရေးကြီးသည့် အခြေအနေမျိုးတွင်ပင် သုံးလေ့မရှိ။

လက်ကြည်ချမ်း၏ လုမ်ကြုံ ပြောဆိုသောစကားကို ရုတ်တရက်ယုံမိကာ ကျန်းယမ်ရှောင်ရိတို့ကို ငှက်သည်းခြေဂမုန်းလုယူပြီး မိမိအပေါ် မဖွယ်မရာပြု အကောက်ကြံသူဟု အထင်မှားကာ ဒေါသစိတ်ကိုမချုပ်တည်းနိုင်ဘဲ တဆုံးတဆ လုပ်လိုက်မိခြင်းဖြစ်သည်။

ယခုတော့ ပိုးစောယောင် မိမိ၏အမှားကိုသိမြင်ကာ အကြီးအကျယ် စိတ်မကောင်း ဖြစ်နေရလေပြီ။

ရဲကြိုးကြာသိုင်း၏ကြမ်းတမ်းရက်စက်ပုံအကြောင်း သိထားသော ချင်ယုအင်းနှင့် မျောက်လောင်း သုံးကောင်တို့မှာ ကျန်းယမ်ရှောင်ရိအတွက် စိတ်မကောင်း ဖြစ်ရုံမှလွဲ၍ ဘာမျှမတတ်နိုင်ကြတော့။

ချင်ယုအင်း ဆိုလျှင် ကျန်းယမ်ရှောင်ရိဘေးတွင် ဒူးထောက်ချကာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

"ယုအင်း...ဘာဖြစ်လို့ ငိုနေတာလဲ"

စကားသံတစ်ခုက ချင်ယုအင်း၏ရင်ထဲ ဒိန်းခနဲ ခုန်စေသည်။ ငိုကြွေးနေမှုကိုလည်း ရပ်သွားစေသည်။

ကျန်းယမ်ရှောင်ရိ၏ အသံ ဖြစ်ကြောင်း ချင်ယုအင်း သိသည်။ သို့သော် ယုံရဖို့ခက်နေသည်။



ဟုတ်မှဟုတ်ပါမလား။ မိမိ စိတ်လှုပ်ရှား လွန်းသောကြောင့် ကြားယောင်ကြားမှားဖြစ်လေသည်လားဟုလည်း သံသယဝင်သည်။

ခွေခွေလေး လဲကျနေသော ကျန်းယမ်ရှောင်ရိ လှုပ်ရှားလာသလိုလိုလည်း မြင်သည်။ မျက်လုံးတွင် မျက်ရည်များ ပြည့်ဖုံးနေသောကြောင့် မြင်ကွင်းက မသဲကွဲ။

"သူ ဘာမှမဖြစ်ဘူး....ဘာမှမဖြစ်ဘူး"

ပိုးစောယောင်၏ အားရဝမ်းသာ ပြောသံ ပေါ်လာသည်။ လူကလည်း ကျန်းယမ်ရှောင်ရိနှင့် ချင်ယုအင်းတို့အနီးသို့ ရောက်လာသည်။

ချင်ယုအင်းလည်း မျက်လုံးများတွင် ပြည့်လျှံနေသော မျက်ရည်တို့ကို အမြန်သုတ်ပစ်လိုက်၏။ မြင်ကွင်းရှင်းလင်း ထင်ရှားလာပြီ။

လဲကျနေရာမှ ထထိုင်လာသော ကျန်းယမ်ရှောင်ရိကို မြင်ရသည်။

"ဘယ်လိုနေလဲဟင်...ဘယ်လိုနေလဲ"

ပိုးစောယောင်က အရေးတကြီး မေးသည်။

ရဲကြိုးကြာသိုင်းဖြင့် ရိုက်ချသည့် လက်ဝါးရိုက်ချက် ကျကျနန အထိခံရပါလျက် အတွင်းဒဏ်ပင် မဖြစ်ဘဲ ထထိုင်လာသည့်အတွက် အံ့ဩနေသည်။

ကျန်းယမ်ရှောင်ရိ အတွက်လည်း ဝမ်းသာနေ၏။

"ရင်ဘတ်မှာတော့ နာနေသလိုပဲ"

ကျန်းယမ်ရှောင်ရိက ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား၊ အသက်ရှူ ကျပ်တာအွေ...."

"ဝမ်းသာလိုက်တာ၊ ရှောင်ရိ ဘာမှမဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူး၊ ဟီး...ဟီး...ဟီး...ဟီး"

ပိုးစောယောင် မေးနေခိုက် ချင်ယုအင်းက အားရ ဝမ်းသာဖြောဆာ ကျန်းယမ်ရှောင်ရိကို အဘင်းဖက်လိုက် သည်။ ပိုးစောယောင် မေးလက်စတန်းလန်းနှင့် ရပ်သွား သည်။

ချင်ယုအင်းသည်း ဝမ်းသာလွန်းလှ၍ ချုံးပွဲချငိုကြွေး လေတော့သည်။

* * *

'ငရဲကြိုးကြာသိုင်း' သည် တစ်ဖက်လူ၏ အတွင်းအား များကို ချေဖျက်ပစ်ကာ အထိန်းအသိမ်းမဲ့သော အတွင်း အားတို့ ပြောင်းဆန်အောင် လုပ်ရှားမှုကြောင့်၊ အတွင်း ဒဏ် အပြင်းအထန် ရသွားစေနိုင်သော စွမ်းရည်ရှိသည်။

ထိုအတွင်းဒဏ်ဖြင့် ချက်ချင်း အသက် ပျောက် လျှင် ပျောက်၊ မပျောက်လျှင်လည်း သွေးလေလှုပ်ရှားမှုတို့ ပျက် ပြားကာ မသန်မစွမ်း ဒုက္ခိတဘဝရောက်လျက် အရိုးအဆစ် ထိုက်ခဲသည့်ဝေဒနာကို ခံစားရလျက် မကြာမီပင် သေဆုံး သွားနိုင်သည်။



ကျန်းယမ်ရှောင်ရိတွင် ပင်ကိုသဘာဝ အတွင်းအား သာ ရှိသည်။ ကျင့်စဉ်ထပ်ခုဖြင့် စနစ်တကျ လေ့ကျင့် ထားသော အတွင်းအားမရှိ။

ငရဲကြိုးကြာသိုင်းဖြင့် ရိုက်လိုက်သည့် ယက်ဝါးရိုက် ချက် မိမိရရ အထိခံရသည့်တိုင် လေ့ကျင့်ရယူထားခြင်း မဟုတ်သည့် သူ၏အတွင်းအားများကို ဘယ်လိုမျှမထိခိုက် ရိုက်ချက် အားအရှိန်ကြောင့်သာ ခေတ္တမျှ သတိလစ် မေ့ မြောသလို ဖြစ်သွားခဲ့သည်။

မေ့မြောနေမှုမှ သတိပြန်ရလာသောအခါတွင် ရိုက်ချက် အထိခံရသည့်အတွက် ရင်ဘတ်တွင် နာကျင်နေသော်လည်း အလိုက်သိစွာပင် အထွေအထူး မေးမြန်းခြင်းမပြုတော့။

ပိုးစောယောင်အတွက်တော့ တကယ့်ကို အတွေးရခက် စရာ ဖြစ်နေသည်။

ချင်ယုအင်း၏ ဝမ်းသာမဆုံး ရှိနေမှုကြောင့် ပိုးစော ယောင်လည်း အလိုက်သိစွာပင် အထွေအထူးမေးမြန်းခြင်း မပြုတော့။

ထိုအချိန်မှာပင် ကျန်ကင်းလှည့်အဖွဲ့နှစ်ဖွဲ့ ရှေ့ဆင့် နောက်ဆင့်ဆိုသလို ရောက်ရှိလာကြသည်။ ပထမရောက်နှင့် နေသော ကင်းလှည့်အဖွဲ့ ခေါင်းဆောင်၏ မျက်ရိပ်ပြ အချက်ပေးမှုကြောင့် ကင်းလှည့်အဖွဲ့နှစ်ဖွဲ့သည်း ငြိမ်သက် စွာ ရပ်ရှုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့က လူကြည်ချမ်းရဲ့ အကြွရိုင်းကို တားဆီးချေဖျက်ပြီး ခင်ဗျားကို ကူညီကာကွယ်ပေးတာပါ၊ တစ်မျိုး မထင်ပါနဲ့''

ကျွန်းယမ်ရှောင်ရီက ပိုးစောယောင်ကို ပြောသည်။

''ကျွန်မ အားလုံး နားလည်သွားပြီးပါပြီ၊ သေသေချာချာ မစဉ်းစားဘဲ လုပ်ခဲ့မိတာကို တောင်းပန်ပါတယ်''

ပိုးစောယောင်က ပြန်ပြောသည်။

အမျိုးစင်ဂိုဏ်းချုပ်မျက်နှာမှာလည်း ရှက်သွေးဖြန်းကာ နီမြန်းရှဲနေသည်။ ဆေးမိထားချိန်က ကျွန်းယမ်ရှောင်ရီနှင့် ပွေ့ပွေ့ဖက်ဖက် ဖြစ်ခဲ့ပုံများကို တွေးမိလိုက်သောအခါ ပိုးစောယောင် ရင်ဖိုမောရသည်။

ထစ်သက်တာတွင် မဖြစ်စဖူးသော ရင်ခုန် ခံစားမှုဖြစ်သည်။

ကျွန်မမပျက်ရအောင် မနည်းကြီးပင် ထိန်းသိမ်းနေရသည်။ ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားမှဖြစ်မည်ဟု စိတ်ကူးသည်။

''ကျေးဇူးတင်ပါတယ်၊ ကျွန်မ...''

ပိုးစောယောင်က ပြန်တော့မည်ဟု နှုတ်ဆက်ရန်စကား စဆိုက်ချိန်မှာပင်....

''အလို... ဒီမှာကြည့်စမ်းပါဦး၊ ဒါ... ငှက်သည်းခြေ ဂမုန်းမဟုတ်လား''

ချင်ယုအင်း၏ ထအော်ဟစ်ပြောလိုက်သံ ပေါ်လာသည်။



ချင်ယုအင်း ညွှန်ပြရာသို့ ကြည့်လိုက်ကြရာ ကျွန်းယမ်ရှောင်ရီ၏ ညာခြေထောက်ဘေးနားရှိ အနည်းငယ်မှုဲ့ကြဲနေသော မြေကြီးမှိုစာထဲမှ တစ်ပြုံထွက်နေသည့် ပေါ်ဂါခါစ ငှက်သည်းခြေ ဂမုန်းပင်ပေါက်နုလေးကို တွေ့ကြရသည်။

* * *

အကြောင်းကံ ဖန်တီးမှုက ဆန်းကြယ်လွန်းလှသည်။

ဖြစ်တော့မည်ဆိုလျှင် မည်သို့မျှ မျှော်လင့်မထားသော အချိန်အခါ၊ အခြေအနေများတွင်ပင် အံ့ဩဖွယ်ရာဖန်တီး ဖြစ်ပေါ်တတ်သည်။

ပိုးစောယောင်၏ ဇရဲကြိုးကြာသိုင်းရိုက်ချက် အသိန်ရမှုကြောင့် ကျွန်းယမ်ရှောင် လွင့်စဉ်ထွက်သွားပြီး မြေကြီး ပေါ် လဲကျရာတွင် သူ့စီးထားသောဖိနပ်သည် မြေကြီးကို ဖိပွတ်မိသည်။

ခပ်ပျော့ပျော့ ခပ်ပွပွဖြစ်နေသော မြေကြီးကို ထိုး ဆွပေးသလိုဖြစ်လျက် မြေစာမှုမျှား ကွာတက်လာသည်။

အကြောင်း တိုက်ဆိုင်ချင်တော့ ထိုသို့ဖွပေးလိုက်သဖြင့် ဖြစ်သွားသော မြေကြီး အောက်တွင် ပေါက်လာသော ငှက်သည်းခြေ ဂမုန်းပူးလေး ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်သည်းခြေဂမုန်းသည် အညွှန့်မြန် အသေမြန်သလို ပေါက်ရာတွင်လည်း တော်တော်မြန်သည်။

မြေကြီးပေါ်သို့ ပေါက်ထွက်လုလု ရှိနေသော ငှက်သည်းခြေ ဂမုန်းပင်ပေါက် ထိပ်ဖူးထက်တွင် ခပ်ပါးပါး လေးရှိနေသော မြေမှုန့်များကို ထိုးဖယ်ပစ်လိုက်သလိုရှိသည့် အတွက် ထိုထိပ်ဖူးလေးသည် အားယူ ထိုး ထွက်လာရာ အပင်ပေါက်လေး အဖြစ်သို့ အချိန်အနည်းငယ်အတွင်း ရောက်ရှိသွားသည်။

ကျွန်းယမ်ရှောင်ရိ၏ဖိနပ်နှင့် မြေကြီးကို ထိုးပွတ်မိမှုကလည်း လိုအပ်သည့်အချိန်အဆအတိုင်း ကွက်တိအံကိုက်ဆိုသလို ဖြစ်နေသည်။ အကယ်၍ ပွတ်မိအား ပိုများ လျှင် ပေါက်လုပေါက်ခင် ထိပ်ဖူးလေး မြုတ်ကြေသွားနိုင်သလို နည်းနေလျှင်လည်း ပေါက်လုပေါက်ခင်ထိပ်ဖူးလေးသည် ယခုလို အချိန်မြန်မြန်ဆန်ဆန် အပင်ပေါက်လေး ဘဝသို့ ရောက်လာမည် မဟုတ်ပေ။

"ဟုတ်တယ်...ဟုတ်တယ်၊ အဲဒါ ငှက်သည်းခြေဂမုန်း ပင်ပေါက်လေးပဲ"

ဖိုးစောယောင်က အားရဝမ်းသာပြောသည်။

ထို့နောက် ဤအပင်ပေါက်ကလေး မည်သို့မည်ပုံပေါ် ထွက်လာသည်ကို ဆက်စပ်တွေးတောမိသည့်အတွက် ကျွန်းယမ်ရှောင်ရိကို ဆက်ပြောသည်။

"ရှင့်ကြောင့် ဒီအပင်ပေါက်လေး ပေါ်လာတာမို့ ရှင်နဲ့ထိုက်တယ်၊ ကံကောင်းတာကို ဂုဏ်ပြုပါတယ်"



ပိုးစောယောင်သည် ငှက်သည်းခြေဂမုန်းကို အလွန် အမင်းလိုချင်နေသော်လည်း ဖြောင့်မှန်သော သိုင်းဂိုဏ်း တစ်ခု၏ ခေါင်းဆောင်ကောင်းတစ်ယောက်ပီပီ အဖြစ်မှန်ကို လက်ခံကာ တရားနည်းလမ်းကျကျ ပြောလိုက်သည်။

ဝမ်းသာအားရ ဖြစ်မှုအသွင်ကတော့ သိသာစွာ ပျောက်သည်။ ဘာပဲပြောပြော နှမြောသည့်စိတ်ကတော့ ရှိနေသည်လေ။

"ကျွန်တော်နဲ့ထိုက်တယ်လို့ ဆိုနိုင်ပေမယ့် ကျွန်တော်က ငှက်သည်းခြေဂမုန်းအကြောင်း ဘာမှမသိဘူး။ နာမည်တို့တောင် အခုမှကြားဖူးတာ၊ ဒီတော့ ကောင်းကောင်း နားလည်ပြီး အသုံးလိုချတတ်တဲ့ ဟို...အဲ...ခင်ဗျားပဲ ယူပါ"

ကျွန်းယမ်ရှောင်ရိက ပြောသည်။

သိုင်းလောကသား မဟုတ်သည့်အတွက် ကျွန်းယမ်ရှောင်ရိသည် ပိုးစောယောင်ကို ဘယ်လိုခေါ်ရမည်မသိ၊ ထို့ကြောင့် 'ခင်ဗျား' ဟူသော သုံးနှုန်းပြောဆိုလိုက်သည်။

မိမိ၏အခေါ်အဝေါ် ဟုတ်မှုဟုတ်ရဲ့လားဟု စိတ်ဒွိဟ ဖြစ်သောကြောင့် ချင်ယုအင်းကို တစ်ချက်လှမ်းကြည့်သည်။

ပိုးစောယောင်ကို ငှက်သည်းခြေဂမုန်းပင်ပေါက်လေး ပေးလိုက်သည့်အတွက် မိမိ၏သဘောထားကို စူးစမ်းလို၍ ကြည့်ခြင်းဖြစ်မည်ဟု ချင်ယုအင်းထင်သည်။

ချင်ယုအင်းကတော့ ငှက်သည်းခြေဂမုန်းအကြောင်း အနည်းအကျဉ်းသိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုထိုရောက်ရောက်တော့ အသုံးမချတတ်။ ပိုးစောယောင်တို့ ကြိုးကြာကိုကျားအနေဖြင့်တော့ ငှက်သည်းခြေဂမုန်းကို ကောင်းကောင်း အသုံးချတတ်လိမ့်မည်ဟု အတပ်သိသည်။

ပိုးစောယောင်လက်သို့ အပ်လိုက်သည်က အကောင်းဆုံးဟု နားလည်သည်။

"ရှာတတယ်၊ ဖျိုစင်ဂိုဏ်းချုပ်တို့ကသာ ငှက်သည်းခြေဂမုန်းကို အကျိုးအများဆုံးရရှိအောင်လုပ်နိုင်တော့ပါ"

ချင်ယုအင်းက စိတ်ပါလက်ပါပင် ထောက်ခံစကားပြောလိုက်သည်။

"တဲ…ယူသွားပါတော့"

ကျန်းယမ်ရှောင်ရိက ပြောပြောဆိုဆို ငှက်သည်းခြေဂမုန်းပင်ပေါက်စလေးကို ကုန်း၍နှုတ်ယူမည်ပြုသည်။

"အခု ခူးလို့မရဘူး၊ အပင်ငယ်လေးဖြစ်မှ ခူးရမှာ"

ပိုးစောယောင်က တားမြစ်စကားဆိုရင်း ကျန်းယမ်ရှောင်ရိကို လှမ်းဆွဲသည်။ ကျန်းယမ်ရှောင်ရိက ငှက်သည်းခြေဂမုန်းပင်ပေါက်စလေးကို ခူးယူရန် ကုန်းနေရာမှ မခူးတော့ဘဲ ပြန်ထသည်။

နှစ်ယောက်သား မူးပူးကာဝင်ကပ်ဖြစ်သွားသည်။

ပိုးစောယောင် ကမန်းကတန်းနောက်သို့ခြေလှမ်းဆုတ်သည်။ မျက်နှာ ရဲခနဲတစ်ချက်ဖြစ်သွားသည်။ ရင်လည်းသိမ့်သိမ့်ခုန်သည်။

"ဖြစ်လာဘဲ ဘယ်တော့ ခူးလို့ရမှာလဲ"



"ဟို…ဟို…အဲ…"

"အပင်ငယ်လေးဖြစ်လာမှ ခူးလို့ရမယ်"

ပိုးစောယောင်မှာ ရင်ထဲကတုန်ကာယင်ကြီးနှင့် စကားအထစ်ထစ်အငေါ့ငေါ့ဖြစ်နေရာ ချင်ယုအင်းက ကြားဝင်အဖြေပေးရသည်။

"အပင်ငယ်လေးဖြစ်ဖို့က…"

"တစ်ရက်၊ နှစ်ရက်လောက်တော့ စောင့်ရမယ် ထင်တယ်၊ ဟုတ်ရဲ့လား မသိဘူး"

ငှက်သည်းခြေဂမုန်းအကြောင်း အနည်းအကျဉ်းသာ သိသည့် ချင်ယုအင်းသည် မိမိပြောသည်မှာ မှန်မမှန် မသေချာသည့်အတွက် ပိုးစောယောင်ကို လှည့်၍ မေးသည်။

"ဆန်းဘုတ်ခါမြနက်ပိုင်းလောက်ဆိုရင်တော့ အပင်ငယ်လေးဖြစ်ပြီး ခူးယူလို့ရပါပြီ"

ပိုးစောယောင်က အဖြေပေးသည်။

ရင်ခုန်နေမှုကို ထိန်းထိန်းနိုင်ပြီမို့ စကားသံက ပုံမှန်ဖြစ်နေပြီ။

"ဒါဆိုရင် ဆန်းဘုတ်ခါမြနက်မှ တစ်ခေါက်ပြန်လာပြီး ခူးရမှာပေါ့"

"ဟာ…အပင်ပေါက်လေးကို ဒီအတိုင်း ထားပစ်ခဲ့လို့ ဘယ်ဖြစ်မှာလဲ၊ ဒီနားမှာ ယာယီစခန်းချပြီးစောင့်ကြရမှာပေါ့၊ ရှင်တို့လဲ ကျွန်မတို့နဲ့အတူတူ ယာယီစခန်းမှာပဲ နေလိုက်ကြပေါ့၊ ကျွန်မက ဖိတ်ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယမ်ရှောင်ရှီ၏အင်မေးစကားကို ဖိုးစောယောင်ကပြန်ဖြေရင်း ဖစ်ဆက်တည်း မိမိ၏အစီအစဉ်ကို ပြောပြဖိတ်ကြားသည်။

"ကျွန်မက ဂိုဏ်းမှာ လုပ်လက်စတန်းလန်းတွေရှိတယ်၊ ဂိုဏ်းကိုပြန်ရမယ်"

ချင်ယုအင်းက ဝင်ပြောသည်။

"ရှင်ကကော ဘာအထွေအထူးလုပ်စရာရှိလဲ"

ပိုးစောယောင်က ကျွန်းယမ်ရှောင်ရှီကိုမေးသည်။

"မရှိပါဘူး"

လိမ်မပြောတတ်သော ကျွန်းယမ်ရှောင်ရှီက အမှန်အတိုင်း ဖြေလိုက်သည်။

သူသည် မြနတ်မယ်ဂိုဏ်းစခန်းနှင့် မလှမ်းမကမ်းတွင်ယောင်လည်လည် လုပ်နေသည်ကလွဲ၍ အကြောင်းကိစ္စအထွေအထူး ဘာမျှ မည်မည်ရရမရှိပါ။

"ရှောင်ရှီကိုပြောမလို့၊ ဟိုလေ...သိုင်းကွက်သိုင်းဟန်လှုပ်ရှားမှုမှာ အာရုံစူးစိုက်ဘဲ အင်အားအရှိန်အဟုန်နဲ့တိုက်ကွက် ဦးတည်ယမ်းကြောင်း အပြောင်းအလဲတွေကိုသာ ဂရုစိုက်ရတဲ့သဘောကို ကျွန်မတို့ လေ့ကျင့်နေကြတယ်၊ အဲဒါလိုက်ကြည့်ပြီး အကူအညီပေးပါဦးလား"

ပိုးစောယောင်၏အရိပ်အကဲ မရိုးမသားရှိနေသလိုလိုချင်ယုအင်း၏စိတ်ထဲတွင် သံသယဝင်နေလေရာ ကျွန်းယမ်ရှောင်ရှီတစ်ယောက်တည်း ပိုးစောယောင်၏ ယာယီစခန်း



တွင် ကျန်ရှိနေခဲ့မည်ကို မဖြစ်စေလိုသဖြင့်အကွက် အရေးပေါ် အကူအညီတောင်းမှုလုပ်လိုက်သည်။

အရေးပေါ် အကူအညီတောင်းယူလိုက်သည့် သဘောရှိသော်လည်း မြနတ်ကညာသိုင်းကွက် ၁၂-ကွက်အကြားဆက်စပ်မှုလျှို့ဝှက်ချက်နှင့် မြနတ်မယ်ဝတ်စုံလမ်းညွှန်တို့ကို ကြိုးစားပမ်းစား ကြံဆဖော်ထုတ်နေမှုတွင် ကျွန်းယမ်ရှောင်ရှီ၏ အကြံဉာဏ် အကူအညီတောင်းယူဖို့ စိတ်ကူးချင်ယုအင်းထံတွင် ရှိနေသည်မှာ ကြာပေပြီ။

"ဟုတ်လား၊ လိုက်ကူညီပေးရမှာပေါ့"

ချင်ယုအင်းနှင့် နီးနီးကပ်ကပ် နေလိုသော ကျွန်းယမ်ရှောင်ရှီမှာ 'ရေငတ်တုန်း ရေတွင်းထဲကျ' ဆိုသလို ဖြစ်လျက် ကမန်းကတန်းပင် ခေါင်းညိတ်ပြောဆိုလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

တိန့်ထင်ကြိုင်တို့ မြွေဖြူရွာသို့ ပြန်ရောက်သည်မှာ ၅-ရက်ပင် ရှိသွားခဲ့ပြီ။

ဤရက်များအတွင်း မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်အကြား ဆက်စပ်လျှို့ဝှက်ချက်တို့ကို အပြင်းအထန် ကြိုးစား ရှာဖွေနေခဲ့ကြသည်။

ထို့ပြင် မြွေဆိုးဂိုဏ်းချုပ် ဝမ်းသာစိတ် လွန်ကဲကာ အော်ဟစ် ကြွေးကြော်ခဲ့ရာမှ ကြားသိခဲ့ရသော 'မြွေဖြူ အရှေ့ဘက်၊ ဒုတိယ တောင်ကုန်း' ဆိုသော လမ်းညွှန် စကားအတိုင်း စူးစမ်းရှာဖွေမှုများကိုလည်း လုပ်နေခဲ့သည်။

မြွေဖြူရွာအနီးဝန်းကျင်မှာ တောင်ကုန်းနှင့် ကမူမြင့် များ အလွန်ပေါများ၏။ မြွေဖြူရွာ အရှေ့ဘက်တစ်လွှား တွင် တောင်ကုန်းနှင့် ကမူမြင့် ၃၀၀-မျှပါးပင် ရှိနေ သည်။

'ဒုတိယ တောင်ကုန်း' ဆိုသည်မှာ မည်သည့် တောင် ကုန်းကို ဖော်ညွှန်းကြောင်း တိကျသေချာစွာ မသိသည့် အတွက် မြွေဖြူရွာ အရှေ့ဘက်တစ်လွှားတွင် ရှိနေသော တောင်ကုန်းနှင့် ကမူမြင့်အားလုံးကို မြေလှန်လိုက် ရှာရမလိုဖြစ်နေသည်။



မြွေဆိုးဂိုဏ်းချုပ်တို့ဘက်ကလည်း ဤမပြည့်စုံသော လမ်းညွှန်ကို လက်ကိုင်ပြုကာ စုံစမ်းရှာဖွေမှုများ လုပ်လာ နိုင်သောကြောင့် သတိတော့ မပြတ် ထားနေရသည်။ သို့သော် မြွေဖြူရွာအရှေ့ဘက်တစ်လွှားတွင် မြွေဆိုးဂိုဏ်း သားများ၏ လှုပ်ရှားမှုများကို ခြေရာလက်ရာအစအနမျှ မတွေ့ရပေ။

မြွေဆိုးဂိုဏ်းသည် အင်အားကြီးပင် ငြိမ်ချက်သား ကောင်းနေသည်။ သူတို့နှင့်ပတ်သက်၍ ဘာသတင်းမှလည်း မရ။ ဤသို့ ငြိမ်ချက်သားကောင်းလွန်းနေခြင်းကို မြွေနတ် မယ်ဂိုဏ်းချုပ်က သိပ်သဘောမကျ။

ကျိတ်၍ အကြံကြီး ကြံနေခြင်းဖြစ်မည်ဟု သဘောရ၏၊ မိမိတို့အဖက်က သတိလစ်ပေါ့ဆမှုမဖြစ်ရလေအောင် အထူး သတိပြုကြီးကြပ်သည်။

မြွေဆိုးဂိုဏ်းချုပ်က လျှို့ဝှက်ချက်အဖော်များများကို ဖော်ထုတ်သိရှိခဲ့ပြီး မိမိတို့က လျှို့ဝှက်ချက်တစ်ခုတစ်ဝက်ကိုမျှ မသိနိုင်သေးသည့်အတွက် မြွေစိမ်းကညာများနှင့် မြွေနတ် မယ်ဂိုဏ်းချုပ်တို့ အထူးပင် ခံပြင်းနေသည်။ မနားမနေ ဆိုသလို ကြိုးစားကြရာ အားလုံး ပင်ပန်းကြသည်။

ယောင်လည်လည်နှင့် မြွေဖြူရွာအထိ ပါလာခဲ့သော ကျွန်းယမ်ရောင်ရှိမှာလည်း ချင်ယုအင်းတို့တစ်တွေ ယခု မျိုး ပင်ပန်းတကြီးနှင့် အလွမ်းကုန်ကြိုးစားသည်မှာ အရာ မထင်ဖြစ်နေရမှုအပေါ် စိတ်မကောင်း။ သူကိုယ်တိုင်လည်း ထိထိရောက်ရောက် အကူအညီပေးနိုင်

www.burmeseclassic.com



နောက်ဆုံးတော့ အကြံတစ်ခု စဉ်းစားမိကာ ချင်ယု အင်းကို ပြောပြသည်။

ထိုအကြံမှာ မြွေဆိုးဂိုဏ်းနှင့် ရန်သူအနေအထား မျိုး ဆက်မရှိတော့ဘဲ မိတ်ဆွေဖြစ်စေလျက် မြွေဆိုးဂိုဏ်းချုပ်၏အကြံဉာဏ်နှင့် အကူအညီကိုရယူရန်ဖြစ်သည်။

"မြွေဆိုးဂိုဏ်းက ကျွန်မတို့ကို အကူအညီတွေ အကြံ ဉာဏ်တွေပေးမှာ မဟုတ်ဘူး၊ ဒါပေမယ့် အစ်ကိုပြောမှ ကျွန်မလဲ စိတ်ကူးတစ်ခုရတယ်၊ မြွေဆိုးဂိုဏ်းနဲ့ အပြန် အလှန် အကျိုးတူပူးပေါင်းလို့ ရနိုင်မယ်ဆိုရင် အားလုံး အဆင်ပြေမယ်"

ချင်ယုအင်းက ပြောသည်။

"ဘယ်လို အကျိုးတူပူးပေါင်းမှာလဲ"

"သူတို့က လျှို့ဝှက်ချက် ဖော်ထုတ်နိုင်မယ့် သော့ချက်တွေကိုသိနေတယ်၊ ဒါပေမယ့် သူတို့ဘက်မှာက မြွေနတ် ဆရာသိုင်းကွက် ၅-ကွက်ပဲရှိတာမို့ အားလုံး ကုန်စင် အောင် ဖော်ထုတ် အသုံးမချနိုင်ဘူး၊ ကျွန်မတို့ဘက်မှာ ရှိနေတဲ့ သိုင်းကွက် ၇-ကွက်နဲ့ပေါင်းမိပြီး သိုင်းကွက် ၁၂-ကွက်ပြည့်စုံရင်တော့ လျှို့ဝှက်ချက်အားလုံး အကုန် အစင် ဖော်ထုတ်နိုင်မှာပဲ၊ ဒါဆို မြွေနတ်မယ်စတ်စုံကိုလ် ရှာဖွေရယူနိုင်မယ်၊ အဲ...ရလာတဲ့ အကျိုးအမြတ်တွေကို တော့ သူတို့နဲ့ ကျွန်မတို့ ခွဲဝေယူကြရမှာပဲ"

"တို့ကြားရသလောက်တော့ မြွေဆိုးဂိုဏ်းနဲ့ မြွေနတ် မယ်ဂိုဏ်းတို့က သိုင်းမျိုးဆက်အတူတူပဲဆို"



"ဟုတ်ပါတယ်"

"ဒါဆို.... မိသားစုချင်း ပြန်ပေါင်းစည်းလိုက်ကြရင် ပေါ့"

* * *

ကျန်းယမ်ရှောင်ရီနှင့် ပြောဆိုမိသည်များမှ ရရှိသော အကြံတို့ကို ချင်ယုအင်းက တိန်ထင်ကြိုင်ကို ပြောပြသည်။

အမှန်စင်စစ် တိန်ထင်ကြိုင်ကိုယ်တိုင်မှာလည်း မြွေဆိုး ဂိုဏ်းနှင့် ရန်မီးပွားကာ အနိုင်ယူ တိုက်ခိုက်နေကြမည့်အစား ပြန်လည်သင့်မြတ်ပူးပေါင်းရန် လိုလားစိတ်ရှိသည်။ ချင်ယုအင်းပြောသည်များကို သဘောကျသည်။

သို့သော် ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် စကားမလွန် ရအောင် တိကျသော ဆုံးဖြတ်စကားတော့ မပြောသေး ပေ။ နေ့လယ်စာ စားသောက်ပြီးချိန်တွင် ဖိတ်ကြားစာ တစ်ခု ရရှိသည်။

ချင်ယုအင်းတို့၏ ရေတနာဂကြောင့် ရရှိခဲ့သော ငှက် သည်းခြေဂမုန်းဖြင့် ဖော်စပ်သော ဆေးကိုသုံးကာ လေ့ ကျင့်ရာ သိုင်းပညာ အဆူးတိုးတက် အောင်မြင်ခဲ့သည့် အတွက် သိုင်းပညာဆန်းများကို ပြသရန်နှင့် ကျေးဇူးတင် ဂုဏ်ပြုညစာ တည်ခင်းကျွေးမွေး လိုသောကြောင့် ကြိုး ကြာဂိုဏ်း အပျိုစင်ဂိုဏ်းချုပ် မိုးစောယောင်က ဖိတ် ကြားခြင်း ဖြစ်သည်။

ကျန်းယမ်ရှောင်ရီနှင့် ချင်ယုအင်းတို့နှစ်ယောက်ကိုသာ မက မြွေနတ်မယ်ဂိုဏ်းချုပ် တိန်ထင်ကြိုင်ကိုပါ ဖိတ်ကြား

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ကြိုးကြာဂိုဏ်းနှင့် မြွေနက်မယ် ဂိုဏ်းတို့သည် ခင်မင်ရင်းနှီးမှု မရှိသော်လည်း ပြဿနာလည်းမရှိ။ တစ်ဒေသတည်းတွင် ရှိနေကြသော သိုင်းဂိုဏ်းများအဖြစ် တစ်ဖက်ကိုတစ်ဖက် သိနေမှုလောက်သာ ရှိသည်။

ယခုအကြိမ်သည် ကြိုးကြာဂိုဏ်းက မြွေနက်မယ်ဂိုဏ်းကို ပထမဆုံးအကြိမ် ဖိတ်ကြားခြင်းဖြစ်သည်။

သွေးနက်မချောင်းရွာတွင် ဖြစ်ပျက်ခဲ့မှုများအကြောင်းကို ချင်ယုအင်းမြေပြန့် တိန့်ယင်ကြိုင် အပြည့်အစုံ သိရှိထားသည်။ ငှက်သည်းခြေဂမုန်းကို မိုးစောယောင် အသုံးပြုမည်ဆိုခြင်းကိုလည်း စိတ်ဝင်စားနေသည်။

သို့ကြောင့် မိုးစောယောင်၏ ဖိတ်ကြားချက်ကိုလက်ခံလိုက်ကြသည်။

ထိုနေ့ ညနေပိုင်းတွင် မြွေနက်မယ်ဂိုဏ်းချုပ်၊ ချင်ယုအင်းနှင့် ကျွန်းယမ်ရှောင်ရိတို့သည် မြင်းရထားတစ်စီးနှင့် ကြိုးကြာဂိုဏ်းသို့ ထွက်လာခဲ့ကြသည်။

ကြိုးကြာဂိုဏ်း အမျိုးစင်ဂိုဏ်းချုပ်ကိုယ်တိုင် ခရီးဦးကြိုဆိုသည်။ စကားစမြည်ပြောဆို အမှန်းဖြေကြပြီးနောက် ငှက်သည်းခြေဂမုန်းမင့် ရရှိခဲ့သည့်အတွက် လေ့ကျင့်အောင်မြင်ခဲ့သော သိုင်းပညာဆန်းများကို မိုးစောယောင်က သီးသန့်ခန်း တစ်ခုထဲတွင် ဧည့်သည် သုံးယောက်တို့ ပြသသည်။

"ကျွန်မ လေ့ကျင့်အောင်မြင်ပြီးသမျှကတော့ ကိုယ်ယောင်ဖျောက် မှော်သိုင်းကျမ်းရဲ့ အနှစ်ချုပ် သိုင်းကွက်



လေးကွက်ပါပဲ။ ဒီအနှစ်ချုပ်သိုင်းကွက်လေးကွက်ကို လေ့ကျင့်နိုင်ရင် ကိုယ်ယောင်ဖျောက် မှော်သိုင်းကျမ်းရဲ့ သိုင်းပညာတွေအားလုံးကို ဆက်လေ့ကျင့်အောင်မြင်ဖို့ လမ်းပွင့်သွားပါပြီ"

မိုးစောယောင်၏ စကားသည် တိန့်ယင်ကြိုင်နှင့် ချင်ယုအင်းတို့ကို အတော်ကြီးပင် စိတ်လှုပ်ရှားသွားစေသည်။ ကိုယ်ယောင်ဖျောက် မှော်သိုင်းကျမ်း အမျိုးစင်ဂိုဏ်းလက်ထဲတွင် ရှိနေသည်ဟု ပြောဆိုနေကြသော်လည်း သတင်းအတိအကျတော့ မဟုတ်။

ယခု မိုးစောယောင်ကိုယ်တိုင် ကြိုးကြာဂိုဏ်း၏ ပိုင်တန်း လျှို့ဝှက်ချက်တို့ ထုတ်ဖော်ပြောဆိုလာရာ ချင်ယုအင်းတို့အပေါ် တကယ့်ခင်မင် စိတ်ရင်းအကောင်းနှင့် ကျေးဇူးတင်ကြောင်း သိသာထင်ရှားသည်။

မိုးစောယောင်က ကိုယ်ယောင်ဖျောက် မှော်သိုင်းကျမ်း၏ အနှစ်ချုပ် သိုင်းကွက် ၄-ကို လက်တွေ့လုပ်ပြ ကစားပြသော အခါတွင်တော့ တိန့်ယင်ကြိုင်နှင့် ချင်ယုအင်းတို့မှာ မိမိတို့မျက်စိနှင့် တပ်အပ်မြင်နေရသည်ကို ယုံမယုံနိုင်အောင် ဖြစ်ကြရတော့သည်။

အနှစ်ချုပ်သိုင်းကွက် ၄-ကွက်မှ တစ်ခုလျှင် သိုင်းကွက် ၃-ကွက်စီပါသည်။ အားလုံးပေါင်း သိုင်းကွက် ၁၂-ကွက် ရှိတာ သိုင်းကွက် ၃-ကွက်ကို တစ်စု အစု စုဖွဲ့ထား၏။ တစ်စုလျှင် သိုင်းကွက် ၃-ကွက်ကျနှင့် သိုင်းကွက် ၄-စုပါရှိသော ကိုယ်ယောင်ဖျောက် သိုင်း၏ အနှစ်ချု

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက် ၄-ကွက်ဆိုသည်မှာ မြေနုတ်ကညာသိုင်းကွက် ၁၂-ကွက် ဖြစ်နေသည်။

ဆင်ဆင်တူခြင်းပင်မဟုတ်။ သိုင်းဖာန်များတူသယောင် ရှိခြင်းမျိုးလည်း မဟုတ်။ ထပ်တူထပ်မျှ တူညီတာထက်ပင် ပိုသည်။

အနှစ်ချုပ်သိုင်းကွက် ၄-ကွက်သည် မြေနုတ်ကညာ သိုင်းကွက် ၁၂-ကွက် အစစ်အမှန် ဖြစ်နေသည်။ အမည် အခေါ်အဝေါ်သာ ကွဲပြားသည်။

တိန့်ထင်ကြိုင်နှင့် ချင်ယုအင်းတို့မှာ မြေနုတ်မယ်သိုင်း ကွက် ၁၂-ကွက်ကို အကုန်အစင် သိရှိနေကြလေရာ တစ်ချက် ကြည့်လိုက်ရုံနှင့်ပင် ဒက်ခနဲ သိသည်။ သူတို့ ယခင် တွေ့ကြုံမြင်သိခဲ့သည်မှာ တစ်ယောက်လျှင် သိုင်းကွက်တစ် ကွက်ချင်းစီ လှုပ်ရှားမှုနှင့် မြွေဟောက် သုံးယောက်တို့ ပူးပေါင်း တိုက်ပွဲဝင်မှုဖြစ်လျက် ယခုကတော့ ပိုးစောယောင် တစ်ယောက်တည်း သိုင်းကွက်အားလုံး အကုန် အစင် လှုပ်ရှားကစားပြမှု ဖြစ်သည်။

ဤသို့ ကြည့်ရသည့်အတွက် သိုင်းကွက် တစ်ကွက် နှင့် တစ်ကွက်အကြား ဆက်စပ်မှု လျှို့ဝှက်ချက်များကိုလည်း ကျကျနန ရှင်းလင်းစွာ တွေ့မြင်ကြသည်။ ထို့ပြင် သိုင်း ဟန် လှုပ်ရှားမှုတို့မှ စာလုံးများကိုလည်း အားလုံး အပြည့်အစုံ ဖော်ထုတ်သိရှိကြသည်။

''မြေဖြူ အရှေ့ဘက်ငါးမိုင်၊ ဒုတိယ တောင်ကုန်း၊ အလယ်တံခါးပေါက်''



တိန့်ထင်ကြိုင်နှင့် ချင်ယုအင်းတို့သည် ယခု ရက်ပိုင် အတွင်း အခါမလပ်ဆိုသလို ဤလျှို့ဝှက်ချက်များ ဂ် အပဘ်တကျတ် ကြိုးစားဖော်ထုတ် နေခဲ့သည့်အတွက် ပိုး စောယောင်၏ ကွက်ပြည့် လှုပ်ရှားပြသမှုမှ အားလုံး သဘောပေါက် နားလည်သွားကြခြင်း ဖြစ်ပေသည်။

တိန့်ထင်ကြိုင်နှင့် ချင်ယုအင်းတို့ နှစ်ယောက်မှာ ငမ်း သာ စိတ် လှုပ်ရှားနေကြရာ ညနေစာကိုပင် ကောင်း ကောင်း မစားနိုင်ကြ။

မြေဖြူရွာသို့ သူတို့သုံးယောက် ပြန်ရောက်ကြတော့ ညဉ့်အတော် မိုးချုပ်နေပြီ။ သိရှိလာရသည့် ခရီးလမ်းညွှန် အတိုင်း ညတွင်းချင်း သွားချင်သော်လည်း အခုလာတကြိုး မလုပ်သင့်ကြောင်း နားလည်သဖြင့်အတွက် နောက်တစ်နေ့ မနက် စောစောကျမှ သွားကြရန် တိန့်ထင်ကြိုင်ကဆုံးဖြတ် သည်။

သိသင့်သိထိုက်သည်များကိုအသိပေးရန် မြွေစိမ်းဆရာ များကို အစုံအညီ ခေါ်ယူသည်။

လူစုံ၍ မြေနုတ်ကညာဂိုဏ်းချုပ်က စကားစတော့မည် အပြုတွင် တာဝန်ကျ ကင်းမှူးကြီး အရေးကြီးသော အမူ အရာနှင့် ဝင်ရောက်လာသည်။

''မြွေဆိုးဂိုဏ်းက လက်ရွေးစင်သိုင်းသမား အင်ကင် ခေ ရောက်လာပါတယ်၊ အရမ်းအရေးကြီးတဲ့ စကားတွေ ကို ဂိုဏ်းချုပ်နဲ့တွေ့ပြီး ပြောချင်ပါတယ်တဲ့''

တိန့်ထင်ကြိုင်က ခေတ္တစဉ်းစားပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လာခဲ့ပါ"

အင်ကင်ခေ ရောက်လာပြီး ပြောသည့် စကားတွေက တော့ အကယ်ပင် အရေးကြီးသည်။

မြွေဆိုးဂိုဏ်းချုပ် ဆားအော်ပို့နှင့် မြွေဟောက် ဝါး ကောင်တို့ လျှို့ဝှက်စွာ ပုန်းအောင်းလျက် သိုင်းပညာ အပြင်းအထန် လေ့ကျင့်ကြရာ အတွင်းအားများ ရှုပ်ထွေး ကုန်ပြီး အတွင်းဒဏ်ရ အတိုလစ်ကာ သေလုမျောပါး ဖြစ်နေကြရာ ဘာလုပ်ရမည်မသိတော့ဘဲ လာရောက်အကူ အညီ တောင်းခြင်းဖြစ်သည်။

မြွေနတ်မယ်ဂိုဏ်းအတွက် အခွင့်အခါကောင်းကြုံရပြီ။

လျှို့ဝှက်ချက် အစစကို သိခဲ့ရပြီ ဖြစ်၍ မြွေဆိုးဂိုဏ်း၏ အကူအညီ မလိုတော့။ အင်ကင်ခေ လာရောက် အကူအညီ တောင်းမှုကို ငြင်းပယ်လိုက်ရုံနှင့် မြွေဆိုးဂိုဏ်းချုပ်နှင့် မြွေ ဟောက် ဝါးကောင်တို့ကို ချေမှုန်းပြီးသား ဖြစ်သွားပြီ။

မြွေဆိုးဂိုဏ်းသည်း တစ်ခါတည်းနှင့်ပင် အင်အား ချည့်နဲ့သွားပေတော့မည်။

တစ်ဖက်တွင်လည်း မြွေဆိုးဂိုဏ်းချုပ်တို့ကို ကူညီ စောင့်ရှောက် ကုသကာယတင် ပေးခြင်းဖြင့် မြွေနတ်မယ် ဂိုဏ်း၏ စိတ်ရင်းစေတနာမှန်ကို ပြသနိုင်သည်။ မြွေဆိုး ဂိုဏ်းနှင့် မိသားစု ပြန်လည်ပူးပေါင်းနိုင်ရေး လမ်းစတွေ ပွင့်လာမည်။

မြွေနတ်မယ်ဂိုဏ်းချုပ်က မိသားစုအချင်းချင်းပြန်လည် ပေါင်းစည်းနိုင်ရေးကို ဆုံးဖြတ်ရွေးချယ်လိုက်သည်။



"အစ်မတော် ဆားအော်ပို့တို့ ဘယ်မှာရှိနေလဲ... လမ်းပြပါ"

အင်ကင်ခေမှာ မတတ်သာသည့် အခြေအနေမို့သာ မြွေနတ်မယ် ဂိုဏ်းတွင် လာရောက် အကူအညီတောင်းရ သည်။ မျှော်လင့်ချက်တော့ သိပ်မရှိပါ။

မြွေနတ်မယ်ဂိုဏ်းချုပ်၏ စကားက သူ့ကို အံ့သြသွား စေသလို အရမ်းလည်း ဝမ်းသာ စိတ်လှုပ်ရှားသွားစေသည်။

ဆားအော်ပို့တို့ ပုန်းအောင်းနေထိုင်ကြသည့် လျှို့ဝှက် နေရာသည် မြွေမြို့ရွာအနီးအနားမှာပင် ဖြစ်သည်။ ပိုရိ ယသာဖြင့် နေထိုင်ကြသောကြောင့် အင်ကင်ခေကသာ လမ်းပြခေါ်မသွားလျှင် ထိုနေရာတွင် ဆားအော်ပို့တို့ ရှိ နေကြကြောင်း မြွေနတ်မယ်ဂိုဏ်းက လုံးဝ စဉ်းစားမိမည် မဟုတ်ပါ။

ဆားအော်ပို့နှင့် မြွေဟောက် ၅-ကောင်တို့၏ အခြေ အနေကတော့ အတော်ဆိုးနေသည်။ ထို့ရာတွင် မြွေနတ် ကညာသိုင်းကွက်များကို မရေမတွက် ကျင့်ကြရင်း အင် အားလွဲချော်ကာ အတွင်းဒဏ် အပြင်းအထန် ရသွားကြ ခြင်းမို့ မြွေနတ်ကညာသိုင်းကွက် ၁၂-ကွက်နှင့် ပတ်သက် သမျှ အားလုံး အကုန်အစင်သိနေသော မြွေနတ်မယ် ဂိုဏ်း ချုပ်ကိုယ်တိုင် ကြမ်မ ပြုစုကုသပေးသောအခါ အသက် ဘေးမှ ကင်းလွတ်ခဲ့သည်။

ဆားအော်ပို့နှင့်တကွ မြွေဆိုးဂိုဏ်းသားတို့ကို မြွေမြို့ ရွာတွင် ကောင်းစွာနေထိုင်စေသည်။ အနာကျက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိလာခဲ့ရသည့် လမ်းညွှန်အတိုင်း သွားရောက်ရှာဖွေရာ မြွေနတ်မယ်ဝတ်စုံကို ရှာဖွေတွေ့ရှိသည်။ မြွေနတ်မယ်ဝတ်စုံမှာ လက်နက်များ မစူးမပေါက်နိုင်သည့် ကိုယ်ကြပ်ဝတ်စုံတစ်မျိုးဖြစ်သည်။

မြွေနတ်မယ်ဂိုဏ်းက မိမိတို့ သိရှိခဲ့ကြသည့် မြွေနတ်ဂါထာသိုင်းနှင့်ပတ်သက်သည့် အကြောင်းအချက်များကို မြွေဆိုးဂိုဏ်းဝင်များကိုလည်း ပြောပြ အသိပေးသည်။ မြွေဆိုးဂိုဏ်းကလည်း မြွေနတ်မယ်ဂိုဏ်း၏ စေတနာကို နားလည်တော့ တစ်ဖက်နှင့်တစ်ဖက် မကျေနပ်ချက်များကို ညှိနှိုင်းဖြေရှင်းကြလျက် မိသားစုတို့ ပြန်လည်ပေါင်းစည်းမိကြသည်။

ကျွန်းယာမ့်ရှောင်ရိနှင့် ချင်ယုအင်းတို့လည်း စေ့စပ်ကြောင်းလမ်း မင်္ဂလာကို တခန်းတနား ကျင်းပနိုင်ကြသည်။ ထိုစေ့စပ်မင်္ဂလာ အခမ်းအနားသို့ ကြိုးကြာဂိုဏ်းအပျိုစင်ဂိုဏ်းချုပ် ပိုးစောယောင် မတက်ရောက်သော်လည်း လက်ဆောင်ပစ္စည်း ပေးပို့သည်။ ကြိုးကြာဂိုဏ်းသည် ပြန်လည်ပေါင်းစည်းညီညွတ်သော မြွေနတ်မယ်ဂိုဏ်း၏ မိတ်ဆွေကောင်းလည်းဖြစ်လာသည်။

ပြီးပါပြီ။

ရွှင်လန်းချမ်းမြေ့ပါစေ

ဇဋ္ဌသိုဏ်ခင်းထွဋ်

www.burmeseclassic.com